ဆုပြည့်စုံထွန်းစာပေ

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်

# သျှင်ဝိသိရိ

ဓမ္မာစရိယ(ထီဆေ)

# …ဝသံသရာ

# …ည်လျှားရသည်မှာ

ဆုပြည့်စုံထွန်း စာပေ

၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း- ၃၈၆၆၄ ၃၈၆၃၃။

ပြည်ထောင်စုမပြိုကွဲရေး ဒို့တာဝန်အရေးသုံးပါး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ခြေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆုပြည့်စုံထွန်းဝေပ




အမှတ် ၂၄၈၅၁
ရက်စွဲ ၁၄-၁၁-၀၇

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၈၉၀၅၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၁၃၃၀၆၀၃

❖

ပုံနှိပ်ခြင်း
ပထမအကြိမ် - (၂၀၀၆၊ ဩဂုတ်လ)
အုပ်ရေ - (၅၀၀)

❖

မျက်နှာဖုံး - ဇေယျာ
ကွန်ပျူတာစာစီ - *Quality*
အတွင်းဖလင် - *Quality*

❖

ပုံနှိပ်သူ
ဦးမန်းနော်တင်(ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ် ၁၂၀၊ မင်းရဲကျော်စွာလမ်း၊ အလုံမြို့နယ်။

❖

ထုတ်ဝေသူ
မခင်မာရွှေ၊ (၀၃၉၀၅) (မြဲ)၊
၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❖

တန်ဖိုး - ၄၀၀ - ကျပ်

# မာတိကာ


၁။ အမှာစာ

အခန်း(၁)

၂။ တန်ဖိုးသိပါ ဤဘဝ ဤခန္ဓာ ၁

- ရခဲပေစွ လူ့ဘဝဟူသည်
- ရလာသောလူ့ဘဝတန်ဖိုးကိုသိပါ
- ရလာသောလူ့ဘဝကို အကျိုးရှိစွာ အသုံးပြုပါ
- ဘယ်လိုလူ့ဘဝခန္ဓာလဲ

အခန်း(၂)

၃။ တဝဲလည်လည် ဝဋ်နွယ်ဆိုသည်မှာ ၁၃

- မသိမှုကြောင့်ကုသိုလ် အကုသိုလ်တွေ ပြုကြသည်
- ကုသိုလ်ကံ အကုသိုလ်ကံတွေကြောင့် ဝိညာဏ်တွေဖြစ်ရသည်
- ဝိညာဏ်ကြောင့် နာမ်ရုပ်တွေဖြစ်ရသည်
- နာမ်ရုပ်ကြောင့် အကြည်ငါးပါးဖြစ်ပေါ်ရသည်
- မျက်စိအကြည်စသည်ကြောင့် တွေ့ထိမှုများဖြစ်ရသည်
- တွေ့ထိမှုကြောင့် ခံစားရသည်
- ခံစားမှုကြောင့် တပ်မက်မှုတွေဖြစ်ရသည်

- တပ်မက်မှုတွေကြောင့် စွဲလမ်းမှုတွေ ဖြစ်ရသည်
- စွဲလမ်းမှုတွေကြောင့် ဘဝတွေရလာသည်
- ဘဝရလာမှုကြောင့် ပဋိသန္ဓေနေရပြန်သည်
- ဘဝသစ်ဖြစ်လာ၍ အို နာ သေတွေ ဖြစ်ရသည်
- စိုးရိမ်ပင်ပန်းနှလုံးမသာယာမှုတွေ ဖြစ်လာရသည်

**အခန်း(၃)**

၄။ **သံသရာနယ်ချဲ့သမားများ** ၄၀
- ဤသုံးပါး
- အိုဘယ့်တဏှာ
- ဘဝမျိုးစုံပို့ပေးသောတဏှာ
- ဆုတောင်းမှုနှင့်တဏှာ
- တဏှာ (၃) မျိုး
- တဏှာအပြစ် (၁၀၈)
- တဏှာပယ်သတ်နည်းများ
- ဗောဇ္ဈင်တရားဖြင့် တဏှာပယ်သတ်နည်း
- မဂ္ဂင်တရားဖြင့် တဏှာပယ်သတ်နည်း
- သတိပဋ္ဌာန်တရားဖြင့် တဏှာပယ်သတ်နည်း
- စူဠတဏှာသင်္ခယသုတ်လာ တဏှာပယ်သတ်နည်း
- နဒီသောတသုတ်လာ တဏှာပယ်သတ်နည်း

- ထောင်လွှားမှုမာန
- ပုဂ္ဂိုလ်သုံးမျိုး မာန်ကိုးမျိုး
- အတိမာန အဝမာန
- မာန်တက်ခြင်း (၄) မျိုး
- အယူလွဲမှားဒိဋ္ဌိများ
- ဒိဋ္ဌိအမျိုးအစားများ
- ဥစ္ဆေဒဒိဋ္ဌိ
- သဿတဒိဋ္ဌိ
- နတ္ထိကဒိဋ္ဌိ
- အဟေတုကဒိဋ္ဌိ
- အကိရိယဒိဋ္ဌိ
- နိယတမိစ္ဆာဒိဋ္ဌိ
- သက္ကာယဒိဋ္ဌိ
- သက္ကာယဒိဋ္ဌိ (၂၀)
- သက္ကာယဝင်ပုထုဇဉ်
- အန္ဓပုထုဇဉ်များသံသရာခရီးသွားပုံ
- ကလျာဏပုထုဇဉ်များ၏ သံသရာနယ်ကျဉ်းမှုနှင့် ခရီးသွားမှု
- ဣဿရနိမ္မာနအဟေတုကဒိဋ္ဌိ
- သတ္တာဝါမှန်သမျှ အယူကိုယ်စီရှိကြ

အခန်း(၄)

၅။ ငြိမ်းအေးရာမှန် မြတ်နိဗ္ဗာန်သို့ ၁၀၀

- လမ်းမှန်ရောက်ရန် သင်တို့တာဝန်
- သေမည့်ဘေးကြောက်စရာလော
- မိမိကိုယ်တိုင်လားရာဘဝကို ပြောပြနိုင်သည်
- နည်းလမ်းမှန်ဖြင့် ဘဝလမ်းမှန်သို့
- မမေ့တရားစွဲမြဲထားပါ
- တဏှာလွတ်မြောက်ရာ မြတ်ချမ်းသာသို့

အခန်း(၅)

၆။ သံသရာနယ်ချဲ့သမား နှိပ်စက်ခံရသူများ ၁၃၇

- ပဒုမဝတီ၏ ကောင်းမှုတောင်းဆုအမှား
- စူဠသုဘဒ္ဒါ၏ကောင်းမှုတောင်းဆု အမှား
- ပန်းဝတ်လုံချည်အလှူရှင်၏ ကောင်းမှုတောင်းဆုအမှား
- လင်ကိုတမ်းတ စွဲလမ်းသူ၏ ကောင်းမှု တောင်းဆုအမှား
- ဆွမ်းဒါယကာလေးဦး၏ကောင်းမှု တောင်းဆုအမှား
- ရှင်ရာဟုလာနှင့် ရှင်ရဋ္ဌပါလတို့၏ ဘဝဟောင်းမှ ကောင်းမှု တောင်းဆုအမှား
- သန္တာတုစကြာဝတေးမင်းကြီး၏ တဏှာအလိုရမက်
- ဗိမ္ဗိသာရမင်းကြီး၏ကောင်းမှု တောင်းဆု အမှား

# အမှာစာ

ကျွန်တော်တို့မိဘများသည် မိသားစုဘဝ စားဝတ်နေရေး ရပ်တည်နိုင်မှုအတွက် နှစ်အဆက်ဆက် အားကြိုးမာန်တက် ကြိုးစားလုပ်ကိုင်ခဲ့ကြရပါသည်။

မိဘများက ဆိုင်ရာဆိုင်ရာ အလုပ်တွေကို ကံ၊ ဉာဏ်၊ ဝီရိယ ယှဉ်ပြီး ကြိုးစားလုပ်ကိုင်ခဲ့သလို သားသမီးများကလည်း ကျောင်းနေရင်းတစ်ဘက်ဖြင့် မိမိတို့ နိုင်သရွေ့သော အိမ်တွင်းမှုအလုပ်များဖြင့် မိဘများကို ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးကြပါသည်။

ဤသို့ တက်ညီလက်ညီ လုပ်ကိုင်ခဲ့ကြသဖြင့် မိသားစု၏ဘဝလေးသည် မချမ်းသာပေမယ့် မဆင်းရဲဟု ဆိုရပါမည်။

ဤမဆင်းရဲသော ဘဝလေးမှ ရနိုင်သမျှစုပြီး နိဗ္ဗာန် မရောက်မီ သံသရာခရီးတစ်လျှောက် မပင်ပန်း မဆင်းရဲရလေအောင် အနုဂါမိကရွှေအိုး မြှုပ်ခြင်းဟူသော ဒါနတရားကိုလည်း မြှုပ်နိုင်အောင်မိသားစုဆန္ဒတူ သဘောတူဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့ကြပါသည်။

ဤသို့ဆောင်ရွက်မှုတွင်( – – )နေ့၌ ကျွန်ုပ်တို့ မိသားစုသည် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ရှိ မိုးကုတ်ဆွမ်းစားဆောင်၌ တန်ဖိုး (၈၀၀၀ ကျပ်) ရှိသော ကျောက်ပြားစီတိုင်တစ်လုံးနှင့် သိန်း (၁၀၀၀)

ဆွမ်းပဒေသာပင် စီမံကိန်းတွင် ဆွမ်းပဒေသာပင်အလှူငွေ (၅၀၀၀ ကျပ်) ပါဝင် လှူဒါန်းခဲ့ပါသည်။

ထိုအလှူအတွက် စုပေါင်းရေစက်ချပွဲသို့လည်း မိသားစုနှင့်အတူ တက်ရောက်ရေစက်ချ အမျှပေးဝေခဲ့ပါသည်။ ထိုရေစက်ချပွဲတွင် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင် အကျိုးတော်ဆောင်ချုပ်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု မကွေးဆရာတော်ဘုရားကြီးက ရေစက်ချတရား ချီးမြှင့်ခဲ့ပါသည်။

ရေစက်ချတရားတွင် ဆရာတော်က ဤပြုရသော ကုသိုလ်ကြောင့် ဖြစ်လေရာဘဝဝယ် လူချမ်းသာ နတ်ချမ်းသာ ခံစားနိုင်ရန် ဆုတောင်းပေးသွားပါသည်။

ဆရာတော်ရေစက်ချ ဆုတောင်းပေးမှုကို မိုးကုတ် ဆရာတော်ဘုရားကြီး၏ တရားနှင့် ဝေဘူဆရာတော် ဘုရားကြီး၏ တရားများကို နာကြားပြီး တရားအားထုတ်မှုကို ပြုလုပ်နေသောဇနီးက -

''အလှူလှူပြီး လူ့ဘဝ နတ်ဘဝ ဆုတောင်းနေတာ ကိုယ့်ဘဝကိုယ် ဆင်းရဲမှု ရှည်အောင် ဆုတောင်းနေတာ၊ ကိုယ့်ရုပ်နာမ်ကို ကိုယ်သံသရာတစ်လျှောက် နှိပ်စက်ခံရအောင် လုပ်နေတာလို့ မိုးကုတ်ဆရာတော်က ဟောထားတယ်။ ဘုရားရှင် သာသနာတော်မှာ ဘုရားလည်း ရှိနေတယ်။ တရားလည်း ရှိနေတယ်။ သင်ကြားပြသမယ့် သံဃာတော်တွေလည်း ရှိနေတယ်။ ဒီသံသရာ ဒီရုပ်နာမ်လွတ်အောင် သင်ကြားပြီး ကျင့်ကြံအားထုတ်ရင် ဒီဘဝနှင့်အပြီး မလွတ်နိုင်ဘူးလား။ ဆရာတော်ရေစက်ချမှာ ဆုတောင်းပေးတာ နိဗ္ဗာန်ကိုတော့ လိုက်ဆိုပါတယ်။ နတ်ဘဝချမ်းသာ လူ့ဘဝချမ်းသာဆိုတာတော့ လိုက်မဆိုတော့ဘူး။ ဖြစ်နိုင်သမျှ ဒီဘဝနှင့်ဒီရုပ်-ဒီနာမ် ပြတ်အောင်လုပ်ချင်တယ်။ ကြိုးစားချင်တယ်၊ ဒီဘဝမပြတ်တောင် ဝိသာခါတို့လို ဘုံစဉ်စံပြီးပြတ်ချင်တယ်။ လောဘ, ဒေါသ, မာန, က္လေသ, မစ္ဆရိယတွေပွားပြီး လူ့သက်တမ်းလည်း တိုပြီးရင်းတိုလာတဲ့ ဒီလူ့ဘဝကြီးကို ပြန်မရောက်ချင်တော့ပါဘူး။ ဝေဘူဆရာတော်ပြောတယ်၊ ခုလုပ်-ခုရတယ်တဲ့၊ ရအောင် ကြိုးစားချင်တယ်။ ယခုပြုတဲ့ဒါနဟာ သံသရာရှည်အောင် သံသရာမှာ လူ-နတ်ချမ်းသာရအောင်လုပ်တာ မဟုတ်ပါဘူး။ သံသရာက လွတ်အောင်ပြုတာပါ'' ဟု ရှည်လျားစွာ ရှင်းပြပြောပြနေပါသည်။

ကျွန်တော်၏ဖနီးသည် တောသူ၊ စတုတ္ထတန်းမျှ ပညာသင်ခဲ့ဖူးပါသည်။ သူမက ဤမျှသော စကားလုံးများဖြင့် ပြောလာသောအခါ ကျွန်တော်ပင် အံ့အားသင့်သွားပါသည်။

ကျွန်တော်သည် လောကီလောကုတ္တရာဘွဲ့စုံ ရခဲ့ပါသည်။ စာတွေလည်းဖတ် ရေးလည်းရေးခဲ့ပါ၏။ မိမိဘဝကို ဤဘဝနှင့် အပြီးသတ်လိမ့်မည်ဟု မယုံကြည်၊ မစဉ်းစားမိခဲ့ပါ။ ကိုယ့်ပါရမီကိုလည်း ကိုယ်မယုံကြည်မိပါ။

ဇနီးကပြောမှပင် မိုးကုတ်ဆရာတော်၏ဟောစဉ် ဝေဘူဆရာတော်၏ ဟောစဉ်များကို လေ့လာဖတ်ရှုမိပါသည်။

ဆရာတော်က မိန့်ဆိုပါသည်။

''ဆုတောင်းထားသော ပါရမီရှင်တွေမှတစ်ပါး ကျန်ပုဂ္ဂိုလ်များသည် ဤသာသနာဝယ် ဘုရားလည်း ရှိသည်၊ တရားလည်း ရှိသည်၊ သင်ကြားပြသမည့် သံဃာလည်း ရှိနေပါသည်။ ... ခရနိုင်သည်။ မရင့်သေးက အထောက်အပံ့ ဖြစ်နိုင်သည်။ ဒါကြောင့် ရုပ်နာမ်ဓမ္မသဘာဝရမြင်အောင် ကြိုးစားပြီး ဝိပဿနာတရားအားထုတ်ကြပါ။ ဒီရုပ်ဒီခန္ဓာကြီးတာ သံသရာရှည် ရှည်သလောက် နှိပ်စက်ခံရမည်၊ ဆင်းရဲမည်။ လူ့ဘဝ–နတ်ဘဝ–ဗြဟ္မာဘဝဆိုတာတွေဟာ ရုပ်–နာမ်ရတဲ့ ဘဝတွေ ဒီဘဝတွေရဲ့ အသက်တွေရှည် ဒုက္ခသစ္စာက မလွတ်နိုင်၊ ကံမကောင်းအကြောင်းမလှက အပါယ်ဘဝရောက်သွားနိုင်သေးသည်'' ဟု ဟောထားပါသည်။

မှန်လှပါသည်၊ ဤဝဋ်ကို မိုသောဒါန(ဝိဋ္ဋနိဿိတ) ရှိနေသမျှ ဒါနအကျိုးဆက်ကတော့ ခံစားရမည်မှန်သော်လည်း ရုပ်–နာမ်ရထား၍ ဇရာ, ဗျာဓိ, မရဏ ဆင်းရဲကတော့ မချခံရဦးမည်။

ဝဋ်မှလွတ်သောဒါန (ဝိဋ္ဋနိဿိတ)ကိုပြု၍ ဤဘဝမှာပင် ဤရုပ်နာမ်ပြတ်အောင် ပြုလုပ်နိုင်သော နည်းလမ်းများ ဟူသော တရားတော်က ရှိနေသည်။ နည်းပေးလမ်းပြမည့် သံဃာတော်များလည်း ရှိနေသည်။ ဤသို့ အချိန်ကောင်း အခါကောင်းဝယ် ငါတို့သည် ဤသံသရာ ဆင်းရဲရုပ်နာမ်ဆင်းရဲကို ဆက်လက်ခံစားနေရဦးမည်လော။

မိမိဘဝကို မိမိစဉ်းစားဆင်ခြင်မိပါသည်။ ဤဘဝ ဤခန္ဓာကိုယ် သံ

သရာရှည်အောင် တစ်ဘဝပြီး တစ်ဘဝကူး ရုပ်နာမ်အသစ်တွေဖြစ်၊ အိုမှု, နာမှု, သေမှုဆင်းရဲတွေကို ခံစားရလေအောင် မည်သည့်တရားက ဖန်တီးတည်ဆောက်နေပါသလဲ၊ ဤရုပ်နာမ်ခန္ဓာ သံသရာမှာ ဆက်ခံ မနေရလေအောင် ဘာလုပ်ရမလဲ။

ဘုရားရှင်ကမူ ဘုရားဖြစ်လျှင်ဖြစ်ချင်း သံသရာ၏ အကြိမ်ကြိမ်လည်ရလေအောင် ပြုလုပ်ဖန်တီးတတ်သော တဏှာယောက်ျား လက်သမား သင့်ကို ယခု ငါတွေ့ပြီ။ သင်သည် နောက်ထပ်တစ်ဖန် ငါ၏ ခန္ဓာအိမ် မတည်ဆောက်နိုင်တော့ပြီဟု ဥဒါန်းကျူးရင့်ကြွေးကြော်ခဲ့ပါသည်။

ဤရုပ်နာမ်ခန္ဓာအိမ်ကို အကြိမ်ကြိမ်တည်ဆောက်၍ သံသရာလည်စေသူများ 'တဏှာ' တရားဖြစ်သည်ဟု လမ်းညွှန်ပေးထားပါသည်။

ဘုရားရှင်၏လမ်းညွှန်ချက်ကို ဆက်လက်လေ့လာသုံးသပ်ကြည့်သော် တဏှာတွင်မက မာန, ဒိဋ္ဌိတို့ကလည်း ပူးတွဲပါနေသည်ကို တွေ့ရပါသည်။

ထိုတဏှာ, မာန, ဒိဋ္ဌိတရားသုံးပါးသည် သတ္တဝါတို့အား သံသရာရှည်စေအောင် ချဲ့ပေးနေသော တရားပါကလားဟု ဆက်လက်လေ့လာသုံးသပ်မိပါသည်။

ထိုနယ်ချဲ့တရားသုံးပါးတို့ကို တွန်းလှန်တိုက်ခိုက် အမြစ်ပြုတ်အောင် လုပ်နိုင်သော နည်းလမ်းများ၊ တရားများကို ဘုရားရှင်က ဟောကြားလမ်းညွှန်ခဲ့ပါသည်။ မမေ့တရား သတိထား၍ ဆောင်ရွက်ရန်လည်း အမြဲတိုက်တွန်းခဲ့ပါသည်။

ကျွန်ုပ်တို့တစ်တွေသည် လောဘတရားတွေ, ဒေါသတရားတွေ, မောဟတရားတွေ , ဣဿ, မစ္ဆရိယ တရားတွေနှင့် နေ့စဉ်နပမ်းလုံးပြီး လောကီ, လူမှုရေးလောကတွင် အားကြိုးမာန်တက်ဆောင်ရွက်နေကြသဖြင့် ဘုရားရှင် သတိထားဆိုတာကို သတိမထားနိုင်ခဲ့ကြပါ။ သတိသံဝေဂတရား မရကြပါ။ ဤသို့သော သားရေး သမီးရေး စီးပွားရေး ကြီးပွားရေးတို့ကို ကြံစည်တွေးတောရင်း လုပ်ကိုင်ရင်းဖြင့် ဘဝနိဂုံးချုပ်နေကြရပါသည်။

ဤသည်ကို သတိပြုမိသော ကျွန်တော်သည် ဤသည်သော သံသရာနယ်ချဲ့သမား စာစုကို ရေးသား တင်ပြရပါသည်။

အကြင်စာရှုသူသည် စာရေးသူ ဖနီးခံစားဆင်ခြင်သလို စာရေးသူ စဉ်းစားဆင်ခြင်စေချင်သလို ဆင်ခြင်စဉ်းစားခံစားမိပြီး သံသရာမှ လွတ်မြောက်ရေး (ဝါ) ရုပ်နာမ်ကြီးကို ဇာတ်ဇရာ ဗျာဓိမရဏာ နှိပ်စက်သောဘေးမှ ကင်းလွတ်စေရေးအတွက် တတ်နိုင်သရွေ့ ကြိုးစားအားထုတ်ကြည့်ဦးမည်ဟုဆိုပါက စာရေးသူ၏ ဤစာစုပြုစုရကျိုးနပ်သည်ဟု ခံယူမိပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ပထမဦးဆုံး ဆွေးနွေးပြောပြခဲ့သော ဖနီးဒေါ်တင်အေးနှင့် ဘဝအမြင်မှန် လမ်းမှန် စဉ်းစားမှု လမ်းမှန်ရောက်အောင် သွန်သင်ပြသကြသော ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၊ ဝေဘူဆရာတော်ဘုရားကြီး၏ ဟောစဉ်နှင့် ထုတ်ဝေကြသော သာသနာပြုပုဂ္ဂိုလ်များအား အထူးကျေးဇူး တင်မိပါသည်။

အလားတူ ဤစာစုကို ထုတ်ဝေဖြန့်ချိသာသနာပြုသော ဆုပြည့်စုံထွန်း စာအုပ်တိုက်မှ ထုတ်ဝေသူ ဒေါ်ခင်မာရွှေ တို့အားလည်းကောင်း စာမူများကို ဝိုင်းဝန်း ပြုစုကူညီပေးကြသော သမီးများအားလည်းကောင်း၊ အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ(မြွာစရိယ၊ ဘီအေ)

## အခန်း (၁)
## တန်ဖိုးသိပါက ဤဘဝ ဤခန္ဓာ

### ရခဲပေစွ လူ့ဘဝဟူသည်

ဘုရားရှင်က အင်္ဂုတ္တိုရ်ပါဠိတော်တွင် ရခဲသော (ဒုလ္လဘ)တရားငါးပါးကို ဟောထားခဲ့ပါသည်။

ယင်းတွင် မနုဿတ္တဘာဝေါ ဒုလ္လဘော–လူ့အဖြစ်ကို ရခဲသည်ဟူ၍ ဟော တော်မူခဲ့သည်။

ထိုလူ့ဘဝရခဲမှုနှင့် ပတ်သက်၍ သမုဒ္ဒရာပင်လယ်တွင်း၌ နှစ်ပေါင်း တစ်ရာမှ တစ်ကြိမ်သာပေါ်သော လိပ်ကန်းနှင့်သမုဒ္ဒရာပင်လယ်ပြင်ဝယ် တစ်ပေါက်တည်းသာရှိသော တံပိုးတုံးတစ်ခုသည် မျောနေသည်။

လိပ်ကန်းနှင့် တံပိုးတုံးအပေါက်သာ စွပ်မိလျှင် စွပ်မိမည်။ လူ့ဘဝ ရဖို့ဆိုသည်က ထို့ထက်ပင် ခဲယဉ်းသည်။

ပြဟ္မာပြည်က အပ်တစ်စင်းနဲ့ လူ့ပြည်က အင်္ဂါတစ်စင်းသာ ထိလျှင်ထိမည်။လူ့ဘဝရဖို့ဆိုသည်မှာ ထိုထက်ပင် ခဲယဉ်းသည်ဟူ၍ ဟောထားခဲ့ပါသည်။

လူ့ဘဝရခဲပုံကို နိဒါနသံယုတ် နခသိခဥပမာသုတ်၌ ဘုရားရှင်က လက်သည်းပေါ်၌ မြေမှုန့်အနည်းငယ် တင်ပြီးလျှင် "လူ့ဘဝကသေပြီးနောက် လူ့ဘဝသို့ ပြန်ရောက်သော သတ္တဝါသည် ငါဘုရား၏ လက်သည်းခွံပေါ်က မြေမှုန့်လောက်မျှသာ ရှိသည်။ အပါယ်လေးဘုံသို့ရောက်သော သတ္တဝါများသည်

ကား ဤမဟာပထဝီမြေကြီး အထုလောက်ရှိသည်'' ဟူ၍ဟောကြားတော်မူခဲ့ပါသည်။

တစ်ဖန် လူ့,နတ်,ဗြဟ္မာဟူသော သုဂတိဘုံသားတို့ အလွန်နည်းပါးပြီး အပါယ်ဘုံသားတို့များပုံကို လယ်တီ ဆရာတော်ဘုရားကြီးက ဘာဝနာဒီပနီ၌-

''လူ့ဘုံ,နတ်ဘုံ,ဗြဟ္မာဘုံဟူသော သုဂတိ (၂၇) ဘုံတို့မှ သတ္တဝါတစ်ယောက်လျှင် အပါယ်လေးဘုံတို့မှ သတ္တဝါအသင်္ချေယျထား၍ နှိုင်းယှဉ်သည်ရှိသော် သုဂတိ (၂၇) ဘုံတို့မှ သတ္တဝါတို့ ကုန်လေရာ၏။ အပါယ်ဘုံရှိ သတ္တဝါတို့ကား မကုန်ပေရာ၊ ဤမျှလောက်အပါယ်ဘုံသည် အသိုက်အမြုံကြီးမားလှ၏''  ဟု ရေးသားဖော်ပြထားသည်ကို တွေ့ရပါသည်။

ဤအချက်ကို ထောက်ဆ၍ အပါယ်လေးဘုံသားတို့နှင့် စာလိုက်ပါက လူ့ဘဝသို့ရောက်နေကြသော သတ္တဝါတို့ ဘာမျှမပြောပလောက်ကြောင်း ထင်ရှားလှပါသည်။

ဤကျမ်း၌ ဆရာတော်က အသင်္ချေယျ အရေအတွက် များပြားလှပုံကို ဖော်ပြထားရာ -

''အလျား (၁၂) မိုင်၊ အနံ (၁၂) မိုင်၊ အမြင့် (၁၂) မိုင်ရှိသော ဂိုထောင်ကြီးထဲသို့ ဆန်များ အပြည့်ထည့်ထားရမည်။ ထိုအပြည့်ထည့်ထားသော ဆန်များကို အနှစ်တစ်ရာမှ တစ်စေ့သာ ထုတ်ယူမည်။ ထိုသို့ထုတ်ယူရာ၌ ဂိုထောင်ထဲမှ ဆန်များသာ ကုန်သွားမည်။ အသင်္ချေယျအရေအတွက်ကား မကုန်သေး'' ဟု ဆိုပါသည်။

လူအဖြစ်ကို ရသော်လည်း လူအမျိုးအစားကို ခွဲကြည့်ပါက လူ (၄) မျိုးကို တွေ့ရပါမည်။

၁။ လူငရဲသား -

ထောင်ထဲတွင် အညှဉ်းဆဲခံနေရသူများ၊ စည်းစိမ်ဥစ္စာရှိသော်လည်း နာတာ ရှည်ရောဂါရပြီး အပြင်းအထန် ခံစားနေရသူများကို လူငရဲသားဟု ခေါ်ပါသည်။ ထိုသူများသည် လူဖြစ်နေသော်လည်း ဒါန, သီလ, ဘာဝနာ ဘာမျှ မလုပ်နိုင်ကြ၍ ငရဲရောက်နေသူပမာ ရှိနေပါသည်။

ဆုပြည့်စုံထွန်းစာပေ

၂။ **လူ့တိရစ္ဆာန်** –

စားမယ်၊ အိပ်မယ်၊ မေထုန်မှီဝဲမယ် သုံးမျိုးသာသိပြီး ဒါန, သီလ, ဘာဝနာ ဘာမျှမလုပ်သောသူများသည် လူ့တိရစ္ဆာန်များ ဖြစ်ကြပါသည်။

၃။ **လူ့ပြိတ္တာ** –

တစ်နေ့ကုန် တစ်နေ့ခန်း ဝမ်းရေးအတွက် တောင်းရမ်းစားသောက်နေရ၍ ဒါန, သီလ, ဘာဝနာ မလုပ်နိုင်သောသူများသည် လူ့ပြိတ္တာများ ဖြစ်ကြပါသည်။

၄။ **ပရမတ္ထလူသားစင်စစ်** –

စီးပွားဥစ္စာ အသင့်အတင့် ပြည့်စုံ၍ ဒါန, သီလ, ဘာဝနာတို့ကို ထိုက်သင့်သလောက် ပြုနိုင်သောသူသည် လူသားစင်စစ် ပရမတ္ထလူဖြစ်ပါသည်။

တကယ်တမ်းရလာသော လူ့ဘဝကြီးသည် အထက် တက်လှမ်းလည်းရ၊ အောက်ဆင်း၍လည်းရသော ငြမ်းနှင့် တူလှပါသည်။

လူမိုက်သည် ထိုငြမ်းကို အမှီပြုပြီး အပါယ်လေးဘုံသို့ ဆင်းကြသလို လူလိမ္မာတို့သည် ထိုငြမ်းကို အမှီပြု၍ အထက်ဘုံနန်းနှင့် အရိယာစခန်းသို့ တက်ကြပါသည်။

လူ့ဘုံ၊ လူ့ဘဝဟူသည် ကူးတို့ဆိပ်နှင့်တူသော ဘုံဘဝဟု ဆိုပါသည်။ အထက်ကိုလည်း လှော်ခပ်သွားနိုင်သည်။

ကောင်းသောလမ်း၊ မကောင်းသောလမ်းကို ရွေးချယ်ဖို့ဟူသည် အသိဉာဏ်ရှိပြီး မှန်ရာရွေးချယ်တတ်ဖို့ လူသားတို့၏တာဝန်သာ ဖြစ်ပါသည်။

''သမင်သည် ပြည်တန်ပတ္တမြားကို တွေ့မြင်သော်လည်း မြက်ကိုသာ စားပြီး လိုရာသို့သွားသကဲ့သို့ ပညာမဲ့သောပုဂ္ဂိုလ်သည် ရခဲလှသော လူ့ဘဝကို ရသော်လည်း အာရုံငါးပါး ကာမဂုဏ်တရားတို့၌သာ ခံစားပြီး အပါယ်လေးပါးသို့သာ သွားနေကြသည်''ဟူ၍ ဘုရားရှင်က ဓမ္မပဒ၌ လမ်းညွှန်ဟောကြားထားခဲ့ပါသည်။

ထိုသည်ကိုရည်၍ လယ်တီဆရာတော် ဘုရားကြီးက –

---

ဆုပြည့်စုံထွန်းစာပေ

''ငါးအာရုံ ဘင်အစု၊ ခင်မှုနှင့် နေ့ကုန်
နှင် ယခုမေ့ပုံကို၊ တွေ့မကြုံစခန်း
ပါယ်လေးဝ သောကဘုံမှာ
မျောရရုံရှိတော့ခမန်း
အောက်အဝီစိသောင်းအငူမှာ
ခေါင်းမပြူစတမ်း
နှစ်အရှည်နှစ်မည်လမ်းကိုလ
နှင်မျှော်စမ်းနှင့်ကိုယ်
ဒေဝ နာထင်အလင်းရယ်နှင့်
နှင်အဖျင်းပိုထက်သာပို
သည်လောဘ စရိုက်အိုကို
မလိုက်လို ရှောင်ပစ်လို့
နောင်အသစ်တကယ်ပြင်လျှင်
ကောင်းဖို့အစဉ်
ခွင့်သာခိုက်ကမှ မလိုက်ချင်လျှင်
အမိုက်နှင့်ပြင် ရှိသေးလိမ့်လား
ခွင့်သာတုံးမှ မရုန်းချင်လျှင်
အရှုံးနှင့်ပြင် ရှိသေးလိမ့်လား
ခွင့်သာဆဲကမှ မခဲချင့်လျှင်
အလွဲနှင့်ပြင် ရှိသေးလိမ့်လား''
**''ခွင့်သာခိုက်မှ မလိုက်ချင်လျှင်**
**အမိုက်နှင့်ပြင် ရှိသေးလေလိမ့်လား''**

ထူးမြတ်သောလူ့ဘဝ ရခဲသော လူ့ဘဝကို ရလာသော လူသားများသည် မိမိကိုယ်ဘဝတွင် သာယာဝတီ ဆရာတော်မိန့်ကြားသော လူ (၃) မျိုးတွင် လူသားစစ်ဖြစ်ရန် လိုအပ်ပါသည်။

သာယာဝတီဆရာတော်ဘုရားကြီးက လူသား (၃) မျိုးကို ဤသို့ ခွဲခြား၍ ဟောပြောပြသထားပါသည်။

၁။ လူ

၂။ လု. .

၃။ လူး

လူ–ဟူသည် အောက်ကမြင်ဝစ္စပေါက်မပါ၊ အစစ်လူသားဖြစ်သည်။ ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာတို့သည် ယုတ်မာသောင်းကျန်းမှု မရှိဘဲ ပကတိ သိမ်မွေ့စွာဖြင့် ဒါန,သီလ,ဘာဝနာသုံးပါးကို နေ့ရှိသမျှ ကျင့်ကြံ ပွားများ အားထုတ်နေသည့်အတွက် လူ၏ဘဝတွင် အကောင်းဆုံးအဆင့်မြင့်ဆုံး လူအစစ် ဖြစ်ပါသည်။

လု–ဟူသည် အောက်ကမြင်ဝစ္စပေါက်တစ်လုံး ပါနေသည်၊ ကိုယ်အမူ အရာ,နှုတ်အမူအရာ, စိတ်အမူအရာသည် အမှန်မရှိဘဲ နူးညံ့သိမ်မွေ့သောအခါ နူးညံ့သိမ်မွေ့ပြီး ယုတ်မာသောင်းကျန်းသောအခါ ယုတ်မာသောင်းကျန်းသည်နှင့် လုံးလည်ချာလည်လိုက်နေပါသည်။

အလားတူပင် ဒါန,သီလ,ဘာဝနာတို့ကို ကျင့်သည့်အခါ ကျင့်၍ မကျင့် သည့်အခါ မကျင့်ဘဲနေ၏။

ဤကဲ့သို့ ပေါ့ပေါ့တန်တန် မေ့လျော့မှုတွေကြောင့် သေသည် အခြား မဲ့၌ နတ်ရွာနိဗ္ဗာန်ဝေးစွ၊ ရရှိပြီး လူ့ဘဝကို ပြန်ရအောင်ပင် အလုအယက် အားထုတ်ရမည်ဖြစ်သည့်အတွက် ဝစ္စပေါက်အောက်ကမြစ် လုဖြစ်ရပါသည်။

နံပါတ် (၃) လူးမှာ လူ့ဘုံလောက လုံ့ဌာနဝယ် လူဖြစ်လာရငြားသော် လည်း အစားစားခြင်း၊ မေထုန်မှီဝဲခြင်း၊ အိပ်ခြင်းဖြင့်သာ အချိန်ကုန်နေသောသူ ဖြစ်သည်။ ထိုသူသည် သံသရာတစ်ခွင်လည်း လူးလာတုံခေါက် အပါယ်ငရဲ ရောက်ပြီး ဘဝမဆုံး နိုင်သူ ဖြစ်ရတော့သည်။

ထို့ကြောင့် ရခဲသောလူ့ဘဝတွင် လူသားစစ်စစ် ဖြစ်ရန်နှင့် ရလာ သော လူ့ဘဝကို တန်ဖိုးရှိစွာ အသုံးပြုနိုင်ရန် မမေ့သောသတိတရားဖြင့် ကြိုးစား ကြရပေမည်။

## ရလာသော ဘဝတန်ဖိုးကိုသိပါ။

သတ္တဝါတို့ကား တစ်ဘဝ တစ်ခဏအတွက်သာ ကြည့်၏။ သံသရာ အရေးကို စဉ်းစားမှုမပြုကြချေ။ ချမ်းသာကို နှစ်သက်ကြသော်လည်း ကုသိုလ်

ကောင်းမှု ပြုလုပ်ရန် တွန့်ဆုတ်မေ့လျော့နေကြ၏။ သုခကိုလိုချင်လျှင် ဒုက္ခနှင့် ရင်းနှီးရ၏။ သုခကို ရင်းနှီး၍ မရနိုင်ချေ။ ဤကားသတ္တဝါများ ချမ်းသာရေးအတွက် ဘုရားရှင် လမ်းညွှန်ချက်ဖြစ်၏။ ရရှိပြီးသော ဘဝကောင်းအခါကောင်းကို အလွဲ သုံးစား မပြုသင့်ချေ။

လယ်တီဆရာတော်ကြီးက ရရှိသောဘဝနှင့် အခွင့်အခါကို တန်ဖိုးထား တတ်ကြစေရန် ဤသို့ မှာကြားတော်မူသည်။

''သံသရာ၌ ကျင်လည်ရသောဘဝတို့တွင် ဒုစရိုက်မှန်း, အပါယ်ဘေး ရှိမှန်း, သိနိုင်သော ဘဝကား အလွန်နည်းပါး၏။ မသိသောဘဝ အယူမှားသော ဘဝသာများ၏၊ တင် ယောက်သော သတ္တဝါအား ဘဝတစ်ထောင်တွင် သိနိုင်သော ဘဝ တစ်ကြိမ်မျှ ကြုံခဲစွ၊ ဤကား သံသရာ၌ ကျင်လည်၍ နေကြသော ပုထု ဇဉ်သတ္တဝါတို့အား အတိတ်သံသရာက ပြုခဲ့သော ကုသိုလ်ကံ, အကုသိုလ်ကံ နှစ်မျိုးပါရှိကြသည်တွင် အကုသိုလ်ကံဘက်က ဘယ်မျှလောက် အားကြီးစွာရှိမည် ဟု ချင့်မြှော်ရန်တစ်ချက်၊ နောက်ဘဝမှစ၍ အနာဂတ်သံသရာသို့ သွားကြပြန်ရာ ဒုစရိုက်, သုစရိုက်နှစ်မျိုး ရှိသည်တွင် ဒုစရိုက်ဘက်ကို အဘယ်မျှလောက် များပြားအားကြီးစွာ ဖြစ်ပွား၍ သွားလိမ့်မည်''ဟု ချင့်မြှော်ရန် တစ်ချက်ကို ပြ ဆိုသော စကားရပ်တည်း။

တိရစ္ဆာန်ဘုံတစ်ခုနှင့် နှိုင်းယှဉ်၍ကြည့်လျှင် သုဂတိ နှစ်ဆယ့်ခုနစ်ဘုံမှာ သတ္တဝါရှိသည်ဟု မပြောစလောက်။

ဘုရားရှင်သည် သတ္တဝါတို့၏ အကျိုးစီးပွားကို လွန်စွာလိုလားတော်မူ သည်။ ရရှိထားသော ဘဝတန်ဖိုးကို သိစေလို၏။ အချိန်အခါနှင့် အခွင့်ကောင်းကို သတိရှိစေလို၏။ မပြည့်စုံသေးလျှင် ပြည့်စုံအောင် ပြုလုပ်စေချင်၏။ ပြည့်စုံပြီးဖြစ် ပါက နိမ့်ကျ၍ မသွားအောင် ထိန်းသိမ်းထားစေလို၏၊ ထို့ကြောင့်ပင် သတိပဋ္ဌာန် တရားတော်ကို အကျဉ်းအားဖြင့်တစ်သွယ်၊ အကျယ်အားဖြင့်တစ်နည်း၊ မကျဉ်းမ ကျယ်အားဖြင့် တစ်ဖုံ၊ နည်းမျိုးစုံတို့ဖြင့် အကြိမ်ကြိမ် အထပ်ထပ် တရစပ် ဟောတော်မူခဲ့၏။

သံယုတ္တနိကာယ်၌ သတိပဋ္ဌာနသံယုတ်ဟူသော အမည်ဖြင့် သုတ် ပေါင်း တစ်ရာ့လေးသုတ်မျှ ဟောကြားတော်မူ၏။

**ဒီဃနိကာယ် - သတိပဋ္ဌာနသုတ်**

အဘိဓမ္မာပိဋကဌ် သတိပဋ္ဌာနဝိဘင်းတို့ကိုလည်း ဟောကြားတော်မူခဲ့သည်။

ဘုရားရှင်တို့ကား မည်သည့်အခါမျှ သတိနှင့် ကင်းကွာမှုမရှိချေ၊ ကျိန်းစက်သည့်အချိန်မှာပင် သတိရားကို ဖြစ်စေလျက် ကျိန်းစက်တော်မူမြဲဖြစ်၏။ ကုသိုလ်မည်သည် သတိကိုမှီနို၍ ဖြစ်လာရ၏။ သတိနှင့်ကင်းကွာ၍ စိတ်ကို ချိုးပြောက်ခြင်း၊ နှိပ်ကွပ်ခြင်း မပြုနိုင်ချေ။ ဘုရားရှင်တို့ အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်တော်ကို ရရှိခြင်းသည် သတိပဋ္ဌာန်တရားတို့၌ စိတ်ကိုကောင်းစွာ တည်စေ၍ ဗောဇ္ဈင်ခုနစ်ပါးကို ပွားများခဲ့သောကြောင့်ဖြစ်၏။ အခြားအကြောင်း မရှိပါချေ။

သတိသည် လောကုတ္တရာနယ်ပယ်၌ ပို၍ပင် အရေးကြီးသည်။ ကိလေသာကြား မခိုနိုင်စေရန် တွေ့ကြုံသမျှ အာရုံ၊ ပြုလုပ်သမျှ အမှုကိစ္စတို့၌ အမြဲမပြတ် သတိရှိနေကြစေရန် ကြိုးစားရမည် ဖြစ်သည်။ ဤသို့ သတိဖြင့် အမြဲမပြတ် စောင့်ကြပ်ကြည့်ရှုခြင်းသည် သတ္တဝါတို့အတွက် စင်ကြယ်ရန် စိုးရိမ်ပူဆွေး ငိုကြွေးခြင်းမှ လွတ်မြောက်ရန် ကိုယ်စိတ်ဆင်းရဲခြင်း ချုပ်ငြိမ်းရန် အရိယာ မဂ်နှင့် နိဗ္ဗာန်ကို ရရန်တစ်ကြောင်းတည်းသော ခရီးဖြစ်သည်။ နည်းမှန်လမ်းမှန် အတိုင်း အားထုတ်လျှင် ပါရမီရင့်သန်သူဖြစ်ပါမူ နေ့ချင်းပင် တရားထူးကို ရရှိနိုင်ပေသည်။

ထို့ကြောင့် သတ္တဝါတို့အား မမေ့လျော့စေရန် (ဝါ) အပ္ပမာဒတရားနှင့် ပြည့်စုံစေရန် တရားတော်များကို ဥပမာ အမျိုးမျိုးဖြင့် ဟောကြားတော်မူသည်။ ထို တရားတော်များတွင် လိပ်ကို ဥပမာပြု၍ ဟောကြားသော 'ကုမ္မောပမ' သုတ်လည်း ပါရှိလေသည်။ တရားတော်ကား ဤသို့ဖြစ်၏။

ဂင်္ဂါမြစ်ကမ်း၌နေသော လိပ်သည် အစာရှာထွက်လာခဲ့ရာ မြေခွေးကို အဝေးမှ မြင်တွေ့သဖြင့် ဦးခေါင်း၊ လက်၊ ခြေတို့ကို ခန္ဓာကိုယ်တွင်းသို့ ထည့်သွင်းလျက် ငြိမ်သက်စွာ နေလေသည်။

မြေခွေးသည် ဦးခေါင်း၊ ခြေ၊ လက် တစ်ခုခု ထွက်လာခဲ့လျှင်

ကိုက်ဆွဲစား သောက်ရန် အကြံဖြင့် လိပ်ကို ခြေလက်ဖြင့် ပုတ်ခတ်၏။ နှာခေါင်းဖြင့် မှုတ်၏။ လိပ်သည်ကား အသက်အန္တရာယ်ကို ကြောက်ရွံ့လှသဖြင့် ဦးခေါင်း၊ ခြေ၊ လက်တို့ကို ပြင်ပသို့မထုတ်ဘဲ ငြိမ်သက်စွာ နေလေသည်။ မြေခွေးသည် အခြေအနေကို အကဲ ခပ်ကာ စောင့်ဆိုင်းသော်လည်း အကြောင်းမထူးသဖြင့် ပြန်လည် ထွက်ခွာသွား၏။ လိပ်သည် အန္တရာယ်မှ လွတ်ကင်းလေတော့သည်။

ဤတရားတော်၌ သတ္တဝါတို့သည် လိပ်နှင့်တူ၏။ မာရ်ယုတ်သည် မြေ ခွေးနှင့်တူ၏။ မြေခွေးသည် လိပ်ကို အန္တရာယ်ပြုရန် စောင့်ဆိုင်းနေသကဲ့သို့ ကိလေသာမာရ်သည်လည်း သတ္တဝါတို့အား နှိပ်စက်ညှဉ်းဆဲရန် စောင့်ဆိုင်းနေလေသည်။

လိပ်သည် မြေခွေးအန္တရာယ်ကို ကြောက်ရွံ့၍ ဦးခေါင်း၊ ခြေ၊ လက်များကို ဝှက်ထားသကဲ့သို့ သတ္တဝါတို့သည်လည်း စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယဟူသော ဣန္ဒြေငါးပါးကို လုံခြုံအောင် စောင့်ထိန်းရမည် ဖြစ်သည်။ မျက်စိဖြင့် အဆင်းကို မြင်သောအခါ မိန်းမ, ယောကျ်ား စသော သဏ္ဌာန်နိမိတ်ကို စွဲယူခြင်း၊ လက်, ခြေ စသော အင်္ဂါ ပြုံးဟန်၊ ရယ်ဟန် စသောအမူအရာကို စွဲ မှတ်ခြင်း မပြုရပေ။

အကယ်၍ စက္ခုဣန္ဒြေကို မစောင့်စည်းဘဲနေခဲ့လျှင် သမုဒယသစ္စာ တဏှာလောဘ ဖြစ်၏။ ထိုမှတစ်ဆင့် အတိတ်ကတွေ့ကြုံခဲ့သော ရူပါရုံကို ပြန်လည် တ,သ၏၊ ပစ္စုပ္ပန်ရူပါရုံကို တပ်မက်၏၊ အနာဂတ်၌ တွေ့ကြုံရမည့် ရူပါရုံကို ကြိုတင်မှန်းဆ၏။ ထိုအခါ မက်မောခြင်း၊ အဘိဇ္ဈာ နှလုံးမသာယာခြင်း ဒေါမနဿဟူသော ကိလေသာမာရ် တို့က နှိပ်စက်လေတော့သည်။ သောတ, ဃာန, ဇိဝှာ, ကာယတို့ဖြင့် သက်ဆိုင်ရာအာရုံတို့ကို တွေ့ကြုံသောအခါ၌လည်း ဤနည်းအတိုင်းပင် ဖြစ်ပေသည်။

ထို့ကြောင့်လိပ်သည် မြေခွေး၏အန္တရာယ်မှ ကင်းဝေးစေရန် ဦးခေါင်း, ခြေ, လက်တို့ကို အစွန်းမထွက်အောင် စောင့်ရှောက်သကဲ့သို့ ယောဂီပုဂ္ဂိုလ်သည် လည်း ကိလေသာမာရ်၏ နှိပ်စက်မှုဒဏ်မခံရစေရန် အပ္ပမာဒတရားဖြင့် ဣန္ဒြေတို့ ကို လုံခြုံအောင် စောင့်ရှောက်ရမည် ဖြစ်ပေသည်။

---

ဆုပြည့်စုံထွန်းစာပေ

## ရလာသော လူ့ဘဝ အကျိုးရှိစွာ အသုံးပြုပါ။

ဘုရားရှင်က ပြစ်ရေအယဉ်ကဲ့သို့ စီးဆင်းမွှားဘတ်သောကြောင့် တဏှာကို ပြစ်ဟူ၍ တင်စားဟောတော်မူခဲ့ပါသည်။

သံသရာကည်းဟူသော ရေယဉ်ကြောဝယ် သတ္တဝါများ အစဉ်မျောပါနေကြပါသည်။ ငါးဖြာအာရုံ ကာမဂုဏ်ကည်းဟူသော တဏှာကြောင့် ဤသံသရာရေယဉ်ကြောဝယ် တစ်မျောတည်း မျောနေကြရပါသော သတ္တဝါများကား ပရေမတွက်နိုင်လောက်အောင် အသချေ်ယျ အနန္တပင်ရှိပါသည်။

သတ္တဝါတို့၏ သံသရာရေယဉ်ကြောမျောမှု ပည်မျှရှည်ကြာ ပကြောကိုဘုရားရှင်က သံယုတ္တနိကာယ် ပုဂ္ဂလသုတ်၌ –

''ရဟန်းတို့ ရှည်လျားလှသော ဤသံသရာကြီး၌ တစ်ကမ္ဘာကာလအတွင်း သေဆုံးရသော ပုဂ္ဂိုလ်သတ္တဝါတစ်ဦး၏ အရိုးတို့သည် မပျောက်ပျက်အောင် စုပုံ၍ ထားမည်ဆိုလျှင် ဤရာဇဂြိုဟ်မြို့ကို ပတ်ချာကာရံထားသောတောင်ငါးလုံးတို့တွင် တစ်ခုသော ဝေပုလ္လတောင်ထက်များပေမည်'' ဟု ဥပမာပြ၍ ဟောတော်မူခဲ့ပါသည်။

ဤဒေသနာတော်ကို ကြည့်ခြင်းအားဖြင့် ပုဂ္ဂိုလ်တစ်ယောက်၏ သံသရာကြော မျောနေပုံကို မှန်းဆ၍ သိနိုင်ပါသည်။

'အရင်းစစ်တော့ အမြစ်မြေက' ဆိုသကဲ့သို့ ဤသို့ သံသရာရေယဉ်ကြော တစ်မျောတည်း မျောနေရသည်မှာ ငါးဖြာအာရုံ ကာမဂုဏ်တည်းဟူသော တဏှာကို အလိုလိုက် အကြိုက်ပေး၍ ခင်မင်တွယ်တာမက်မောနေသောကြောင့် ဖြစ်ပါသည်။

ငါးဖြာအာရုံကာမဂုဏ်တည်းဟူသော တဏှာကို အလိုလိုက်မိသော သတ္တဝါများသည် ရန်သူကိုရန်သူမှန်း မသိ၊ တဏှာကိုမိတ်ဆွေဟူ၍ အဖော်ညှိကာပင် နေကြသည်။

သံသရာဟူသောအဖော်ကို အတူခေါ်၍ သံသရာ ခရီးနှင်နေကြသည်။ ထိုကဲ့သို့သော ကာလပတ်လုံး ဆင်းရဲဒုက္ခတွေ ဝိုင်းအုံလာလျက် သံသရာရေယဉ်ကြောမှာ ပြေးထွက်၍ မလွတ်နိုင်အောင် ဖြစ်နေရပါသည်။

ထိုသည်ကိုရည်၍ ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက –

"ရန်သူဝိုင်းထား၊ ထိုယောက်ျားကား၊ ပြေးသွားဖို့ရာ လမ်းပေါက်သာ လျက်၊ ပြေးမထွက်၊ လမ်းထွက် မဟုတ်ချေ" ဟု ဆိုဆုံးမထားပါသည်။

ရခဲသော လူ့ဘုံလူ့ဘဝကို ရလာသည်။ သူတော်ကောင်းတရားတည်း ဟူသော သံသရာထွက်မြောက်ရာ မဂ်လမ်းဖိုလ်လမ်း ဝိပဿနာနည်းလမ်းများ လည်း ရှိနေသည်။ ဤသို့ရှိနေလျက် လမ်းမှန်မရောက်၊ လမ်းမှန်က မထွက်နိုင် အောင် မကြိုးစားကြခြင်းသည် လမ်း၏အပြစ် မဟုတ်ပါပေ။

ပုထုဇဉ်သတ္တဝါတို့ လားရောက်ရမည့် ဂတိငါးပါး ရှိပါသည်။

- လူ့ဘုံ
- နတ်ဘုံ(နတ်ပြည်,ဗြဟ္မာပြည်)
- ပြိတ္တာဘုံ(အသူရကာယ်ဘုံ)
- တိရစ္ဆာန်ဘုံ
- ငရဲဘုံ

ဤငါးဘုံတွင် အလုံးစုံသော ပုထုဇဉ်သတ္တဝါတို့ တဝဲလည်လည် ဆုံ လည်သည့် နွားချားရဟတ်ပမာကဲ့သို့ လှည့်လည်ကျင်လည်နေကြရပါသည်။

ဤကဲ့သို့ ကျင်လည်နေကြရသည်အလျောက် ကြုံခဲဆုံသော လူ့ဘဝ ကို ကံတရားအားလျော်စွာ ရလာကြသည်ကို မေ့၍ မဖြစ်ကြပါ။

သံသရာရေယဉ်ကြောမှ အမှန်ထွက်မြောက် လိုသောပုဂ္ဂိုလ်များသည်

- ရခဲသောလူ့ဘဝကိုလည်း ရခဲ့ကြပြီး
- သာသနာအတွင်းနှင့်လည်း ကြုံနေကြရသည်
- ကြားနာခဲရသော သမထဝိပဿနာကျင့်စဉ် လမ်းမှန်ကိုလည်း ကြားနာ ရပြီဖြစ်သည်။

ဤသို့လျှင် ဝဋ္ဋသုံးပါးမှ လွတ်မြောက်ရာ ချမ်းမြေ့သာယာနိဗ္ဗာန်နန်းသို့ လှမ်းနိုင်ရန် ကြိုးစားအားထုတ်ဖို့ လိုပါသည်။

အတောင်ကျိုးသောငှက်သည် လိုရာသို့ မပျံသန်းနိုင်သကဲ့သို့ သံသရာ လွတ်မြောက်ရာ သမထဝိပဿနာ ကျင့်စဉ်တရားနှင့် ကင်းကွာနေပါက လိုရာခရီး ဖြစ်သော နိဗ္ဗာန်ရွှေပြည်မြတ်သို့ သွားဖို့ရာ ဝေးကွာသည်ထက် ဝေးကွာပေလိမ့် မည်သာ။

---

ဆုပြည့်စုံထွန်းစာပေ

ဘယ်လိုလူ့ဘဝခန္ဓာလဲ

ရခဲသောလူ့ဘဝကို ရလာသည်၊ ထိုရလာသော လူ့ဘဝခန္ဓာအိမ်သည် အဘယ်နည်း စဉ်းစားကြည့်သင့်ပါသည်။ လူ့ဘဝခန္ဓာအိမ်ဖြစ်ပေါ်လာမှုကို ဉာဏ်မျက်စိ အမြင်ဖြင့် မြင်အောင် ကြည့်မြင်သင့်ပါသည်။

ရခဲသော လူ့ဘဝခန္ဓာအိမ်ကို တဏှာက တည်ဆောက်ပေးလိုက်ပါသည်။ တဏှာက တည်ဆောက်ပေးလိုက်သော လူဟူသည် မိခင်ဝမ်းထဲတွင် ရုပ်ဓမ္မ နာမ်ဓမ္မ နှစ်ခုပေါင်းပြီး တည်ဆောက်ပေးလိုက်ခြင်း ဖြစ်ပါသည်။

ထိုနာမ်–ရုပ်ဟူသည် လောကသဘာဝနှင့်ယှဉ်၍ ကြည့်လိုက်လျှင် နာမ်သည် ခြေကျိုးလက်ကျိုးနှင့် သည်းခြေပျက်နှင့်တူသည်။

ရုပ်သည် မျက်စိနှစ်ကွင်းအလင်းမရသော အကန်းနှင့် သူငယ်နာဝမ်း ပျက်ပါသူနှင့် တူသည်။

ထိုရုပ်နှင့်နာမ်ကို ငါ့ကိုယ်,ငါ့ဥစ္စာ ငါ့ဟာ ထင်မှတ်နေသော သူသည် အထိန်းသမားအမေနှင့် တူသူ ဖြစ်ပါသည်။

ရုပ်နှင့်နာမ်သည် မိခင်ဝမ်းထဲတွင် အမြွှာပူး အတူတူနေခဲ့ကြပြီး မွေးလာသောအခါတွင်လည်း အမြွှာပူးပင် မွေးလာပါသည်။

နာမ်သည် ခြေကျိုးလက်ကျိုးရှိသူပီပီ သူကိုယ်တိုင် ဘာမှမလုပ်နိုင်၊ မကိုင်နိုင်၊ မသွားနိုင်၊ မလာနိုင်။

သို့သော် သည်းခြေရူး၊ ဝမ်းတွင်းရူးကလေးဖြစ်၍ ဟိုဟာလိုချင် သည်ဟာလို ချင် ဟိုဟာစားချင် သည်ဟာစားချင် ဟိုဟာဝတ်ချင် ဒါဝတ်ချင်ဖြင့် ကလေးဆိုးပီပီ အလိုက်ကမ်းဆိုးမသိ တောင်းဆိုတတ်သည်။

ထိုတောင်းဆိုသည်ကိုလည်း သားဆိုးဆိုလျှင် ပိုမိုချစ်တတ်သော မိခင်များပီပီ ထိုသားဆိုး တောင်းသမျှ လုပ်နိုင်းသမျှ မညည်းမညူ လုပ်ပေးလေ့ ရှိပါသည်။

ဤနာမ်တည်းဟူသော ခြေကျိုးလက်ကျိုး ဝမ်းတွင်းရူးကလေး၏ တောင်းဆိုမှု စေခိုင်းမှုကြောင့် ငါ ငါဆိုသော မိခင်ကြီးက အကုန်လုံးလိုက်လုပ်ပေးနေသည်။

အလားတူပင် အကန်းဆိုသောရုပ်ကလည်း သူကိုယ်တိုင်ဘာမျှမမြင်၊ မသိ၊ နာမ်ဟူသော ဝမ်းတွင်းရူးကလေးက ခိုင်းသမျှ လိုက်လံလှုပ်ရှားပေးနေသည်။

- ဟိုဟာ ကိုင်ချင်သည်ဆိုက သူက ကိုင်ပေးသည်၊၊
- ဟိုဟာ ဝတ်ချင်တယ်ဆိုက သူက ဝတ်ဆင်ပေးလိုက်သည်၊
- ဟိုဟာကို စားချင်တယ်ဆိုကလည်း သူက စားပေးလိုက်သည်၊
- ဟိုကို သွားချင်တယ်ဆိုက သူက သွားပေးလိုက်သည်၊
- ဟိုအသံကို ကြားချင်တယ်ဆိုက သူက ကြားပေးလိုက်သည်၊

သို့သော် သူကဝမ်းပွင်းပျက်ရောဂါတည်းဟူသော ဓာတ်ကြီးလေးပါးဖြင့် တည်ဆောက်ထားသူဖြစ်၍ ခဏ ခဏ နာသည့်,ကိုက်သည့် ရောဂါဖြစ်သည်။

ငါဆိုသော မိခင်ကို နာမ်တည်းဟူသော သည်းခြေရူးကလည်း နှိပ်စက်သည်၊ ရုပ်တည်းဟူသော ဝမ်းတွင်းပျက်ကလည်း မပြတ်နှိပ်စက်နေသည်။

ယခုဘဝတွင် နှိပ်စက်၍အားမရသေး၊ နတ်ဘဝ, ဗြဟ္မာဘဝ, ရုပ်နာမ်တွေ တောင်းဆိုပြီး ဆက်လက်နှိပ်စက်မှု ပြုနေသေးသည်။

လူဘဝ, နတ်ဘဝ, ဗြဟ္မာဘဝဆုတောင်း၍ လှူဒါန်းမှု ပြုနေကြသောသူသည် မိမိတို့၏ဘဝခန္ဓာကိုယ်ကြီးကို ဆက်လက်နှိပ်စက်ခံရအောင် ဆုတောင်းနေသူနှင့် တူလှပါသည်။

ထိုနာမ်ရုပ်ဟူသည် အဘယ်ကဲ့သို့ ဖွဲ့စည်းထားပြီး အဘယ်ကဲ့သို့ ပျက်စီးနေပါသနည်း။

နာမ်ရုပ်သည် ခန္ဓာငါးပါးဟူသောအမည်ဖြင့် ဖွဲ့စည်းထားပြီး အစဉ်မပြတ် တရစပ်ဖြစ်, တည်, ပျက်ကာ သွားနေပါသည်၊ ဇာတိပဋိသန္ဓေယူသောအချိန်မှစ၍ တရွေ့ရွေ့ပျက်စီးလာကာ အိုခြင်း၊ နာခြင်း၊ တရားများက မပြတ်နှိပ်စက်ပြီး နောက်ဆုံး သေဆုံးခြင်း မရဏစခန်းသို့ ရောက်ရသည်။

ဤရုပ်ခန္ဓာသည် နတ်ဘဝ, ဗြဟ္မာဘဝ ရောက်သော်လည်း မလွတ်နိုင်၊ (၃) ဘုံကျင်လည်သမျှ ရုပ်–နာမ်ရ၍ ဒုက္ခဆင်းရဲစုံ ခံစားရမည်သာ ဖြစ်ပါသည်။

ꕤ

## အခန်း (၂)
## တဝဲလည်လည် ဝဋ်နွယ်မည်သည်မှာ

### မသိမှုကြောင့် ကုသိုလ်-အကုသိုလ်တွေ ပြုကြသည်။

"ဝဋ္ဋသံသရာ၊ ရှည်မင်းစွာ၌၊ သူငါကစ၊ ဖြစ်သမျှကား၊ သတ္တမဟုတ်၊ တတ်မှန်ထုတ်သော်၊ နာမ်ရုပ်နှစ်သင်း၊ အမြင်လင်းလော၊ အရင်းအဝိဇ္ဇာ၊ ထိုမှဖြာ၍၊ ဇရာမရဏ၊ အဆုံးကျသည်၊ ဓမ္မအပြား၊ ဘယ်နှစ်ပါးကို၊ ဤကားလူပင်၊ ဤပင်နတ်ပဲ၊ အထင်လွဲလျက်၊ တဝဲလည်လည်၊ ဝဋ်နွယ်မည်၏၊ ရှည်လေသမျှ၊ အနန္တကား၊ သုခဟူသည်၊ မြူမျှမလွတ်၊ အဆက်ဆက်လျှင်၊ သက်သက်ဒုက္ခ၊ တတ်မှန်ရသည်၊ ဘဝ ဤကိုယ် ဖြစ်ထုံးတည်း"

ဤလောကသံသရာဝယ် သက်ရှိသတ္တဝါဟူသမျှတို့သည် အဝိဇ္ဇာနှင့် တဏှာတည်းဟူသော သံသရာ ရေသောက်မြစ်နှစ်ပါးကို အကြွင်းမဲ့ပယ်ဖြတ်နိုင်သော ဘုရား, ရဟန္တာပုဂ္ဂိုလ်များ မဖြစ်သေးသမျှကာလပတ်လုံး တမလွန်လောက မရှိဟု မည်သို့ပင် ပြောဆိုနေစေကာမူ တမလွန်လောကကူးပြီး သံသရာလည် ကြရဦးမည်သာ ဖြစ်ပါသည်။

ရေသောက်မြစ်မပြတ်သေးသော သစ်ပင်မှန်သမျှ အသီးသီးခြင်း၊ မျိုးစေ့ပွားခြင်း ဖြစ်နေရသကဲ့သို့ အဝိဇ္ဇာ, တဏှာမပြတ်သေးသမျှ လူ, နတ်, ဗြဟ္မာ, တိရစ္ဆာန်, ငရဲ, ပြိတ္တာဟူသော ဘဝသံသရာဝယ် နာမ်ရုပ်ဖြစ်မှုဟူသော အသီးနှင့်မျိုးစေ့သည် စဉ်ဆက်မပြတ် ချနေမည်သာ ဖြစ်ပါသည်။

ထိုအမြစ်များကို ဖြတ်နိုင်ရန် ပဋိစ္စသမုပ္ပါဒ် သံသရာဝဋ်ဧတို့ လည်ပုံတရားကို နားလည်နိုင်ရန် ကြိုးစားသင့်ကြပါသည်။

- သစ္စာလေးပါးတရားတို့၏ မချွတ်မယွင်း မှန်ကန်ပုံ
- ခန္ဓာငါးပါးတို့၌ သတ္တဝါ မဟုတ်ပါဘဲလျက် မမှတ်မှားအောင် သတ္တဝါ ကိစ္စဆောင်ရွက်ပုံ
- တစ်ဘဝမှ တစ်ဘဝသို့ ကူးသန်းဆက်စပ်ကာ ပဋိသန္ဓေတည်နေပုံ
- အဝိဇ္ဇာစသော တရားတို့၏ အကြောင်းအကျိုးအပြစ်ဖြင့် ကျေးဇူးပြုပုံ

ဤတရားလေးမျိုးတို့မှာ ကိုယ်တိုင်သိဖို့ရန်လည်း ခဲယဉ်းလှသည့်အပြင် ကိုယ်တိုင်သိပြီး သူတစ်ပါးတို့အား ဟောပြောရန် အလွန်ခဲယဉ်းလှပေသည်ဟူ၍ သမ္မောဟဝိ နောဒနီ အဋ္ဌကထာ၌ ဆိုထားပါသည်။

သို့သော် သံသရာဝဋ်ဧကို လွတ်အောင်ကြိုးစား လိုသောသူတို့သည် ဤ သဘောတရားကို နားလည်ပြီး ဝဋ်မှ လွတ်ရန် (ဝါ) အဝိဇ္ဇာတဏှာအပြစ်နှစ်ပါးမှ ကင်းလွတ်ပြီး ချမ်းမြေ့ငြိမ်းအေးရာ နိဗ္ဗာန်စခန်းသို့ တက်လှမ်းနိုင်ရန်အတွက် သမထ, ဝိပဿနာအကျင့်မြတ်တို့ကို ကျင့်ကြံအားထုတ်နိုင်ရန် ပဋိစ္စသမုပ္ပါဒ်ဝဋ်ဧ လည်ပုံကို သိထားရန် လိုအပ်ပါသည်။

အနန္တစကြဝဠာ၌ အနန္တသတ္တဝါတို့မည်မျှပင် များပြားစေကာမူ ပရမတ် ဉာဏ်ပညာမျက်စိဖြင့် ကြည့်ရှုသုံးသပ်ပါက ပဋိစ္စသမုပ္ပါဒ်၌ အင်္ဂါ (၁၂) ပါး တရားမျှသာ ဖြစ်ပါသည်။

ပဋိစ္စ = အဝိဇ္ဇာစသောအကြောင်းတရား တို့ကိုစွဲ၍

သမုပ္ပါဒ = သင်္ခါရစသောအကျိုးတရားတို့ ဖြစ်ပွားခြင်း

အဝိဇ္ဇာသည် သံသရာရှေ့ပိုင်း၏ ဝဋ်မြစ် ဖြစ်သည်။ အဝိဇ္ဇာဟူသည် မသိခြင်းသဘော ဖြစ်ပါသည်။

စေတသိက် (၅၂) ပါးတို့တွင် ပါဝင်သော မောဟ- ဟုခေါ်သော အကုသိုလ် စေတသိက်ကို အဝိဇ္ဇာဟူ၍ ခေါ်ဆိုပါသည်။

ထိုမောဟ ဟူသော အကုသိုလ်စေတသိက်ကို -

- မသိခြင်း
- မပေါ်မှာခြင်း

- ဉာဏ်မရှိခြင်း
- အမှောင် ဟူ၍ အမည်အမျိုးမျိုး တပ်၍ ခေါ်ဝေါ်နေကြပါသည်။ ထိုမသိခြင်း မောဟအဝိဇ္ဇာသည်
- ဆင်းရဲအမှန်ဖြစ်သော တေဘူမကဝဋ်တရား လောကီခန္ဓာငါးပါး တို့ကို ဆင်းရဲဟူ၍ မသိခြင်း(ဒုက္ခသစ္စာ)
- ဆင်းရဲခြင်းဖြစ်ကြောင်း အမှန်ဖြစ်သော တဏှာလောဘကို ဤ တဏှာလောဘကား ဆင်းရဲဖြစ်ကြောင်း မကောင်းသော တရား တည်းဟု မသိခြင်း (သမုဒယသစ္စာ)
- ဆင်းရဲချုပ်ငြိမ်းရာ ကေန်အမှန်ဖြစ်သော နိဗ္ဗာန်ကို ဆင်းရဲချုပ် ငြိမ်းရာ အမှန်ဟူ၍ မသိခြင်း (နိရောဓသစ္စာ)
- နိဗ္ဗာန်ရောက်ကြောင်း ကေန်အမှန်ဖြစ်သော မဂ္ဂင်ရှစ်ပါးတရားကို နိဗ္ဗာန်ရောက်ကြောင်းဟူ၍ မသိခြင်း (မဂ္ဂသစ္စာ) ဤအမှန်လေးပါး သစ္စာတရားကို မသိခြင်း ဖြစ်ပါသည်။

ဤမသိခြင်း မောဟ(အဝိဇ္ဇာ)တရားလေးပါး ထင်ရှားရှိနေသောကြောင့်-

၁။ အန္ဓဗာလပုထုဇဉ် သူသူ ငါငါတို့သည် အပါယ်လားကြောင်း မကောင်းမှု ဒုစရိုက်အကုသိုလ် စေတနာတည်းဟူသော အပုညာ ဘိသင်္ခါရ

၂။ လူ့ဘုံ၌ စတုမဟာရာဇ်ဘုံစသော နတ်ပြည် (၆) ထပ်ဟူသော ကာမသုဂတိ (၇) ဘုံ၊ ရူပဗြဟ္မာပြည် (၁၆) ဘုံသို့ ရောက်ကြောင်း ဖြစ်သော ကာမကုသိုလ်စေတနာ ရူပကုသိုလ် စေတနာဟူသော ပုညာဘိသင်္ခါရ

၃။ အရူပဗြဟ္မာလေးဘုံသို့ ရောက်ကြောင်းဖြစ်သော အရူပကုသိုလ် စေတနာ လေးပါးတည်း ဟူသော အနေဉ္ဇာဘိသင်္ခါရ

ဤသင်္ခါရသုံးပါးကို ကြိုးကြိုးစားစား ပြုလုပ်ကြပါသည်။ ထို့ကြောင့် မောဟလေးပါး အဝိဇ္ဇာအကြောင်း တရားကြောင့် လောကီကုသိုလ်, အကုသိုလ် စေတနာတည်းဟူသော သင်္ခါရသုံးပါးတို့ ထင်ရှားဖြစ်ကြသည်ဟူ၍ ဟောတော် မူခြင်း ဖြစ်ပါသည်။

သတ္တဝါတို့သည် ကာမဘဝ၊ ရူပဘဝ၊အရူပဘဝ တည်းဟူသော ဘဝ သုံးပါး၌ ခန္ဓာ, အာယတန, ဓာတ်တရားတို့ မပြတ်မစဲ မရပ်မနား ဖြစ်ပွား၍နေသော တဟုန်ဟုန် ခုတ်မောင်း၍ သွားနေသော သံသရာရထားကြီး ပမာအလား ရှိသည်ဟု ဆိုရပါမည်။

ကာမ, ရူပ, အရူပဟူသော ဘဝသုံးပါးမှာလည်း ရာဂမီး, ဒေါသမီး, မောဟမီး အစရှိသော တစ်ဆယ့်တစ်ပါးသော မီးများ တဟုန်ဟုန် တောက်လောင်နေသဖြင့် အမြဲပင် တရှိန်ရှိန်ပူလျက် ရှိနေပါသည်။

ထိုဘဝသုံးပါးတည်းဟူသော ပူလှအိုက်လှသော ဘဝသိုက်မြုံကြီး အတွင်းဝယ် ထင်ရှားဖြစ်ပေါ်နေကြသည့် ခန္ဓာတရားတို့ကား ရာဂအစရှိသော မီးတစ်ဆယ့်တစ်ပါးတို့၏ လောင်စာများသာ ဖြစ်ကြပါသည်။

အန္ဓဗာလပုထုဇဉ် လူမိုက်တို့သည် အဝိဇ္ဇာမှောင်ကြီး ကျနေကြသော ကြောင့် ပူလှ၊ ရှိန်လှ၊ အိုက်လှသော ဘဝသိုက်မြုံကြီးအတွင်းမှာ မီးလောင်စာ ဖြစ်နေသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ပူမှန်းမသိ၊ လောင်မှန်းမသိ ရှိမှန်း မသိကြဘဲ ပြင်းထန်စွာ တွယ်တာမက်မောကြလေသည်။

ဘဝမီးလောင်စာ ငါးခန္ဓာတို့ကို တွယ်တာတပ်မက်မှုလောဘကို အကြောင်းပြု၍ အကုသိုလ်မှန်း မသိကြဘဲ မိမိပစ္စုပ္ပန်ဘဝတစ်သက်လျာ ချမ်းသာရေးကို ရှေ့ရှု၍ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ လိမ်ညာခြင်း စသော အပါယ်လမ်းကြောင်း အပါယ်ဘဝမျိုးစေ့ဖြစ်သော အကုသိုလ်စေတနာ (၁၂) ပါးတည်းဟူသော အကုသလ ဓမ္မ ပုပ်သိုးတရားဆိုးတို့ကို ကြိုးကြိုးကုတ်ကုတ် နေ့စဉ် ပြုလုပ်နေကြလေ့ရှိပါသည်။

သစ္စာလေးပါးတရားတို့တွင် ဒုက္ခသစ္စာနှင့် သမုဒယသစ္စာတို့သည် လောကီသစ္စာများ ဖြစ်ကြပါသည်။ ပူလောင်သော သစ္စာတို့ ဖြစ်ကြသည်။

နိရောဓသစ္စာနှင့် မဂ္ဂသစ္စာတို့သည် လောကုတ္တရာ သစ္စာအေးချမ်းသော တရားအမှန် ဖြစ်ပါသည်။

ပုထုဇဉ်တို့၏သန္တာန်၌ အဝိဇ္ဇာလေးပါး ဖုံးကွယ်ထားခြင်းကြောင့် ပူလောင်သော လောကီသစ္စာနှစ်ပါးတို့ကို ပူလောင်သောတရားဟု လားလားမျှ

မသိကြသည့်အတွက် ထိုပူလောင်သော လောကီသစ္စာနှစ်ပါးကို လိုက်စားတွယ်တာသာယာ တပ်မက်သောတဏှာလောဘ ဖြစ်၍လာသည်။

ထိုတဏှာလောဘ ဖြစ်ပွားလာသောအခါ နောင်ဘဝသေလျှင် မြတ်၏ယူဆသော (ဥစ္ဆေဒဒိဋ္ဌိ) အာသယ ဓာတ်ခံရှိသော ပုထုဇဉ်တို့သည် တမလွန်လောကကို မယုံကြည်ကြသည့်အတွက် တမလွန်လောက ကောင်းစားချမ်းသာရေးကို လုံးဝမတွေးတော့ဘဲ ပစ္စုပ္ပန်ဤဘဝ ချမ်းသာလျှင်ပြီးရောဟု သဘောထားကာ သူ့အသက် သတ်ခြင်းစသော အကုသိုလ်တရားများကို ပြုလုပ်ကြသည်။

သဿတဒိဋ္ဌိ အာသယဓာတ်ခံရှိသော ပုထုဇဉ်တို့သည် နောက်နောင်ဘဝ ကောင်းစားရေး ချမ်းသာရေးကို ရှေးရှုလျက် တေဘူမကဝဋ်၏ အခြေခံဖြစ်သော ရိုးရိုးကာမကုသိုလ်၊ ရူပကုသိုလ်တည်းဟူသော ပုညာဘိသင်္ခါရ အရူပကုသိုလ်တည်းဟူသော အနေဥ္ဇာဘိသင်္ခါရ ဤနှစ်ပါးကို ကြိုးကြိုးစားစား ပြုလုပ်ကြတော့သည်။

မသိမှုအဝိဇ္ဇာကြောင့် သင်္ခါရသုံးပါးတို့ဖြစ်ပွားခြင်းသည် ဘဝသုံးပါးဝဋ်ရထားကြီး မရပ်မနား လှည့်လည် ဖြစ်ပွားရန် အရင်းအနှီးများ တိုးတက်လာခြင်းဖြစ်ပါသည်။

ထိုသို့ ဘဝအရင်းအနှီးများ ပွားစည်းတိုးတက်လာလျှင် –

- ကမ္မဝဋ်
- ကိလေသဝဋ်
- ဝိပါကဝဋ်

ဟူသော ဝဋ်ကြီးသုံးသင်း၊ ဘဝဆွဲ့င်းရဲအသင်း၊ ဘဝဆင်းရဲအန္တယ်တို့မပြတ်နိုင်အောင် ရှည်၍ ရှည်၍ လာပါတော့သည်။

## ကုသိုလ်ကံ အကုသိုလ်ကံတွေကြောင့် ဝိညာဉ်တွေ ဖြစ်လာရသည် (သင်္ခါရပစ္စယာ ဝိညာဏံ)

ပစ္စုပ္ပန်မှ သံသရာမှုတို့ကို ပြုစုပျိုးထောင် သင်္ခါရ တရားထင်ရှား ရှိနေခြင်း၊ ဘဝသစ်၌ဝိညာဏ်သစ် ဖြစ်ပေါ်ရသည်။

- အကုသိုလ်စေတနာတည်းဟူသော အပုညာဘိသင်္ခါရကြောင့် အပါယ် ပဋိသန္ဓေဝိညာဏ်နှင့် ပဝတ္တိအခါ၌ ကာမဘုံ, ရူပဘုံတို့၌ အကုသလ ဝိပါက်ဝိညာဏ်များထိုက်သည့်အားလျော်စွာ ဖြစ်ကြပါသည်။
- ကာမကုသိုလ် စေတနာတည်းဟူသော (ပုညာသင်္ခါရ) ကြောင့် ကာမသုဂတိ (၇) ဘုံ၌ ပဋိသန္ဓေဝိညာဏ် (၉) ပါးနှင့် ပဝတ္တိအခါ ကာမဘုံ၊ ရူပဘုံတို့၌ ကာမကုသလဝိပါတ်ဝိညာဏ် (၁၆) မျိုးတို့ ထိုက်သည့်အား လျော်စွာ ဖြစ်ကြပါသည်။
- ရူပကုသိုလ်စေတနာတည်းဟူသော (ပုညာဘိသင်္ခါရ) ကြောင့် ရူပဗြဟ္မာ (၁၆) ဘုံ၌ ရူပဝိပါတ် ပဋိသန္ဓေဝိညာဏ်၊ ပဝတ္တိဝိညာဏ်တို့ ဖြစ်ကြလေသည်။
- အရူပကုသိုလ် စေတနာ တည်းဟူသော (အနေဉ္ဇာဘိသင်္ခါရ) ကြောင့် အရူပဗြဟ္မာ (၄) ဘုံတို့၌ အရူပဝိပါပဋိသန္ဓေဝိညာဏ်, ပဝတ္တိဝိညာဏ်တို့ ဖြစ်ကြလေသည်။

ဤတွင် ကုသိုလ် အကုသိုလ်စေတနာ(သင်္ခါရ)ကြောင့် ဝိပါက်ဝိညာဏ်တို့ ဖြစ်ပေါ်ပုံကို ပြည့်စုံမှု (သမ်္ပဂ်ိ) လေးပါးတို့ဖြင့် မှတ်ယူရပါသည်။

၁။ ကောင်းမှု မကောင်းမှုများ ပြုသောအခါ ထိုအမှုကိစ္စကို ပြီးစေတတ်သောကုသိုလ်စေတနာ၊ အကုသိုလ်စေတနာများ ဖြစ်ကြရသည်။ ထို စေတနာကို ခဏပစ္စုပ္ပန်အားဖြင့် ထင်ရှားရှိနေခိုက်ကို စေ့ဆော်ပြုလုပ်မှုနှင့် ပြည့်စုံနေခြင်း (စေတနာသမ်္ပဂ်ိ) ဟုခေါ်ပါသည်။

၂။ ထိုကုသိုလ်–အကုသိုလ်စေတနာတို့သည် ဖြစ်တည်ပျက် (ခဏငယ်) သုံးချက်အသက်စေ၍ ချုပ်ပျောက်ကြသောအခါ (အခြားဝိပါက်, ဝိညာဏ်များကဲ့သို့ ဤခန္ဓာသန္တာန်၌ အဆက်မပြတ် အစပြုဖြစ်ချုပ်ပျောက်ကြသည်မဟုတ်ဘဲ အကြောင်းအခွင့် ညီညွတ်ပြည့်စုံလျှင် အကျိုးဝိပါက်ဝိညာဏ် စိတ်တရား အားလုံးတစ်ခုအနေဖြင့် ထင်ရှားဖြစ်ပေါ်လာနိုင်သော သတ္တိထူးကို ထားခဲ့၍ ချုပ်ပျောက်ကြလေသည်။

ထိုအစုအရာသတ္တိထူးကား ဤခန္ဓာအစဉ်၌ အဟောသိကံမဖြစ်သေးသမျှ ကာလပတ်လုံး ငုပ်ကိန်းပြီး လိုက်ပါလျက်ရှိပါသည်။

ထိုအစုအရာသတ္တိထူးနှင့် ပြည့်စုံနေခြင်းကို အမှုအရာသတ္တိထူးနှင့် ပြည့်စုံနေခြင်း (ကမ္မသမ်္ဂီ)ဟု ခေါ်ပါသည်။

၃။ ထိုကုသိုလ်ကံ အကုသိုလ်ကံတို့ အကျိုးပေးတန်သောအခါ ဆိုင်ရာဒွါရ၌ ကံသော်လည်းကောင်း၊ ထိုကံပြုစဉ်က ထိုကံထမြောက်ကြောင်း အဆောက်အဦ ဝတ္ထုပစ္စည်းတည်းဟူသော ကမ္မနိမိတ်အာရုံသော်လည်းကောင်း၊ သို့မဟုတ် ထိုကံကြောင့် လားရောက်ရမည့် ဘဝဂတိ၌ တွေ့ရှိခံစားရမည့် အရာဝတ္ထုပစ္စည်းများဟူသော ဂတိနိမိတ်အာရုံသော်လည်းကောင်း ထင်၍ လာပါသည်။

ဘုရား ရဟန္တာမှတစ်ပါး သေကာနီးသတ္တဝါတို့မှာ မည်သူမဆို ထိုအာရုံများ ထင်မြင်ကြပါသည်။

ထို ထင်သောအာရုံအခြားမဲ့ နောက်ဘဝ၌ လိုက်ပါ ထင်မြင်နိုင်အောင် အားရှိစွာယူပြီးမှ ဤဘဝစုတေကြမြဲ ဖြစ်ပါသည်။

ထိုကံ ကမ္မနိမိတ် ဂတိနိမိတ်တစ်ပါးပါး ထင်နေမှုနှင့် ပြည့်စုံခြင်းကို ဥပဋ္ဌာန သမ်္ဂီဟု ခေါ်ပါသည်။

၄။ ထိုနောက်၌ ဘဝမှစုတေ၍ ထိုက်သင့်ရာဘဝ၌ ပဋိသန္ဓေ (ဝိပါက်) ဝိညာဏ်စိတ် ဖြစ်ပေါ်လာပါသည်။

ပဋိသန္ဓေအခါ၏ နောက်၌လည်း ထိုကံ၏အကျိုးဖြစ်သော ဝိပါက်ဝိညာဏ် စိတ်များသည် အခြားဝိထိစိတ်များ မပြတ်သောအခါ၌ ဘဝအစဉ်မပြတ်စေရန် ထပ်တလဲလဲ ဖြစ်ပွားကြလေသည်။

ထိုသို့ ပဋိသန္ဓေဝိပါက်ဝိညာဏ်၊ ပဝတ္တိဝိညာဏ်များ ဖြစ်ပွားပြည့်စုံလာသည်ကို အကျိုးဝိပါက်နှင့် ပြည့်စုံခြင်း (ဝိပါကသမ်္ဂီ)ဟု ခေါ်ပါသည်။

ဤ၌ ဝိပါက်ဟူသည် ကမ္မသမ္ဂီအမှုအရာသတ္တိထူး၏ စိတ်ဝိညာဏ် ပရမတ္ထတရား(ဝိပါက်စိတ်)အဖြစ်ရောက်အောင် ရင့်ကျက်လာခြင်း ဖြစ်ပါသည်။

ဤသမ်္ပဋိလေးပါးကို ဆင်ခြင်လေ့လာ၍ ဝိပါက်စိတ် ဝိညာဏ်သည် စေတနာသမ်္ပဋိခါသော သခါရကို အခြေခံအကြောင်းပြု၍ ဖြစ်ပေါ်လာရပါသည်။

ဝိပါက်ဝိညာဏ်စိတ်တို့ကို ခွဲဝေလျှင်–

– မြင်စိတ်
– ကြားစိတ်
– နံစိတ်
– လျက်စိတ်
– ထိစိတ်
– သိစိတ် ဟူ၍ (၆)မျိုးရှိပါသည်။

ခန္ဓာကိုယ်ဝယ် မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ဟူ၍ အပေါက် (၆) ပေါက် ထင်ရှားရှိရာ–

| | | |
|---|---|---|
| မျက်စိ | – မျက်စိအပေါက်၌မြင်စိတ် | =မျက်စိအသိ |
| နား | – နားအပေါက်၌ကြားစိတ် | = နားအသိ |
| နှာခေါင်း | – နှာအပေါက်၌ နံစိတ် | = နှာအသိ |
| လျှာ | – လျှာအပေါက်၌ လျက်စိတ်စားစိတ် | =လျှာအသိ |
| ကိုယ် | – ကိုယ်အပေါက်၌ ထိစိတ် | = ကိုယ်အသိ |
| စိတ် | – စိတ်အပေါက်၌ သိစိတ် | = စိတ်အသိတို့ |

သည် အစိုးရသခင် အရှင်စိတ်များ အသီးသီး ဖြစ်ကြသည်။

ဥပမာ– ဘုန်းရှင်ကံရှင်မင်းသားတစ်ပါး ပေါ်ပေါက်လာလျှင် –

– ထိုမင်းသား၏ အခြံအရံဖြစ်သောသူများ
– ထိုမင်းသားနေထိုင်ရာ ရာဇပလ္လင်
– ထိုရာဇပလ္လင်၏ ပတ်ဝန်းကျင်ထီးနန်း မင်းခမ်းမင်းနားများ ဖြစ်ပွားပေါ်ပေါက်ရသကဲ့သို့ ဘုန်းရှင်ကံရှင်မင်းသားနှင့်တူသော အမြင်စိတ် (စက္ခုဝိညာဏ်တစ်ခု)အတွက်
– အခြံအရံမင်းချင်းယောက်ျား အစေအပါးနှင့်တူသော ယှဉ်ဖော်ယှဉ်ဖက် စေတသိက် (၇) ပါး

- ရာဇပလ္လင်နှင့်တူသော စက္ခုဝတ္ထု=စက္ခုဒွါရ= မျက်စိအကြည်ရုပ်
- ပတ်ဝန်းကျင်ထိုးနန်း မင်းခမ်းမင်းနားပျားနှင့်တူသော မျက်စိ အကြည် ရုပ်ကလာပ်၌ ပါဝင်သော ရုပ်တရားများ ထင်ရှားဖြစ်ပေါ် လာကြရသည်။

မင်းသားသည် ဖော်ပြပါ အခြံအရံမင်းခမ်းမင်းနားတို့ကို လျှမ်းလျှမ်း တောက် အုပ်စိုးကာ မင်းစည်းစိမ်ကို ခံစားသကဲ့သို့ စက္ခုဝိညာဏ်အမြင် စိတ်တည်းဟူသော မင်းသားသည်လည်း ဖော်ပြပါယှဉ်ဖော်ယှဉ်ဘက် စေတသိက် (၇) ပါး အခြံအရံများ နှင့်တကွ စက္ခုဒသကရုပ်ကလာပ်စသော မင်းခမ်းမင်းနား ရုပ်တရားများကို လျှမ်း လျှမ်းတောက် အုပ်စိုးကာ ရူပါရုံအရသာကို ခမ်းနားစွာ ခံစားသုံးဆောင်လေသည်။ (အလားတူ သောတဝိညာဏ် စသည်တို့သည်လည်း ထိုနည်းတူပင် ဖြစ်ပါသည်။)

လူတစ်ယောက်သည် တစ်နေ့တာလုပ်ငန်းရပ်များကို ပရမတ်မျက်စိဖြင့် ကြည့်ရှုဆင်ခြင်လျှင် မြင်မှု, ကြားမှု, နံမှု, လျက်မှု, ထိမှု, သိမှု ဟူသော ဝိညာဏ် ခြောက်ပါး တရားမျှသာ ဖြစ်ပါသည်။

ထိုသို့ နေ့ရှိသရွေ့ဝိညာဏ်ခြောက်ပါး ဖြစ်ပွားနေခြင်း၊ အလုပ် လုပ်နေခြင်း ဖြစ်၍ ထိုဝိညာဏ်ခြောက်ပါး တန်ခိုးရှိနေသည့်အတွက်ကြောင့် ငါပဲ၊ သူပဲ၊ လူပဲ၊ နတ်ပဲ၊ ငါမြင်သည်၊ ငါကြားသည် ငါရှူသည်၊ ငါစားသည်၊ ငါသိသည်၊ ငါထိသည်၊ သူမြင်သည်၊ သူကြားသည် စသည်ဖြင့် အဖုံဖုံ အထင်လွဲမှုများ ပေါ်လာရပါသည်။

ထိုသို့ အထင်လွဲမှုများပေါ်လာလျှင် အပါယ်ငရဲ အစရှိသော ဝဋ်အနွယ် များ ရှည်သည်ထက်ရှည်လျားကြီးမားသည်ထက် ကြီးမား၍ လာရပါတော့သည်။

ဤသို့ဖြစ်ရခြင်းသည် ဤဝိညာဏ်ခြောက်ပါး၏ စွမ်းရည်ပင် ဖြစ်ပါ တော့သည်။

## ဝိညာဏ်ကြောင့် နာမ်ရုပ်များဖြစ်ပေါ်လာရသည် (ဝိညာဏ ပစ္စယနာမရူပ)

လောကတွင် မီးဟူ၍ဖြစ်ပေါ်လာလျှင် ထိုမီး၏ အရှိန်အဝါသည် ထပ် ကြပ်ပါလာသကဲ့သို့လည်းကောင်း၊

အမျက်ဟုခေါ်သော ကြောင်ကျောက်ဂယ် အဆင်းအရောင်အမျိုးမျိုးသော ကြုံးအသွယ်သွယ်တို့ အနွယ်နွယ်ထပ်ကြပ်ပါလာသကဲ့သို့လည်းကောင်း၊ ထို့အတူပင် ဝိညာဏ်ခြောက်ပါးဖြစ်ပွားလာသည်ရှိသော် ထိုဝိညာဏ်တို့၏ အစွမ်းသတ္တိကြောင့် အတူတကွ ဖြစ်ပျက်သော –

- အာရုံကို တွေ့ထိသောသဘော ဖဿ
- အာရုံအရသာကို ပိုင်နိုင်စွာခံစားရသော သဘော ဝေဒနာ
- ယှဉ်ဖော်ယှဉ်ဖက်တရားတို့ကို မိမိကိစ္စ၌ မလစ်ဟင်းအောင် ဆောင်ရွက် တိုက်တွန်းပေးသော စေတနာ

ဤသို့စသည်ဖြင့် အလွန်ဆန်းကြယ်လှသော စေတသိက်ဟုခေါ်သည့် နာမ်တရားများ၊ မဟာဘုတ်ကြီးလေးပါး၊ ဥပါဒါရုပ် (၂၄) ပါးဟူသော ရုပ်တရားများ ထင်ရှား ဖြစ်ပေါ်လာပါတော့သည်။

ယင်းသို့ ရုပ်–နာမ် နှစ်ပါး ထင်ရှားပြည့်စုံစွာ ဖြစ်ပေါ်လာသောအခါ အနန္တသတ္တဝါတို့မှာ –

- ကိုယ်ကာယအမျိုးမျိုး
- ပုံပန်းသဏ္ဌာန်အမျိုးမျိုး
- အမူအရာအမျိုးမျိုး
- ဇာတ်အနွယ်အမျိုးမျိုး
- လူအမျိုးမျိုး
- နတ်အမျိုးမျိုး
- ရေနေသတ္တဝါအမျိုးမျိုး
- ကုန်းနေသတ္တဝါအမျိုးမျိုး
- အမြတ်စား, အကောင်းစားသတ္တဝါ, အညံ့စားသတ္တဝါအမျိုးမျိုး

ကွဲပြားလာကာ သူ့အမျိုးနှင့်သူ့ ဇာတ်အနွယ်ခြားလျက် သီးသန့်ဖြစ်လျက် မရေမတွက်နိုင်အောင် သတ္တဝါအမျိုးမျိုးတို့ ဖြစ်ပွားလာကုန်ကြတော့သည်။

ဤတွင် သတ္တဝါတစ်ယောက်နှင့်တစ်ယောက် အယုတ်သဖြင့် ညီအစ်ကို, မောင်နှမ, ညီအစ်မပင် ဖြစ်လင့်ကစား အဆင်းပုံပန်းသဏ္ဌာန် စိတ်နေသဘောထားမှစ၍ အမူအရာမတူကြခြင်း၊ အထူးထူးအပြားပြား အဆန်း

တကြွယ်ဖြစ်ကြခြင်း၏ အကြောင်းရင်းများ တဏှာနှင့် ယှဉ်သော စိတ်ဆန်းကြွယ်မှု မတူမှုကြောင့် ဖြစ်ရပါသည်။

တဏှာဆန်းကြွယ်သောကြောင့် ကံဆန်းကြွယ်သည်။

တဏှာသည် စိတ်နှင့်တွဲယှဉ်မိုကာ အကြွင်သို့ သဘောရှိသော အဆင်း ပုံပန်းသဏ္ဍာန်၊ စိတ်နေသဘောထားကို သာယာတပ်မက်နှစ်သက်၏။

ထိုတဏှာ၏ လှုံ့ဆော်ချက်အရ ထိုတဏှာ သာယာတပ်မက်နှစ်သက်သော အဆင်းပုံပန်းသဏ္ဍာန်စိတ်နေ သဘောထားရှိသော ခန္ဓာကိုယ်ကို ရရှိရန် ကောင်းမကောင်းကံကို ပြုကြတော့သည်။

ထိုပြုခဲ့သော ကံအမျိုးမျိုးဖြစ်လေသောကြောင့် ထိုကံအမျိုးမျိုး၏အကျိုး ခန္ဓာတို့ ဖြစ်ပွားပေါ်ပေါက်လာသောအခါမှာလည်း –

- ဘဝဂတိအမျိုးမျိုး
- ဇာတ်အမျိုးမျိုး
- အဆင်းပုံသဏ္ဍာန်အမျိုးမျိုး
- စိတ်နေသဘောထားအမျိုးမျိုး

တစ်ယောက်နှင့်တစ်ယောက်မတူ ထူးခြားကွဲပြား ဆန်းကြွယ်စွာ ဖြစ်လာကြသည်။

ကံက ဆန်းကြွယ်သောကြောင့် ဘဝဂတိစသည့် အဆန်းတကြွယ် ဖြစ်ပေါ်လာရပါသည်။

## ရုပ်နာမ်ကြောင့် ရုပ်အကြည်ငါးပါး ဖြစ်ပေါ် လာရသည် (နာမရူပပစ္စယ သဠာယတနာ)

ဝိညာဏ်ကြောင့် ဖြစ်ပေါ်ကြသော ရူပကာယ နာမကာယနှစ်ပါးတို့တွင် ရူပကာယ၏အစွမ်း အာနုဘော်ကြောင့် –

- မျက်စိအကြည်
- နားအကြည်
- နှာခေါင်းအကြည်
- လျှာအကြည်
- ကိုယ်အကြည်ဟူသော ရုပ်အကြည်ငါးပါးတို့ ဖြစ်ပေါ်လာရပါသည်။

နာမကာယ၏ အစွမ်းအာနုဘော်ကြောင့် မနောဟူသော စိတ်ဝိညာဏ် အကြည် ဖြစ်ပေါ်လာရပါသည်။

ဤလောက၌ သက်ရှိသတ္တဝါတို့ ဖြစ်ပေါ်ပွားမှု (၄)မျိုး ရှိပါသည်။

၁။ အဥ၌ သန္ဓေတည်၍ ဖြစ်ပွားသော သတ္တဝါ (အဏ္ဍဇသတ္တဝါ)

၂။ အမိသားအိမ်၌ သန္ဓေတည်စွဲ၍ဖြစ်ပွားသော သတ္တဝါ (ဇလာဗုဇ သတ္တဝါ)

၃။ ရေညှိစသည် ကြာပန်းစသည် အမြုပ်အမွေး၌ သန္ဓေတည်စွဲ၍ ဖြစ်သော သတ္တဝါ (သံသေဒဇသတ္တဝါ)

၄။ ပဋိသန္ဓေနေစအချိန်ကပင် (၁၆) နှစ်အရွယ် (၂၀) အရွယ် ကိုယ်ထည် ထင်ရှားဖြစ်သော သတ္တဝါ (ဩပပါတိက သတ္တဝါ)

အုန်းသီး၊ ထန်းသီး၊ သရက်သီး၊ ပိန္နဲသီး စသော အသီးမျိုးစုံတို့မှာ အချိန်ကျလျှင် အစေ့အိမ်၊ အဆံအိမ်ပေါ်၍ အစေ့အဆံတည်ချိန်ကျလျှင် တည်ကြဲ သကဲ့သို့ အလားတူပင် အဏ္ဍဇသတ္တဝါ၊ ဇလာဗုဇသတ္တဝါတို့မှာ ပဋိသန္ဓေတည်နေပြီးနောက် ပဝတ္တိအခါ၌ မျက်စိ, နား , နှာ, လျှာ ဟူသော ရုပ်အကြည်လေးပါးဖြစ်ချိန်၊ ပေါ်ချိန်ကျသောအခါ

- မျက်စိအိမ်
- နားအိမ်
- နှာခေါင်းအိမ်
- လျှာအိမ်တို့နှင့်တကွ အကြည်လေးပါးတို့ ထင်ရှားဖြစ်ပေါ်လာပါသည်။

အကြည်ရုပ်တည်းဟူသော အဆံထည့်လာကြပါသည်။

ကိုယ်အကြည်သည်ကား ပဋိသန္ဓေဝိညာဏ်နှင့် အတူတကွပြိုင်လျက် တည်၍ လာပါသည်။

ဥပပတ်ပုဂ္ဂိုလ်, သံသေဒဇပုဂ္ဂိုလ်တို့ကား ရုပ်အကြည်ငါးပါးလုံးပင် ပဋိသန္ဓေ စိတ်ဝိညာဏ်နှင့် အတူတကွ ပြိုင်လျက် ဖြစ်ပေါ်လာပါသည်။

ဗြဟ္မာတို့၏ ဃာနဓာတ်အိမ်, ဇိဝှာဓာတ်အိမ်, ကာယဓာတ်အိမ်တို့မှာ အိမ်သက်သက်သာ တည်ရှိကြသည်။ ပသာဒဓာတ်အကြည်မရှိ ကြကုန်ချေ။

သတ္တဝါတို့မှာ မျက်စိကို ဖြစ်စေတတ်သော အတိတ်ကံ ရှိပါသည်။ ထို ကံကြောင့်ဖြစ်သော ရုပ်များ (ကမ္မဇရုပ်များ) ဖြစ်ပေါ်လာကြသည်။

ထိုကမ္မဇ မဟာဘုတ်ရုပ်တို့ကို မှီ၍ဖြစ်သော အကြည်ဓာတ်ရုပ်ကို မျက်စိ အကြည်ရုပ်၊ နားအကြည်ရုပ်၊ နှာခေါင်းအကြည်ရုပ်၊ လျှာအကြည်ရုပ်၊ ကိုယ်အကြည်ရုပ် ဟု ခေါ်ပါသည်။

ဤသည်မှာ ရူပကာယကြောင့် ရုပ်အကြည်များ ဖြစ်ပွားကြောင်း ဖြစ်ပါသည်။

ဖဿ၊ ဝေဒနာ၊ စေတနာ အစရှိသော စေတသိက်တရားနာမကာယ ကြောင့် မနောအကြည်ဟူသော မနာယတနသည် ဖြစ်ပွားလာ၏။

ဤမနောအကြည် (မနာယတန) ဟူသည် ပဓာနဓာတ်ဖြစ်သော စိတ် ဝိညာဏ်ပင် ဖြစ်ပါသည်။

ထိုသို့ဖြစ်လျှင် အမိကြောင့်သားသမီးဖြစ်သကဲ့သို့ ဝိညာဏ်ကြောင့် နာမ် ရုပ်ဖြစ်သည်ဟု ရှေး၌ဆိုခဲ့ပြီး ဖြစ်၍ သားသမီးတို့မှ အမိပြန်ဖြစ်သည်ဟု ဆိုရာသကဲ့သို့ ရောက်ပါသည်။

သစ်စေ့မှ သစ်ပင်ဖြစ်၏၊ သစ်ပင်မှတစ်ဖန် သစ်စေ့ ဖြစ်ပြန်၏။ ထို သို့ ဖြစ်ရာ၌ ရှေ့သစ်စေ့ကားတခြား၊ နောက်သစ်စေ့ကားတခြား ဖြစ်ပါသည်။

ထိုအတူပင် စေတသိက်နာမ်တရား (၅၂) ပါး ရှိသည့်တွင် –

- ဝိတက်,ဝိစာရလွှန်ကဲသောအခါလည်း ရှိ၏။
- ဝီရိယလွှန်ကဲသော အခါလည်း ရှိ၏။
- ပီတိလွှန်ကဲသောအခါလည်း ရှိ၏။
- ဆန္ဒလွှန်ကဲသောအခါလည်း ရှိ၏။
- န္တားတော်ရေကျ လောဘလွှန်ကဲသောအခါလည်း ရှိ၏။

ဤသို့အစရှိသည်ဖြင့် အသီးသီးလွှန်ကဲမိရာ လွှန်ကဲစွာဖြစ်ပေါ်ကြသော အလှည့်များလည်း ရှိကြပါသည်။

ထိုသို့ရှိရာ ဝိတက်လွှန်ကဲသောအခါ ဝိတက် လှုံ့ဆော်တိုင်း စိတ် ဝိညာဏ်သည် ရှေ့ဆောင်ရှေ့သွား လမ်းညွှန်လမ်းပြအနေဖြင့် ဖြစ်ပေါ်လိုက်ပါ ရလေသည်။

ဤသို့ ဝိတက်,ဝိစာရ, လောဘ, ဒေါသ အစရှိသော နာမ်တရားတို့၏ လှုံ့ဆော်ချက်ဖြင့် စိတ်ဝိညာဏ် တဖွားဖွားရှေ့သွားပြု၍ ဖြစ်ပေါ်လာရသောအခါ စေတသိက်နာမ်တရားတို့ကြောင့် စိတ်ဝိညာဏ် (မနာယတန) ဖြစ်ပေါ်လာရသည်။

ဥပမာ–မီးကြောင့် လေဖြစ်သည်။ လေကြောင့် မီးဖြစ်ပွားသည် ဆို သကဲ့သို့ မီးနှင့်တူသော စိတ်ဝိညာဏ်ကြောင့် လေနှင့်တူသော နာမ်တရားတို့ ဖြစ်ပွားကြ၍ ထိုလေနှင့်တူသော စေတသိက်နာမ်တရားတို့ကြောင့်ပင် မီးနှင့်တူ သော စိတ်ဝိညာဏ် တရား အဆင့်ဆင့် ပွားရပြန်သည်။

ရေ မြေ လေ မီး ဟူသော ဓာတ်ကြီးလေးပါးတို့သည် အချင်းချင်း မကင်းရာ မကင်းအပ်ဖြစ်ကြ၍ တစ်ပါးဖြစ်လျှင် အခြားသုံးပါးတို့ တစ်ပါးတည်း ဖြစ်ပေါ်လာကြရသကဲ့သို့ ထို့အတူ ဝိညာဏ်ဖြစ်ပေါ်လျှင်လည်း ထိုက်သင့်ရာ စေတသိက်နာမ်တရားတို့ တစ်ပါးတည်း ဖြစ်ပေါ်လာရပါသည်။

စေတသိက်နာမ်တရားစု ဖြစ်ပေါ်လျှင်လည်း စိတ်ဝိညာဏ်အမြဲပါဝင် ဖြစ် ပေါ်ရပါသည်။

ဤသည်မှာ နာမကာယကြောင့် စိတ်အကြည် (မနာယတန) ဖြစ်ပေါ်ရ ခြင်း ဖြစ်ပါသည်။

သက်ရှိသတ္တဝါတို့သန္တန်ဝယ် ဤအကြည်ခြောက်ပါး ထင်ရှားရှိကြ ဖြစ်ကြသောကြောင့် အသုံးဝင်နေခြင်း ဖြစ်ပါသည်။

အကယ်၍ မရှိပါကြမူ ထင်းတုံးပမာ ဘာမျှအသုံးကျမည် မဟုတ်ချေ။

ထိုအကြည်ခြောက်မျိုးကိုပင် ဒွါရခြောက်ပါး တံခါးခြောက်ပေါက် ဟူ၍ ခေါ်ဆိုနေကြပါသည်။

ဒွါရ(အပေါက်)ဟု ဆိုသော်လည်း အပေါက်ဟင်းလင်း အာကာသတံခါး မျိုးဖြစ်၍ ဆိုသည် မဟုတ်။ ဖန်တံခါး မှန်တံခါးတို့ကဲ့သို့ ဖိတ်ဖိတ်လည်သော အကြည် တံခါးမျိုးသာ ဖြစ်ကြပါသည်။

- မျက်စိအကြည်သည် မျက်လုံးအိမ်မှာ ဖြစ်ပေါ်၏၊
- နားအကြည်သည် နားအတွင်းမှာ
- နှာအကြည်သည် နှာခေါင်းအတွင်းမှာ
- လျှာအကြည်သည် လျှာအပြင်ပေါ်မှာ

- ကိုယ်အကြည်သည် တစ်ကိုယ်လုံးအတွင်းအပြင် အနံ့အပြားမှာ
- စိတ်ဝိညာဏ်မနောအကြည်သည် နှလုံးအိမ်တွင်းမှာ အသီးသီးဖြစ်ပေါ်လျက် တည်ရှိနေပါသည်။

သစ်ကိုင်းသစ်ခက်ပေါ်၌ ငှက်နားသည်နှင့် တစ်ပြိုင်နက် -

- အကိုင်းလှုပ်ခြင်း
- မြေ၌ အရိပ်ထင်ခြင်း

ဤနှစ်မျိုး တစ်ပြိုင်တည်းဖြစ်သကဲ့သို့ အဆင်းမျိုးစုံ ရူပါရုံသည် -

- မျက်စိအကြည်
- မနောအကြည်

ဤအကြည်နှစ်ချက် တစ်ပြိုင်နက် ထင်ပြတိုက်ဆိုင်လေသည်။

ထိုအခါ မြင်မှု(စက္ခုဝိညာဏ်) ခေါင်းဆောင်လျက် စက္ခုဒွါရဝီထိ စိတ်အစဉ်-မနောဒွါရနောက်လိုက် စိတ်အစဉ်များ စိတ္တနိယာမအတိုင်း ဖြစ်ပွားကြကာ

ဤကား နေတည်း

ဤကား လတည်း

ဤကား လူတည်း

ဤကား ကျွဲနွားစသည်တည်း စသည်ဖြင့် မြင်ကြသိကြလေသည်။

ထို့အတူ မိုးသံ၊ လေသံ၊ စည်သံ၊ စောင်းသံ၊ လူသံ၊ နွားသံစသော အသံမျိုးစုံ သဒ္ဒါရုံတို့သည်

- နားအကြည်
- မနောအကြည်

ဤအကြည် (၂) ချက်၌ တစ်ပြိုင်နက် ထင်ပြတိုက်ဆိုင်လာပါသည်။

မွှေးသောအနံ့၊ ပုပ်သောအနံ့ အစရှိသော အနံ့ မျိုးစုံ ဂန္ဓာရုံတို့သည်-

- နှာခေါင်းအကြည်
- မနောအကြည်

ဤအကြည် (၂) ချက်၌ တစ်ပြိုင်နက် ထင်ပြတိုက်ဆိုင်လာပါသည်။

အချို၊ အချဉ်စသော ရသာမျိုးစုံ ရသာရုံတို့သည် လျှာအကြည်၊ မနော အကြည် ဤအကြည် (၂) ချက်၌ တစ်ပြိုင်နက် တိုက်ဆိုင်လာပါသည်။

အပူ အချမ်း အကြမ်း အနု အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံတို့သည် ကာယအကြည် မနောအကြည် ဤ (၂) ချက်၌ တစ်ပြိုင်နက် ထင်ပြတိုက်ဆိုင်လာပါသည်။

ကြွင်းသောရုပ်နာမ်မျိုးစုံ ဓမ္မာရုံတို့နှင့်တကွ ဆိုခဲ့ပြီးသော အဆင်းအသံ စသော အာရုံငါးမျိုး၊ ဤအာရုံခြောက်မျိုးလုံးပင် မနောအကြည်၌ ထင်ပြတိုက်ဆိုင်လာပါသည်။

ထိုအခါ မနောဒွါရဝိထိစိတ်အစဉ်များ ဖြစ်ပွားကြကာ သိမှုအမျိုးမျိုးဖြစ်ပွားလာပါတော့သည်။

ထိုမြင်မှု, ကြားမှု, နံမှု, လျက်မှု, တွေ့ထိမှု, သိမှု, ကြံဖန်မှုတို့ နေ့ညဥ့်မစဲ တသဲသဲဖြစ်ပွားနေခြင်းကြောင့်ပင် ပုထုဇဉ်တို့၏သန္တာန်၌ –

- ငါမြင်သည်
- ငါကြားသည်
- ငါနမ်းရှူသည်
- ငါစားသည်
- ငါတွေ့ထိသည်
- ငါသိသည်
- ငါကြံသည်
- ငါမိုက်သည်
- ငါလိမ္မာသည်

ဤသို့စသည်ဖြင့် သက္ကာယဒိဋ္ဌိရေဲအိုးကြီးထဲတွင် လောဘ, ဒေါသ, မောဟ, မာန, က္လေသ, မစ္ဆရိယ စသောအကုသိုလ် ငရဲမီးများ တဟုန်းဟုန်းတောက်လောင်၍ နေကြပါသည်။

တံခါးကြီးခြောက်ပေါက်မှာပင် အကုသိုလ်ငရဲမီးများ တစ်ကိုယ်လုံးလင်း၍ နေပါသည်။

ဤသို့ဖြစ်ခြင်းမှာ မျက်စိစသော အာယတန ခြောက်ပါး၏အစွမ်းကြောင့် ဖြစ်ပါသည်။

မျက်စိအကြည်စသည်ကြောင့် တွေ့ထိမှုများ ဖြစ်ရသည် (သဠာယတနပစ္စယာဖဿော)

မျက်စိအကြည်ဓာတ်စသော ဓာတ်အကြည်မှန် (၆) မျိုးတို့ကို ဤခန္ဓာကိုယ်၌ သူနေရာနှင့်သူ တည်ကြ ဖြစ်ပွားကြသည်ရှိသော် မှန်အပြင်၌ အရိပ်ထင်သကဲ့သို့ မျက်စိအကြည်ဓာတ်မှန်အကြည်၌ အဆင်းမျိုးစုံ ရူပါရုံတို့ ပုံသဏ္ဌာန်အရိပ်နိမိတ်အသွင် ထင်လာကြသည်။

အလားတူ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ မနောအကြည်တို့၌ ဆိုင်ရာ ပုံသဏ္ဌာန်အရိပ်နိမိတ်အသွင် ထင်လာကြပါသည်။

ထိုသို့ဆိုင်ရာဒွါရတို့၌ ဆိုင်ရာအာရုံထင်ကြသောအခါ မီးခတ်သံနှင့်မီးခတ် ကျောက်တို့ ခပ်မိတိုက်မိသောအခါ မီးပွားများ ပွင့်သကဲ့သို့ မြင်မှု၊ ကြားမှု၊ နံမှု၊ လျက်မှု၊ ထိမှု၊ သိမှုတည်းဟူသော ဝိညာဉ်ခြောက်ပါးတို့ ဆိုင်ရာဒွါရ၌ တဖွားဖွား ပွင့်၍ ဖြစ်လာကြသည်။

ထိုသို့ ဒွါရ အာရုံ ဝိညာဏ် သုံးပါးပေါင်းဆုံမိခြင်းကို အကြောင်းပြု၍

- မျက်စိအကြည်၊ အဆင်း၊ မြင်မှု၊ ဤသုံးခု ပေါင်းဆုံမိခြင်းကြောင့် မျက်စိအတွေ့
- နားအကြည်၊ အသံကြားမှု ဤသုံးခုပေါင်း ဆုံမိခြင်းကြောင့် နားအတွေ့
- နှာခေါင်းအကြည်၊ အနံ့မျိုးစုံ နံမှု ဤသုံးခု ပေါင်းဆုံမိခြင်းကြောင့် နှာခေါင်းအတွေ့
- လျှာအကြည်၊ ရသာမျိုးစုံလျက်မှု ဤသုံးပါးပေါင်းဆုံမိခြင်းကြောင့် လျှာအတွေ့
- ကိုယ်အကြည် အတွေ့မျိုးစုံ ထိမှု ဤသုံးခုပေါင်းဆုံမိခြင်းကြောင့် ကိုယ်အတွေ့
- စိတ်အကြည် အာရုံခြောက်မျိုးတို့တွင် တစ်မျိုး သိမှု ဤသုံးခုပေါင်းဆုံမိခြင်းကြောင့် စိတ်အတွေ့

ဤသို့သော အတွေ့များ တဖြည်းဖြည်းထ၍ ဖြစ်ပေါ်လာရပါသည်။

ထိုအတွေ့ (ဖဿ)ခြောက်ပါးတို့သည် သိကြားလက်နက် ဝရဇိန်လက်နက်ကဲ့သို့ ဆိုင်ရာအာရုံများ၏

– ကောင်းသော အရသာများ

– မကောင်းသော အရသာများ

ထင်ရှားပေါ်ထွက်လာအောင် ဖိနှိပ်ကြိတ်နယ်ပေးကြပါသည်။

မျက်စိအတွေ့က မျက်စိအပေါ်က်၌ ထင်လာသော အဆင်းအမျိုးမျိုး၏ ကောင်း မကောင်းများ ထင်ရှားပေါ်ထွက်လာအောင် ဖိနှိပ်ကြိတ်နယ်ပေးသည်။

ကျန်သော နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ အသိ ဟူသော ဖဿငါးပါးကလည်း မိမိဆိုင်ရာအပေါ်က်၌ ထင်ရှားလာသောအာရုံတို့ ကောင်းသော အရသာ မကောင်းသော အရသာများ ထင်ရှားပေါ်ထွက်လာအောင် ဖိနှိပ်ကြိတ်နယ်ပေးလေသည်။

မျက်စိအတွေ့က အဆင်းအမျိုးမျိုးကို ဖိနှိပ်ကြိတ်ဝါးပေးသည့်အလား တွေ့ထိမှု ပေးမှုကြောင့် ထိုအဆင်း အမျိုးမျိုးတို့အနက် –

– ကောင်းသောအဆင်းမှ ကောင်းသော အရည်များ

– မကောင်းသောအဆင်းမှ မကောင်းသောအရည်များ တဒီးဒီးယိုစီး၍ ကျသည့် အလား ထင်ရှားပေါ်လွင်လာလေသည်။

အလားတူ အသံ၊ အနံ့၊ အရသာ၊ ကိုယ်အသိ စသည်တို့မှလည်း ကောင်းသောအရည် မကောင်းသောအရည်များ တဒီးဒီးယိုစီး၍ ကျလာသည့် အလား ထင်ရှား ပေါ်ထွက်လာပါသည်။

တွေ့ထိမှု(ဖဿ)အားကောင်းလျှင် အားကောင်းသလောက် အာရုံ၏ ကောင်းသောအရည် မကောင်းသော အရည်များ ထင်ရှားပေါ်လွင်လာပါသည်။

ကောင်းသောအရည်များ ထင်ရှားပေါ်ထွက်လာသောအခါ အလိုရှိအပ်သော အရာဝတ္ထု၊ ကောင်းသော အရာဝတ္ထု၊ တပ်မက်ဖွယ်ရာ အရာဝတ္ထုဟူ၍ မှတ်ယူကြလေသည်။

မကောင်းသောအရည်များ ထင်ရှားပေါ်ထွက်လာသောအခါ အလိုမရှိအပ်သောအရာဝတ္ထု၊ မကောင်းသော အရာဝတ္ထုနှင့် ရွံမုန်းဖွယ်ရာ အရာဝတ္ထုဟူ၍ မှတ်ယူကြလေသည်။

ဤသို့လျှင် ကောင်းသောအရည်များ မကောင်းသောအရည်များ ထင်ရှားပေါ်လွင်လာအောင် တွေ့ထိပေးမှုသည် ဖဿ၏ စွမ်းရည်များပင် ဖြစ်ပါသည်။

## တွေ့ထိမှုကြောင့် ခံစားရသည် (ဖဿပစ္စယာဝေဒနာ)

အပေါက်ခြောက်မည်၊ အကြည်ခြောက်ပါးတို့၌ ဆိုင်ရာ ဆိုင်ရာ အာရုံတို့ တိုက်ဆုံထင်လာကြသောအခါ မီးပွင့်မီးပွားပမာ ဖြစ်ပေါ်လာသော စိတ်ဝိညာဏ်ခြောက်ပါးတို့သည် မြင်ရုံ ကြားရုံ နံရုံ လျက်ရုံ ထိရုံ သာပန်သိရုံသာ စွမ်းနိုင်ကြသည်။

ထိုထက်ပိုလွန်၍ ကောင်း မကောင်းပသော အရသာများ ပေါ်ထွက်လာအောင်ကား ဝိညာဏ်ခြောက်ပါးတို့က မစွမ်းနိုင်ကြချေ။

အာရုံ၏ကောင်းသောအရည်၊ မကောင်းသော အရည်များ တဒိးဒိးယိုစီး၍ ထွက်လာသကဲ့သို့ ထင်ရှားပေါ်ထွက်လာအောင် ဖိနှိပ်ကြိတ်ဝါးပေးမှုကား အတွေ့ခြောက်ပါး၏ အလုပ်သာ ဖြစ်ပါသည်။

ယင်းသို့ အတွေ့ခြောက်ပါးတို့က ဆိုင်ရာအာရုံများကို ဖိနှိပ်ကြိတ်ဝါးပေးမှုကြောင့် အာရုံကကောင်းလျှင် ကောင်းသောအာရုံများ ပေါ်ထွက်လာသောအခါ ထိုအာရုံ၏ ကောင်းသောအရသာများကို မယ်မယ်ရရ ခံစားသုံးဆောင်သော ဝမ်းမြောက်ဝမ်းသာ ချမ်းသာသော ဝေဒနာဓာတ်ကြီးတို့သည် တဖွားဖွား ဖြစ်ပေါ်လာ၍ အာရုံ၏အရသာကို မြိန်ယှက်စွာ ခံစားကြလေသည်။

အာရုံက မကောင်းဖြစ်၍ မကောင်းသော အရသာများ ပေါ်ထွက်လာသောအခါ ထိုအရသာကို မသာမယာ ဆင်းရဲပင်ပန်းညှိုးနွမ်းစွာ မယ်မယ်ရရ ခံစားသုံးဆောင်သော ယင်းနှလုံးမသာယာ ဆင်းရဲဝေဒနာဓာတ်ကြီးတို့သည် တဖွားဖွား ဖြစ်ပေါ်လာကြပါသည်။

ဝေဒနာ (ခံစားမှု) ဟူသည်မှာ –

- မျက်စိအတွေ့ကြောင့်ဖြစ်သော ခံစားမှု
- နားအတွေ့ကြောင့်ဖြစ်သော ခံစားမှု
- နှာခေါင်းအတွေ့ကြောင့်ဖြစ်သော ခံစားမှု
- လျှာအတွေ့ကြောင့်ဖြစ်သော ခံစားမှု

- ကိုယ်အတွေ့ကြောင့်ဖြစ်သော ခံစားမှု
- စိတ်အတွေ့ကြောင့်ဖြစ်သော ခံစားမှုတို့ ဖြစ်ကြပါသည်။

အာရုံ၏အရသာကို ခံစားမှုဓာတ်ကြီးများကသာ ပိုင်နိုင်စွာခံစားကြပါသည်။

ထိုခံစားမှုဓာတ်ကြီးများက အာရုံ၏အရသာကို ပိုင်နိုင်စွာခံစားကြပါသည်။

ထိုခံစားမှုဓာတ်ကြီးများက အာရုံ၏အရသာကို ပိုင်နိုင်စွာ ခံစားကြသော အခါ တင့်တယ်သည် မတင့်တယ်သည်၊ သာယာဖွယ်ရှိသည် မရှိသည်၊ ကောင်းသည် မကောင်းသည် စသော အသိအထင်အမှတ်များ တထောင်းထောင်း ဖြစ်ပေါ်လာ၍ပြီးလျှင် ကောင်းသောအာရုံဖြစ်က ကိုယ်စိတ်နှစ်ပါးရွှင်အားမဆုံး တပြုံးပြုံး ဖြစ်နေရပါသည်။

မုန်းဖွယ်အာရုံ မကောင်းသောအာရုံ ဖြစ်နေပါက ခြောက်သွေ့နွမ်းညှိုး နှလုံးဆို့လျက် အခိုးတလူလူထွက်မျှ တပူပူတပင်ပင် ခံစားကြရသည်။

လောကလူအပေါင်းတို့၏ ဇာစ်ခုတည်းသော ရည်ရွယ်ချက်များမှာ ချမ်းသာသုခဝေဒနာဓာတ်ကြီးကို ရဖို့ရန်သာ ဖြစ်ပါသည်။

ပုပုရွရွပြင်သမျှကို လှုံ့လကြိုးကုတ်တလှုပ်လှုပ်ဖြင့် အားထုတ်၍ နေကြသမျှသည် ချမ်းသာသုခဝေဒနာ ဓာတ်ကြီးကိုရရန် လုံ့လအားထုတ်နေကြခြင်း ဖြစ်ပါသည်။

ဤသုခဝေဒနာဓာတ်ကြီးသည် ဘုရားရဟန္တာ အရိယာမှတစ်ပါး အများ ပုထုဇဉ်လောကသားတို့ကို ဒုက္ခပွားအောင်ပြုလုပ် ဆောင်ရွက်ပေးတတ်ကြပါသည်။

## ခံစားမှုတွေကြောင့် တပ်မက်မှုတွေဖြစ်ရသည် (ဝေဒနာပစ္စယာတဏှာ)

အဆင်းကိုမြင်သောအခါ မျက်စိအတွေ့၏ အာနုဘော်ကြောင့် အာရုံမှ ရှုချင်ဖွယ်ကောင်းသော ကောင်းသောအလိုရှိအပ်သော အရသာသည် ပေါ်ထွက်လာသည်။

ထိုအခါ ထိုအာရုံမှ ပေါ်ထွက်လာသော ကောင်းသော အလိုရှိအပ်သော အရသာကို 'ကောင်းလေစွ– ကောင်းလေစွ၊ လှပတင့်တယ်လှပေစွ' ဟု ခံစားစံစားသော မျက်စိအတွေ့ကြောင့်ဖြစ်သော ချမ်းသာသော ခံစားမှုသည် စိတ်သန္တာန်အစဉ်မှာ ရသာမြိန့်ရွှမ်း၊ အဆိမ့်မွှန်းလျက်၊ သွန်းသွန်း ဆူကြွ ဖြစ်ပေါ်လာပါသည်။

ထိုအခါ ခြောက်သွေ့သော ထမင်းကို ဟောပတ်ရည်ဆမ်းလိုက်သကဲ့သို့ စိတ်အစဉ်သည် ရွှမ်းရွှမ်းစို၍ လာပါသည်။

ညှိုးနွမ်းနေသော ပဒုမ္မာကြာကို သီတာရေချမ်း ဆွတ်ဖျန်းပေးလိုက်သဖြင့် လန်းဆန်းဖွံ့ဖြိုး၍ စိတ်သန္တာန် အစဉ်ရွှင်လန်းဖွံ့ဖြိုး၍ လာပါသည်။ မျက်နှာရုပ်သည် ရွှမ်း၍ စို၍ အသွေးအရည်တက်၍ လာပါသည်။

ထိုသို့ မျက်စိအမြင်စိတ်အစဉ်မှာ ရွှမ်းရွှမ်းစိုတက်၍ လာသောအခါ ထိုချမ်းသာခံစားမှုသည်

– မျက်စိအရသာခံစားမှု၊ မျက်စိမြိန်ယှက်မှု မျက်စိဆိမ့်အိမ့်မှု မည်ပါသည်။

အလားတူ နားအရသာခံစားမှု စသည်တို့သည်လည်း အလားတူပင် ဖြစ်ပါသည်။

ထိုသို့ ချမ်းသာသော ခံစားမှု ခြောက်မျိုးဖြစ်ပွား၍ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် မြိန်ယှက်မှု, ဆိမ့်အိမ့်မှု များဖြစ်ပွားစသောအခါ အဆိမ့်ခံလိုသော မြိန်ယှက်မှုကို ရယူလိုသော တဏှာရာဂစေတ်ကြီး ခြောက်မျိုးဖြစ်သော–

– အဆင်းတဏှာ
– အသံတဏှာ
– အနံ့တဏှာ
– အရသာတဏှာ
– အတွေ့အထိတဏှာ
– ဓမ္မတဏှာ

ဟူသော တဏှာခြောက်မျိုးသည် တဖွားဖွား ဖြစ်ပေါ်လာပါတော့သည်။

သတ္တဝါမှန်သမျှတို့သည် အသက်ခန္ဓာကို တွယ်တာကြရင်း အသက်ခန္ဓာကို တည်စေနိုင်သော

- ထမင်းကိုလည်းကောင်း
- ထမင်းဖြစ်ကြောင်း ဆန်ကိုလည်းကောင်း
- ဆန်ဖြစ်ကြောင်း စပါးကိုလည်းကောင်း
- စပါးဖြစ်စေကြောင်း ကွဲနွားလယ်ယာ မိုးမြေတို့ကိုလည်းကောင်း တွယ်တာကြကုန်ပါသည်။

ထိုအလုံးစုံကို တွယ်တာမှုကြောင့် ထိုအလုံးစုံကို ရယူနိုင်ကြောင်းဖြစ်သော ငွေကြေးကို တွယ်တာကြကုန်ပါသည်။

ဤသို့လျှင် ဘဏှာလောဘသည် ဝတ္ထုတစ်ခုကို အရင်းပြုကာ တွယ်တာမိလျှင် ထိုတွယ်တာအပ်သော ဝတ္ထုတစ်ခုနှင့် စပ်လျဉ်းသမျှ အရာမကအထောင်မက အဆင့်ဆင့် ကွယ်တာမှု ပြန့်ပွားရှ် သွားပါတော့သည်။

ထို့အတူပင် မျက်စိအရသာတစ်ခုကို တွယ်တာမက်မိသည့်အတွက် ထိုမျက်စိအရသာကို ပေးစွမ်းနိုင်သော ကောင်းသောအဆင်းကိုလည်းကောင်း၊

ထိုအဆင်းနှင့်ပြည့်စုံသော သက်ရှိသက်မဲ့အရာဝတ္ထုတို့ကိုလည်း ကောင်း၊

ထိုဝတ္ထုနှင့်စပ်လျဉ်းသမျှတို့ကိုလည်းကောင်း၊

တွယ်တာတပ်မက်မှုအဆင့်ဆင့်ပွား၍ ပွား၍ သွားပါတော့သည်။

နားအရသာ၊ နှာခေါင်းအရသာ၊ လျှာအရသာ၊ ကိုယ်အရသာ၊ စိတ်အရသာတို့ကို တွယ်တာတပ်မက်မိသည့်အတွက် ထိုထိုအရသာတို့ကို ပေးစွမ်းနိုင်သော ကောင်းသော အသံ၊ အနံ့၊ အရသာ၊ ကိုယ်၊ စိတ် စသည် စပ်လျဉ်းသမျှတို့ကို တွယ်တာတပ်မက်မှု အဆင့်ဆင့်ပွား၍ ပွား၍သွားပုံမှာလည်း အလားတူပင်ဖြစ်ပါသည်။

ပညတ်နယ်ပယ် အထည်ဝတ္ထုအမည်အမျိုး စသည်အားဖြင့် များပြားကျယ်ဝန်းလှသော တဏှာလောဘ၏ အာရုံစုကို ပရမတ္ထမျက်စိဖြင့် ချုပ်၍ကြည့်လျှင် အာရုံ ခြောက်ပါးသာလျှင် ဖြစ်ပါသည်။

ထိုသို့ အာရုံခြောက်ပါး ကာမဝတ္ထုအစုစုသော တရားတို့၌ ခုံမင်တပ်မက်မှု တဏှာလောဘတရား နေ့စဉ် ပွားများနေကြသောကြောင့် သတ္တဝါတို့သည် နက်နဲသော တရားအချက်ကို အိပ်မက်တွင်မျှ မမြင်မက်ကြဘဲ ကာမဝတ္ထု အစုစု

တည်းဟူသော ကာမထောင်အတွင်း၌ပင် ခန္ဓာပြတ်ကြွေစုတေ၍ သွားကြရပါသည်။

## တပ်မက်မှုတွေကြောင့် စွဲလမ်းမှုတွေဖြစ်ရသည် (တဏှာပစ္စယာဥပါဒါန်)

တဏှာခြောက်ပါး တပ်မက်မှုတရားတို့ကို အားမရှိမီ နုစဉ်ကပင် ပယ်နိုင်လျှင် ကောင်းပါသည်။

ထိုသို့ မပယ်နိုင်ဘဲ နေ့စဉ် နှစ်ရှည်လများ ပွားများသည်ရှိသော် မိမိ၏ အတွင်းခန္ဓာကိုယ်နှင့်တကွ ပြင်ပကာမဝတ္ထု ကာမအာရုံတို့၌ အပြင်းအထန်တဏှာဖြင့် စွဲလမ်းမှု ဒိဋ္ဌိဖြင့်စွဲလမ်းမှုဟူသော ဥပါဒါန်တရားလေးပါးတို့ ထင်ရှားဖြစ်ပေါ်လာပါတော့သည်။

ဥပါဒါန်တရား လေးပါးရှိပါသည်။

- ဖွတ်ကြီးလျှင် မိကျောင်း၊ မြွေကြီးလျှင် နဂါး ဆိုသကဲ့သို့ တဏှာခြောက်ပါးစွဲလမ်းမှု အားကြီးပြင်းထန်သောအခါ ကာမဥပါဒါန်ဖြစ်လာပါသည်။
- နိယတမိစ္ဆာဒိဋ္ဌိကြီးသုံးပါး, ဗြဟ္မဇာလသုတ်လာ (၆၂) ပါးသော ဒိဋ္ဌိ စသော အစွဲအလမ်း ပြင်းထန်သော မိစ္ဆာဒိဋ္ဌိများသည် ဒိဋ္ဌုပါဒါန် ဖြစ်ပါသည်။
- ဘုရားရှင်လက်ထက်က ပုဏ္ဏတက္ကတွန်း၊ သေနိယတက္ကတွန်းကဲ့သို့ နွားတို့၏ အလေ့အကျင့် ခွေးတို့၏အလေ့အကျင့်တို့ကို သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ်စေတတ်သော အလေ့အကျင့်ဟု အထင်မှား အမြင်မှား စွဲလမ်းမှု မိစ္ဆာဒိဋ္ဌိသည် သီလဗ္ဗတုပါဒါန် ဖြစ်ပါသည်။

၄။ ရူပက္ခန္ဓာ၌

- ရုပ်သည် အတ္တ၊ လိပ်ပြာ– ငါတည်းဟု ရုပ်နှင့်အတ္တ မကွဲမပြား အယူမှားမှုတစ်ပါး၊
- နာမ်တရားကို အတ္တဟုမှတ်ယူကာ သစ်ပင်သည် အရိပ်ရှိသကဲ့သို့ အတ္တသည် ရုပ်ရှိ အယူမှားမှုတစ်ပါး၊

ဆုပြည့်စုံထွန်းစာပေ

– နာမ်တရားကိုပင် အဇ္ဈတ္တ ဟု မှတ်ယူကာ ပန်းပွင့်၌ ရနံ့တည်သကဲ့သို့ အတ္တ၌ ရုပ်တည်၏ ဟု အယူများမှု တစ်ပါး၊

– နာမ်တရားကိုပင် အတ္တဟုမှတ်ယူကာ ကြုတ်၌ ပတ္တမြား တည်သကဲ့သို့ရုပ်၌ အတ္တ – လိပ်ပြာတည်၏ဟု အယူများမှုတစ်ပါး၊

ဤသို့လျှင် ရူပက္ခန္ဓာနှင့်စပ်၍ သက္ကာယဒိဋ္ဌိလေးပါး ဖြစ်လေသည်။ နာမ်ခန္ဓာလေးပါး၌ တစ်ပါး တစ်ပါးနှင့် စပ်၍ သက္ကာယဒိဋ္ဌိ (၄) မျိုးစုံဖြစ်ရကား သက္ကာယ ဒိဋ္ဌိ (၂၀) ဖြစ်လေသည်။

ယင်းသက္ကာယဒိဋ္ဌိ (၂၀) သည် အတ္တဝါဒုပါဒါန် ဖြစ်ပါသည်။ ဤဥပါဒါန် လေးပါးဖြစ်ပွားလာလျှင် ဝဋ္ဋခင်း, ဝဋ္ဋပင်လယ်မှ ကျွတ်ရန် မလွယ်တော့ဘဲ သံသရာဝဋ္ဋ ထဲမှာသာ လည်နေရပါတော့သည်။

## စွဲလမ်းမှုတွေကြောင့် ဘဝတွေ ရလာရသည် (ဥပါဒါန ပစ္စယာဘဝေါ)

သတ္တဝါတို့၏သန္တာန်၌ ဥပါဒါန်အစွဲ ပြင်းထန်သောကြောင့် မိမိခန္ဓာကိုယ်ကာယ၌ အတ္တစွဲ (သက္ကယာဒိဋ္ဌိ–အတ္တ ဝါဒုပါဒါန်) မြဲသည်ထက် မြဲလာသည်။

ထိုသို့မြဲနိုင်၍လာသောကြောင့် ကိုယ်တွက်တာ ခဏာမျှ ချမ်းသာရေးကို ရှေးရှု၍ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း အစရှိသော အကုသိုလ် ကမ္မဖလ ဆယ်ပါး အပြစ်တို့ကို ပြုလုပ်ကြတော့သည်။

ဤခန္ဓာကိုယ်ပစ္စုပ္ပန်ဘဝ၌ ချမ်းသာမှုလိုသကဲ့သို့ နောက်ဘဝချမ်းသာရေးအတွက် ရည်မျှော်ပြီး သူတော်ကောင်းတို့၏ အလေ့အကျင့်ဖြစ်သော ဒါန၊ သီလ၊ သမထ၊ ဘာဝနာ၊ လောကီကုသိုလ်များကို ယုံ့လကြိုးကုတ်အားထုတ်သဖြင့် ကာမ ကုသိုလ်၊ ရူပကုသိုလ်၊ အရူပကုသိုလ် တည်းဟူသော ကုသိုလ် ကမ္မဘဝ တရားများ ဖြစ်ပွားပြန်သည်။

ဤကုသိုလ်ကမ္မဘဝ အကုသိုလ်ကမ္မဘဝနှစ်ပါးကို 'ကမ္မဘဝ' ဟု ခေါ်ပါသည်။

ထိုကမ္မဘဝကြောင့် ထိုက်သင့်ရာရာ ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံတို့၌ ဝိပါက်နာမ်ခန္ဓာနှင့် ကမ္မဇရုပ်များ ဖြစ်ပွားလာရသည်။

ထိုဝိပါက်နာမ်ခန္ဓာ ကမ္မဇရုပ်များကို ဥပပတ္တိဘဝ ဟူ၍ ခေါ်ပါသည်။

လောကီကုသိုလ်, အကုသိုလ်ကမ္မပထတရားများသည် ဉပပတ္တိဘဝကို ဖြစ်စေတတ်သောကြောင့် ဘဝမည်ပါသည်။

ဝိပါက်နာမ်ခန္ဓာ ကမ္မဇရုပ်တို့မှာ ကမ္မဘဝ၏အကျိုးအနေဖြင့် ဖြစ်ပွား တတ်သောကြောင့် ဘဝမည်ပါသည်။

ပုထုဇဉ်ဟူသည် သူရူးနှင့် တူပါသည်။ ပုထုဇဉ်သည် ဤကားသင့်၏၊ ဤကား မသင့်ဟု တုမန္တိုင်းချင့် မဝေဖန်နိုင်ဘဲ ဥပါဒါန်လေးမျိုး၏အစွမ်းဖြင့် ခပ်သိမ်းသော ကာမ ရူပ အရူပ ဥပပတ္တိဘဝသုံးမျိုးကို တောင့်တကာ ခပ်သိမ်း သော လောကီ ကုသိုလ် အကုသိုလ် ကမ္မဘဝများကို ပြုလုပ် အားထုတ်ကြလေ သည်။

ဤလောက၌ အချို့သောပုထုဇဉ်များသည် တစ်ဆင့် ကြားစကားဖြင့် ဖြစ်စေ၊ ကိုယ်တိုင်မျက်မြင်အားဖြင့် ဖြစ်စေ –

``ဤကာမဝတ္ထုစည်းစိမ်တို့သည် လူ့ပြည်လောကဝယ် ဥစ္စာပေါများ သော မင်းမျိုးစသည်တို့၌လည်းကောင်း ကာမာဝစရနတ်ပြည်ခြောက်ထပ်တို့၌ လည်းကောင်း ပြည့်စုံကုံလုံကုန်၏'' ဟုကြံစည်စဉ်းစား၍ ထိုကာမဝတ္ထု စည်း စိမ်တို့ကို ရရှိရန် သူတော်မဟုတ် သူယုတ်မာတို့နှင့်ပေါင်းဖော်မိပြီး သူတို့၏ ``ဤအသက်သတ်၍ ယာဇ်ပူဇော်ခြင်းဖြင့် နတ်ပြည် ရောက်နိုင်သည်'' ဟူသော စကားကို ယုံကြည်မိပြီးလျှင် ကာမုပါဒါန်စွဲလန်းမှုဖြင့် သူ့အသက်သတ်ခြင်း အစ ရှိသော ဒုစရိုက်များတို့ကို ပြုမှားမိတော့သည်။

ထိုပုထုဇဉ်တို့သည် ဒုစရိုက်တရားများ ပြန့်ပွားသောကြောင့် အပါယ် လေးဘုံ၌ ဘဝပဋိသန္ဓေကပ်ရောက်ရတော့သည်။

အချို့ပုထုဇဉ်တို့သည် မျက်မှောက်ဘဝ၌ တွေ့မြင်ရသော ကာမဝတ္ထု စည်းစိမ်တို့ကို တောင့်တ၍ဖြစ်စေ၊ မိမိရရှိပြီး ကာမဝတ္ထုတို့ကိုလုံခြုံစေလို၍ဖြစ်စေ၊ အရှည်တည်တံ့လို၍ဖြစ်စေ တရားသည် မတရားသည် နားမလည်ဘဲ ကာမုပါ ဒါန်တရား၏ လှုံ့ဆော်ချက်ကြောင့် ကာယဒုစရိုက် စသည်တို့ကို ပြုမှားမိလေသည်။

ထိုပုထုဇဉ်သည် ဒုစရိုက်များပြည့်ပွားခြင်းကြောင့် အပါယ်လေးဘုံ၌ ဘဝပဋိသန္ဓေကပ်ရောက်၍ နေရပါတော့သည်။

ထိုသို့ဖြစ်ရာ၌ ထိုပုထုဇဉ်၏ အပါယ်ဘဝပဋိသန္ဓေ၏ အကြောင်းဖြစ်သော ဒုစရိုက်အကုသိုလ်ကံများသည် ကမ္မဘဝမည်ပါသည်။

ထိုကံကြောင့်ဖြစ်သော အပါယ်ဘဝဝိပါက်နာမ် ခန္ဓာကမ္မဇရုပ်များသည် ဥပပတ္တိဘဝမည်ပါသည်။

အချို့ပုထုဇဉ်သည် ရေးနည်းတူကြံစည်စဉ်းစား၍ ကာမဝတ္ထုစည်းစိမ်တို့ကို ရရှိရန်ကောင်းယောက်မပြီး သူတော်ကောင်းတို့ကို ပေါင်းသင်းရ၍ သူတော်ကောင်းတရားကို နာကြားရခြင်း စသည်ဖြင့် ပညာဉာဏ်တရား အဆင့်ဆင့်တိုးပွားရင့်ကျက်ကာ –

''ဤသုစရိုက် ကောင်းမှုဖြင့် လူ့ရပ်နတ်ပြည်ရှိ ကာမဝတ္ထုစည်းစိမ်တို့ ပြည့်စုံကုံလုံနိုင်၏'' ဟု အမှန်အတိုင်းသိရှိကာ ကာယသုစရိုက်စသည်တို့ကို ပြုလုပ်အားထုတ်လေသည်။

ထိုပုထုဇဉ်ပုဂ္ဂိုလ်သည် သုစရိုက်ကောင်းမှုများ ပြန့်ပွားခြင်းကြောင့် နတ်ပြည်၌ဖြစ်စေ၊ လူ့ပြည်၌ဖြစ်စေ ဘဝပဋိသန္ဓေကပ်ရောက်၍ နေရလေသည်။

ထိုသို့ဖြစ်ရာ၌ ထိုပုထုဇဉ်၏ လူ့ရပ်နတ်ရွာ ဘဝပဋိသန္ဓေ၏အကြောင်းဖြစ်သော သုစရိုက်ကုသိုလ်ကံများသည် ကမ္မဘဝမည်ပါသည်။

ထိုကံကြောင့်ဖြစ်သော လူ့ရပ်နတ်ရွာ ဝိပါက်နာမ် ခန္ဓာကမ္မဇရုပ်များသည် ဥပပတ္တိဘဝမည်ပါသည်။

အချို့ပုထုဇဉ်သည်

''ရူပဗြဟ္မာဘုံ–အရူပဗြဟ္မာဘုံတို့၌ ကာမဝတ္ထု စည်းစိမ်တို့သည် ဤကာမဘုံထက် အထူးသဖြင့် ပြည့်စုံကုံလုံ၏'' ဟု ကြား၍ဖြစ်စေ၊ ကြံဆ၍ဖြစ်စေ ကာမုပါဒါန်တရား၏ လှုံ့ဆော်ချက်အရပင် ရူပကုသိုလ် အရူပကုသိုလ် ဈာန်သမာပါတ်တရားတို့ကို ဖြစ်ပွားစေပြီးလျှင် ရအောင်အားထုတ်ပြီးလျှင် ထိုသမာပါတ်တို့၏ အစွမ်းဖြင့် ရူပဗြဟ္မာဘုံ အရူပဗြဟ္မာဘုံ၌ ဘဝပဋိသန္ဓေ ကပ်ရောက်နေရသည်။

ထိုသို့ဖြစ်ရာ၌ ထိုပုထုဇဉ်၏ ရူပ အရူပ ဗြဟ္မာဘဝ ပဋိသန္ဓေ၏ အကြောင်းဖြစ်သော ရူပကုသိုလ် အရူပကုသိုလ်ကံများသည် ကမ္မဘဝ မည်ပါသည်။

ထိုကံကြောင့်ဖြစ်သော ရူပ အရူပဗြဟ္မာဘဝ ဝိပါတ် နာမ်ခန္ဓာ ကမ္မဇရုပ်များသည် ဥပပတ္တိဘဝ မည်ပါသည်။

ဤသည်မှာ ကာမပုပါဒါန်ကြောင့် ကမ္မဘဝ ဥပပတ္တိဘဝဖြစ်ရပုံကို ဖြစ်ပါသည်။

ပုထုဇဉ်တစ်ဦးသည်

''ဤအတ္တလိပ်ပြာမည်သည်ကား ကာမသုဂတိဘုံ၌ (သို့မဟုတ်) ရူပဘုံ၌ (သို့မဟုတ်) အရူပဗြဟ္မာဘုံ၌ ဖြစ်မှသာ ကောင်းစွာအပြီးအပြတ် အဆုံးသတ်ပြတ်နိုင်သည်''

ဟု ဥစ္ဆေဒဒိဋ္ဌိ ဟူသော ဒိဋ္ဌုပါဒါန်ကို အကြောင်းပြုကာ ထိုကာမသုဂတိဘုံ ရူပဘုံသို့ ကပ်ရောက်ကြောင်းဖြစ်သော ကာမကုသိုလ် ရူပကုသိုလ် အရူပကုသိုလ်ကံ တို့ကို ပြုလုပ်သည်။

ထိုပုထုဇဉ်၏ ကာမကုသိုလ် ရူပကုသိုလ် အရူပ ကုသိုလ်ကံများသည် ကမ္မဘဝမည်ပါသည်။ ထိုကံကြောင့် ဖြစ်သော ဝိပါက် နာမ်ခန္ဓာ ကမ္မဇရုပ်များသည် ဥပပတ္တိဘဝ မည်ပါသည်။

ပုထုဇဉ်တစ်ယောက်သည်

''ဤအတ္တလိပ်ပြာမည်သည်ကား ကာမသုဂတိဘုံ ရူပဘုံ အရူပဘုံ၌ ကေန် စင်စစ် ချမ်းသာမှုရှိနိုင်သည်၊ ပူပန်မှုအေးငြိမ်းနိုင်သည်''

ဟု အတ္တဝါဒုပါဒါန်၏ လှုံ့ဆော်ချက်အရ ထိုဘုံများသို့ ကပ်ရောက်ကြောင်းဖြစ်သော ကာမကုသိုလ် ရူပကုသိုလ် အရူပကုသိုလ်ကံတို့ကိုပြု၏။

ထိုပုထုဇဉ်၏ ကာမကုသိုလ် ရူပကုသိုလ် အရူပ ကုသိုလ်ကံများသည် ကမ္မဘဝမည်ပါသည်။

ထိုကံကြောင့်ဖြစ်သော ဝိပါက်နာမ်ခန္ဓာကမ္မဇရုပ်များသည် ဥပပတ္တိဘဝ မည်ပါသည်။

ပုထုဇဉ်တစ်ယောက်သည်

''ဤအလေ့အကျင့်မည်သည့် ကာမသုဂတိဘုံ, ရူပဘုံ, အရူပဘုံ၌ ဖြည့်ကျင့်သောသူ၏ သန္တာန်၌သာ ချမ်းသာလွယ်ကူစွာ ပြည့်စုံလုံလောက်နိုင်သည်''

ဟု သီလဗ္ဗတုပါဒါန်၏လှုံ့ဆော်ချက်အရ ထိုကာမသုဂတိဘုံ ရူပဘုံ အရူပဘုံသို့ ကပ်ရောက်ကြောင်းဖြစ်သော ကာမ ကုသိုလ် ရူပကုသိုလ် အရူပ ကုသိုလ်ကံတို့ကို ပြု၏။

ထိုပုထုဇဉ်၏ကာမကုသိုလ် ရူပကုသိုလ် အရူပ ကုသိုလ်ကံများသည် ကမ္မ ဘဝ ထိုကံကြောင့်ဖြစ်သော ဝိပါက်နာမ်ခန္ဓာကမ္မဇရုပ်များသည် ဥပပတ္တိဘဝ မည်ပါသည်။

## ဘဝရလာမှုကြောင့် ပဋိသန္ဓေနေရပြန်သည် (ဘဝပစ္စယာဇာတိ)

ကုသိုလ်ကမ္မဘဝ၊ အကုသိုလ်ကမ္မဘဝတည်း ဟူသော ကံနှစ်ပါးတို့၏ အစွမ်းသတ္တိကြောင့် အလုံးစုံသော သတ္တဝါတို့သည် ယခုလောလောဆယ်ဖြစ်ရာ ပစ္စုပ္ပန်ဘဝ ကုန်ဆုံးကွယ်လွန်ကြပြန်လျှင် ထိုကံနှစ်ပါး၏ အကျိုးပေးပစ်ချရာ ထိုက်သင့်ရာ -

- ရုပ်ခန္ဓာတစ်ပါးသာရှိသော အသညသတ်ဘုံ
- နာမ်ခန္ဓာလေးပါးသာရှိသော အရူပလေးဘုံ
- ခန္ဓာငါးပါးအပြည့်အစုံရှိသော ကာမဘုံ,ရူပါဝစရ ပြဟ္မာဘုံတို့၌ ကမ္မနိယာမ ဓမ္မတာအတိုင်း ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ ဝိပါက်နာမ်ခန္ဓာကမ္မဇ ရုပ်တို့ ဖြစ်ပွားမှု( ဥပါဒ်) တည်းဟူသော ဇာတိပေါ်လာသည်။

ဥပပတ္တိဘဝခေါ်သော ဝိပါက်နာမ်ခန္ဓာ ကမ္မဇရုပ်တရားတို့၌ ဖြစ်ဆဲခဏ (ဥပါဒ်ခဏ)၊ တည်ဆဲခဏ (ဋ္ဌီခဏ)၊ ပျက်ဆဲခဏ(ဘင်ခဏ) ဟူ၍ ခဏငယ် အချိန်တို (၃) ပိုင်း ရှိရာတွင်

- ဥပါဒ်ခဏအနိုက်ကို ဇာတိ
- ဋ္ဌီခဏအနိုက်ကို ဇရာ
- ဘင်ခဏအနိုက်ကို မရဏ ဟူ၍ ခေါ်ဆိုပါသည်။

အကြောင်းကံ(ကမ္မဘဝ)တရားက ဥပပတ္တိဘဝ ဥပါဒ်ခဏတည်းဟူ သော ဇာတိဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေးသည်။

ယင်း ဥပပတ္တိဘဝဥပါဒ်ခဏအနိုက်တည်းဟူသော ဇာတိတရားသည် လည်း တစ်ဘဝတွင် တစ်ကြိမ်သာ ဖြစ်သည်မဟုတ်၊ အကြိမ်ကြိမ်ဖြစ်၍ အစဉ်

သဖြင့် ကိုယ်ခန္ဓာပြည့်ဖြိုးကြီးပွားများ မားမားပတ်မတ် အထည်ဒြပ်သဏ္ဍာန် ပေါ်ပေါက်ကြကာ မိမိတို့၏ ကမ္မဘဝအလိုက် -

- မင်းဇာတိရှိသော သတ္တဝါ
- သူဌေးသူကြွယ်ဇာတိရှိသော သတ္တဝါ
- တန်နိုးကြီးသော သတ္တဝါ
- တန်နိုးသေးသော သတ္တဝါ
- ဂုဏ်သိရ်ပြင့်သော သတ္တဝါ
- ဂုဏ်သိရ်နိမ့်သော သတ္တဝါ
- အကျင့်ကောင်းသော သတ္တဝါ
- အကျင့်ဆိုးသော သတ္တဝါ ဟူ၍ ကိုယ်ခန္ဓာအမျိုးမျိုးနှင့် သတ္တဝါ

အမျိုးမျိုးတို့ ဖြစ်ကြရလေသည်။

ထိုသို့ ဖြစ်ကြခြင်းမှာလည်း ကမ္မဇ သံသေဒဇ စသော သန္ဓေဖြစ်ပွားမှု တည်းဟူသော ဇာတိလေးမျိုး၏ အစွမ်းသတ္တိကြောင့်သာ ဖြစ်ပါသည်။

## ဘဝသစ်ဖြစ်လာရ၍ အို, နာ , သေ ဖြစ်ရပြန်သည် (ဇာတိပစ္စယာဇရာမရဏ)

ကမ္မဘဝက ဥပပတ္တိဘဝ၏ ဥပါဒ်ထင်ရှားဖြစ်ပွားလာအောင် ကျေးဇူးပြုပေးသည်။

ယင်းဥပပတ္တိဘဝ၏ ဥပါဒ်ထင်ရှား ဖြစ်ပွားလာမှုကို ဇာတိဟု ခေါ်သည်။

ယင်းသို့ ဥပါဒ်ခဏတည်းဟူသော ဇာတိပေါ်လာလျှင် ထိုတရားတို့၏ ဌီခဏတည်းဟူသော ဇရာတရား၊ ဘင်ခဏတည်းဟူသော မရဏတရားတို့သည် ဒီ၏ နောက်ကရေ ထပ်ကြပ်ပါလာသကဲ့သို့ တစ်ဆက်တည်း အစဉ်အတိုင်း ဖြစ်ပွားလာပါတော့သည်။

ဇာတိ ဟူသည် ထိုထိုဘဝတစ်လျှောက်လုံး၌ ဖြစ်ပေါ်ကြသော ခန္ဓာတို့၏ ဖြစ်ဆဲခဏ(ဥပါဒ်ခဏ)

ဇရာ ဟူသည် ထိုခန္ဓာတို့၏ တည်ဆဲ ရင့်ရော်ဆဲ ခဏ(ဌီခဏ)

မရဏ ဟူသည် ထိုခန္ဓာတို့၏ ပျက်ဆီးချုပ်ပျောက်ဆဲ ခဏ(ဘင်ခဏ)

ဘဝသစ်၌ ပဋိသန္ဓေတည်နေစဉ်ပြီလျှင် ဇာတိတရား အကြိမ်ကြိမ် အဆက်ဆက် ဖြစ်ပွားကာ ခန္ဓာအစဉ်ကြီးပွားလျက် လူ နတ် ဗြဟ္မာ တိရစ္ဆာန် စသည့် မတ်မတ်မားမား ထင်ရှားဖြစ်ပေါ်လာသည်။

ထိုသို့ဖြစ်သည့်ရှိသော် တစ်ဘဝတွက်တာ (ယခု ဘဝသက်တမ်း တစ်ရာ) ၌

ပထမအရွယ် (၃၃)နှစ် (၄)လ
ဒုတိယအရွယ် (၃၃)နှစ် (၄)လ
တတိယအရွယ် (၃၃)နှစ် (၄)လ

အရွယ်သုံးပါး ထင်ရှားရှိမြဲထုံးဖြင့် ထိုထိုဘဝခန္ဓာတို့၏ ဖြစ်ဆဲတည်းဟူသော ဇာတိတရား နာရီမလပ်၊ အချိန်မလပ် ထပ်ခါထပ်ခါ ဖြစ်တိုင်း ဖြစ်တိုင်း ထိုဇာတိ၏ နောက်မှ ဌီခဏတည်းဟူသော ရင့်ရော်မှု(ဇရာ)တရားသည်လည်း နေ့ညမစဲ တသဲသဲ တရွရွ အမြဲထပ်ကြပ် ကပ်လျက်လိုက်ပါလာပါသည်။

ယင်းရင့်ရော်မှုတရားကို 'ဇရာမီး'ဟူ၍ ခေါ်ဆိုနေကြပါသည်။

ဇရာမီးသည်

- ထိုထိုဘဝခန္ဓာတို့၏ တည်ဆဲခဏ အချိန်ပိုင်းတည်းဟူသော ရင့်ရော်အို မင်းမှု (ခဏဇရာ)
- အအေးရုပ်သန္တာအစဉ်၊ အပူရုပ်သန္တာအစဉ် စသည့်တို့၏ တစ်ချိန်ထက် တစ်ချိန် အစဉ်အားဖြင့် ရင့်ရော်အိုမင်းမှု (သန္တတိဇရာ) ဟူ၍ (၂) မျိုး ရှိပါသည်။

အသက်အရွယ် ငယ်သူကြီးသူအားလုံး၌ပင် ထိုဇရာနှစ်ပါး ထင်ရှားရှိပါသည်။

ဤ၌ မေးရန်ရှိပါသည်။ ရင့်ရော်အိုမင်းမှုအရွယ်တိုင်း ရှိပါလျက် ကြီးသူတို့မှာသာ ဆံဖြူသွားကျိုးခါးကိုင်းဖြစ်မှု ထင်ရှားသည်။ ငယ်ရွယ်သူတို့မှာ မထင်ရှားဟု ဆိုစရာ ရှိပါသည်။

ကလလပ်ရေကြည်သန္ဓေ တည်သောအချိန်မှစ၍ သတ္တဝါတို့မှာ အစဉ်သဖြင့် ရှေးရှေးရုပ်များ၏ ဌီခဏ တည်းဟူသော ဇရာသို့ရောက်သော အချိန်၌

အသစ် အသစ်ဥပါဒ် ဖြစ်ပေါ်ကြရသော နောက်နောင်ရုပ်များသည် ရှေးရှေးရင့်ရော်ပြီးသော ရုပ်များ၏ သဘောအားလျော်စွာ ရင့်ရော်ကြကာ

- အထူးသဖြင့် ရင့်ရော်ကြကာ
- ထို့ထက်အထူးသဖြင့် ရင့်ရော်ကြကာ ဥပါဒ်ထင်ရှား ဖြစ်ပွား၍လာကြရပါသည်။

ထို့ကြောင့် တစ်ရက်ထက်တစ်ရက်၊ တစ်လထက် တစ်လ၊ တစ်နှစ်ထက် တစ်နှစ်၊ တစ်ရွယ်ထက်တစ်ရွယ် အစဉ်သဖြင့် အလွန်အလွန်ရင့်ရော်သော ရုပ်များ၏ ရင့်ရော်ချိန်ဟုခေါ်ဆိုသော ဋ္ဌီခဏ၌ နောက်ထပ်အသစ် (ဥပါဒ်) ဖြစ်ပွားသော ရုပ်တရားများသည် ဆံဖြူခြင်း၊ သွားကျိုးခြင်း၊ အသားအရေတွန့်လိပ်ခြင်း အစရှိသော ဇရာသဘောပေါ်ပေါ် လွင်လွင်ထင်ရှားလာရပါသည်။

ဇရာဒဏ်ချက် အနှိပ်စက်နှာသောကြောင့် အသက်ကြီးရင့်သူတို့မှာသာ ဆံဖြူသွားကျိုး စသည်ဖြစ်ကြသည်ဟူ၍ မှတ်ရန်ဖြစ်ပါသည်။

ထိုဆံဖြူသွားကျိုးခြင်းများသည် မျက်စိဖြင့် မြင်အပ်သော တရားများဖြစ်၍ ဇရာတရားအစစ် မဟုတ်ကြပါ။ ဇရာ တရား၏ဒဏ်ချက်များသာ ဖြစ်ပါသည်။

ဇရာတရားအစစ်သည်ကား စိတ်ဖြင့်ကြံဆ၍ သိအပ်သော တရားသဘောသာ ဖြစ်ပါသည်။

ဥပမာ -

"ရေတိုက်စား၍ သွားသောလမ်း၊ မီးအကြီးအကျယ် လောင်ကျွမ်းသွားသော လမ်းတို့၌ ရေဒဏ်မီးဒဏ်ကြောင့် မြက်သစ်ပင်များ ကျိုးပြတ်ပျက်စီး၍ ကျန်ရစ်ခြင်း၊ မီးသွေးပြာစသည်များ ကျန်ရစ်ခြင်း စသည်တို့ကို မြင်ရ၍ တိုက်စားသွားသောရေ၊ လောင်ကျွမ်းသွားသောမီးတို့ကို စိတ်ဖြင့်ကြံဆ၍သာ သိရသည်။

အလားတူပင် ဇရာတည်းဟူသော ရေကြမ်း–ဇရာတည်းဟူသော မီးကြီး တိုက်စားလောင်ကျွမ်း၍သွားသော လမ်းခရီးဟုဆိုအပ်သော အလွန်အလွန် ရင့်ရော်သော ရုပ်တရားတို့၌ ဖြစ်ပေါ်နေသော မျက်စိဖြင့် မြင်ကောင်းသည့် ဆံဖြူသွားကျိုး စသော သဘောတရားများကို ဇရာရေကြမ်း၊ ဇရာမီးကြီး တိုက်စားနှိပ်စက်လောင်ကျွမ်းသော ဒဏ်ချက်များဟူ၍ သိအပ်သကဲ့သို့ပင် ဖြစ်ပါသည်။

သတ္တဝါတို့သည် ဇရာမီးနှစ်ပါးတို့ တညီးညီး တရှိန်ရှိန် အချိန်မစဲ တသဲသဲ လောင်ကျွမ်းမှုကြောင့်

- ငယ်သောအရွယ် (၁၀–နှစ်အရွယ်)
- အလယ်အလတ်အရွယ် (၂၀–နှစ်အရွယ်)
- ကြီးသောအရွယ် (၃၀–နှစ်အရွယ်)

စသည်ဖြင့် အရွယ်ခြားနား အစားစား ဖြစ်ကြရပါသည်။

ထိုသို့ဖြစ်အောင်လည်း သတ္တဝါတို့ကို ဇရာတရားက မောင်းနှင်ပေးနေပါသည်။

ဇရာခေါ်သော ဌီခဏအခြားမဲ့မှာပင် ဘင်ခဏသို့ ရောက်ရှိကြကာ သတ္တဝါတိုင်းသည် ခဏိကမရဏအားဖြင့် အချိန်တိုင်း သေလွန်နေကြသည်။ ထိုသည်ကို သမ္မုတိ မရဏ မရောက်သေး၍ သေမှန်း မသိကြချေ။

သေဆုံးပျက်စီးခြင်းသည် (၃) မျိုး ရှိပါသည်။

## (၁) ခဏိကမရဏ

ရုပ် နာမ် ဓမ္မ သင်္ခါရတို့၏ မိမိတို့ ပျက်စီးခဏသို့ ရောက်ရှိကြသဖြင့် သေဆုံးပျက်စီးခြင်းကို ခဏိကမရဏဟုခေါ်သည်။

သတ္တဝါတို့ သန္တာန်၌ဖြစ်သော စိတ်စေတသိက် တစ်ခုတစ်ခုလျှင် ဖြစ်၊ တည်၊ ပျက် (ဥပါဒ်, ဌီ, ဘင်)ဟူ၍ ခဏငယ်သုံးချက်စီ အချိန်ပိုင်း အသက်ရှည်ကြသည်။

ထိုခဏငယ်သုံးချက်စီ အချိန်ပိုင်းကာလကို စိတ္တက္ခဏကြီးတစ်ချက်ဟု ခေါ်ဆိုသည်။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အချိန်ကလေးအတွင်းမှာပင် ထိုစိတ္တက္ခဏပေါင်း ကုဋေတစ်သိန်းကျော်ဖြစ် ချုပ်ကြသည်။

သတ္တဝါတိုင်း သတ္တဝါတိုင်းပင် မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အချိန်ပိုင်းကာလအတွင်း၌ ခဏိကမရဏ သေခြင်းမျိုးဖြင့် အကြိမ်ပေါင်း ကုဋေတစ်သိန်းကျော်ကျော် သေဆုံးလျက် ရှိကြလေသည်။

(၂)သမုစ္ဆေဒမရဏ

ဘုရားရဟန္တာပုဂ္ဂိုလ်တို့၏ ဝဋ်ဆင်းရဲကို အကြွင်းမဲ့ အမြစ်ပြတ်တောက် ပရိနိဗ္ဗာန်ပြုခြင်းကို သမုစ္ဆေဒမရဏဟု ခေါ်ပါသည်။

ရဟန္တာပုဂ္ဂိုလ်များသည် ပရိနိဗ္ဗာန်ပြုပြီးနောက် ကာလဝယ် ရုပ်နာမ် အသစ်၊ ဘဝအသစ်ဖြစ်စရာ မရှိတော့ချေ။ သံသရာဝဋ်ဒုက္ခ အမြစ်ပြတ် သေဆုံး ခြင်း ဖြစ်ပါသည်။

(၃)သမ္မုတိမရဏ

ဘုရား ရဟန္တာမှကြွင်းသော၊ ကျန်သော သတ္တဝါတို့၏ တစ်ဘဝ၌ အကျုံးဝင်သော ဇီဝိတိန္ဒြေ ပြတ်စဲသေဆုံးခြင်းကို လူတို့ဝေါဟာရအရ သေဆုံး သည်၊ ကွယ်လွန်သည်ဟု သမုတ်ကြ ခေါ်ဝေါ်ကြ၍ သမ္မုတိမရဏဟု ခေါ်ပါ သည်။

သမ္မုတိမရဏသည် –

- အသက်တမ်းကုန်၍သေခြင်း
- ကံစွမ်းကုန်၍ သေခြင်း
- အသက် ကံ နှစ်ပါးစုံ ကုန်၍သေခြင်း
- ကံဆိုးတစ်ပါးက ဖြတ်တောက်၍ သေခြင်း

ဟူ၍ လေးမျိုးရှိရာ ဤသေခြင်းလေးမျိုး တစ်မျိုးမျိုးဖြင့် သတ္တဝါတို့ သည် ဤဘဝခန္ဓာ ကြွေပျက်သုဉ်းရလေသည်။

ဇာတိ, ဇရာ, မရဏ သုံးပါးတို့သည် သတ္တဝါများကို နှိပ်စက်ဖျက်ဆီးရန် အခွင့်ရှာနေသော ရန်သူလူသတ်သမားများနှင့် တူကြပါသည်။

သတ္တဝါတစ်ဦးတွင် နှိပ်စက်သတ်ဖြတ်ရန် အခွင့်အလမ်းရှာ၍ လှည့် လည် ကျက်စားသွားလာနေသော ရန်သူ (၃) ဦး ရှိလေသည်။

ပထမရန်သူက –

"မိတ်ဆွေတို့ ငါသည် ဤမည်သောတောအုပ်၏ ကျေးဇူးကိုပြောဆို၍ ထိုယောက်ျားကို ခေါ်ဆောင်ကာ ထိုတောအုပ်သို့ အရင်သွားနှင့်မည်။ ဤသို့ခေါ် ဆောင် သွားရာ၌ ငါ့အဖို့ မခဲယဉ်းလှပါ" ဟုပြောဆိုသည်။

ဒုတိယရန်သူက –

''မိတ်ဆွေ သင်က ထိုသူကို တောအုပ်ခေါ်သွားပြီးပါက ထိုသူကို ရိုက်နှက်ပုတ်ခတ်၍ အားမရှိအောင် ငါပြုလုပ်ပါမည်။ ထိုအလုပ်သည် ငါ့အတွက် မခဲယဉ်းလှပါ'' ဟု ပြောဆိုသည်။

တတိယရန်သူက –

''မိတ်ဆွေ ထိုသူ အားမရှိဖြစ်သွားပါက ထိုသူကို ငါသတ်ရန် မခဲယဉ်းပါ''ဟု ပြောဆိုသည်။

ထိုရန်သူသုံးယောက်တို့သည် ထိုကဲ့သို့ပြောဆိုပြီးလျှင် ပြောဆိုတိုင်ပင်သည့် အတိုင်း လုပ်ကိုင်ဆောင်ရွက်ကြလေသည်။

ဤဥပမာနည်းတူ တောအုပ်သို့ ယောကျ်ားကို ဖြားယောင်းခေါ်သွားသူနှင့် ပစ္စုပ္ပန် ဤဘဝဝယ်ချစ်လှစွာသော ဆွေမျိုးသားချင်းများထဲက ဆွဲထုတ်ယူသွားကာ ကတိငါးပါးတို့တွင် တစ်ပါးပါး၌ဖြစ်စေခြင်းသည် ဇာတိ၏အလုပ်ကိစ္စဆောင်ရွက်မှုနှင့် တူပါသည်။

ထိုယောကျ်ားကို အားမရှိဖြစ်အောင် ရိုက်နှက် ပုတ်ခတ်ခြင်းနှင့် ကတိငါးပါး ဖြစ်လေရာဘဝ၌ အားအင်လျော့ကျပြီး အိပ်ရာညောင်စောင်း၌ လဲလျောင်းရသည့် အခြေအနေသို့ရောက်အောင် ပြုလုပ်ပေးသော ဇရာ၏ အလုပ်ကိစ္စဆောင်ရွက်မှုနှင့် တူပါသည်။

ထက်လှစွာသောသံလျက်ဖြင့် ခုတ်ဖြတ်သူနှင့် တစ်ဘဝတွက်တာ ဇီဝိတိန္ဒြေ ကုန်ဆုံးအောင်ပြုသော မရဏ၏အလုပ်ကိစ္စ ဆောင်ရွက်မှုနှင့် တူပါသည်။

တစ်နည်းဆိုရလျှင် အပြစ်ထူပြောလှသော ကန္တာရခရီးထဲသို့ ဝင်ရောက်မိခြင်းကဲ့သို့ ဇာတိ၏ဆင်းရဲဟု မှတ်ရပါမည်။

ထိုခရီးထဲ၌ ထိုယောကျ်ား၏ အစားပြတ်၍ အားအင်ချိနဲ့ခြင်းနှင့် ဇရာဆင်းရဲဟု မှတ်ရပါမည်။

ထိုယောကျ်ား၏ အားအင်ပြတ်၍ သေဆုံးရခြင်းနှင့် မရဏဆင်းရဲဟု မှတ်ယူရပါမည်။

---

ဆုပြည့်စုံထွန်းစာပေ

စိုးရိမ်ပင်ပန်း နလုံးမသာယာမှုတွေ ဖြစ်လာရသည် (သောက, ပရိဒေဝ,ဒုက္ခ, ဒေါမနဿုပါယာသာ)

ဇာတိရှိသော် ဇရာမရဏရှိသကဲ့သို့ ဇာတိခေါ်သော ပဋိသန္ဓေလေးမျိုးဖြင့် ခန္ဓာတွေပြားများ ငှါခဲ့သော် ဘဝဝမ္ဘတာအတိုင်း

- ဆွေမျိုးကို့ပျက်စီးခြင်း (ဉာတိဗျသန)
- စီးပွားဥစ္စာပျက်စီးခြင်း (ဘောဂဗျသန)
- အနာရောဂါစွဲကပ်နှိပ်စက်ခြင်း (ရောဂဗျသန)
- ကိုယ်ကျင့်သီလ ပျက်စီးခြင်း (သီလဗျသန)
- အယူဖောက်ပြန်ပျက်စီးခြင်း (ဒိဋ္ဌိဗျသန)

ဤငါးမျိုးတို့နှင့် တွေ့ကြုံလာရတတ်ပါသည်။

ထိုသို့ကြုံကြိုက်လာခဲ့သည် ရှိသော်

- နလုံးပူရှိန်စိုးရိမ်ခြင်း ဟူသော သောကတရားများ
- နူတ်က အော်ဟစ်ငိုကြွေးမြည်တမ်းမှုဟူသော ဒုက္ခတရား
- စိတ်ဆင်းရဲမှုဟူသော ဒေါမနဿတရား
- နလုံးပြင်းစွာပူပန်ခြင်း ဟူသော ဥပါယာသတရား

အကျဉ်းအားဖြင့် ဤဆင်းရဲတရားငါးပါး၊ အကျယ်အားဖြင့် များပြားလှသော ဆင်းရဲအနန္တတို့ တွေ့ကြုံရတတ်ပါသည်။

``ဝဋ္ဋသံသရာ၊ ရှည်မင်းစွာ၌၊ သူငါကစ၊ ဖြစ်သမျှကား၊ သတ္တမဟုတ်၊ ဓာတ်မှန်ထုတ်သော်၊ နာမ်ရုပ်နှစ်သင်း၊ အမြင်ထင်းလော။

အရင်းအဝိဇ္ဇာ၊ ထိုမှဖြာ၍၊ ဇရာမရဏ၊ အဆုံးကျသည့်၊ ဓမ္မအပြား၊ ဆယ့်နှစ်ပါးကို၊ ဤကားလူပင်၊ ဤလျှင် နတ်ပဲ၊ အထင်လွဲလျက်၊ တဝဲလည်လည်၊ ဝဋ္ဋနွယ်စည်၏။

ရှည်လေသမျှ၊ အနန္တကား၊ သုခဟူသည်၊ မြူမျှမကွက်၊ အဆက်ဆက်လျှင်၊ သက်သက်ဒုက္ခ၊ ဓာတ်မှန်ရသည်၊ ဘဝဋ္ဋကိုယ် ဖြစ်ထုံးတည်း``

✻

## အခန်း(၃)
## သံသရာနယ်ချဲ့သမားများ

ဂျှသုံးပါး

မြတ်စွာဘုရားရှင်သည် သတ္တဝါတို့အတွက် သံသရာနယ်ချဲ့တရားသုံးပါးကို မဟာနိဒ္ဒေသ စသည်၌ ဟောကြားထားခဲ့ပါသည်။

သံသရာနယ်ချဲ့တရားသုံးပါး ဟူသည်ကား–

တဏှာ – တပ်မက်ခြင်း

မာန – မာန်ယစ်မူးခြင်း

ဒိဋ္ဌိ – အမှားနှလုံးသွင်းခြင်းတို့ ဖြစ်ပါသည်။

ယင်းတရားသုံးပါးသည် သတ္တဝါတို့ကို ဘဝသံသရာ ကျယ်သည်ထက် ကျယ်အောင် ရှည်အောင် ပြုလုပ်တတ်ကြသည်ဟု ဘုရားရှင်က ဟောကြားထားခဲ့ပါသည်။

ဒိဋ္ဌိသည် ခန္ဓာငါးပါးတို့၌ အထည်ကိုယ်အမာခံ အနှစ်သာရဟူသော အတ္တသည် ကိန်းရှိ၏ဟု စွဲလမ်းသည်။

မာနက ထိုအတ္တကိုပင် ငါ–ငါ ဟု မှတ်ထင်သည်။ ငါ တတ်သည်၊ ငါ ပြတ်သည်၊ အထင်ကြီးသည်။

---

ဒိဋ္ဌိမာနအရင်းခံမှုကြောင့် မိမိ၏ရုပ်နာမ်တရားများကို အားရပါးရတဏှာဖြင့် စွဲလမ်းတော့သည်။

မိမိကိုယ်နှင့်တူသော ချစ်ခင်တွယ်တာစရာမရှိ (အတ္တသမံပေမံနတ္ထိ) ဆိုသည့်အတိုင်း မိမိခန္ဓာကိုယ်ထက် ပိုမို၍ မချစ်နိုင်ကြပေ။

မိမိကိုယ်ကို ချစ်ခင်မှုကြောင့် မိမိအားကျေးဇူးပြုနေသူ (သို့မဟုတ်) ကျေးဇူးပြုလိမ့်မည်ဟု ထင်ရသူတို့ အပေါ်မှာ မခွဲနိုင်မခွာရက်အောင် ဆက်သွယ်နှောင်ဖွဲ့သမ်းပြန်သည်။

ယင်းသို့မိမိကိုယ်နှင့်အတူ အဆက်အသွယ်ဟူသမျှတို့အပေါ်၌ မခွဲနိုင်မခွာရက်စွဲမက်မှုသည် တဏှာလက်ချက်ပင် ဖြစ်ပါတော့သည်။

## အာရုံ ၆ ပါးကို တပ်မက်တတ်သော တဏှာ ၆ မျိုး

**အိုဘယ့်တဏှာ**

- အဆင်းအမျိုးမျိုးရှိသော ရူပတဏှာ
- အသံအမျိုးမျိုးရှိသော သဒ္ဒတဏှာ
- အနံ့အမျိုးမျိုးရှိသော ဂန္ဓတဏှာ
- အရသာအမျိုးမျိုးရှိသော ရသတဏှာ
- အတွေ့အထိအမျိုးမျိုးရှိသော ဖောဋ္ဌဗ္ဗတဏှာ
- ဓမ္မာရုံ၌ တပ်မက်သာယာသော ဓမ္မတဏှာ

တဏှာဟူသည် အာရုံခြောက်ပါးကို တပ်မက်တတ် တောင့်တတတ်၊ တွယ်တာတတ်သော သဘောရှိသည်။

အလွန်မွဲတေဆင်းရဲလွန်းသဖြင့် မစားရတစ်နပ်၊ စားရတစ်နပ်ဖြင့် အငတ်ငတ် အပြတ်ပြတ် ဖြစ်နေရသော ဆင်းရဲသားသည် အစာရေစာများကို အလွန်တောင့်တသကဲ့သို့ တဏှာတရားသည်လည်း ဘဝသံသရာ၌ တွေ့ကြုံခံစားရသော အာရုံခြောက် ပါးတည်းဟူသော အစားအစာတို့ဖြင့် မဝနိုင်၊ မတင်းတိမ်နိုင်ဘဲ ထိုအာရုံများကို ခံမင် တွယ်ကပ်စွဲလန်း တတ်ရုံတင်မက အသစ်အသစ်ဖြစ်သော အာရုံများကိုလည်း မျှော်လင့်တောင့်တ၍နေသော သဘောရှိပါသည်။

တဏှာသည် အာရုံခြောက်ပါးကို လိုချင်တပ်မက်မောသည့်မှာ တပ်မက်စွဲလမ်းရုံမျှသာမဟုတ်၊ ငါ့ဥစ္စာ၊ ငါ့ဟာ စသည်ဖြင့် အာရုံကို တမ်းတမ်းစွဲ ငမ်းငမ်းတက် တပ်မက်ခြင်းမျိုး ဖြစ်ပါသည်။

---

အဝတ်အထည်များပေါ်၌ ဆီချေးများ စွန်းပေနေလျှင် ရှုတ်တရက် လျှော်ဖွပ်၍ မကျွတ်နိုင် မစင်ကြယ်နိုင်သကဲ့သို့ တဏှာသည် တွေ့ကြုံထိခိုက် လာသော အာရုံများကို မစွန့်လွှတ်နိုင်၊ မခွာနိုင်အောင် စွဲစွဲလန်းလန်း ယူခြင်းမျိုး ဖြစ်သည်။

တဏှာ၏အာရုံယူပုံနှင့်ပတ်သက်၍ မျောက်နဲ့စေးက မျောက်ကို ဖမ်းယူ သကဲ့သို့ ဥပမာရှိသည်ဟု ကျမ်းဂန်များ၌ ဆိုပါသည်။

ညောင်စေးစသည်မှ ထွက်သော သစ်စေးကို သတ္တဝါများ ထောင်ဖမ်း ရာ၌ အသုံးပြုလေ့ရှိကြသည်။ ထိုမျောက်နဲ့စေးမည်သော အစေးသည် နေရောင် တွင် တပြောင်ပြောင် တောက်ပသော သဘောရှိသည်။

ယင်းသစ်စေးရှိရာသို့ မျောက်တစ်ကောင်သည် ရောက်လာပြီး အထူး အဆန်းမြင်လျှင် ကိုင်ချင်ဆော့ချင်သော ဝါသနာရှိသည့်အလျောက် မျောက်သစ် စေးကို လက်တစ်ဖက်ဖြင့် ကိုင်ကြည့်ရာ သစ်စေးက မျောက်၏ ထိုလက်ကို စေးကပ်ဖမ်းယူ ထားလိုက်သည်။ ယင်းလက်ကို ကျန်တစ်ဘက်ဖြင့် ခွာလိုက်ရာ ထိုလက်သည်လည်း သစ်စေး၌ ကပ်ငြိခံရပြန်သည်။

လက်နှစ်ဖက်လုံးကွာအောင် ပါးစပ်ဖြင့်ကိုက်၍ ခွာပြန်ရာ ပါးစပ်သည် လည်း သစ်စေးဖြင့်ကပ်ငြိနေပြန်သည်။ ခြေထောက်ဖြင့်ကန်၍ ခွာပြန်သည်၊ ခြောက်ထောက်ပါ ကပ်ပြန်သည်။ ကိုယ်ဖြင့် ဖိခွာပြန်ရာ ကိုယ်ပါ ကပ်စေးနဲ့ဖြင့် ကပ်ခံရပြန်သည်။

ထိုအတူ သတ္တဝါတို့၏စိတ်အစဉ်၌ တဏှာဝင် ရောက်လာသောအခါ အာရုံခြောက်ပါးတွင် ဝင်လာသမျှ အာရုံတို့ကို စွဲစွဲလမ်းလမ်း ဖမ်းယူတတ်လေ သည်။

တဏှာသည် ငြိကပ်ခြင်းဆိုသည်မှာ တွေ့ကြုံလာသော အာရုံကို လက်မလွှတ်နိုင်ခြင်း၊ တွယ်တာခင်မင်လိုခြင်း ထိုအာရုံမှ မစွန့်ခွာနိုင်ခြင်းတို့ပင် ဖြစ်ပါသည်။

ဥပမာအားဖြင့် တဏှာသည် အငွေ့ တခြောင်းခြောင်း ထွက်နေသော ဒယ်အိုးပေါ်သို့ ပစ်ချလိုက်သော အမဲသားတုံးနှင့်တူသည်ဟု ဆိုပါသည်။

မီးဖိုပေါ်ရှိ ဒယ်အိုးပူပူပေါ်သို့ အမဲသားပိုင်းကလေး ပစ်ချလိုက်သော

ဒယ်အိုးပေါ်တွင် တစ်ခါတည်း ငြိနေသကဲ့သို့ အာရုံ၌ကပ်ငြိနေတတ်သည်မှာ တဏှာ၏ သဘော ဖြစ်ပါသည်။

တဏှာသည် အမဲသားတုံးကလေးနှင့်တူသည်ဟု ဆိုရသော်လည်း ဒယ်အိုးပူပေါ်၌ အမဲသားတစ်ကလေး ငြိကပ်နေခြင်းသည် တစ်ခဏမျှသာ ဖြစ်သည်၊ မကြာမီ ကွာသွားနိုင်သည်။

သားမယား၊ ရွှေ၊ ငွေစသောအာရုံတို့၌ ကပ်ငြိနေသော တဏှာကား ဘဝတစ်ပါးမှ ဘဝတစ်ပါးသို့ ကူးပြောင်းသည့်တိုင်အောင် မကွာမပြတ် ငြိတွယ် တတ်ပါသည်။

တဏှာစွဲလမ်းတွဲငြိကပ်မှုနှင့် ပတ်သက်၍ သီရိလင်္ကာနိုင်ငံတွင် ဖြစ် ခဲ့သော မရီးနှင့်မတ်ကို သတ်၊ ဘဝ လေးဇာတ်တိုင်အောင်ဆိုသော အဖြစ်အပျက် ဇာတ်လမ်းသည် ထင်ရှား၍ မှတ်သားဖွယ် သံဝေဂယူဖွယ် ကောင်းလှပါသည်။

အမျိုးသားတစ်ဦးသည် မိမိဇနီးမယားကို အလွန် ချစ်မြတ်နိုးသည်၊ မယားသည် လင်၏ညီဖြစ်သူ မတ်နှင့် တိတ်တိတ်ပုန်းချစ်ကြိုက်နေသည်၊ သူမ သည် မိမိ ယောကျ်ားထက် တိတ်တိတ်ပုန်းချစ်ရသော လင်ငယ်ကလေးကို ပို၍ချစ်လှသဖြင့် မတ်ကို ဖြားယောင်း၍ အစ်ကို့ကို သတ်ခိုင်းလေသည်။

ညီကလည်း မ,ဘက်လိုက်တော့ အမိုက်ပါဆိုသည့်အတိုင်း မရီး စီစဉ် သည့်အတိုင်း လိုက်နာပြီး အစ်ကိုကို ရေချိုးခေါင်းလျှော်နေစဉ် ချောင်းမြောင်း၍ သတ်ပစ်လေသည်။

အစ်ကိုသည် မယားလုပ်သူအပေါ်၌ စွဲလန်းသော တဏှာဖြင့် ကွယ် လွန်ခဲ့ရာ မယားအိမ်၌ လင်းမြွေ လာဖြစ်လေသည်။ လင်းမြွေသည် အိမ်ခေါင်မိုး ပေါ်၌ တက်နေပြီး လင်ငယ် မရှိစဉ် မယားအပေါ်သို့ မကြာခဏ ပစ်ချတတ်ပြီး တက်လာသည်။

မယားက ဤမြွေသည် ငါ၏လင်ဟောင်းဖြစ်မည် ဟုဆိုကာ မြွေကို သတ်လေသည်။

မြွေသည် မယားဟောင်းအပေါ်၌ တွယ်တာစွဲလမ်းမှု တဏှာက မပြတ် ၍ ထိုအိမ်မှာပင် ခွေး လာဖြစ်ပြန်သည်။ ခွေးငယ်သည် အမျိုးသမီးသွားရာ နောက်သို့ တကောက်ကောက် လိုက်လေ့ရှိသည်။

ဆုပြည့်စုံထွန်းစာ(၂)

ထိုအခြင်းအရာကို ဘေးကလူများက မြင်သောအခါ –

''အမဲလိုက်ခွေးနှင့်မုဆိုး ထွက်လာပြီ၊ ဘယ်ကိုသွားမယ် မသိဘူး''

ဟု လှောင်ပြောင်ပြောဆိုကြသည်။

ထိုသို့ ပြောင်လှောင်ပြောဆိုခံရသည်ကို ရှက်၍ အမျိုးသမီးသည် ခွေးကို သတ်ပစ်ပြန်လေသည်။

ခွေးဘဝ အသတ်ခံရသော်လည်း အမျိုးသမီးအပေါ်၌ ကပ်ငြိတွယ်တာသော တဏှာစိတ်ကား မရပ်သေး၍ ထိုအိမ်မှာပင် နွားလာဖြစ်ရပြန်သည်။

နွားငယ်သည် ခွေးဘဝကကဲ့သို့ပင် အမျိုးသမီး နောက်သို့ တကောက်ကောက် လိုက်နေသဖြင့် ဘေးလူများက –

''နွားကျောင်းသူမ ထွက်လာပြီ၊ နွားကို ဘယ်သွားကျောင်းမှာလဲ''

ဟု ပျက်ရယ်ပြုကြသည်ကို ရှက်လှသဖြင့် နွားငယ်ကို သတ်ပြန်သည်။

ထိုပုဂ္ဂိုလ်၌ စွဲလမ်းသောတဏှာကား အလွန်ပင် အင်အားကောင်းလှသဖြင့် လေးဘဝတိုင်တိုင် အသတ်ခံရသည်ကို မနာ၊ ငြိကပ်တွယ်တာနေဆဲဖြစ်၍ ဤဘဝတွင် ထိုအမျိုးသမီးဝမ်း၌ပင် သားငယ်ယောကျ်ားလေး လာဖြစ်ရသည်။

လူ့ဘဝအရောက်တွင် ရှေးဘဝကို အောက်မေ့တတ်သော ဇာတိဿရ ဉာဏ်ကိုရ၍ မိမိ မိခင်သည် မိမိကို လေးကြိမ်တိတိသတ်ခဲ့သည်ကို သတိရမိသည်။ မိခင်အပေါ် စိတ်နာပြီး မိခင်၏ချီခြင်း ကိုင်တွယ်ခြင်း၊ နို့တိုက်ခြင်းကို လုံးဝ လက်မခံတော့ပေ၊ မိခင်ကိုင်က တအားအော်ဟစ် ငိုတော့သည်။

အဘိုးဖြစ်သူက အကျိုးအကြောင်း မေးသောအခါတွင် အကြောင်းစုံ ပြောပြသည်။ ထိုအခါကျမှ အဘိုးနှင့်မြေး ကျောင်းသို့သွားပြီး ရဟန်းပြုကာ တရားအားထုတ်ကြသည်။

တဏှာ၏ စွဲလမ်းမှုဟူသည်ကား ဤမျှထက်မြက်သဖြင့် ကြောက်စရာ အလွန်ကောင်းလှပါသည်။

သတ္တဝါအများတို့ နေ့စဉ်နှင့်အမျှ အမြဲတရစပ် တွေ့ကြုံနေရသော လောကီအာရုံများကို သာယာဖွယ် နှစ်သက်ဖွယ်အာရုံဟု ရှုမြင်သုံးသပ်မှုသည် အမြင်မှားမှု (ဒိဋ္ဌိစေတသိက်) ပင် ဖြစ်ပါသည်။

အမှန်အားဖြင့် ထိုအာရုံများသည် ဒုက္ခမျိုးစုံ ဖန်တီးပေးတတ်သော

သဘောရှိသောကြောင့် တကယ် သာယာဖွယ်၊ နှစ်သက်တွယ်တာဖွယ်၊ မက်မောဖွယ် အာရုံများ မဟုတ်ကြပါ။

ဘုရား ရဟန္တာ အရိယာများသာ ထိုအာရုံများကို စက်ဆုတ်ဖွယ် ရွံရှာဖွယ်ဟု ယထာဘူတကျကျ အမြင်မှန် ရှုမြင်တတ်ကြပါသည်။

သတ္တဝါတို့မှာ ထိုအမြင်ပရှိကြ၍ မှားယွင်း ဖောက်ပြန်သော အမြင်ရှိကြ၍ သတ္တဝါများ၏သန္တာန်၌ တဏှာမီးများ တညီးညီး တပြောင်ပြောင် တောက်လောင်နေကြခြင်း ဖြစ်ပါသည်။

အမြင်မှားမှုဟူသော ဒိဋ္ဌိနယ်ပယ်ကို မကျော်လွှားနိုင်ကြသော သာမန်လောကီလူသားများမှာ သည်လောကီ အာရုံများကို သာယာမက်မောဖွယ် အဖြစ်ဖြင့် မြင်နေကြသဖြင့် ပျက်စီးကန်းတစ္ဆေမကြောက်ဆိုသကဲ့သို့ ထိုအာရုံများကို လိုချင်မှု တွယ်တာမက်မောမှု ထိုအာရုံများ၌ ပျော်မွေ့မှုများ ဖြစ်နေကြရသည်။

ဥပမာအားဖြင့် မြင်းကို မျက်မှန်စိမ်းတပ်ပြီး မြက်ခြောက်များ ကျွေးသည်နှင့် သဘောတူပါသည်။

မြင်းကို မျက်မှန်စိမ်းတပ်ပေးလိုက်သောအခါ မြင်းသည် မျက်မှန်စိမ်းကြောင့် ပုံထားသော မြက်ခြောက်များကို မြက်စိုတွေဟုထင်မြင်ကာ မြိန်မြိန်ရှက်ရှက် စားလေ့ရှိပါသည်။

အလားတူပင် သတ္တဝါများသည် မောဟတည်းဟူသော မျက်မှန်စိမ်းတပ်ထားမှုကြောင့် နောက်ကွယ်တွင် ဆင်းရဲဒုက္ခအသွယ်သွယ် ခြံရံနေသော စက်ဆုပ်ရွံရှာဖွယ် အာရုံများကို တကယ်သာယာမက်မောဘွယ် အာရုံများဟု ထင်မှတ်ကာ နှစ်သက်မက်မောနေကြပါသည်။

အရက်စိမ်ရည်တို့သည် သောက်စားသူများကို မူးယစ်စေတတ်ပါသည်။ ယင်းသောက်သူများသည် အကြောင်းနှင့်အကျိုး၊ အကောင်းနှင့်အဆိုး ခွဲခြားမသိနိုင်ရကား ဒုက္ခပေါင်းများစွာနှင့် ရင်ဆိုင်နေကြသည်။

အလားတူပင် တဏှာဟူသောတရားသည် သတ္တဝါများကို မူးယစ်စေ၍ အရူးဖြစ်အောင် ဖန်တီးတတ်ပါသည်။ တဏှာဖြစ်ပေါ်လာခဲ့လျှင် အကြောင်းနှင့် အကျိုး အကောင်းနှင့်အဆိုးတို့ကို မခွဲခြားမဝေဖန်တတ်တော့သောကြောင့် သတ္တဝါတို့သည် သံသရာဝယ် ဒုက္ခမျိုးစုံ ဘဝမျိုးစုံနှင့် ကျင်လည်ကြရတောသည်။

---

ဆုပြည့်စုံထွန်းစာပေ

ပုထုဇဉ်သေက္ခသတ္တဝါမှန်သမျှတို့ကို ထိုထိုအာရုံများ၌ဖြစ်စေ၊ မိမိခန္ဓာကိုယ်၌ဖြစ်စေ၊ တွယ်တာမက်မောစေ၍ သံသရာဆင်းရဲ၌ မငြီးမငွေ့အောင် ပြုလုပ်ထားသူကား ဤတဏှာပင် ဖြစ်ရတော့သည်။

ထို့ကြောင့် တဏှာရှိသော သတ္တဝါတို့သည် သူတို့၏ လိုချင်တွယ်တာမှုအတိုင်းအတာအရ ဆင်းရဲအမျိုးမျိုးကိုခံကာ နေ့မအား၊ ညမအား ရုန်းကန်လှုပ်ရှားနေရသော်လည်း တဏှာကို ဒုက္ခပေးနေသောရန်သူအဖြစ် မမြင်ကြချေ။

မိတ်ကောင်းဆွေကောင်းကြီးအသွင်ဖြင့် အဖော်ပြုကာ သံသရာခရီးကို ပျော်ပျော်ပါးပါးကြီးနှင့် လျှောက်လှမ်းနေကြလျက် ရှိပါသည်။

ဤတဏှာ၏လက်ချက်ကြောင့် သတ္တဝါတွေ သံသရာမှာ ထွက်ပေါက်ရှာမရဘဲ ဘဝပေါင်းများစွာ ကျင်လည်နေကြရပါသည်။

ထို့ကြောင့်ပင် ဘုရားရှင်က –

''သတ္တဝါတို့သည် တဏှာကို မိတ်ဆွေကောင်းကြီးအဖြစ် အဖော်ပြုကာ သံသရာဝယ် ပျော်ပျော်ပါးပါး ခရီးသွားနေကြသဖြင့် ရှည်လျားလှစွာသော ဤသံသရာကြီးမှ မလွတ်မြောက်နိုင်ကြခြင်း ဖြစ်သည်'' ဟူ၍ အင်္ဂုတ္တိုရ်ပါဠိတော် စတုက္က နိပါတ်တဏှုပ္ပါဒသုတ်တွင် ဟောတော်မူပါသည်။

တဏှာသည် ကမ္မဝဋ်ကို တွင်တွင်လည်အောင် လှည့်ပေးတတ်သော ကိလေသာဝဋ် တရားတစ်ခု ဖြစ်ပါသည်။

လိုချင်မက်မောမှုတဏှာကြောင့် အပြစ်ကင်းသော အလုပ်၊ ကုသိုလ်ကောင်းမှုကိုဖြစ်စေ၊ အပြစ်ရှိသောအလုပ် (အကုသိုလ်)ကိုဖြစ်စေ ပြုလုပ်နေရသည်။

တဏှာအရင်းခံသော ယင်းပြုလုပ်မှု (ကမ္မဝဋ်)များကြောင့် လက်ရှိဘဝခန္ဓာ ပြတ်ဆဲသွားသောအခါ၌ ဝိပါကဝဋ်ခေါ် ရုပ်သစ်နာမ်သစ်များဖြစ်လာကာ ဘဝတစ်ခု ပေါ်လာပြန်ရသည်။

ထိုဘဝသစ်ဖြစ်၍ မကြာမီမှာပင် ဘဝ၌တွယ်တာ နှစ်သက်တတ်သော (ဘဝနိကန္တိက) လောဘဇောခေါ်တဏှာက ရကာစအတ္တဘောကို မက်မောတွယ်တာပြီးလျှင် ယခင်အတိတ်ဘဝကနည်းတူ ဘဝသစ်တွင် စခန်းသွားရပြန်တော့သည်။

---

ဆုပြည့်စုံထွန်းစာပေ

ဤသို့ဖြင့် သတ္တဝါတို့သည် တဏှာတည်းဟူသော ကိလေသာဝဋ်ကြောင့် ကမ္မဝဋ် ဝိပါကဝဋ်တို့ဆက်ကာ ဆက်ကာပေါ်လာပြီးလျှင် သံသရာတစ်ကျော့ဝယ် နစ်မြော ကျင်လည်နေကြရပါသည်။

တဏှာနှင့်ပတ်သက်၍ ဗုဒ္ဓပိဋကတ်တော်၌
- ရာဂမီး
- တဏှာမြစ် ဟူ၍ သုံးစွဲပါသည်။
- ရာဂသည် မီးနှင့်တူသည်၊
- တဏှာသည် မြစ်နှင့်တူသည်၊

ပကတိမီးသည် အနီးထွက်သည်၊ လောင်သည့်အခါ ပြာကျန်ရစ်ခဲ့သည်။ ရာဂမီးကား အနီးမထွက် ပြာမကျန်ခဲ့ ခန္ဓာကိုယ်တွင်းမှ ထ၍သတ္တဝါများကိုပူ လောင်တတ်သော သဘောရှိပါသည်။

ပကတိမီးများတွင် နေခုနစ်စင်း တစ်ပြိုင်နက်ထွက်၍ ဖြစ်ပေါ်လာသော ကမ္ဘာပျက်မီးသည် အင်အားအရှိန်အဝါ အကြီးဆုံးဖြစ်သည်။ ထိုမီးကြီးကား မည်သည့်အရာကိုမျှ ချမ်းသာခွင့်မပေးဘဲ ကမ္ဘာလောကကြီးတစ်ခုလုံးကို လောင်ကျွမ်းပစ်လိုက်သည်။ ထိုမီးထက်အင်အားကြီးသော မီးကားမရှိချေ။

သို့သော် ထိုကမ္ဘာပျက်မီးကြီးသည် နှစ်ပေါင်း အသင်္ချေ ကြာမှ တစ်ကြိမ်တစ်ခါသာ လောင်သည်။

သတ္တဝါများ ကိုယ်တွင်းဖြစ်ပေါ်လာသော ရာဂမီးကား အချိန်ရှိသရွေ့ တငွေ့ငွေ့လောင်လျက် ရှိသည်။

ထို့ကြောင့် ရာဂနှင့်တူသောမီး မရှိ၊ ထိုရာဂသည် အပူဆုံးသော အလောင်ဆုံးသော မီးကြီး ဖြစ်သည်။

တဏှာသည် မြစ်နှင့်တူသည်ဟု ဆိုသော်လည်း မြစ်များ၌ ရေပြည့်သောအချိန်၊ ရေလျော့သောအချိန်၊ ခြောက်ခမ်းသွားသောအချိန်တို့ ရှိသည်။

တဏှာ၌ကား ပြည့်၍နေသောအချိန်၊ ခြောက်ခမ်းသွားသောအချိန်တို့မရှိပေ၊ အမြဲပင် ယုတ်လျော့နေ၍ ထာဝစဉ် လိုလျက် ရှိသည်။

လောကတွင် အဘက်ဘက်ကပြည့်စုံလှပြီဟု ဆိုသော သန်းကြွယ်

သူဌေးကြီးဖြစ်စေကာမှု မတောင်းတရတော့ပြီ၊ မလိုချင်တော့ပြီဟူ၍ မရှိ၊ အမြဲလိုလျက် တောင့်တလျက်ရှိ၏။

ထို့ကြောင့် တဏှာနှင့်တူသော မြစ်မရှိ၊ တဏှာသည် အလွန်ပြည့်စုံနိုင်ခဲသော မြစ်ကြီးပင် ဖြစ်ပါသည်။

လောကတွင် ဘုရား၊ ရဟန္တာများမှအပ သာမန် လောကသားတွေသည် သာယာလိုချင်မှု လောဘနှင့် အချိန်ရှိသရွေ့ ထွေးလုံးရစ်ပတ်နေကြပါသည်။

ထို့ကြောင့် သာမန်လောကသားတို့သည် သာယာမှု၊ နှစ်သက်မှုလေးတွေ ရနေအောင်၊ ဖြစ်နေအောင် နေ့မအား ညမအား တရစပ်ကြိုးစားနေကြရပါသည်။

ကြည့်ဖို့ မြင်ဖို့ကောင်းသော အမြင်ခံပစ္စည်းများကို မရ ရအောင်အား ထုတ်နေရသည်နည်းတူ ကြားစရာ၊ ရူစရာ၊ စားသောက်စရာ၊ ထိတွေ့စရာ အကောင်ကလေးတွေကို မရ ရအောင် ကိုယ်အပင်ပန်း စိတ်အပင်ပန်းခံ၍ ရှာဖွေနေကြရပါသည်။

ဝတ်ဆင်စရာများကိုပဲဖြစ်စေ၊ နေရာထိုင်ခင်းကိုပင်ဖြစ်စေ၊ အပေါင်းအဖော်ကိုပဲဖြစ်စေ သာယာနှစ်သက်ဖွယ်ဖြစ်အောင် ကိုယ်စွမ်းအင်အားအလိုက် နေ့မအား ညမအား ဖန်တီးနေကြရသည်။

စင်စစ်သော်ကား ယင်းကြိုးစားအားထုတ်မှု၊ ဖန်တီးမှုအားလုံးတို့သည် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲမှု သခ်ီရဒုက္ခချည်းများပင် ဖြစ်ပါသည်။

ထိုဆင်းရဲမှုအစုစုတို့ ဖြစ်ပေါ်ရာ၌ အဓိကလက်သည် တရားခံကား သာယာတွယ်တာသမှု လိုချင်မက်မောမှု လောဘတဏှာပင် ဖြစ်ပါသည်။

လောဘတဏှာ၏ ဒုက္ခမျိုးစုံဖန်တီးပေးတတ်မှု သဘာဝကား ထာဝစဉ် မပြောင်းလဲ မဖောက်ပြန်နိုင်သော အမာခံတရား ဖြစ်ပါသည်။

ထိုလောဘတဏှာကြောင့်ပင် သတ္တဝါဟူသမျှတို့သည် ဘဝသံသရာ အဆက်ဆက် ကျင်လည်ကြရတော့သည်။ မဂ်တည်းဟူသော သံလျက်ရမှသာ ထိုတဏှာ ရေယာဉ်ကြောကို ဖြတ်တောက်နိုင်ပါမည်။

ဘုရားရှင်သည် ဘုရားဖြစ်တော်မူလျှင် ထိုတဏှာ ရေယာဉ်ကြောကို ဖြတ် တောက်နိုင်ခဲ့၍ ဥဒါန်းကျူးရင့်ခဲ့ပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

ထပ်ခါ ထပ်ခါ ဘဝသစ်ဖြစ်ရခြင်း (ဝါ) ပဋိသန္ဓေ နေရခြင်းသည် အို, နာ,သေရေး ဒုက္ခဘေးတို့နှင့် ရောထွေး၍နေသောကြောင့် ဆင်းရဲလှပေသည်။

ဤအတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို အကြိမ်ကြိမ် အဖန်ဖန် ဆောက်လုပ်နေသော တရားခံ လက်သမားကား တဏှာတရားတည်း။

ထိုတရားခံလက်သမားဆိုသူသည် မည်သူမည်ဝါ ဖြစ်သည်ကို သဗ္ဗညုတ ဉာဏ်တော်တည်းဟူသော မှန်ပြောင်းဖြင့်သာ မြင်နိုင်သိနိုင်သည်။

တဏှာလက်သမားကို မတွေ့ရသေးသမျှ ဘဝသစ်၌ ဖြစ်ခြင်းဆိုသည် ဇာတိကလည်း သူ့အလိုအလျောက် နောက်ဆုတ်သွားလိမ့်မည် မဟုတ်။

ထို့ကြောင့် တဏှာလက်သမားကို မတွေ့ရသေးသမျှ ဘဝသစ်၌ ဖြစ်ခြင်းဆိုသည့် ဇာတိကလည်း သူ့အလိုအလျောက် နောက်ဆုတ်သွားလိမ့်မည် မဟုတ်။

ထို့ကြောင့် တဏှာလက်သမားကို မတွေ့လျှင် မနေဟူသော ဇွဲမာန်ဖြင့် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလ ကြာအောင် သဲသဲမဲမဲ ရှာဖွေခဲ့သည်။

သို့သော် တဏှာယောကျ်ားလက်သမားကို တွေ့မြင်နိုင်ကြောင်း သဗ္ဗညုတ ဉာဏ်တော်တည်းဟူသော မှန်ပြောင်းကို မရသေးသည့်အတွက် အသိန်းမကသော ဘဝသံသရာစက်ဝိုင်းကြီးကို ဆုံလည်တပ်နွား၊ ရဟတ်ခြားသို့ လှည့်ပတ်ပြေးသွားခဲ့ရလေပြီ။

တဏှာယောကျ်ား၊ ဟဲ့လက်သမား၊ ယခုအခါ သဗ္ဗညုတဉာဏ်တော် ဖြင့် သင့်ကို တွေ့မြင်ခဲ့ရပြီး သင်သည် ငါ၏ခန္ဓာအိမ်ကို ထပ်လုပ်နိုင်တော့မည် မဟုတ်။ သင်၏ ကိလေသာအခြင်ရနယ်အားလုံးတို့ကို ငါချိုးဖျက်လိုက်လေပြီ–

– ခန္ဓာအိမ်၏ အဝိဇ္ဇာအတွက်ကိုလည်း ငါဖြုတ်လိုက်လေပြီ၊
– ငါ၏စိတ်သည် နိဗ္ဗာန်ကိုအာရုံပြုသောအားဖြင့် ရောက်ခဲ့ပြီ၊
– ငါသည် သင်တဏှာမရှိရာ အရဟတ္တဖိုလ်ကို ရခဲ့ပြီ၊

## ဘဝမျိုးစုံ ပို့ပေးသော တဏှာ

ဘဝတစ်ခုဖြစ်ပေါ်လာမှု၌

– အဝိဇ္ဇာ

- တဏှာ
- ကံ

ဟူသော ပဓာနအကြောင်းတရားကြီး သုံးပါး ရှိပါသည်။

ထိုသုံးပါးတွင် အဝိဇ္ဇာသည် သေကာနီး၏ကာလ ထင်လာမြင်လာသော အာရုံသစ်၊ ဘဝသစ်၏အပြစ်များကို မထင်မမြင်နိုင်ရန် ဖုံးကွယ်ထားပါသည်။

တဏှာက ထိုပုဂ္ဂိုလ်၏ စိတ်အစဉ်ကို ထိုအာရုံသစ်၊ ဘဝသစ်တို့သို့ ညွတ်ကိုင်းပေးလိုက်သည်။

ပဋိသန္ဓေကို ဖြစ်စေနိုင်သော ကံတရားက တဏှာက ညွတ်ကိုင်းပေးလိုက်သော ဘုံဘဝသို့ရောက်အောင် ပို့ဆောင်ပစ်ချပေးလိုက်သည်။

ထိုသုံးမျိုးတွင် တဏှာသည် ကံတရားကိုမည်သည့် ဌာန၊ မည်သည့်ဘုံဘဝသို့ ပို့ဆောင်ရမည်ကို ညွှန်ပြသော ဘဝလမ်းညွှန်သမားနှင့်တူပါသည်။

ထို့ကြောင့် ဘုရားရှင်က–

''လူ့ဘဝ နတ်ဘဝတို့သို့ ရောက်စေတတ်သော ကံ၏ အကြောင်းတရား အထူးကား ဘယ်ဘုံဘဝ၊ ဘယ်ဌာနဟု တောင့်တတတ်စွာ ဘဝတဏှာ ဖြစ်၏'' ဟု ၍လည်းကောင်း၊

''လူ့ဘုံ နတ်ဘုံ အပါယ်ဘုံတို့၌ တွေ့ရာကြိုက်ကြုံ ခုံမင်တွယ်တာ တဏှာ၏ အစွမ်းကြောင့်သာလျှင် လူနတ်တိရစ္ဆာန်ဖြစ်ရသည်'' ဟူ၍လည်းကောင်း၊

''ကုသိုလ်ကံ အကုသိုလ်ကံများသည်လည်း တွေ့ရာကြုံကြိုက် ခုံမင်တတ်စွာ တရား၊ သူ့စွမ်းအားကြောင့် ဘယ်ဘုံဘဝ ဘယ်ဌာနဟု တောင့်တမျှော်ကိုး အကျိုးပိုင်ပိုင် ပြီးစေနိုင်၏''ဟူ၍လည်းကောင်း ဟောတော်မူခဲ့ပါသည်။

ဘုရားလက်ထက်က ဆဋ္ဌာဘိညာရဟန္တာဖြစ်သော အရှင်မာလုကျပုတ္တမထေရ်ကို မထေရ်၏မိဘဆွေမျိုးတို့က မိမိတို့၏သားရဟန္တာဖြစ်နေသည်ကို မသိကြဘဲ ဥစ္စာပစ္စည်းများကို မထေရ်၏ရှေ့တွင်စုပုံကာ ဖြားယောင်းကြသည်။

ထိုအခါ မထေရ်မြတ်က ဆွေမျိုးများတို့၏ လိုအင်ဆန္ဒကိုယယ်၍ ကောင်းကင်၌ရပ်ကာ တဏှာအပြစ်တို့ကို ဤသို့ဟောကြားခဲ့ပါသည်။

''မာလောနွယ်ပင်သည် အမှီပြုရာသစ်ပင်ကို လွှမ်းမိုး၍ ကြီးပွားသကဲ့သို့

တဏှာသည် မေ့မေ့လျော့လျော့ သွားလာနေထိုင်လေ့ရှိသူကို လွှမ်းမိုးကာ ကြီးပွားသော သဘောရှိသည်၊

သစ်သီးကိုလိုသော မျောက်သည် တောထဲတွင် တစ်ပင်မှတစ်ပင်၊ တစ်ကိုင်း မှတစ်ကိုင်းသို့ ကူးပြောင်းသွားသကဲ့သို့ တဏှာအလိုသို့ လိုက်နေသော ထိုပုဂ္ဂိုလ်သည် တစ်ဘဝမှတစ်ဘဝသို့ ကူးပြောင်းကျင်လည်နေရသည်။

လောက၌ အဆိပ်ဟူသော အာဟာရ,အမြစ်,အသီး ရှိသောကြောင့် (ဝါ) အာရုံခြောက်ပါးတို့၌ တွယ်တာကပ်ငြိတတ်သော ဤတဏှာယုတ်သည် အကြင်ပုဂ္ဂိုလ်ကို လွှမ်းမိုးနှိပ်စက်၏။

ဗိန်းမြက်သည် မိုးရေပစွက်သည်ရှိသော် တိုးပွားသကဲ့သို့ ဝဋ္ဋဆင်းရဲလျှင် အကြောင်းရှိကုန်သော ပူဆွေးမှုသောကတို့သည် ထိုပုဂ္ဂိုလ်အား တိုးပွားကုန်၏။

အကြင်ပုဂ္ဂိုလ်သည်ကား လောက၌ လွန်မြောက်နိုင်ခဲသော ဤတဏှာယုတ်ကို လွှမ်းမိုးနိုင်၏။

ရေပေါက်သည် ပဒုမာကြာဖက်မှ လျောကျသကဲ့သို့ ဝဋ္ဋဆင်းရဲလျှင် အကြောင်းရှိကုန်သော ပူဆွေးမှုသောကတို့သည် ထိုပုဂ္ဂိုလ်မှလျောကျကုန်၏။

ထို့ကြောင့် ဤအရပ်၌ စည်းဝေးရောက်လာကြကုန်သော သင်တို့သည် ကျွန်ုပ် ပြောပြလိုပါသည်။

"သင်တို့အား ကောင်းခြင်းမင်္ဂလာ ဖြစ်ပါစေသတည်း။ ပန်းရင်းကို အလိုရှိသောသူသည် ဗြိန်းမြက်တောကြီးကို ပေါက်တူးကြီးဖြင့် တူးဖြိုရသကဲ့သို့ သင်တို့သည်လည်း တဏှာ၏ကြောင်းရင်း မူလအရင်းအမြစ်ဖြစ်သော အဝိဇ္ဇာစသော ကိလေသာ တောချုံကို အရဟတ္တမဂ်ဉာဏ်တည်းဟူသော ပေါက်တူးဖြင့် တူးပစ်ကြကုန်လော့"

"ကမ်းစပ်၌ပေါက်သော ကျူပင်ကို ရေအယဉ်သည် အကြိမ်ကြိမ် ဖျက်ဆီးသကဲ့သို့ ကိလေသာမရ်သည် သင်တို့ကို အဖန်ဖန်အခါခါ မဖျက်ဆီးပါစေလင့်"

"ထို့ကြောင့်သင်တို့သည် ဘုရားရှင်၏ ဆုံးမဩဝါဒအတိုင်း လိုက်နာပြုကျင့်ကြကုန်လော့"

---

ဆုပြည့်စုံထွန်းစာပေ

"ဘုရားရှင် သာသနာနှင့်ကြုံကြိုက်ခြင်း၊ သာသနာ ထွန်းကားရာ အရပ်၌ ဖြစ်ရခြင်း၊ ခေတ်ကောင်းခေတ်ကာလ ကောင်းသည် သင်တို့ကို မကျော်လွန်သွားပါစေလင့်"

ခေတ်ကောင်းကာလကောင်းကို ကျော်လွန်သော သူတို့သည် ငရဲ၌ဖြစ်၍ ကြာရှည်စွာ စိုးရိမ်ပူဆွေးကြရကုန်၏။

သတိမေ့လျော့ခြင်းသည် မြူအညစ်အကြေးမည်၏။ မေ့လျော့မှုကြောင့်ဖြစ်သော မေ့လျော့မှုသို့ အစဉ်လိုက်သော ရာဂစသော အကုသိုလ်တရားအပေါင်းသည်လည်း မြူအညစ်အကြေးမည်ပါသည်။

အရဟတ္တမဂ်ဝိဇ္ဇာဉာဏ်ဖြင့် မိမိနှလုံးသား၌ မိုးနေသော ရာဂစသော ငြောင့်ကို မမေ့မလျော့ နုတ်ပယ်ပစ်ကြရမည်။

## ဆုတောင်းမှုနှင့် တဏှာ

ဆုတောင်းခြင်းသည် တောင့်တမှုပင် ဖြစ်ပါသည်။ ဆုတောင်းခြင်း တောင့်တမှုသည် (၂) မျိုး ရှိပါသည်။

(၁) တဏှာဖြင့် တောင့်တခြင်း

(၂) ဆန္ဒဖြင့် တောင့်တခြင်း

နိဗ္ဗာန်ရောက်ရပါလို၏၊ မဂ်ဖိုလ်ရရာပါလို၏၊ တောင့်တခြင်းသည် ဆန္ဒဖြင့် တောင့်တခြင်း ဖြစ်ပါသည်။

နတ်ပြည် နတ်စည်းစိမ်၊ လူပြည် လူစည်းစိမ်တို့ကို ရရာပါလို၏။ ရောက်ရပါလို၏ စသည်ဖြင့် တောင့်တမှုမှန်သမျှသည် တဏှာဖြင့် တောင့်တခြင်း ဖြစ်ပါသည်။

တဏှာဖြင့် မိမိဖြစ်လိုရာ ဘုံဌာနကို ညွှတ်ကိုင်းထားလျှင် (ဝါ) တောင့်တထားလျှင်

- သဒ္ဓါ
- သီလ
- သုတ
- စာဂ

- ပညာ
- ဟိရိ
- ဩတ္တပ္ပ ဟူသော တရားခုနစ်မျိုးနှင့် ပြည့်စုံသူဖြစ်က မိမိတောင့်တသည့်အတိုင်း ရောက်နိုင်၊ ရနိုင်ပါသည်။

ထိုတောင့်တမှုတဏှာနှင့်တကွ သဒ္ဓါတရားခုနစ်မျိုးတို့ကို '
- ဘဝကိုပြုပြင်တတ်သောတရား
- ဘဝအထူးသို့ ပို့ဆောင်တတ်သောတရား ဟူ၍ ဘုရားရှင်က ဟောတော်မူပါသည်။

လက်ရှိမျက်မှောက်ဘဝတွင် တစ်ပဂ်တစ်ဖိုလ် မရသေးသူဖြစ်လျှင် ထို တရားခုနစ်မျိုးကို လက်စွဲပြုထားသင့်ပါသည်။

ယင်းတရားခုနစ်မျိုးနှင့် ပြည့်စုံပါမှ မိမိလိုရာဘဝကို စိတ်ချစွာ ရနိုင်ပါသည် (ဝါ) လားရာကတိ မြဲပါသည်။

သဒ္ဓါစသော တရားခုနစ်မျိုးရှိသော်လည်း တောင့်တမှု တဏှာ မရှိပါက မိမိလိုချင်သော အနာဂတ်ဘဝကို စိတ်မချရပေ။

ထို့တူတောင့်တမှု (ဆုတောင်းမှု) တဏှာသာရှိပြီး သဒ္ဓါစသော တရားငါးမျိုး မရှိပါကလည်း တောင့်တတိုင်း မရပေ။

ဥပမာ– တောင့်တမှု (ဆုတောင်းမှု) မပြုရသော ကုသိုလ်ရှင်သည် ကောင်းကင်သို့ ပစ်တင်လိုက်သော ပန်းပွင့်များနှင့်တူသည်။

ကောင်းကင်သို့ ပစ်တင်လိုက်သော ပန်းပွင့်များသည် မြေပေါ်သို့ပြန်ကျသည့်အခါ ဖြန့်ကဲ့ကြဲ၍ကျသကဲ့သို့ တောင့်တမှု (ဆုတောင်းမှု) မပြုသော ကုသိုလ်ရှင်သည် လားရောက်ရမည့်ဘဝ မမြဲပေ၊ ရောက်ချင်ရာဘဝသို့ ရောက်သွားနိုင်သည်။

ထို့ကြောင့် ကုလိုလ်ကောင်းမှုပြုသည့်အခါ မိမိ နှစ်သက်ရာဌာန တစ်ခုခုကို တောင့်တဆုတောင်းမှု ပြုသင့်ပါ~ ၂ည်။

## တဏှာ (၃) မျိုး

တဏှာကို အမျိုးမျိုးခွဲခြား၍ ဟောခြားထားပါသည်။
- အမျိုးမျိုးသောအာရုံကို အလိုရှိသောတဏှာ (မဟာတဏှာ)

- အာရုံတစ်ခု၌အကြိမ်းများစွာ အလိုရှိသောတဏှာ (အဘိတဏှာ)
- အာရုံတစ်ခု၌လည်းကောင်း၊ အာရုံများ၌လည်းကောင်း တပ်မက်သော တဏှာ (ဝိဇ္ဇတဏှာ)

**တစ်နည်း**

ကာမဘုံ၌ တပ်မက်တတ်သော ကာမတဏှာ

ရူပဘုံ၌ တပ်မက်တတ်သော ရူပတဏှာ

အရူပဘုံ၌ တပ်မက်တတ်သော အရူပတဏှာ

ရူပါရုံအဆင်းစသော အာရုံခြောက်ပါးကို တပ်မက်သော လောဘသည် ကာမဂုဏ်ငါးပါး၌ သာယာသည်၏ အစွမ်းအားဖြင့်ဖြစ်သောကြောင့် (ကာမတဏှာ)

ထိုအာရုံများကိုပင်မြဲ၏၊ အမြဲတည်၏ဟုယူသော လောဘ (ဝါ) ရူပဘုံ, အရူပဘုံ၌ တပ်မက်သောတဏှာသည် (ဘဝတဏှာ)

ထိုအာရုံများသည် ပြတ်စဲသွား၏၊ ပျက်သွား၏ဟုယူဆသော လောဘသည် (ဝိဘဝတဏှာ)

## တဏှာအစစ် (၁၀၈)

ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ ဟူသော တဏှာ (၃) ပါးကို အရင်းခံထားပါ။

ထိုသုံးမျိုးက အာရုံ (၆) မျိုးကို အာရုံပြုသောကြောင့် အာရုံ (၆) ပါးနှင့်မြှောက် ၃ × ၆= ၁၈ ပါး ရသည်။

ထို (၁၈) ပါးသည် အတိတ်, အနာဂါတ်, ပစ္စုပ္ပန် ကာလသုံးပါး၌ရှိသော အာရုံတို့ကို အာရုံပြု၍ဖြစ်ရကား ယင်းကာလ (၃) ပါးနှင့်မြှောက် ၁၈ × ၃= ၅၄ ပါး ရပါသည်။

ယင်း (၅၄) ပါးလုံးပင် မိမိသန္တာန်ကို အာရုံပြု၍လည်းကောင်း၊ သူများသန္တာန်ကို အာရုံပြု၍လည်းကောင်း ဖြစ်ရကား သန္တာန် (၂) ပါးနှင့်မြှောက် ၅၄ × ၂=၁၀၈

ဤသို့ဖြင့် **တဏှာအစစ် (၁၀၈)** ဖြစ်ပါသည်။

## တဏှာပယ်သတ်နည်းများ

တဏှာဆိုသည်မှာ ပယ်သတ်ရမည့် အကုသိုလ်တရားဖြစ်သည်။ ပယ်သတ်ရမည့်တရားကို မပယ်သတ်ဘဲ၊ တဏှာတွေ မလာကြနှင့်၊ မဖြစ်ကြနှင့် တဏှာကင်းတဲ့စိတ်ချည်းထားမယ်၊ တဏှာကင်းတဲ့စိတ်ချည်း ဖြစ်စေဟူ၍ စိတ်သက်သက်ထား၍ မရနိုင်ပါ၊ ဘုရားရှင် ညွှန်ကြားခဲ့သော အဆင့်ဆင့်ပယ်သတ်နည်းဖြင့် ပယ်သတ်မှသာ တဏှာချုပ်ငြိမ်းနိုင်ပါသည်။

ပယ်သတ်ရမည့်လောဘတဏှာကို ပယ်စဉ်အားဖြင့် အဆင့်လိုက်ခွဲလျှင် သုံးမျိုးသုံးစား ထွက်လာပါသည်။

- အကြမ်းစား လောဘတဏှာ
- အလတ်စား လောဘတဏှာ
- အနုစား လောဘတဏှာ

အကြမ်းစားလောဘတဏှာဆိုသည်မှာ စိတ်ထဲတွင် ဖြစ်ရုံမကဘဲ ကာယကံမြောက် ဝစီကံမြောက် ကျူးလွန်သည့်အဆင့်အထိဖြစ်သော တဏှာမျိုးဖြစ်သည်။

ထိုတဏှာကို ဗုဒ္ဓက လွန်ကျူးသည့်ကိလေသာ (ဝီတိက္ကမ ကိလေသာ) ဟု ခေါ်ဆိုပါသည်။

ထိုအကြမ်းစားလောဘတဏှာကို သီလကျင့်စဉ် ကုသိုလ်တရားဖြင့် ပယ်သတ်ရပါသည်။

ငါးပါး, ရှစ်ပါး, ဆယ်ပါး စသော သီလတို့ကို ခံယူဆောက်တည်ပြီး ရိုသေလေးစားစွာ စောင့်ထိန်းထားသော ပုဂ္ဂိုလ်တို့သည် သူတစ်ပါး၏အသက်ကို သေစေလိုသော စေတနာဖြင့် မသတ်ဖြတ်မိတော့ပါ။ သူတစ်ပါးပစ္စည်းကို လိုချင်တပ်မက်သော်လည်း ကာယကံမြောက် ခိုးယူသည့် အဆင့်အထိ မရောက်နိုင်ပါ။

မသွားမလာအပ်သောအရာတို့၌ မေထုန်ကာမအမှုကို မကျူးလွန်နိုင်၊ အထူးသဖြင့် အပြဟ္မစရိယသိက္ခာ ပုဒ်ကို စောင့်ထိန်းထားသူဖြစ်ပါမူ မေထုန်မှုကို လုံးဝ ရှောင်ရှားပယ်ခွာထားရသည်။

တစ်စုံတစ်ရာ ရယူလို့မှုကြောင့် လိမ်ညာလှည့်ဖြား ပြောဆိုခြင်းများကိုလည်း အလျဉ်းမပြုရချေ။

သတိလွတ်ကင်းချွတ်ယွင်းမေ့လျော့ကြောင်း ဖြစ်သော မူးယစ်စေတတ်သော အရက်သေစာ စသော အရာတို့ကို သောက်စားခြင်းမှ လုံးဝကင်းရှင်းရသည်။

ဤသို့သီလကို ရိုသေလေးစားစွာ ဆောက်တည် ထိန်းသိမ်းထားပါလျှင် ကာယကံမြောက်၊ ဝစီကံမြောက် ကျူးလွန်မှုခေါ်သည့် အကြမ်းစား ဝိတိက္ကမတဏှာ ကင်းငြိမ်းနေပေသည်။

သို့သော် ဤကင်းငြိမ်းနေမှုသည် အခိုက်အတန့် ခဏခဏတ္တ သဘောမျှသာ ဖြစ်သည်။ စောင့်တိန်းနိုင်သည့်အခါ ကင်းငြိမ်းရာ မစောင့်ထိန်းနိုင်သည့်အခါ လွန်ကျူးမှု ဝိတိက္ကမတဏှာ ပြန်ဖြစ်နိုင်ပါသည်။

ထို့ကြောင့် သီလဖြင့်ပယ်ခြင်းကို အခိုက်အတန့် အားဖြင့်ပယ်ခြင်း (တဒင်္ဂပဟာန) ဟု ခေါ်ပါသည်။

အမှန်အားဖြင့် သီလဖြင့် ပယ်ခြင်းသည် အမိုက်မှောင်ကို ဆီမီးရောင်ဖြင့် ပယ်ခြင်းကဲ့သို့ အခိုက်အတန့် ခဏခဏတ္တပယ်ခြင်း ဖြစ်သည်။

တစ်နည်းအားဖြင့် သစ်ပင်၏အမြစ်နှင့် ပင်လုံး ပင်စည်တို့ကို မပယ်ဖြတ်ဘဲ အခက်အရွက် အပွင့် အသီး မျှတို့ကိုသာ ခုတ်ထွင်ရှင်းလင်းလိုက်သည့် သဘောနှင့် တူပါသည်။

အလတ်စားလောဘတဏှာဆိုသည်မှာ ကိုယ်နှုတ်စိတ်တို့ဖြင့် လွန်ကျူးသည့်အဆင့်အထိ မရောက်ဘဲ စိတ်ထဲတွင်သာ သာယာနှစ်သက်တပ်မက်လိုချင်နေသော လောဘတဏှာမျိုး ဖြစ်ပါသည်။

ထိုတဏှာကို ဗုဒ္ဓက စိတ်ထဲတွင် ထကြွဖြစ်ပေါ်နေသည့် ကိလေသာ (ပရိယုဋ္ဌာန ကိလေသာ) ဟု ခေါ်ပါသည်။

ထိုကိလေသာကို သမာဓိကျင့်စဉ်ဖြင့် ပယ်သတ်ရသည်။

သမာဓိဆိုသည်မှာ ပထဝီကသိုဏ်းစသော အာရုံတစ်ခုတည်း၌ စိတ်ကို တည်ငြိမ်စွာ ထားခြင်းဖြစ်သည်။

ယင်းကုသိုလ်သမာဓိသည် သမထဘာဝနာ၊ ဝိပဿနာဘာဝနာ နှစ်မျိုးတွင် စိတ်အစဉ်၌ ဝင်ရောက် ထကြွသောင်းကျန်းလေ့ရှိသော နီဝရဏ ကိလေသာ အပူမာတ်တို့ကို ငြိမ်သက်အေးမြတတ်သောကြောင့် သမထဘာဝနာဖြစ်သည်။

ထွက်သက်ဝင်သက် (အာနာပါန) အစရှိသော ကမ္မဋ္ဌာန်းအာရုံတစ်ခုကို မပြတ်နှလုံးသွင်းနေလျှင် နှလုံးသွင်းနေခိုက်တွင် စိတ်သည် ကာမဂုဏ်အာရုံများကို နှစ်သက်လိုချင်မှု ကြံစည်မှုတွေမှ ကင်းငြိမ်းလျက် ရှိသည်။

သမာဓိလုပ်ငန်းကို ထူထောင်စတွင် သမာဓိအရှိန်မရ၊ အားမကောင်းသေးသဖြင့် ကာမဂုဏ်အာရုံများကို စဉ်းစားကြံစည်မှု (ကာမဝိတက်) များ မကြာခဏ ကြားဝင်လေ့ရှိသော်လည်း သမာဓိအရှိန်ရ၍ အားကောင်းလာချိန်တွင် မဟာကုသိုလ် သမာဓိတရားများက ကာမတဏှာကို အတန်ကြာအောင် ပယ်ခွာထားနိုင်သည်။

မဟာကုသိုလ်သမာဓိအဆင့်မှ ဈာန်သမာဓိ အဆင့်ကို ရလာသည့်အခါ၌မူ ထိုဈာန်မပျက်မီအတွင်း နှစ်ပေါင်းများစွာ ကာမတဏှာကို ပယ်ခွာထားနိုင်သည်။

ဈာန်သမာဓိသည် အပ္ပနာ ဘာဝနာကုသိုလ်မျိုး ဖြစ်၍ သီလကုသိုလ်ထက် အာနုဘော်စွမ်းပကား ကြီးမားသောကြောင့် သီလကုသိုလ်ထက် သမာဓိကုသိုလ်က တဏှာကို အချိန်ကြာကြာ ပယ်ခွာထားနိုင်သည်။

ထိုပယ်ခွာနည်းကို အချိန်ကြာကြာ ပယ်ခွာနည်း (ဝိက္ခမ္ဘနပဟာန) ပယ်ခွာနည်းဟု ခေါ်ပါသည်။

သို့သော် ထိုပယ်ခွာနည်းသည် အမြင်ကို အပြီးတိုင် ပယ်ခွာနည်း မဟုတ်၊ ပင်လုံး ပင်စည်မျှကိုသာ ခုတ်ထွင်ရှင်းလင်းလိုက်သည့် သဘောမျိုးဖြစ်၍ စိတ်မချရသေး၊ ဈာန်၏ ဆန့်ကျင်ဘက်တရားနှင့်တွေ့လျှင် ဈာန်ကိုပင် ဖျက်ဆီး၍ ပရိယုဋ္ဌာနအဆင့် ဝိတိက္ကမအဆင့်သို့ ပြန်လည်လျှောကျနိုင်သေးသည်။

ဥပမာ–ရေပြင်ပေါ်ရှိ မှော်တောထဲသို့ ရေအိုးကို ချလိုက်သည့်အခါ မှော်များ ဘေးသို့ အချိန်ကြာကြာ ဖယ်ရှားသွားသည်နှင့် တူပါသည်။

မုဒုလက္ခဏဇာတ်တွင် ဘုရားလောင်းရသေ့သည် အဘိညာဏ်ငါးပါး၊ သမာပါတ်ရှစ်တန်ကိုရပြီး ကောင်းကင်သို့ ပျံတက်နိုင်သော ရသေ့တစ်ပါး ဖြစ်သည်။

သူသည် ဈာန်သမာဓိ၏အစွမ်းဖြင့် ကာမတဏှာ ကိလေသာတို့ကို နှစ်ပေါင်းများစွာ ပယ်ခွာထားသူဖြစ်သည်။

---

တစ်နေ့တွင် ဆွမ်းကိစ္စအတွက် မင်းနန်းတော်သို့ ကောင်းကင်ခရီးဖြင့် ကြွလာလျှင် လေသာပြတင်းပေါက်မှ ဝင်ကြွ၍ မိဖုရားကြီးသည် ရသေ့ ဝင်လာသည်ကို မြင်၍ ရုတ်တရက် ထလိုက်ရာ ကိုယ်ဝတ်ထဘီ လျောကျသွားသည်။ ထိုအခြင်းအရာကို ရသေ့ကြီးမြင်၍ နှစ်ပေါင်းကြာမြင့်စွာ ဖယ်ခွာထားသော ကိလေသာ ကာမတဏှာများ ထကြွလာသဖြင့် ရရှိထားသော ဈာန်များ ပျောက်ကွယ်သွားခဲ့လေသည်။

ဤသို့ သမာဓိဖြင့် တဏှာကိုပယ်ခြင်းသည် အချိန်ကြာကြာ ပယ်ခွာထားနိုင်သော်လည်း အမြစ်မပြတ်သေးသဖြင့် ဆန့်ကျင်ဘက်တရားနှင့် ဆုံမိသည့် အခါ ပြန်လည် ဖြစ်ပေါ်လာနိုင်ပေသည်။

အနုစားလောဘတဏှာဆိုသည်မှာ စိတ်အစဉ်တွင် ပရိယုဋ္ဌာနတဏှာ အသွင်ဖြင့် မဖြစ်သေးသော်လည်း မဂ်ဖြင့် မပယ်သတ်ရသေးသောကြောင့် အကြောင်းညီညွတ်လျှင် ဖြစ်ပေါ်လာနိုင်သော လောဘတဏှာမျိုးဖြစ်သည်။

စာပေကျမ်းဂန်၌ အနုသယကိလေသာဟု ခေါ်သည်။

ယင်းကိလေသာများသည် မဂ်ဖြင့် မပယ်သတ်ရသေးသောကြောင့် ဘဝပေါင်းများစွာ သတ္တဝါတို့စိတ်အစဉ်၌ ထပ်တလဲလဲဖြစ်နေကြသဖြင့် အထုံရကာ အခြား ကိလေသာများထက် အင်အားကောင်းလျက် ရှိကြသည်။ နှစ်သက်အပ်သော အာရုံ စသောအကြောင်းများနှင့် ဆုံဆည်းမိသည်နှင့် တစ်ပြိုင်နက် အလွယ်တကူ ဖြစ်ပေါ်လေ့ရှိသည်၊ ယင်းသို့ဆိုင်ရာမဂ်ဖြင့် မပယ်ရသေးသောကြောင့် ခန္ဓာအစဉ်၌ဖြစ်သော အကြိမ်များလွန်းသဖြင့် ဖြစ်သားဝကာ အားကောင်းချင်တိုင်း အားကောင်းနေသော ကိလေသာမျိုးကို အနုသယကိလေသာဟုခေါ်ပါသည်။

ထိုအနုသယကိလေသာ သစ်ပင်သည် ရေသောက်မြစ်ကြီးနှင့် တူသည်။ ထိုအမြစ်ကြီးကို တစ်စစီခုတ်တွင် ရှင်းလင်းပစ်နိုင်မှ ပင်စည်နှင့်တကွ ပရိယုဋ္ဌာန ကိလေသာ အကိုင်းအခက်, အရွက်, အသီးအပွင့်တို့နှင့်တူသော ဝိတိက္ကမကိလေသာများပါ လဲပြိုကင်းရှင်းသွားနိုင်သည်။

ထိုအနုသယကိလေသာကို

– သီလဖြင့်လည်း မသတ်နိုင်

- သမာဓိဖြင့်လည်း မဖယ်ရှားနိုင်
- မဂ်ပညာလေးပါးဖြင့်သာ အကြွင်းမဲ့ ပယ်သတ်နိုင်ပါသည်။

ဥပမာ– အသီး, သီးလေ့ရှိသောသစ်ပင်ကို အဆိပ်ဆူးဖြင့် ထိုးလိုက်လျှင် သစ်ပင်၌ရှိသော အသီး, သီးစေတတ်သော ဓာတ်သတ္တိကုန်ခမ်းသွားသည်။ အသီးသီးချိန်ရောက်သော် လုံးဝ အသီး မသီးတော့ချေ။

ထို့အတူ အနုသယကိလေသာ ဖြစ်နေကျဖြစ်သော စိတ်အစဉ်၌ အကြင်အခါ မဂ် ပေါ်လာ၏။ ထိုမဂ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် အနုသယကိလေသာဓာတ်သည် အမြစ်ပါ ပြတ်သွားတော့သည်။

ထိုပယ်သတ်နည်းကို အကြွင်းမဲ့ပယ်သတ်ခြင်း (သမုစ္ဆေဒပဟာန) ဟု ခေါ်သည်။

မဂ်ပညာလေးပါးဖြစ်သော အနုသယကိလေသာကို ပယ်သတ်နိုင်သည် ဆိုရာ၌ မဂ်ပညာဆိုသည်မှာ အားထုတ်ပွားများမှု မရှိဘဲ ရုတ်တရက် အလိုအလျောက် ပေါ်လာသည့် ပညာမျိုးမဟုတ်၊ ရှေးဦးစွာ ဝိပဿနာပညာဖြင့် ရှုမှတ်ပွားများ၍ အနုသယကိလေသာများကို အားနည်းသွားအောင် ခေါင်းပါးသွားအောင် အားထုတ်ပြီးမှပေါ်လာသော ပညာဉာဏ်တစ်မျိုးဖြစ်သည်။

ဥပမာ – ဒိဋ္ဌိ, ဝိစိကိစ္ဆာနှင့်အပါယ်လားကြောင်း ရာဂတဏှာ စသော ကိလေသာများသည် သောတာပတ္တိမဂ်ဉာဏ်ဖြင့် ပယ်သတ်ရမည့် ကိလေသာများ ဖြစ်သည်။

ထိုကိလေသာများ အားရှိနေသမျှကာလပတ်လုံး ဝိပဿနာရှုနေသော်လည်း မျက်စိမှာတိမ်သလာဖုံးကွယ် နေသကဲ့သို့ ထိုကိလေသာများ ဖုံးကွယ်ထားသောကြောင့် သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမမြင်နိုင်သေးချေ။

ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံလာသောအခါတွင်မူ မျက်စိ၌ တိမ်သလာများ ပါးသွားသကဲ့သို့ ခန္ဓာအစဉ်၌ ထိုကိလေသာများ အားနည်းခေါင်းပါးသွားလေသည်။

ထိုအခါမှ သောတာပတ္တိမဂ်ဉာဏ်သည် နိဗ္ဗာန်ကို မျက်မှောက်တွေ့ပြီး ဖြစ်ပေါ်လာသည်။

ဆိုလိုသည်မှာ ရှေးဦးစွာလောကီဝိပဿနာဉာဏ် ကံစွမ်းအားရှိသမျှ

ပယ် ထားပြီးသားဖြစ်သော ကိလေသာကို လောကုတ္တရာမဂ်ဉာဏ်က နောက်ဆုံး အပြစ် ပြတ်အောင် ပယ်သတ်လိုက်ခြင်း ဖြစ်ပါသည်။

ဝိပဿနာရှုနေသော ယောဂီပုဂ္ဂိုလ်သည် မြင်နိုက်၌ မြင်သည့်အရာကို ရှုမှတ်ခြင်း အနိစ္စ (မမြဲ)၊ ဒုက္ခ (ဆင်းရဲ)၊ အနတ္တ (အစိုးမရ) သဘောမှန်ကို သိ သွားလျှင် မျက်စိ, အဆင်းမြင်သိမှုအစရှိသော သဘောကို နိစ္စ,သုခ, အတ္တ ဟု ထင်မှတ်မှားမှု အဝိဇ္ဇာကို တဒင်္ဂအားဖြင့် ကင်းသွားသည်။

အဝိဇ္ဇာကင်းသဖြင့် ထိုသဘောများ၌ နှစ်သက် သာယာမှု တဏှာ တဒင်္ဂအားဖြင့် ကင်း၏။

တဏှာကင်းသဖြင့် ဆက်၍ဖြစ်လာမည့်ဖြစ်သော ဥပါဒါန်, ကံ, သင်္ခါရ တို့ မဖြစ်နိုင်တော့ပါ။

ကံ,သင်္ခါရကြောင့်ဖြစ်မည့် ဝိဉာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုသော အကျိုးတရားများလည်း မဖြစ်နိုင်တော့ချေ။

ထို့အတူ ကြားနိုက်၊ နံနိုက်၊ စားနိုက် စသည်များကို ရှုမှတ်ပြီး အနိစ္စ, ဒုက္ခ, အနတ္တသဘောမှန်ကို သိသွားလျှင် နား, အသံ, ကြားသိမှု စသော သဘောများကို နိစ္စ, သုက္ခ, အတ္တဟု ထင်မှတ်မှားမှု အဝိဇ္ဇာကင်းပြီး တဏှာနှင့် တကွ ဆင်းရဲဒုက္ခတဒင်္ဂအားဖြင့် ချုပ်ငြိမ်းသွားပါတော့သည်။

၎င်းကို တဏှာနှင့်ဆင်းရဲဒုက္ခများ ခေတ္တခဏ ချုပ်ငြိမ်းမှု (တဒင်္ဂနိ ရောဓ) ဟု ခေါ်ပါသည်။

ဤကဲ့သို့ ဝိပဿနာဖြင့် တဒင်္ဂနိရောဓကို ဆိုက်ရောက်ပြီး ဝိပဿနာ ဉာဏ် ရင့်ကျက်လာသည့်အခါ၌ နိဗ္ဗာန်ကိုမြင်လျှင် သောတာပတ္တိဉာဏ် ရှေးဦးစွာ ပေါ်လာသည်။

ထိုသောတာပတ္တိမဂ်ဉာဏ်ကြောင့် ထိုပုဂ္ဂိုလ်သန္တာန်၌ အပါယ်သို့ ကျစေ နိုင်သော ကာမတဏှာများ မဖြစ်တော့ပါချေ။

ထိုပုဂ္ဂိုလ်သည် အပါယ်ဆင်းရဲ ကာမသုဂတိ (၇) ဘုံ၌ ခုနစ်ဘဝထက် ပိုလွန်ပြီး ဖြစ်ရမည့် ဆင်းရဲအားလုံးချုပ်ငြိမ်းသွားပေမည်။

သကဒါဂါမိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်သည့်အခါ ကြမ်း တမ်းသော ကာမတဏှာနှင့်တကွ ကာမသုဂတိ (၇) ဘုံများ၌ နှစ်ဘဝထက်ပိုလွန်ပြီး

ဖြစ်ရမည့် ဆင်းရဲများအားလုံး ငြိမ်းသွားတော့သည်။

အနာဂါမိမဂ်ဖြင့် နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်သောအခါ ကာမတဏှာ အားလုံး ချုပ်ငြိမ်းသွားပါတော့သည်။

အရဟတ္တမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသောအခါ ဘဝဆင်းရဲပူမှုမှန်သမျှ အားလုံးချုပ်ငြိမ်းသွားတော့သည်။

ဤသည်မှာ လောဘတဏှာကို သီလ, သမာဓိ, ပညာကျင့်စဉ်(သိက္ခာ) သုံးရပ်ဖြင့် အဆင့်ဆင့်ပယ်သတ်နည်း ဖြစ်ပါသည်။

ထိုတဏှာပယ်သတ်နည်းနှင့်ပတ်သက်၍ နတ်သားတစ်ပါးက ဘုရားရှင်ကို လျှောက်ထားရာ ဘုရားရှင်က –

"တိဟိတ်ပဋိသန္ဓေနေ၍ ကမ္မဇပညာပါရှိသောသူသည် ကာယိကသီလ၌ မြဲစွာတည်၍ ကိလေသာကို ပူပန်ခြောက်သွေ့စေတတ်သောလုံ့လ၊ ဆန့်ကျင်ဘက် ကိလေသာကို တားမြစ်နိုင်သောပညာတို့ ရှိလျက် စိတ်တည်ကြည် ငြိမ်သက်မှု သမာဓိကိုလည်းကောင်း၊ ဝိပဿနာပညာကိုလည်းကောင်း ပွားများအားထုတ်၏။ ဤသို့ ပညာသုံးပါး သီလ, သမာဓိ, ဝီရိယ ဟူသော တရားခြောက်ပါးနှင့် ပြည့်စုံသော သူသည် ဝါးရုံအခက်အယှက် အမြေးနှင့်တူသော တဏှာတည်းဟူသော အယှက်, အမြေးကို ချေဖြတ်ရှင်းလင်း အကြွင်းမဲ့ပယ်နိုင်သည်" ဟူ၍ ဟောတော်မူပါသည်။

ဘုရားရှင်၏တရားတော်ကို အနှစ်ချုပ်လိုက်ပါက

၁။ ပဋိသန္ဓေနေစဉ်ကပင် တိဟိတ်ပဋိသန္ဓေဖြစ်၍ ကမ္မဇပညာပါရှိသူ ဖြစ်ခြင်း

၂။ သီလမြဲမြဲစွာတည်ခြင်း၊

၃။ လုံ့လဝီရိယပြင်းထန်ခြင်း၊

၄။ ဆန့်ကျင်ဘက် ကိလေသာကို တားမြစ်နိုင်သော ပညာရှိခြင်း၊

၅။ သမာဓိရအောင် ကြိုးစားအားထုတ်ခြင်း၊

၆။ ရှုမှတ်ပွားများမှု ဝိပဿနာပညာရှိခြင်း၊

ဤခြောက်မျိုးနှင့် ပြည့်စုံသောသူသည် ကိလေသာတည်းဟူသော အမြေးအယှက် အရှုပ်အထွေးကို သုတ်သင်ရှင်းလင်းနိုင်သည်။

ဥပမာ–အမျိုးသားတစ်ဦးသည် မြေပေါ်တွင် မတ်မတ်ရပ်လျက် ထက်လှစွာသော ဓား, လက်နက်ကိုကိုင်ကာ ကြီးစွာသော ဝါးရုံတောကြီးကို မြေရှင်းခုတ်ထွင်သင်သကဲ့သို့ သီလတည်းဟူသော မြေပြင်၌ကောင်းစွာ မတ်မတ်ရပ်လျက် ဝီပဿနာ ပညာလက်နက် ဓားသွလျက်ကို ဝီရိယတည်း ဟူသောဓားဖြင့် မြဲမြံစွာကိုင်စွဲ၍ ပါရိဟာရိကပညာတည်းဟူသော လက်ဖြင့် မြှောက်ချီ၍ မိမိသန္တာန်၌ အစဉ်သဖြင့် ကျရောက်၍ တဏှာကွန်ရက် အရှုပ်အထွေးကို အကြွင်းမဲ့ သုတ်သင်ရှင်းလင်းနိုင်ပါ သည်။

## ဗောဇ္ဈင်တရားဖြင့် တဏှာပယ်သတ်နည်း

ဘုရားရှင်က တဏှာကို ဗောဇ္ဈင်တရားခုနစ်ပါးဖြင့် ပယ်သတ်နိုင်ကြောင်း ဥဒါယိမထေရ်ကို ဟောကြားခဲ့ပါသည်။

''ဥဒါယိ... ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီဝဲသော စွဲမက်မှု ရာဂကင်းခြင်းကို မှီသော နိဗ္ဗာန်သို့ညွှတ်သော၊ ပြန့်ပြောသော၊ မြတ်သည်၏ အဖြစ်သို့ရောက်သော၊ အတိုင်းအရှည် မရှိသော၊ ဗျာပါဒကင်းသော၊ ကြောင့်ကြမှု မရှိသော သတိသမ္ဗောဇ္ဈင်စသော ဗောဇ္ဈင်ခုနစ်ပါးကို ပွားများသော ထိုရဟန်းသည် တပ်မက်မှု တဏှာကို ပယ်၏''

''တပ်မက်မှု တဏှာကိုပယ်ခြင်းကြောင့် တဏှာလျှင် အကြောင်းရင်းရှိသော ကံကိုပယ်၏''

''ကံကိုပယ်ခြင်းကြောင့် ကံလျှင်အကြောင်းရင်းရှိသော ဝဋ်ဆင်းရဲကို ပယ်၏။ ဥဒါယိ... ဤသို့လျှင် တဏှာကုန်ခြင်းကြောင့် ကံကုန်၏၊ ကံကုန်ခြင်းကြောင့် ဆင်းရဲကုန်၏၊ (ဝါ) ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ ရောက်၏''

## မဂ္ဂင်တရားဖြင့် တဏှာပယ်သတ်နည်း

သာသနာတော်၌ အကြင်ပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု ရာဂကင်းခြင်းကိုမှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွှတ်သော မှန်ကန်သော အမြင် ဖြစ်သည်။ သမ္မာဒိဋ္ဌိစသော မဂ္ဂင် (၈) ပါးကို ပွားများခြင်းဖြင့်

- ကာမ၌တပ်မက်သောကာမတဏှာ

- ကာမ, ရူပ, အရူပဘဝတို့ကို တပ်မက်သော ဘဝတဏှာ
- ဘဝမပြတ်ဟူသော အယူနှင့်တကွဖြစ်သော တပ်မက်မှုဝိဘဝ

တဏှာ ဟူသော တဏှာသုံးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှာပိုင်းခြား၍ သိခြင်းငှာ၊ ကုန်စေခြင်းငှာ၊ ပယ်ခြင်းငှာ ဖြစ်စေပါသည်။

## သတိပဋ္ဌာန်လေးပါးဖြင့် တဏှာပယ်သတ်နည်း

အကြင်ပုဂ္ဂိုလ်သည် သာသနာတော်၌

- ရုပ်အပေါင်း၌ ရုပ်အပေါင်းဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။
- ဝေဒနာ၌ ဝေဒနာအပေါင်းဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။
- စိတ်၌စိတ်အပေါင်းဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။
- သဘောတရားတို့၌ သဘောတရားတို့ဟု အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍ နေ၏။

လောက၌ ပြင်းစွာအားထုတ်အပ်သော ဝီရိယရှိသော ဆင်ခြင်ဉာဏ် ရှိသော သတိရှိသော ပုဂ္ဂိုလ်သည် အဘိဇ္ဈာတရား၊ ဒေါမနဿတရားတို့ကို ပယ်ဖျောက်နိုင်ရာ၏။

ဤသို့သတိပဋ္ဌာန်တရားလေးပါးတို့ကို ပွားများကုန်၊ ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် တဏှာကိုကုန်ခြင်းငှာ ဖြစ်၏။

## ရှင်ဥတဏှာသခ်ယသုတ်လာတဏှာပယ်သတ်နည်း

ဘုရားရှင်ကို သိကြားမင်း လျှောက်ထား၍ ဘုရားရှင်က သိကြားမင်းကို တဏှာပယ်သတ်နည်းကို ဟောကြားခဲ့ပါသည်။

တရားအားထုတ်မည့်ပုဂ္ဂိုလ်သည် မြင်တိုင်း ကြားတိုင်း တွေ့ထိတိုင်း ဒွါရ ခြောက်ပါး၌ ထင်ရှားပေါ်လာသော ခန္ဓာငါးပါး၊ ရုပ် နာမ်တရားများသည် မြဲသည်၊ ချမ်းသာသည် အတ္တရှိသည်ဟု တဏှာဒိဋ္ဌိတို့ဖြင့် အနိုင်အမြဲ မှတ်ယူ စွဲလမ်းရန် မသင့်။

မမြဲသော ဆင်းရဲသော အစိုးမရသော သဘောတရားချည်းသာ ဖြစ်သည်ဟု ကြားဖူးသော အသိဉာဏ် (သုတမယဉာဏ်)မျိုး ရရှိရ၏။

ထိုသုတမယဉာဏ်ကို အခြေခံလျက် မြင်ဆဲ, ကြားဆဲ ရုပ်နာမ်တရားများကို ရှုမှတ်ပွားများလျှင် ဤသဘောကားနာမ်၊ ဤသဘောကား ရုပ်စသည်ဖြင့် ရုပ်နှင့်နာမ်ကို ပိုင်းခြားသိသော နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်ပေါ်လာပါသည်။

မျက်စိနှင့်အဆင်းရှိ၍သာ သိမှုဖြစ်ပေါ်လာရသည် စသည်ဖြင့် ရုပ်နာမ်တို့၏အကြောင်းကို သိသည့် ပစ္စယပရိဂ္ဂဟဉာဏ်လည်း ဖြစ်ပေါ်လာ၏။

ဤဉာဏ်နှစ်ပါးဖြင့်သိမှုကို ဉာတပရိညာဖြင့် သိမှုဟုခေါ်သည်။

ထို့နောက် ထိုရုပ်တရား နာမ်တရားတို့ဖြစ်မှု ပျက်မှုတို့ကို ရှုမှတ်ပွားများသောအားဖြင့် ထိုရုပ်တရား နာမ်တရားတို့၏ အမြဲမရှိခြင်းသဘော၊ ဆင်းရဲခြင်းသဘော၊ ရုပ်နာမ်မှတစ်ပါး အခြားအတ္တဇီဝမရှိဟူသော အနတ္တသဘောကို ပိုင်ပိုင်နိုင်နိုင် သိမြင်လာ၏။

ဤသိမှုမျိုးကို တီရဏပရိညာဉာဏ်ဖြင့် သိမှုဟုခေါ်ဆို နိုင်ပါသည်။ ဘုရားရှင်၏ ဤဒေသနာသည် ဝေဒနာနုပဿနာသတိပဋ္ဌာန်နည်းအားဖြင့် တဏှာပြတ်၍ အရိယာ ဖြစ်ရန် ဟောကြားနည်းပေးသော နည်းဖြစ်ပါသည်။

## နဒီသောတသုတ်လာ တဏှာပယ်သတ်နည်း

ဣတိဝုတ္တက– နဒီသောတသုတ်၌ ဘုရားရှင်က တဏှာပယ်သတ်နည်းကို ဥပမာဖြင့် ဟောပြတော်မူခဲ့ပါသည်။

ယောကျ်ားသည် မြစ်ထဲ၌ဖြစ်စေ၊ ကမ်းတစ်ဘက်၌ဖြစ်စေတည်ရှိသော မြတ်နိုးတွယ်တာသာယာဖွယ်ကောင်းသည့် ရွှေ ငွေ၊ ပတ္တမြားစသော ဝတ္ထုပစ္စည်းများကို ယူလိုသောကြောင့် မြစ်ရေအလျဉ်ဖြင့် ရေစုန်မျှောကာ လိုက်သွားရာ၏။

ကမ်းပေါ်၌တည်ရှိသော မျက်စိအမြင်ရှိသော အခြားယောကျ်ားသည် ထိုယောကျ်ားကို မြင်၍ –

"အမောင်ယောကျ်ား သင်သည် မြတ်နိုးဖွယ်၊ တွယ်တာသာယာဖွယ်ကောင်းသော ရွှေ ငွေ၊ ပတ္တမြားစသော ဝတ္ထုပစ္စည်းများကို ရယူလိုသောကြောင့် မြစ်ရေလျဉ်ဖြင့် ရေစုန်မျှောကာလိုက်စေကာမူ ဤမြစ်၏ အောက်အရပ်၌

တောင်ထွတ်သဖွယ်ကြီးကျယ်သော လှိုင်းတံပိုးနှင့် ဝဲကြီးများရှိသော ရေအိုင်ကြီး ရှိ၏။

ထိုရေအိုင်ကြီးတွင် ဖမ်းယူတတ်သော မကန်းငါးကြီးများနှင့် ဘီလူးတို့လည်း ရှိသည်။

အမောင်ယောက်ျား … သင်သည် ယင်းရေအိုင်သို့ရောက်လျှင် သေသော်မှုလည်း သေလတ္တံ့၊ သေလောက်သော ဆင်းရဲသို့မူလည်း ရောက်လတ္တံ့'' ဟု ပြောဆိုသည်။

ယောက်ျားသည် ထိုစကားကို ကြားရသောအခါ ကြောက်လန့်တုန်လှုပ်သွား၍ ရေညာဘက်သို့ လက်ခြေတို့ဖြင့် ပြင်းပြင်းထန်ထန် ကြိုးစားကူးခတ်၏။ ထို သို့ကြိုးစားသဖြင့် မကြာမီကမ်းသို့ ဆိုက်ရောက်လေသည်။

ဘုရားရှင်၏ ဤဥပမာ၌

- မြစ်ရေဟူသည် လောဘတဏှာ
- ရွှေ၊ ငွေ၊ ပတ္တမြားဟူသည် အတွင်းအာယတနခြောက်ပါး
- အောက်အရပ်ရှိ ရေအိုင်ဟူသည် အောက်ပိုင်းသံယောဇဉ်ငါးပါး
- လှိုင်းတံပိုးဟူသည် အမျက်ထွက်မှု (ဒေါသ)၊ ပင်ပန်းမှု(ဥပယာသ)
- ဝဲဟူသည် အာရုံငါးပါးကာမဂုဏ်တရား
- ဖမ်းယူတတ်သော ငါးမကန်း ဘီလူးဟူသည် အမျိုးသမီး
- ရေညာဘက်ဟူသည် ကာမမှလွတ်မြောက်မှု (နေက္ခမ္မ)
- လက်ခြေဖြင့်အားထုတ်ခြင်းဟူသည် သမ္မပ္ပဓာန်တရား (၄) ပါး၌ ဝီရိယရှိမှု
- ကမ်း၌ မျက်စိအမြင်ရှိသော သူဟူသည် ဘုရားရှင်

ဤဒေသနာတော်၌ မြစ်ရေနှင့်တဏှာတူပုံမှာ –

အထက်ဖက်၌ မိုးကြီးရွာသွန်းသောအခါ ရေအလျဉ်သည် ထောင်ချော ချိုင့်ဝှမ်း၊ အင်းအိုင် မြစ်ချောင်းတို့ကို အဆင့်ဆင့်ပြည့်လျှံစေပြီး မြစ်ကြီးထဲသို့စီး ကာ တစ်ခုတည်းသော ရေအလျဉ်ကြီး ဖြစ်သွားသကဲ့သို့ ရူပါရုံ စသော အာရုံ လောဘ တဏှာ ဖြစ်လာခဲ့သည်ရှိသော် တဏှာသည် တစ်စတစ်စ ကြီးထွား ဘတ်သော သဘောရှိပေသည်။

**အတွင်းအာယတန (၆) ပါး**

(၁) မျက်စိအကြည်ဓာတ်
(၂) နားအကြည်ဓာတ်
(၃) နှာခေါင်းအကြည်ဓာတ်
(၄) လျှာအကြည်ဓာတ်
(၅) ကိုယ်အကြည်ဓာတ်
(၆) စိတ်အကြည်ဓာတ်

**အောက်ပိုင်းသံယောဇဉ် (၅) ပါး**

(၁) ကာမရာဂ – ကာမတဏှာ
(၂) ရူပရာဂ – ရူပတဏှာ
(၃) အရူပရာဂ – အရူပတဏှာ
(၄) ပဋိဃ – ဒေါသစေတသိက်
(၅) ဒိဋ္ဌိ – ဒိဋ္ဌိစေတသိက်

မြစ်ရေအလျဉ်သည် စီးဆင်းလာသောအခါ အကြားတွင် အနှောင့် အယှက် မရှိပါက သမုဒ္ဒရာထဲသို့ ရောက်သည့်အထိ အဆက်မပြတ် တရစပ် ဖွဲ့စပ်စီးဆင်းလာသော သဘောရှိသကဲ့သို့ တဏှာအလျဉ်သည်လည်း ဖြစ်ပေါ်လာ သောအခါမှစ၍ တဏှာပြတ်ကြောင်းကို မပြုလုပ်နိုင်လျှင် မပြတ်မစဲ ထပ်တလဲလဲ ဖြစ်ကာ အပါယ်သမုဒ္ဒရာသို့ ရောက်သည်အထိ တစဉ်ဖွဲ့စပ်လျက် ဖြစ်တတ်ပါ သည်။

မြစ်ရေအလျဉ်သည် မိမိထဲသို့ရောက်လာသော သတ္တဝါတို့ကို အောက သို့ နစ်မြုပ်စေ၏။ ဦးခေါင်းကိုပင် ပေါ်ခွင့်မပေးချေ။ အသက်သေဆုံးခြင်း ေ လောက်သော ဆင်းရဲဒုက္ခကို ဖြစ်စေသကဲ့သို့ တဏှာအလျဉ်သည်လည်း အလျဉ်အတွင်းသို့ ရောက်လာသော သတ္တဝါများကို အပါယ်အထိ နစ်မွန်းေ ါသည်။

ပညာတည်းဟူသော ဦးခေါင်းကိုပင် ဖြစ်ပေါ်ခွင့် မပေးပါ
– ကသိုလ်အရင်းအမြစ်ကို လုံးလုံးဖြတ်တောက်ခြင်း

ဆုပြည့်စုံထွန်းစာပေ

- အကုသိုလ်တရားကို ဖြစ်ပွားစေခြင်းတို့ဖြင့် သေခြင်းနှင့် သေလောက်သော ဆင်းရဲကို ရောက်စေနိုင်ပါသည်။

မြစ်ရေအလျဉ်သည် ရေအလျဉ်ကြီးဖြစ်လာသော် ထိုရေအလျဉ်ကြီးကို ကူးနိုင်ဖို့ရန် ဖောင်ဖွဲ့ခြင်း၊ လှေကို ဆောင်ယူခြင်းတို့၌ လိမ္မာကျွမ်းကျင်သော ယောကျ်ား၏ အကူအညီကိုလည်း ယူရပေမည်။

- ကမ်းတစ်ဖက်သို့ရောက်လိုသော အလိုဆန္ဒလည်း ရှိရမည်၊
- ထိုအလိုဆန္ဒနှင့်ကိုက်ညီသော လုံ့လဝီရိယဖြင့်လည်း ကူးရမည်၊

သို့မှသာ ထိုရေအလျဉ်ကြီးကို ကျော်လွှားကူးမြောက်နိုင်ပါမည်။

အလားတူ ကာမဩဃ, ဘဝဩဃ ဟုခေါ်သော တဏှာရေလျဉ်ကို ကူးမြောက်နိုင်ရန် -

- သီလကိုစောင့်စည်းဖြည့်ကျင့်ရမည်
- သမထ ဝိပဿနာ ဘာဝနာအလုပ်ကို ပြုလုပ်ရမည်
- ရင့်ကျက်သောပညာဖြင့် အရဟတ္တဖိုလ်သို့ ရောက်စေမည် ဟူသော ဆန္ဒမွန် ရှိစေရပါမည်။

ထိုဆန္ဒမွန်အတိုင်း ကမ္မဋ္ဌာန်းအလုပ်၌ လိမ္မာကျွမ်းကျင်သော ကလျာဏမိတ္တဆရာရှင်၏ အကူအညီဖြင့် သမထဝိပဿနာတည်းဟူသော လှေကြီးကို တက်စီးကာ သမ္မာဝါယာမတည်းဟူသော မှန်ကန်ကြိုးစား အားထုတ်မှုဖြင့် ကူးခပ်ရမည်။

သို့မှသာ ထိုတဏှာရေယဉ်ကြောကြီးကို ကူးမြောက်နိုင်မည်၊ သာမန်ကူးရုံမျှဖြင့် ထိုတဏှာရေယဉ်ကြောကြီးကို ကျော်လွှားကူးမြောက်နိုင်ရန် အလွန်ခဲယဉ်းလှပါသည်။

## ဝဲနှင့်ကာမဂုဏ်တူပုံ

ဝဲသည် မိမိထံသို့ရောက်လာသော သတ္တဝါတို့ကို ချာချာလည်အောင် နှိပ်စက်၍ ပျက်စီးသွားစေသကဲ့သို့ ရူပါရုံစသော ကာမဂုဏ်ငါးပါး အာရုံတရားတို့သည်လည်း လောဘတဏှာ စသော ကိလေသာတို့ နှိပ်စက်ခံနေရသော သတ္တဝါတို့ကို

- အဆင်း (ရူပါရုံ) မှသည် အသံ (သဒ္ဒါရုံ) သို့လည်းကောင်း
- အသံ (သဒ္ဒါ) မှသည် အဆင်း (ရူပါရုံ) သို့လည်းကောင်း

ချာချာလည်စေ၍ ထိုအာရုံငါးပါးကာမဂုဏ်တရားမှ ထွက်ရပ်လမ်းဖြစ်သော သမထ ဝိပဿနာ ဘာဝနာ တရားတို့ကို အားထုတ်ပြုလုပ်ရန် မဖြစ်စေဘဲ ပျက်စီးခြင်းသို့ ရောက်စေတတ်သောသဘော ရှိပါသည်။

## ဖမ်းစားတတ်သောဘီလူးနှင့် အမျိုးသမီးတူပုံ

ဘီလူးသည် မိမိကျက်စားရာပိုင်နက်သို့ ရောက်လာသောအခါ

- အစောင့်အရှောက်ကင်းသော ယောကျ်ားကို နှိပ်စက်ဖမ်းယူ၍လည်းကောင်း
- မိမိပိုင်နက်အပြင်ဘက်၌ ရှိသောသူကိုလည်း ဘီလူးပရိယာယ်ဖြင့် မိမိ ပိုင်နက်ထဲသို့ ဝင်လာအောင် ဖြားယောင်းခေါ်ဆောင်ကာ ကြောက်ပက်ဖွယ်ရာအဆင်း စသည်တို့ကို ပြခြင်းဖြင့် ထိုသူအစွမ်းသတ္တိ မရှိအောင်၊ ထိုသူကို ကူညီမည့်သူ မရှာနိုင်အောင် ပြုလုပ်၍လည်းကောင်း၊
- အဆင်းခွန်အားစည်းစိမ်ချမ်းသာ အခြံအရံတို့မှ ကင်းကွာစေခြင်းဖြင့် အကျိုးမဲ့ပျက်စီးခြင်းကို ပြုလုပ်တတ်ပေသည်။

အလားတူ အမျိုးသမီးများသည်လည်း မသင့်မလျော် နှလုံးသွင်းချော်၍

- ခံနိုင်ရည်မရှိသော ယောကျ်ားကို မိန်းမတို့၏ တင့်တယ်စံပါယ်ခြင်း အမူအရာတို့ဖြင့် လွှမ်းမိုးဖမ်းယူ၍လည်းကောင်း၊
- ခံနိုင်ရည်ရှိသောသူကိုလည်း မိမိ၏အဆင်းအာရုံ စသည်တို့ဖြင့် ဖြားယောင်းသွေးဆောင်ကာ မိန်းမတို့၏မာယာဖြင့် ပူးကပ်၍ အစွမ်းသတ္တိ မရှိအောင် မိမိအား ကျေးဇူးပြုတတ်သည့် သီလစသော ကုသိုလ်တရားတို့ကို မကျင့်နိုင်အောင် ပြုလုပ်လျက် ဂုဏ်အဆင်း စသည်တို့မှ ကင်းကွာစေတတ်သောအားဖြင့် ကြီးစွာသော အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်စေတတ်သောသဘောရှိလေသည်။

---

ဆုပြည့်စုံထွန်းစာပေ

ဤဥပမာ ဥပမေယျတို့ကို နှိုင်းယှဉ်ပြခဲ့ရသည်ရှိသော် မြစ်ရေလျဉ်နှင့် အစဉ်မပြတ် တရစပ် ဖြစ်စေတတ်သော တဏှာအလျဉ်တို့ တူကြပါသည်။

ထိုမြစ်ရေအလျဉ်နှင့် ရေစုံမျော၍ လိုက်သွားသော ယောက်ျားသည် အစမထင် သံသရာဝဋ်ဆင်းရဲ၌ ချာချာလည်သောအားဖြင့် တဏှာအလျဉ်ဖြင့် မျောနေသော သတ္တဝါတို့နှင့် တူပါသည်။

ထိုရေစုံမျောလိုက်သွားသော ယောက်ျား၏ ထိုပြတ်နိုးဖွယ်၊ သာယာဖွယ်၊ တွယ်တာဖွယ်ကောင်းသော ဝတ္ထု၌ စွဲလမ်းခြင်းနှင့် ဤတဏှာရေယဉ်ကြော၌ မျောပါနေသော သတ္တဝါ၏ စက္ခုာယတနစသည်၌ မှားသောအားဖြင့် စွဲလမ်း၍ယူခြင်းတို့ တူကြသည်။

လှိုင်းတံပိုး, ဝဲ, ဘီလူး ရှိသော မြစ်အောက်ပိုင်းရှိ ရေအိုင်ကြီးနှင့် ကောဓ, ဥပါယာသ, ကာမဂုဏ်ငါးပါးဖြင့် ရောပြွမ်းသော အောက်ပိုင်းသံယောဇဉ် ငါးပါးနှင့် တူကြသည်။

ထိုအကြောင်းအရာတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်၍ ထိုမြစ်ရေလျဉ်၏ တစ်ဖက်ကမ်း၌ ရပ်လျက်ရှိသော မျက်စိအမြင်သန်သော ယောက်ျားနှင့် အလုံးစုံသော သံသရာအဖြစ်တို့ကိုလည်းကောင်း၊ သိသင့်သိထိုက်သောတရားအားလုံးကိုလည်းကောင်း ဟုတ်တိုင်းမှန်စွာ သိမြင်သော တရားရေလျဉ်၏ တစ်ဖက်ကမ်း နိဗ္ဗာန်နန်း၌ ရပ်တည်လျက်ရှိသော ဘုရားရှင်ကို တူကြသည်။

တစ်ဖက်ကမ်း၌တည်သော ထိုယောက်ျားသည် ထိုမြစ်ရေလျဉ်၌ မျောနေသော ယောက်ျားကို သနားလှသဖြင့် ရေအိုင်ကြီး၏ အကြောင်းကိုလည်းကောင်း၊ ရေအိုင်ကြီး၏ အပြစ်ကိုလည်းကောင်း ပြောကြားခြင်းနှင့် တဏှာ ရေယာဉ်ကြော၌ မျောနေသော သတ္တဝါတို့ကို မဟာကရုဏာရှင်ဘုရားရှင်က တဏှာစသည်တို့၏ အပြစ်ကိုလည်းကောင်း၊ တဏှာစသည်တို့၏ အကြောင်းကိုလည်းကောင်း ဟောကြားသည်နှင့် တူပါသည်။

ထိုမှာတစ်ဖက်ကမ်း၌ ရပ်နေသော ယောက်ျား၏ စကားကို မယုံသဖြင့် ရေစုံမျောဆက်လက်လိုက်သွားသော ယောက်ျား၏ ထိုအိုင်ကြီး၌ အသက်ဆုံးရခြင်း၊ အသက်ဆုံးရန် ဆင်းရဲနှင့်တွေ့ကြုံရခြင်းနှင့် ဘုရားရှင်၏ စကားကို နား

မထောင်သော သူ၏ အပါယ်လေးပါးကျရောက်ရခြင်း၊ လူတုံစသော သုဂတိတုံတို့၌ ဒုက္ခဆင်းရဲရောက် ရခြင်းတို့ တူကြသည်။

ထိုမှာဘက်ကမ်း၌ ရပ်နေသောယောက်ျား၏ စကားကို ယုံကြည်၍ ခြေလက်အစုံတို့ဖြင့် လုံ့လကြိုးကုတ်အားထုတ်ခြင်း၊ ထိုအားထုတ်မှုကြောင့် ကမ်းတစ်ဘက်သို့ ရောက်၍ အလိုရှိရာဌာနသို့ ချမ်းသာစွာသွားရခြင်းတို့နှင့် ဘုရားရှင်၏ စကားကို လိုက်နာ၍ သမထဝိပဿနာတရားတို့ကို ကြိုးစားအားထုတ်၍ တဏှာ ရေလျဉ်ပြတ်ရာ နိဗ္ဗာန်သို့ ရောက်သူနှင့် တူပါသည်။

ယောဂလေးပါးဖြာကုန်ရာ နိဗ္ဗာန်ကို နောင်အခါ၌ တောင့်တသော သူသည် အကျင့်ပဋိပတ်အားဖြင့် ဆင်းရဲပင်ပန်းငြားသော်လည်း ကာမဂုဏ်တို့ကို ပယ်စွန့်ရသည်။ ဝိပဿနာဉာဏ်, မဂ်ဉာဏ်တို့ဖြင့် ကောင်းစွာသိ၍ ကာမဂုဏ်တို့မှ ကောင်းစွာ လွန်မြောက်သော ဖိုလ်စိတ်ရှိသူသည် ထိုမဂ်ဖိုလ်ရရာကာလ၌ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရာ၏။

ထိုသူကို

သစ္စာလေးပါးတရားကို သိသူ

ကျင့်သုံးပြီးသော အကျင့်မြတ်ရှိသူ

လောက၏အဆုံးသို့ရောက်သူ

နိဗ္ဗာန်ဟူသော ကမ်းတစ်ဘက်သို့ရောက်သူဟူ၍ ဆိုအပ်၏။

## ထောင်လွှားမာန

မာနဟူသည် စေတသိက် ပရမတ္ထတရား (၅၂) ပါးတွင် မာနစေတသိက်၏ အမည်ဖြစ်ပါသည်။

ယင်းသည်

- မိမိကိုယ်ကို အမြတ်ဆုံးဟု မှတ်ထင်ခြင်း
- မှတ်ထင်တတ်သောသဘော
- ထောင်လွှားတတ်ကြွခြင်း သဘောရှိပါသည်။

လယ်တီဆရာတော်ဘုရားကြီးက –

"မာနဆိုသည်ကား အထင်မှားခြင်းတည်း။ ငါ မဟုတ်သော နာမ်ရုပ်ကို

ငါ ဟုထင်ခြင်း၊ ထိုငါကိုပင် အမျိုးကိုစွဲ၍ ယုတ်သည် မြတ်သည်ဟုထင်ခြင်း၊ အနွယ်ကို စွဲ၍ ယုတ်သည်မြတ်သည်ဟု ထင်ခြင်း စသည်တည်း'' ဟူ၍ ဒီပနီ၌ ဖွင့်ဆိုရေးသားတော်မူခဲ့ပါသည်။

မာန၏သဘောအချုပ်မှာ ထောင်လွှားတက်ကြွခြင်း သဘောတရား ရှိသည်။

- မာနသည် အဆင်းကိုပျက်စေသည်၊
- ကိုယ်အမူအရာ နှုတ်အမူအရာ ခက်ထန်ကြမ်းတမ်းလာစေသည်၊
- တစ်ဖက်သားကိုအထင်သေးခြင်း၊ အရေးမစိုက်ခြင်း၊ မထေမဲ့မြင် ပြုခြင်း၊ အပြောအဆိုအပြုအမူ ခက်ထန်မာကြော ကြမ်းတမ်းလာ စေခြင်း၊

ဤသည်တို့မှာ မာန၏သဘောလက္ခဏာများ ဖြစ်ကြပါသည်။

သတ္တဝါတစ်စုံတစ်ဦး မာနဖြစ်လာသည်ရှိသော် ထိုသူသည် သူတစ်ပါး တို့ ထက်သာလွန်၍ အဆင်းလှသူဖြစ်သော်လည်း တစ္ဆေမြေဘုတ်ဘီလူးအလား ကဲ့သို့ ဖြစ်ရပေသည်။

သနားစရာဟူသမျှ၊ ချစ်စရာဟူသမျှ၊ ခင်မင်စရာဟူသမျှ မြတ်နိုးစရာ ဟူသမျှတို့သည် တောမီးသင့်သော မြက်ချုံနွယ်တို့ကဲ့သို့ ကုန်စင်ပျောက်ခန်းရတော့ သည်။

မာနသည် နာမ်တရားဖြစ်၍ မျက်စိဖြင့် မမြင်ကောင်းသော်လည်း ဤလောက၌ တစ်စုံတစ်ယောက်ကို တစ္ဆေမြေဘုတ်ဘီလူး ဝင်ပူးကပ်လာသည် ရှိသော် ထိုတစ္ဆေ မြေဘုတ်၏ ရုပ်အဆင်းသဏ္ဌာန်ကို မမြင်ရသော်လည်း တစ္ဆေ မြေဘုတ်ဘီလူး ဝင်ကပ်သောသူ၏ အမူအရာကို မြင်သဖြင့် ကြမ်းတမ်းသည်၊ နူးညံ့သည်၊ မည်သည့် အလိုဆန္ဒရှိသည် စသည်များကို မှန်းဆ၍သိရသကဲ့သို့ အလားတူ တစ်စုံတစ်ယောက်သောသူသည် မာနဖြစ်လာသည်ရှိသော် လူနှင့်မမျှ နတ်အသွင်လှပသောသူဖြစ်စေကာမူ ထိုသူ၏ တင်းမာသောမျက်နှာ၊ ရှုံ့တွသော မျက်နှာ၊ အသားအရေ၊ မျက်လုံး စသည်တို့သည် သူတစ်ပါးတို့ ရှုချင်စရာမရှိ အောင် ဖောက်ပြန်လာပါသည်။

ဟာနကို ဖြစ်ပေါ်စေတတ်သော အနီးကပ်ဆုံး အကြောင်းတရားမှာ ဒိဋ္ဌိနှင့် မယှဉ်သော လောဘ ဖြစ်ပါသည်။

အကျိုးတရား တစ်ခုဖြစ်ပေါ်လာမှုတွင် ဆင့်ကဲ ဆင့်ကဲ ကွင်းဆက် အကြောင်းတရားများ ရှိရမည်မှာ သဘာဝတရားဖြစ်ပါသည်။

ဤမာနဖြစ်ပေါ်လာမှုတွင်

- သဒ္ဓါ သီလ သုတ စသော ကုသိုလ်တရားများ
- ရာဂ ဒေါသ မောဟ ဒိဋ္ဌိ စသော အကုသိုလ်တရားများ
- ဇာတ်မြင့်ခြင်း၊ အမျိုးအနွယ်မြင့်မြတ်ခြင်း၊ လာဘ်ပေါ်များခြင်း

စသည်ဖြင့် နောက်ခံအကြောင်းများ ရှိပါသည်။

မာနသည် ပရမတ္ထသဘာဝတရားကိုယ်အားဖြင့် တစ်ပါးတည်းသာ ဖြစ်သော်လည်း မာန၏အမည်နှင့် မာန၏ အမျိုးအစားများကား များပြားလှပါသည်။

မာနသည် မိမိတည်းဟူသော မာနဖြစ်ပေါ်လာရာ အခြေခံအကြောင်း ဖြစ်သော ဂုဏ်ဒြပ် စက္ခုအာရုံ တရားတို့ကို စွဲ၍ဖြစ်ပေါ်လာရခြင်းကြောင့် မိမိ ဖြစ်ပေါ်လာရာ အခြေခံအကြောင်းဖြစ်သော ဂုဏ်ဒြပ်ဝတ္ထုတို့ များပြားသလောက် မာန၏ အမျိုး အမည်သည် များပြားလှပါသည်။

ဘုရားရှင်သည် မာန၏အမျိုးအမည်တို့ကို မဟာနိဒ္ဒေသပါဠိတော် ခုဒ္ဒကဝတ္ထု၊ ဝိဘင်းပါဠိတော်၊ နေတ္တိပါဠိတော်များ၌ အကျယ်တဝင့် ဟောကြားထား ခဲ့ပါသည်။

ခုဒ္ဒကဝိဘင်းပါဠိတော်၌ အောက်ပါအတိုင်း သရုပ်ထုတ်၍ ဟောကြား ထားခဲ့ပါသည်။

- အမျိုးကိုစွဲ၍ မာန်ယစ်ခြင်း (ဇာတိမာန)
- အနွယ်ကိုစွဲ၍ မာန်ယစ်ခြင်း(ဂေါတ္တမာန)
- အနာကင်းခြင်းကိုစွဲ၍ မာန်ယစ်ခြင်း (အာရောဂျမာန)
- အရွယ်ကိုစွဲ၍ မာန်ယစ်ခြင်း (ယောဗ္ဗနမာန)
- အသက်ရှည်သည်ကိုစွဲ၍ မာန်ယစ်ခြင်း (ဇီဝိတမာန)
- လာဘ်ကိုစွဲ၍ မာန်ယစ်ခြင်း (လာဘမာန)
- ပူဇော်သက္ကာရကိုစွဲ၍ မာန်ယစ်ခြင်း (သက္ကာရမာန)

- အလေးအမြတ်ပြုခံရသည်ကိုစွဲ၍ မာန်ယစ်ခြင်း (ဂရုကာရမာန)
- ပြဿနာပြေရာ ခရီးသွားရာတို့တွင် မိမိအား ရှေးဦးစွာ ပြုသည်ကို စွဲ၍ မာန်ယစ်ခြင်း (ပုရေက္ခာရမာန)
- အခြံအရံကိုစွဲ၍ မာန်ယစ်ခြင်း (ပရိဝါရမာန)
- စည်းစိမ်ကိုစွဲ၍ မာန်ယစ်ခြင်း (ဘောဂမာန)
- အဆင်းကိုစွဲ၍ မာန်ယစ်ခြင်း (ဝဏ္ဏမာန)
- အသံကိုစွဲ၍မာန်ယစ်ခြင်း (သဒ္ဒမာန)
- အကြားအမြင်ကိုစွဲ၍ မာန်ယစ်ခြင်း(သုတမာန)
- ပညာကိုစွဲ၍ မာန်ယစ်ခြင်း (ပဋိဘာနမာန)
- ကြာမြင့်စွာသော ညဉ့် နေ့ အပိုင်းအခြားကိုသိသည်အဖြစ်ကို စွဲ၍ မာန်ယစ်ခြင်း(ရတ္တညုမာန)
- သူတစ်ပါးတို့က အထင်ကြီးမှု အလေးပြုမှုတို့ကိုစွဲ၍ မာန်ယစ်ခြင်း (အနုဂညာတမာန)
- မိမိ၏သွားလာမှု ဣရိယာပုတ်ကို သူတကာတို့ ကြည်ညိုစေခြင်းကို စွဲ၍ မာန်ယစ်ခြင်း (ဣရိယပထ မာန)
- မိမိဆောင်ရွက်သောအမှုကိစ္စ ပြီးစီးအောင်မြင်ခြင်းကိုစွဲ၍ မာန်ယစ် ခြင်း (ကိစ္စမာန)
- မိမိတန်ခိုးကြီးသည်ကိုစွဲ၍ မာန်ယစ်ခြင်း (ဣဒ္ဓိမာန)
- အခြံအရံကိုစွဲ၍ မာန်ယစ်ခြင်း (ယသမာန)
- သီလကိုစွဲ၍ မာန်ယစ်ခြင်း (သီလမာန)
- ဈာန်ကိုစွဲ၍ မာန်ယစ်ခြင်း (ဈာနမာန)
- အတတ်ပညာကိုစွဲ၍ မာန်ယစ်ခြင်း (သိပ္ပမာန)
- ကိုယ်ခန္ဓာအရပ်အမောင်းကိုစွဲ၍ မာန်ယစ်ခြင်း (အာရောဟမာန)
- ခန္ဓာကိုယ် ကိုယ်လုံးကိုယ်ပေါက်ကိုစွဲ၍ မာန်ယစ်ခြင်း (ပရိဟာ ကမာန)
- ခန္ဓာကိုယ်ပုံသဏ္ဌာန်စွဲ၍ မာန်ယစ်ခြင်း (သဏ္ဌာနမာန)
- ခန္ဓာကိုယ်အပြစ်ကင်းသည်ကိုစွဲ၍ မာန်ယစ်ခြင်း (ပါရိပူရိမာန)

– ချီးမွမ်းခံရမှုကိုစွဲ၍ မာန်ယစ်ခြင်း (ပသံသမာန)

စသည်ဖြင့် မာန်ယစ်ခြင်း မာန်အမျိုးမျိုးကို ဟောကြားထားပါသည်။

မာနသည် ကုသိုလ်မာန အကုသိုလ်မာနဟူ၍ (၂) မျိုးရှိပြန်သည်။

မာနကို အခြေပြု၍ ဒါန သီလ ဘာဝနာများကို ပြုလုပ်ဆောက်တည်ပွားများ အားထုတ်ရာတွင် မာနကို ပယ်နည်းအမျိုးမျိုးဖြင့် ပယ်နိုင်သော အဆင့်သို့ရောက် လျှင် ထိုမာနသည် ကုသိုလ်မာနမည်ပါသည်။

မိမိအားလည်းကောင်း သူတစ်ပါးအားလည်းကောင်း ဆင်းရဲမှုဖြစ်စေသော မာနသည် အကုသိုလ်မာန မည်ပါသည်။

ကုသိုလ်မာနသည် နိဗ္ဗာန်သို့ ရောက်စေနိုင်သည်။

အကုသိုလ်မာနသည် သံသရာ၌ ကျင်လည် စေတတ်ပါသည်။

## ပုဂ္ဂိုလ်သုံးမျိုး မာန်ကိုးမျိုး

သတ္တလောက၌ ရှိကြသော အချို့သောပုဂ္ဂိုလ်တို့သည် မိမိကိုယ်ကို အမွှမ်းတင်ချီးမြှောက်လေ့ရှိကြ၍ သူတစ်ပါးကိုမူ မိမိအောက်ယုတ်ညံ့သူ နိမ့်ကျသူဟု ထင်မှတ်ကဲ့ရဲ့ရှုတ်ချပြစ်တင်ဝေဖန်မှုများ တွင်တွင်ကြီး လှိုင်လှိုင်ကြီး ပြောဆိုပြုမူလေ့ရှိကြသည်။

ထိုသူများသည် အမှန်အားဖြင့် သူတော်ကောင်းများ မဟုတ်ကြ၊ လူယုတ်မာများ ဖြစ်ကြပါသည်။

ထို့ကြောင့် ဘုရားရှင်က အင်္ဂုတ္တိုရ်နိကာယ်ဝဏ္ဏသုတ်၌ အသဒ္ဓမ္မ (မသူတော်တရား) ဆယ်ပါးကို ဟောကြားတော်မူရာတွင် –

– မိမိကိုယ်ကို ချီးမြှောက်ခြင်း (အတ္တုက္ကံသနမာန)

– သူတစ်ပါးကို နှိမ့်ချခြင်း(ပရဝမ္ဘနမာန) တရားနှစ်ပါးကို ထည့်သွင်း ဟောကြားတော်မူသည်။

လောက၌ အချို့သောပုဂ္ဂိုလ်တို့သည် မိမိကိုယ်ကို ချီးမြှောက်ခြင်း အကောင်ကြီးခြင်း(အတ္တုက္ကံသန) မာန ဖြစ်ကြ၍–

"ငါသာတတ်သည်၊ ငါသာမြတ်သည်၊ ငါသာတော်သည်၊ ငါသာကောင်းသည်၊ ငါသာလှသည်၊ ငါသာ စည်းစိမ်ရှိသည်၊ ငါသာကြီးစားသည်"

စသည်ဖြင့် မိမိကိုယ်ကို ချီးပြောက်၍ ထောင်လွှားပလွှား ဝါကြွားပြောဆိုမှုသည် 'အတ္တုက္ကံသန မာန' ဖြစ်ပါသည်။

မိမိ၌ တကယ်အရှိကို အရှိအတိုင်း အမှန်ကို အမှန်အတိုင်း ဖြူစင်ဖြောင့်မှန်သော သဘောရိုး စိတ်ထားကောင်းဖြင့် ပြောဆိုခြင်းသည် အတ္တုက္ကံသမာန မဖြစ်ပါ။

မိမိ၌ တကယ်အရှိကို အရှိအတိုင်း အမှန်ကို အမှန်အတိုင်းပင် ဖြစ်သော်လည်း ထိုတကယ်အရှိတရား အမှန်ရှိတရားကို –

- ခဏ ခဏထုတ်ဖော်ပြောဆိုခြင်း
- နေရာတကာ အရပ်ဌာနမရွေးပြောဆိုခြင်း
- ဂုဏ်ယူဝင့်ကြွားလို၍ ပြောဆိုခြင်း
- ထင်ပေါ်ကျော်ကြားလို၍ ပြောဆိုခြင်း
- လူအများချီးမွမ်းစေလို၍ ပြောဆိုခြင်း
- လူအများ မိမိကိုအထင်ကြီးစေလို၍ ပြောဆိုခြင်း

စသည်တို့သည် မဖြူစင် မဖြောင့်မှန်သော သဘောရိုး ပဟုတ်သည့် စိတ်ထားမျိုးဖြင့် ပြောဆိုခြင်းဖြစ်၍ အတ္တုက္ကံသ မာနပင် ဖြစ်ပါသည်။

အချို့ပုဂ္ဂိုလ်သည် သူတစ်ပါးကို ကဲ့ရဲ့ရှုတ်ချခြင်း အထင်အမြင်သေးခြင်း (ပရဝမ္ဘန)မာန ဖြစ်ကြ၍ –

မကဲ့ရဲ့မရှုတ်ချထိုက်သူကို ကဲ့ရဲ့ရှုတ်ချပြောဆိုနေကြသည်။

ပြစ်တင်ဝေဖန်နေကြသည်။

သူတစ်ပါးလုပ်သမျှကို အပြစ်ကြီးဟု မြင်နေကြသည်။

ဤသို့ပြစ်တင်ပြောဆိုဝေဖန်ခြင်း ဟူသမျှသည် ပရဝမ္ဘနမာနပင် ဖြစ်သည်။

- အမှန်တကယ် ကဲ့ရဲ့ရှုတ်ချထိုက်သူအား ကဲ့ရဲ့ရှုတ်ချခြင်း၊
- အပြစ်တင်ထိုက်သူအား အပြစ်တင်ခြင်း စသည်တို့ကား ပရဝမ္ဘန မဟုတ်ပါ။

ဘုရားရှင်သည်ပင် အပြစ်ရှိသောသူ ကဲ့ရဲ့ရှုတ်ချထိုက်သူတို့ကို အချည်းနှီး၊ အလကား၊ တန်ဖိုးမရှိသူစသည်ဖြင့် ခေါ်ဝေါ်ပြောဆို၍ကဲ့ရဲ့ရှုတ်ချလေ့ရှိပါသည်။

ဤသတ္တလောကဝယ် ပုဂ္ဂိုလ်အမျိုးအစားကို ခွဲခြားလျှင် –

– အထက်တန်းစားအမြတ်(သေယျ) ပုဂ္ဂိုလ်

– တန်းတူရည်တူ အလတ်(သဒိသ) ပုဂ္ဂိုလ်

– အောက်တန်းစား အယုတ်(ဟီန) ပုဂ္ဂိုလ် ဟူ၍ သုံးမျိုးသုံးစား ရှိပါသည်။

ပစ္စည်းဥစ္စာ ဂုဏ်သိရ်ပညာ အဆင်း စသည်အားဖြင့် သူများထက်သာသည်ဟု မှတ်ထင်ခြင်းမျိုးသည် သေယျမာန်မည်ပါသည်။

ယင်းသေယျမာန် ဖြစ်ပေါ်လာလျှင်

''ငါသည် သူတစ်ပါးထက် အမျိုးအနွယ် စည်းစိမ်ဥစ္စာ၊ ခွန်အား ဗလ၊ ရုပ်အဆင်း၊ ပညာ၊ ခြွေရံသင်းပင်း၊ ရာထူး၊ အာဏာ စသည်အားဖြင့် မြင့်မြတ်သည် အထက်တန်းကျသည်'' ဟု ယူဆလာသည်။

ယင်းသို့ ယူဆလာသောအခါ တစ်ဖက်သားအား အဖက်မတန်သလို ပြုမူဆက်ဆံပြောဆိုလာတတ်သည်။

ပစ္စည်းဥစ္စာ, ဂုဏ်သိရ်, ပညာ အဆင်းစသည် အားဖြင့် သင်နှင့်ငါ ဘာထူးသလဲဟု မှတ်ထင်ခြင်းမျိုးသည် သဒိသမာန်မည်ပါသည်။

ယင်းမာန်ဖြစ်ပေါ်လာလျှင် –

''ငါသည် အမျိုးအနွယ်၊ စည်းစိမ်ဥစ္စာ၊ ခွန်အားဗလ၊ ရုပ်အဆင်းပညာ၊ ခြွေရံသင်းပင်း၊ ရာထူး အာဏာစသည်အားဖြင့် သူနှင့်ငါ အတူတူဖြစ်၍ သူ့ကို အရေးစိုက်စရာ မလိုဟု'' ယူဆလာသည်။

ယင်းသို့ယူဆလာသောအခါ သူတစ်ပါးအား ရိုသေ လေးစားမှု မပြုနိုင်၊ အရေးတယူ ဂရုမစိုက်နိုင်၊ မဆက်ဆံနိုင်၊ ပခုံးချင်းယှဉ်လာသည်၊ ဂုဏ်တုဂုဏ်ပြိုင် ပြောဆိုပြုမူ ဆက်ဆံလာတတ်သည်။

ပစ္စည်းဥစ္စာ, ဂုဏ်သိရ်, ပညာ, အဆင်း စသည်အားဖြင့် သူတို့အောက် ကျတော့ကော ဘာအရေးစိုက်ရမှာလဲ ဟု ထင်မှတ်ခြင်းမျိုးသည် ဟီနမာန်မည်ပါသည်။

ယင်းမာန်ဖြစ်ပေါ်လာလျှင် –

"ငါသည် အမျိုးအနွယ်၊ စည်းစိမ်ဥစ္စာ၊ ခွန်အားဗလ၊ ရုပ်အဆင်းပညာ၊ ခြွေရံသင်းပင်း၊ ရာထူးအာဏာ စသည်အားဖြင့် သူ့အောက်နိမ့်ကျတော့ကော ဘာအရေးစိုက်စရာလိုသလဲ" ဟု ယူဆလာသည်။

ယင်းသို့ ယူဆလာသောအခါ မိမိက နိမ့်ကျနေမှန်း သိလျက် မိမိကိုယ်ကို မနိမ့်ချဘဲ –

"ကိုယ်လုပ်ပုကိုယ်စားရတာ၊ ကိုယ့်ထမင်းကိုယ်စားနေတာ၊ ပွဲတော့ ဘာဖြစ်သလဲ၊ သူ့ဘာသာသူ ချမ်းသာတာ၊ ငါက ဘာအရေးစိုက်စရာလိုသလဲ" ဟု မထီလေးစား ပြောဆိုပြုမူ ဆက်ဆံလာတတ်သည်။

ယင်းပုဂ္ဂိုလ် (၃) မျိုးတွင် တစ်မျိုးတစ်မျိုး၌ မာန် (၃) မျိုး (၃) စား ရှိလေသည်။

| | | |
|---|---|---|
| သေယျပုဂ္ဂိုလ်အား | – | သေယျမာန်၊ သဒိသမာန်၊ ဟီနမာန်(၃)မျိုး |
| သဒိသပုဂ္ဂိုလ်အား | – | သေယျမာန်၊ သဒိသမာန်၊ ဟီနမာန်(၃)မျိုး |
| ဟီနပုဂ္ဂိုလ်အား | – | သေယျမာန်၊ သဒိသမာန်၊ ဟီနမာန်(၃)မျိုး |

ဤသို့အားဖြင့် မာန် (၉) မျိုး ဖြစ်လာရပါသည်။

ယင်းမာန် (၉) မျိုးတွင် –

– သေယျပုဂ္ဂိုလ်အား သေယျမာန်
– သဒိသပုဂ္ဂိုလ်အား သဒိသမာန်
– ဟီနပုဂ္ဂိုလ်အား ဟီနမာန်

ဖြစ်ခြင်းသည် အမှန်တကယ် မိမိ၌ရှိသော ဂုဏ်ကိုစွဲ၍ ဖြစ်သောကြောင့် မှန်ကန်သော မာန်မည်ပါသည်။

ဤမှန်ကန်သောမာန် (၃) မျိုးသည် အလွန်နူးညံ့သိမ်မွေ့လှသည်ဖြစ်၍ အောက်မဂ်သုံးပါးဖြင့် မပယ်သတ်နိုင်ပေ၊ အရဟတ္တမဂ်ဖြင့်သာလျှင် အကြွင်းအကျန် မရှိအောင် ပယ်သတ်နိုင်ပါသည်။

ယင်းမာန်သုံးမျိုးသည် ဘဝကိုနှစ်သက်စေတတ်သည့် တဏှာတရားနှင့် အတ္တကို စွဲလန်းတတ်သော သက္ကာယဒိဋ္ဌိတရားများကဲ့သို့ အပါယ်လားကြောင်းတရား မဟုတ်၍ အပြစ်မကြီးလှပါ။

သို့သော်လည်း သုဂတိသံသရာ၌ လည်စေတတ်သော တရားဖြစ်၍

အရ ဟတ္ထမဂ်ဖြင့် အကြွင်းမဲ့မပယ်သတ်နိုင်သေးမီ ထကြွသောင်းကျန်းမှု၊ မာန်မူခြင်းမျိုး မဖြစ်ပွားအောင် တတ်နိုင်သမျှ ပယ်နိုင်ပါမှ ချိုးနှိမ်နိုင်သမျှ ချိုးနှိမ်ပါမှ လောကီ လူမှုရေးရာ အဆင်ပြေမှုရှိပြီး လောကုတ္တရာ အထက်တန်းနိဗ္ဗာန်နန်းသို့ စံမြန်းနိုင်ပါသည်။

သေယျပုဂ္ဂိုလ်အား - သဒိသမာန် ဟီနမာန်(၂)မျိုး

သဒိသပုဂ္ဂိုလ်အား - သေယျမာန် ဟီနမာန်(၂)မျိုး

ဟီနပုဂ္ဂိုလ်အား - သေယျမာန် ဟီနမာန်(၂)မျိုး

ဖြစ်ခြင်းများသည် အမှန်တကယ် မိမိ၌ မရှိသော ဂုဏ်ကို စွဲ၍ဖြစ်သောကြောင့် မမှန်ကန်သော မာန်မည်ပါသည်။

ဤမမှန်ကန်သော မာန်ခြောက်မျိုးသည် အလွန်ရှုန့်ရင်းကြမ်းတမ်းသည်ဖြစ်၍ သောတာပတ္တိမဂ်ကပင် ပယ်သတ်နိုင်ပါသည်။

ယင်းမာန်ခြောက်မျိုးသည် အပါယ်သို့လားစေတတ်သည့်ဖြစ်၍ အပြစ်ကြီးလှပါသည်။ အပါယ်သံသရာ ဝဲဃက်မှ မနစ်မြုပ်လို လွတ်လိုသောသူတို့သည် ဤမာန်ခြောက်မျိုး မိမိတို့သန္တာန်၌ မဖြစ်ပွားရလေအောင် အထူးရှောင်ကြဉ်သင့်ပါသည်။

## အတိမာန - အဝမာန

အတိမာနဟူသည် သူတစ်ပါးတို့ထက် မိမိက သာလွန်သည်ဟု မိမိကိုယ်ကို အထင်ကြီးနေသော မာနမျိုး ဖြစ်သည်။

ဤအတိမာနသည် သေယျမာန်ကဲ့သို့ မြတ်သော ပုဂ္ဂိုလ်စသည်တို့၏ အစွမ်းဖြင့် ပုဂ္ဂိုလ်ကို မသုံးသပ်ဘဲ လောက၌ အမျိုးအနွယ် စည်းစိမ်ဥစ္စာရုပ်အဆင်း အတတ်ပညာစသည်အားဖြင့် လူ လူချင်းနှိုင်းယှဉ်လျှင် ငါနှင့်တူသောသူ မရှိဟု မှတ်ထင်အထင်ကြီးခြင်းမျိုး ဖြစ်ပါသည်။

သတ္တဝါတို့၏သန္တာန်၌ ယင်းအတိမာန်ဖြစ်လာသည့်ရှိသော် စိတ်နေစိတ်ထား ကိုယ်နေကိုယ်မာန်အလွန် ထောင်လွှားတတ်ကြွမှု ဖြစ်လာသည်။

သူတစ်ပါးတို့ကို ကျော်လွန်၍ မိမိကိုယ်ကို အလွန်အထင်ကြီးလာသည်။ သူတစ်ပါးတို့ထက် မိမိကသာလျှင် အရာရာမှာသာသည်ဟု ထင်မှတ်လာသည်။

ထိုအခါ ထိုသူသည် ''ငါ – ငါ – ငါ'' ဟု လက်မ ထောင်လျက် သူ့ တစ်ပါးအား အထင်သေး အမြင်သေး အမြင်ဖြင့် မောက်မောက်မာမာရိုင်းပျစွာ ပြောဆိုပြုမူဆက်ဆံလာတတ်သည်။

အဓိမာနဟူသည် မိမိ၌ဈာန်မဂ်ဖိုလ် မရသေးဘဲလျက် ရအပ်ပြီးဟု မှတ်ထင် အထင်ကြီးနေမှုမာနမျိုး ဖြစ်သည်။

အရိယာပုဂ္ဂိုလ်များသည် မိမိသန္တာန်၌ အမှန်တကယ် ရရှိပြီးသော မဂ်, ဖိုလ်, နိဗ္ဗာန်တို့ကိုလည်းကောင်း မိမိသန္တာန်၌ပယ်ပြီးသော ကိလေသာ မပယ်သေးသော ကိလေသာတို့ကိုလည်းကောင်း ဆင်ခြင်သည့်အခါ အရိယာတို့၏ ဂုဏ်ကိုသိမှု၌ ယုံမှားသံသယမရှိ အမှန်တကယ် သိသည်ဖြစ်၍ –

– ငါသည် သကဒါဂါမ်ဖြစ်၏။

– ငါသည် အနာဂါမ်ဖြစ်၏။

– ငါသည် ရဟန္တာဖြစ်၏။

ဟု မိမိသန္တာန်၌ မရရှိသေးသော အထက်မဂ်၊ အထက်ဖိုလ်တို့ကို ငါရပြီးဟု ထင်မှတ်အထင်မှုမျိုးသည် အဓိမာန မဖြစ်နိုင်ပါ။

သီလမရှိသောပုဂ္ဂိုလ်သည် အရိယာတို့၏ အသုံးအဆောင်ဖြစ်သော မဂ်ဖိုလ်တည်းဟူသော ဂုဏ်တို့ကို ရခြင်း၌ အလိုမရှိသည်ဖြစ်၍ ဈာန်မဂ်ဖိုလ်တို့ကို မရသေးဘဲ ငါရပြီဟု မှတ်ထင်အထင်ကြီးမှုမျိုး အဓိမာနဖြစ်ရိုး မရှိပေ။

သီလရှိသော သူပင်ဖြစ်သော်လည်း ဝိပဿနာ ကမ္မဋ္ဌာန်းကို အားထုတ်မှုကို မပြုလုပ်ဘဲ အိပ်ငိုက်ခြင်းစသည်၌ မွေ့လျော်နေလျှင်လည်း ယင်းအဓိမာနမျိုး မဖြစ်နိုင်ပေ။

ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်သူသည်သာ မိမိသန္တာန်၌ သမထဝိပဿနာတို့၏ အစွမ်းအာနုဘော်ကြောင့် ဆယ်နှစ်, အနှစ်နှစ်ဆယ်, အနှစ်သုံးဆယ်, အနှစ်ခြောက်ဆယ်, အနှစ်ရှစ်ဆယ်, အနှစ်တစ်ရာတိုင်တိုင် ကိလေသာတရားတို့ ဖြစ်ပေါ်ခြင်း မရှိ၍

''ငါသည် သောတာပန်ဖြစ်၏၊ သကဒါဂါမ်ဖြစ်၏၊ အနာဂါမ်ဖြစ်၏၊ ရဟန္တာ ဖြစ်၏၊ ငါသည် ဈာန်မဂ်ဖိုလ် တရားတို့ကို ရပြီး'' ဟု မှတ်ထင်မှုမျိုး အထင်မှားမှုမျိုး အထင်ကြီးမှုမျိုးသာ အဓိမာနဖြစ်နိုင်ပါသည်။

ထို့ပြင် မိမိကိုယ်ကို မင်္ဂလာလေးပါးတို့ဖြင့် ပြုထိုက်သော ကိစ္စတို့ကို မပြုအပ်သေးဘဲ ပြုအပ်ပြီးဟူ၍လည်းကောင်း၊

သစ္စာလေးပါးတရားတို့ကို မရအပ်သေးဘဲလျက် ရအပ်ပြီးဟူ၍လည်း ကောင်း၊

အရဟတ္တမဂ်ဖြင့် မျက်မှောက်မပြုအပ်သေးဘဲ ပြုအပ်ပြီးဟူ၍လည်း ကောင်း၊

မှတ်ထင်အထင်ကြီးမှုမျိုး အဓိမာနသည် ယင်းဝိပဿနာကမ္မဋ္ဌာန်းကို ပြင်းစွာ အားထုတ်သော ပုဂ္ဂိုလ်သန္တာန်၌သာ ဖြစ်နိုင်ပါသည်။

## မာန်တက်ခြင်း (၄) မျိုး

၁။ ဇာတိမာန် – မျိုးရိုးဂုဏ်ပြင့်မားသည်ကို အကြောင်းပြု၍ မာန်တက်ခြင်း

၂။ ဓနမာန် – ဥစ္စာပစ္စည်းပြည့်စုံကြွယ်ဝမှုကို အကြောင်းပြု၍ မာန်တက်ခြင်း

၃။ ပညာမာန် – စာပေတတ်ကျွမ်းမှုကို အကြောင်းပြု၍ မာန်တက် ခြင်း

၄။ အဆင်းမာန် – ရုပ်ရေလှပမှုကို အကြောင်းပြု၍ မာန်တက်ခြင်း

မျိုးရိုးဂုဏ်လိုက်၍ မာန်တက်ခြင်းသည် တဏှာ, မာန, ခြံရံသောစိတ် ဖြစ်၍ မိမိဘဝအတွက် ကောင်းကျိုး မရှိနိုင်ပါ၊ အပျားမုန်းခြင်းသာ ခံရတတ်ပါသည်၊ ရန်သူသာ ပေါ်များပါသည်။

အမျိုးမြတ်သူမှန်က မာန်မာနမထားဘဲ ညင်ညင်သာသာ ပြောဆိုဆက် ဆံတတ်ရပါသည်။ ထိုသို့ဆက်ဆံ ပြောဆိုတတ်ပါက မိမိထက်အောက်တန်းကျ သော သူများကပင် မိမိကို ချစ်ခင်မြတ်နိုးပြီး မိမိလိုရာကို ကူညီပါသည်၊ မိမိစေ ခိုင်းရာကို ပြုလုပ်ဆောင်ရွက်ပေးပါသည်။

ဥစ္စာရှိသူ မာန်တက်က ပို၍ရန်များလှပါသည်၊ မိမိထက်ဥစ္စာပစ္စည်းနိမ့် ကျသောသူများအပေါ် သဘောထား ကြီးကြီးထား၍ သနားကြင်နာစွာ ဆက်ဆံ ခြင်း၊ ပေးကမ်းချီးမြှင့်ခြင်းပြုပါက မိမိအတွက်လည်း ခြွေရံသင်းပင်းပေါမည်၊

ကူညီသူပေါ်မည်၊ မိမိစည်းစိမ်ဥစ္စာအတွက်လည်း လုံခြုံ၍ အကာအကွယ်ပေး ကြမည် ဖြစ်သည်။

ပညာတတ်သောသူသည် အသိအလိမ္မာပိုမိုရှိပြီး ပိုမိုယဉ်ကျေးသိမ်မွေ့ ရန်၊ မာန်မာနကင်းရန် ဖြစ်ပါသည်။ ပညာတတ်ပြီး ပညာမာန်ဖြင့် သူတစ်ပါးပေါ် မောက်မာခြင်း သူတစ်ထူးကို အထင်သေးဆက်ဆံခြင်း၊ နှိမ်ချခြင်းပြုပါက မိမိ ပညာအတွက် မိမိဘဝကို ပစ္စုပ္ပန်သံသရာနှစ်ဖြာ ဆိုးကျိုးကို ခံစားရတတ်ပါသည်။

ပညာဖြင့် သိမ်မွေ့ခြင်း၊ လောကကောင်းကျိုး သည်ပိုးဆောင်ရွက်ပေး ခြင်းဖြင့် မိမိအတွက်ရော တိုင်းသူပြည်သားအတွက်ပါ အကျိုးရှိပြီး ကောင်းကျိုးချမ်း သာ ခံစားကြရမည် ဖြစ်ပါသည်။

အလှမာန်ယစ်ခြင်းသည်လည်း မိမိဘဝအတွက် ဆိုးကျိုးသာရနိုင်ပါ သည်။ အလှကြွယ်ခြင်းသည် ရှေးရှေးဘဝက ဒေါသနည်းပါးခြင်း၊ သီလရှိခြင်း၊ ပန်းစသည် လှူဒါန်းခြင်း၊ ဘုရားကျောင်းစသည်၌ အမှိုက်သရိုက်ရှင်းခြင်း စသော ကုသိုလ်ကောင်းမှုကြောင့် ယခုဘဝတွင် ရုပ်ရည် အဆင်းလှပတင့်တယ်ခြင်းကို ရရှိခဲ့ရသည်။

ယခုဘဝတွင် အလှဂုဏ်မာန်တက်၍ သူတစ်ပါးအား အဖက်မတန် အောင် ဟန်ကြီးပန်ကြီးလုပ်က လာမည့်ဘဝတွင် အရုပ်ဆိုးအကျည်းတန်ပေမည်။ လှပသော ကိုယ်အတွင်းဝယ် သန့်ရှင်းသောစိတ် မေတ္တာပွားနိုင်အောင် ကြိုးစားရ ပေမည်။

မာန်မာနရှိသောသူသည် နောက်ဘဝတွင် အမျိုးယုတ်ညံ့တတ်သည်ဟု ဆိုသည့်အတိုင်း မာန်မာနကင်းရန် စိတ်ကိုမေတ္တာစိတ်ထားနိုင်ရန် အမြဲကြိုးစား သင့်ကြပါသည်။

## အယူလွဲမှား ဒိဋ္ဌိများ

'မှားသောအမြင် ဒိဋ္ဌိတွင်သာ'ဟု ဆိုသည့်အတိုင်း မှားမှားယွင်းယွင်း သိမြင်ခြင်းများသည် ဒိဋ္ဌိမည်ပါသည်။

အသိအမြင်မှားနေခြင်းကို အယူမှားခြင်းဟု ခေါ်ဆိုပါသည်။ မည်သို့ အယူမှားသနည်းဆိုသော် –

(က) မရှိသည်ကို အရှိဟု ထင်မှတ်အယူမှားခြင်း

ဤကမ္ဘာလောကကြီးနှင့် သတ္တဝါများကို ဖန်ဆင်းသူမရှိပါဘဲလျက် ဖန်ဆင်းသူရှိ၏ သိမြင်ခြင်း၊ သတ္တဝါတို့၏ ကိုယ်ခန္ဓာအတွင်း၌ အတ္တဟူသော အသက်ကောင် မရှိဘဲလျက် အတ္တဟူသော သားကောင်ရှိသည်ဟု သိမြင်ခြင်း၊ ဤသည်မှာ မရှိသည်ကို အရှိဟု သိမြင်နေသော အယူမှား (ဒိဋ္ဌိ) ဖြစ်ပါသည်။

(ခ) ရှိသည်ကို မရှိဟု ထင်မှတ်အယူမှားခြင်း

သတ္တဝါတို့၏သန္တာန်၌ ပြုပြုသမျှကုသိုလ်ကံသည် နောင်အခါအကျိုး ပေးရန် သတ္တိများ ကျန်ရှိနေပါလျက် ထိုကုသိုလ်ကံ၊ အကုသိုလ်ကံမရှိဟူ၍ သိမြင်ခြင်း၊ ထိုကံများ၏ အကျိုးကို အကောင်းအဆိုး အမျိုးမျိုး ခံစားရပါလျက် ကံအကျိုး မရှိဟု သိမြင်ခြင်း၊ ရုပ်နာမ်တရားတို့၏ချုပ်ငြိမ်းရာ နိဗ္ဗာန်ရှိပါလျက် နိဗ္ဗာန်မရှိဟု သိမြင်ခြင်း၊ နိဗ္ဗာန်မရသေးသမျှ ရောက်ရဦးမည်၊ နောက်ဘဝရှိပါ လျက် တမလွန် (နောက်နောင် ဘဝ) မရှိဟု သိမြင်ခြင်း၊ ဤသည်တို့မှာ ရှိ သည်ကို မရှိဟု သိမြင်နေသော အယူမှား (ဒိဋ္ဌိ) ဖြစ်ပါသည်။

(ဂ) မဟုတ်သည်ကို အဟုတ်ဟု ထင်မှတ်အယူမှားခြင်း။

သတ္တဝါများကို သတ်၍ ယာဇ်နတ် ပူဇော်ခြင်းသည် အလွန်ကြီးကျယ် သော ကောင်းမှုကုသိုလ်ကြီးဖြစ်၏။ အလွန်အေးမြသော ကာလ၌ရေချိုးခြင်း၊ အလွန်ပူအိုက်သောကာလ၌ မီးဖိုလေးဖိုအလယ်၌နေ၍ ကိုယ်ကိုမီးကင်ခြင်း၊ နွား လိုနေခြင်း၊ ခွေးလိုနေခြင်း စသော အကျင့်များသည် ကိလေသာစင်ကြယ်ဖို့ အကြောင်း ကောင်းသော အကျင့်တည်း၊ ကောင်းသော အချိန်အခါဝယ် ဂင်္ဂါမြစ် ရေ၌ အပြစ်များကို မျှောရခြင်းသည် ပြုမိသောအပြစ်များကို စင်ကြယ်ဖို့အကြောင်း ကောင်းသော အကျင့်တည်း။ ဤသို့ စသည်ဖြင့် သိမြင်နေခြင်းသည် မဟုတ်သည် ကို အဟုတ်ဟု သိမြင်နေခြင်းသည် မဟုတ်သည်ကို အဟုတ်ဟု သိမြင်နေသော အယူမှား (ဒိဋ္ဌိ) ဖြစ်ပါသည်။

(ဃ) ဟုတ်သည်ကို မဟုတ်ဟု ထင်မှတ် အယူမှားခြင်း။

ဒါန, သီလ, ဘာဝနာများကို ပြုပြင်ခြင်းသည် သုဂတိဘဝသို့ ရောက် ကြောင်း နိဗ္ဗာန်ကိုသိမြင်ဖို့အကြောင်း၊ ကောင်းသောအကျင့်မဟုတ်ဟု သိနေခြင်း၊ ဤသည်မှာ ဟုတ်သည်ကို မဟုတ်ဟု သိမြင်နေသောအယူမှား(ဒိဋ္ဌိ)ဖြစ်ပါသည်။

ဆုပြည့်စုံထွန်းစာပေ

ထိုမှားသော အယူရှိသောသူများသည် သူ၏ အယူအဆကို အမှန်၊ အခြားသူ၏ အယူအဆကို အမှားဟူ၍ စွပ်စွဲတတ်ကြသည်။

အယူမှား(ဒိဋ္ဌိ)၏ အမှားသိပုံများသည် အလွန် များပြားလှပါသည်။ ဤအယူမှားနှင့်တကွဖြစ်သော စိတ်ကို အယူမှားစိတ် (ဒိဋ္ဌိစိတ်) ဟုခေါ်၍ ထိုအယူမှားရှိသူကို မှားသော အယူရှိသူ (မိစ္ဆာဒိဋ္ဌိ)ဟု ခေါ်ဆိုကြပါသည်။

## ဒိဋ္ဌိအမျိုးအစားများ

ဒိဋ္ဌိတို့သည် အမျိုးအစားအားဖြင့် အလွန်များပြားလှပါသည်။ ထိုဒိဋ္ဌိတို့သည် ၆၂ ပါးဟု ဘုရားရှင်က ဟောကြားထားပါသည်။

## ဥစ္ဆေဒဒိဋ္ဌိ

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ ဟူသော ခန္ဓာငါးပါးတွင် တစ်ပါးပါးကို အတ္တလောကဟု ယူဆလျက် ယင်းအတ္တလောကကိုပင် သတ္တဝါဟု အမှတ်သညာ ရှိသည် ဖြစ်၍-

''သတ္တဝါသေပြီးနောက် ဘာမျှမဖြစ်တော့ပြီ'' ဟု ယူဆသော အယူအဆမျိုးသည် ဥစ္ဆေဒဒိဋ္ဌိအယူမျိုး ဖြစ်ပါသည်။

တမလွန်ဘဝကို ငြ ်းမြစ်ပိတ်ပင်တတ်သောကြောင့် မှားယွင်းသော အယူ ဖြစ်လေသည်။ ဘုရားရှင်က ဘဝမရှိမှားသောအယူ (ဝိဘဝဒိဋ္ဌိ) ဟူ၍ ဟောခဲ့ပါသည်။

ဥစ္ဆေဒဒိဋ္ဌိအယူရှိသူတို့တွင် အချို့ပုဂ္ဂိုလ်တို့က ခန္ဓာငါးပါးတွင် တစ်ပါးပါးကို အတ္တဟူ၍လည်းကောင်း၊ လောကဟူ၍လည်းကောင်း ယူဆကြသည်။

အချို့ပုဂ္ဂိုလ်တို့က ခန္ဓာငါးပါးရှိရာတွင် ခန္ဓာတစ်ပါးကို အတ္တဟု ယူဆကြပြီးလျှင် ဤခန္ဓာလေးပါးကို အတ္တ၏ အသုံးအဆောင်ဖြစ်သော လောကဟု ယူဆကြသည်။

အချို့ပုဂ္ဂိုလ်က မိမိ မိမိ၏အတ္တကိုသာ အတ္တဟု ယူဆကြပြီး အခြားသူ၏ အတ္တကို လောကဟု ယူဆကြသည်။

သို့ဖြစ်၍ ထိုသူတို့သည် အတ္တကောင် သတ္တဝါကောင်နှင့် လောကသည် ပြတ်စဲသည်။ ထိုပြတ်စဲသွားသော သတ္တဝါသည် တခြားဖြစ်၍ တစ်ဖန်အသစ်ပြန် လာသော သတ္တဝါသည် အခြားအသစ်တစ်မျိုး ဖြစ်သည်။ ယင်းနှစ်မျိုးသည် ပည်သို့မျှ အကြောင်းအကျိုးဆက်စပ်မှု မရှိဟု ယူဆကြသည်။

ဥစ္ဆေဒဒိဋ္ဌိအယူရှိသူတို့သည် မီးတောက်ကိုပင် မီးရောင်၊ မီးရောင်ကိုပင် မီးတောက်ဟု တစ်ခုတည်း တစ်သားတည်း ယူသကဲ့သို့ အလားတူကိုယ်ခန္ဓာ အခြား အသက်ဝိညာဉ်(အတ္တ) တခြားဟု တစ်ခုစီမခွဲခြားဘဲ တစ်သားတည်း အတူတူ ယူကြသည်။

သို့ဖြစ်၍ ယင်းပုဂ္ဂိုလ်များသည် မီးတောက်ငြိမ်းလျှင် မီးရောင်ပျောက် သည်၊ မီးရောင်ပျောက်လျှင် မီးတောက်ငြိမ်းသည်ဟု ဆိုသကဲ့သို့ ကိုယ်ခန္ဓာသေ ဆုံးပျက်စီး ကွယ်ပျောက်သွားလျှင် အသက်ဝိညာဉ် (အတ္တ) ပါ သေဆုံးပျက်စီး ကွယ်ပျောက်သွား၏။ အသက်ဝိညာဉ် သေဆုံးကွယ်ပျောက် ပျက်စီးသွားလျှင် ကိုယ်ခန္ဓာပါသေဆုံး ကွယ်ပျောက် ပျက်စီးသွားသည်ဟု ယူဆလက်ခံကြသည်။

ထိုအယူရှိသော သူတို့သည်

- အလှူလေးပေးလှူခြင်းသည် အကျိုးမရှိ
- အလှူကြီးပေးလှူခြင်းသည် အကျိုးမရှိ
- ဧည့်သည်တို့အား ကျွေးမွေးပြုစုခြင်းသည် အကျိုးမရှိ
- ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးအပြစ် မရှိ
- အမိအားပူဇော်ခြင်း၊ စော်ကားခြင်းတို့၌ အကျိုးအပြစ်မရှိ
- အဘအားပူဇော်ခြင်း၊ စော်ကားခြင်းတို့၌ အကျိုးအပြစ်မရှိ
- ဥပပတ္တိကိုယ်ထင်ရှားဖြစ်သော နတ်,ပြဟ္မာတို့သည် မရှိ
- ပစ္စုပ္ပန်ဘဝ တမလွန်ဘဝဆိုတာမရှိ
- ဤကမ္ဘာလောက၌ စိတ်ငြိမ်စွာ ကောင်းစွာ ကျင့်ကုန်သော ရဟန်း ရဟန္တာ ပစ္စေက ဗုဒ္ဓါမရှိ
- ဤလောကဓာတ်၊ အခြားလောကဓာတ်တို့ကို ကိုယ်တိုင်သိမြင် ၍ ဟောကြားနိုင်သော ဘုရားမည်သည် မရှိဟု တားမြစ်ပယ်ရှ၍ ကံ-ကံ၏အကျိုးကို မယုံကြည်ကြချေ။

---

**ဆုပြည့်စုံထွန်းစာပေ**

ထို့ကြောင့် ထိုသူတို့သည် မကောင်းမှုဒုစရိုက် အားလုံးတို့ကို ပြုလုပ်ရမည်တို့ကို မကြောက်သူ၊ ဝန်မလေးသူ၊ မကြောက်သူများ ဖြစ်ကြသည်။

လူဖြစ်လာခြင်းသည် မွေးခြင်းအစ သေခြင်းအဆုံး ရှိ၏၊ နောင်ဘဝဆိုသည် ပရှိ၊ သံသရာဆိုသည်များ မရှိ၊ ယခုဘဝ ယခုခန္ဓာကိုယ် ပြုလုပ်ခဲ့သော အကျိုးအပြစ်ကိုလည်း နောင်ဘဝနောင်သံသရာ မရှိ၍ နောင်ခန္ဓာကိုယ်က ခံစားစရာမလို။

ယခုဘဝ ယခုခန္ဓာကိုယ်ဖြင့်သာ လောကီကာမဂုဏ်ချမ်းသာ စည်းစိမ်ကို ပြည့်ပြည့်ဝဝ ခံစားရန် လိုသည်ဟု ယူဆချက်များဖြစ်၍ ယခုဘဝ ယခုခန္ဓာကိုယ် ကောင်းစားရေးအတွက် လောကီကာမဂုဏ်စည်းစိမ်ကို ရမည်ဆိုလျှင် ဘနဖူး သိုက်တူးမည့်သူ ဆိုသကဲ့သို့ မိဘသတ်ရမှာကိုလည်း မကြောက်၊ ဆရာကို စော်ကားရမှာလည်း ဝန်မလေးတော့ပေ။

ယင်းတို့သည် မကောင်းမှုဒုစရိုက်ဆယ်ပါးကို တွင်တွင်ကြီး ပြုလုပ်ရဲလေတော့မည်ဖြစ်၍ ဤလောကသည် ငြိမ်းချမ်းမှုမရှိ ပျက်စီးမည်သာဖြစ်ပါသည်။ ထိုသူများသည်လည်း အကုသိုလ်ကံအားလျော်စွာ အပါယ်သို့ လားရောက်ကြရမည် ဖြစ်ပါသည်။

လောက၌ ဥစ္ဆေဒဒိဋ္ဌိအယူရှိသူ (၂) ဦး ရှိပါသည်။

(၁) တိတ္ထိအ[illegible]ျင့်ဖြင့် လောကီစျာန် အဘိညာဉ်ရပုဂ္ဂိုလ်

(၂) ရိုးရိုးပုဂ္ဂိုလ်

လောကီစျာန် အဘိညာဉ်ရထားသော ပုဂ္ဂိုလ်သည် မိမိရရှိထားသော လောကီဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် သတ္တဝါတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်းတို့ကို ကြည့်ရှုလတ်သော် ပျက်စီးသွားသော စုတိမျှကိုသာမြင်ရာ တစ်ဖန်ဖြစ်ပေါ်လာသော ပဋိသန္ဓေကို မမြင်ခြင်းကြောင့် သတ္တဝါသေလျှင် ပြတ်စဲသွားတော့၏ ဟု ယူဆသော ဥစ္ဆေဒဒိဋ္ဌိကို ခိုင်မြဲမှား ယူလေတော့သည်။

ရိုးရိုးပုဂ္ဂိုလ်သည်ကား ကာမဂုဏ်ချမ်းသာ၌ အလွန် တပ်မက်လှ၍–

''လောက၌ တမလွန်လောကကို မည်သူသိနိုင်ပါအံ့နည်း၊ တမလွန်ဘဝကို သိနိုင်သူသည် လောက၌မရှိ'' ဟု ဆင်ခြေပေး၍လည်းကောင်း၊ ''သစ်ပင်မှကြွေကျကုန်သော သစ်ရွက်တို့သည် တစ်ဖန် သစ်ပင်၌ ကပ်ရောက်၍ စိမ်းရှင်

ခြင်းငှာ မဖြစ်နိုင်သကဲ့သို့ ထိုလူသေပြီးသော သတ္တဝါတို့သည်လည်း တစ်ဖန်ရှင်ခြင်းဖြစ်ခြင်းငှာ မဖြစ်နိုင်ဟု ဥပမာပြ၍ လည်းကောင်း''

မိမိ၏ ဉာဏ်သေး ဉာဏ်မွှားဖြင့် ထင်မိထင်ရာ ကြံဆ၍ သတ္တဝါသေလျှင် ပြတ်စဲသွားတော့၏ဟူသော ဥစ္ဆေဒဒိဋ္ဌိအယူကို နိုင်မြဲစွာယူလေတော့သည်။

## သဿတဒိဋ္ဌိ

ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့တွင် တစ်ပါးပါးကို သတ္တလောကဟု ယူဆလျက် ယင်းသတ္တလောကကိုပင် သတ္တဝါဟု အမှတ်ရှိသည်ဖြစ်၍ သတ္တဝါ သေလွန်ပြီးနောက် မပြတ် တစ်ဘဝမှ တစ်ဘဝသို့ ကူးပြောင်းလျက် အမြဲတည်ရှိ၏ ယူဆသော အယူမျိုးကို ဆိုလိုပေသည်။

သဿတဒိဋ္ဌိသည် ရုပ်–နာမ်ဓမ္မတို့၏ အနန္တရပစ္စည်းဖြင့် ကြောင်းကျိုးဆက်သွယ်ဖြစ်နေမှု ပဋိစ္စသမုပ္ပါဒ်တရားကို တားမြစ်ပစ်ပယ်သောကြောင့် မှားယွင်းသော ဒိဋ္ဌိဖြစ်ရလေသည်။

ယင်းကို ဘုရားရှင်က သတ္တဝါတို့၏အဇ္ဈာသယ အားလျော်စွာ ဘဝဒိဋ္ဌိဟူသော အမည်တစ်မျိုးဖြင့် ဟောကြားထားခဲ့ပါသည်။

လောက၌ အသဿတဒိဋ္ဌိအယူရှိသူ (၄) ဦး ရှိသည်ဟု ဆိုပါသည်။

- တစ်ဆင့်ကြားပုဂ္ဂိုလ်
- ဇာတိဿရဉာဏ်ပုဂ္ဂိုလ်
- လောကီစျာန် အဘိညာဉ်ရပုဂ္ဂိုလ်
- သက်သက်ကြံဆပုဂ္ဂိုလ်

ယင်း (၄) မျိုးတွင် တစ်ဆင့်ကြားပုဂ္ဂိုလ်သည် ''ငါဘုရားသည် ဝေဿန္တရာမင်း ဖြစ်ခဲ့ဖူးပြီ'' စသည် စကားတို့ကို ကြားနာရခြင်းကြောင့် အကယ်၍ ဝေဿန္တရာမင်းသည် ဘုရားဖြစ်လာအံ့ အတ္တသည်မြဲ၏ ကြံဆ၍ သဿတဒိဋ္ဌိကို နိုင်မြဲစွာယူလေသည်။

ဇာတိဿရဉာဏ်ပုဂ္ဂိုလ်သည်ကား နှစ်ဘဝ သုံးဘဝတို့ကို အောက်မေ့နိုင်၍ ငါသည်သာလျှင် ရှေးဘဝ၌ မည်သို့သော အမျိုး၌ဖြစ်ခဲ့ဖူးပြီ။ ထို့ကြောင့် အတ္တသည် မြဲ၏ ဟုကြံဆ၍ သဿတဒိဋ္ဌိအယူကို နိုင်မြဲစွာယူလေသည်။

လောကီစျာန် အဘိညာဉ်ရပုဂ္ဂိုလ်သည်ကား ငါ၏ အတ္တသည် ယခုပစ္စုပ္ပန်ဘဝ၌ စျာန်အဘိညာဉ်ချမ်းသာနှင့် ပြည့်စုံသကဲ့သို့ ရှေးအတိတ်ဘဝ၌လည်း စျာန်အဘိညာဉ် ချမ်းသာနှင့်ပြည့်စုံခဲ့ဖူးပြီ၊ နောင်အနာဂတ်ဘဝ၌လည်း စျာန်အဘိညာဉ်ချမ်း သာနှင့် ပြည့်စုံလိမ့်မည်ဟု ကြံဆ၍ သဿတဒိဋ္ဌိကို ခိုင်မြဲစွာယူသည်။

သက်သက်ကြံဆသော ပုဂ္ဂိုလ်သည်ကား အကြောင်းမပါ မိမိစိတ်ထင်ရာအတိုင်း ဤတရားသဘောသည် ဤသို့ဖြစ်သင့်၏ ဟုကြံဆယူ၍ သဿတဒိဋ္ဌိအယူကို ခိုင်မြဲစွာ ယူလေသည်။

တစ်ဖန်ပုဂ္ဂိုလ် (၃) မျိုးသည် သဿတဒိဋ္ဌိအယူကို မျက်မှောက်ရှုမြင်၍ ခိုင်မြဲစွာ ယူတတ်လေသည်။

**၁။ ရှေးအတိတ်ဘဝတစ်သိန်းတိုင်အောင် မြင်နိုင်သောပုဂ္ဂိုလ်**

ယင်းပုဂ္ဂိုလ်သည် နုံ့နှေးအောင်မြင်နိုင်သော ပုဂ္ဂိုလ်တို့၏အကျင့်ကို ကျင့်သည်ရှိသော် အစွမ်းကုန် ဘဝတစ်သိန်းချှကို အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသနုဿတိ ဉာဏ်ကို ရသူဖြစ်သည်။

**၂။ အတိတ်ဘဝဆယ်ကမ္ဘာတိုင်အောင် မြင်နိုင်သော ပုဂ္ဂိုလ်**

ယင်းပုဂ္ဂိုလ်သည် အလယ်အလတ်ပညာရှိသည် ဖြစ်၍ တိတ္ထိတို့၏ အကျင့်ကို ကျင့်သည်ရှိသော် အစွမ်းကုန် ဆယ်ကမ္ဘာကို အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသနုဿတိ အဘိညာဉ်ကို ရရှိသူဖြစ်သည်။

**၃။ ရှေးအတိတ်ဘဝကမ္ဘာလေးဆယ်ကို မြင်နိုင်သော ပုဂ္ဂိုလ်**

ယင်းပုဂ္ဂိုလ်သည် ထက်မြက်သောပညာရှိသည် ဖြစ်၍ တိတ္ထိအကျင့်ကို ကျင့်သည်ရှိသော် အစွမ်းကုန် ကမ္ဘာလေးဆယ်ကို အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသဉာဏ်ကို ရရှိသူဖြစ်သည်။

ဤပုဂ္ဂိုလ် (၃) ဦးသည် မိမိတို့အသီးသီး ရရှိထားသော ပုဗ္ဗေနိဝါသဉာဏ်ဖြင့် မိမိတို့၏ရှေးဘဝခန္ဓာအစဉ်ကို ပြန်လှန်အောက်မေ့ဆင်ခြင်ကြည့်ရှုလတ်သော်–

"ငါသည် ဤမည်သောဘဝ၌ ဤအမည်ရှိခဲ့၏၊ ဤအမျိုး၌ ဖြစ်ခဲ့ရ၏၊ ဤအနွယ်၌ဖြစ်ခဲ့ရသည်၊ ဤအဆင်းရှိခဲ့၏၊ ဤအစားရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားရ၏၊ ဤသို့သော သက်တမ်းရှိ၏၊ ငါသည် ထိုထိုဘဝမှစုတေ၍ ယခုပစ္စုပ္ပန် ဘဝ၌ ငါဖြစ်လာရ၏" ဟု ကိုယ်တိုင်မျက်မှောက်ရှုမြင်၍ သဿတဒိဋ္ဌိအယူဝါဒကို ခိုင်မြဲစွာယူလေသည်။

ယင်းသဿတဒိဋ္ဌိအယူရှိသူတို့တွင် အချို့ပုဂ္ဂိုလ်တို့က ခန္ဓာငါးပါးထဲ၌ အထည့်ခံ၊ အမာခံ အနှစ်သာရ ဖြစ်သော အသက်ဝိညာဉ်ခေါ်အတ္တ (လောက) သည် သီးသန့်ရှိသည်ဟု ယူဆကြပါသည်။

အချို့ပုဂ္ဂိုလ်တို့က ခန္ဓာငါးပါးတို့တွင် တစ်ပါးပါးကို အတ္တဟူ၍လည်းကောင်း၊ လောကဟူ၍လည်းကောင်း ယူဆကြသည်။

အချို့ပုဂ္ဂိုလ်တို့က ခန္ဓာငါးပါးရှိရာတွင် တစ်ပါးကို အတ္တဟု ယူဆကြပြီးလျှင် ကျန်ခန္ဓာလေးပါးကို အတ္တ၏ အသုံးအဆောင်ဖြစ်သော အလောကဟူ၍လည်းကောင်း ယူဆကြပါသည်။

အချို့သောပုဂ္ဂိုလ်တို့က မိမိ၏အတ္တကိုသာ အတ္တဟု ယူဆကြပြီး အခြားသူ၏အတ္တကိုမူ လောကဟူ၍လည်းကောင်း ယူဆကြသည်။

ယင်းအတ္တကောင်နှင့် လောကသည် မပြတ်စဲမြဲ၏ဟု ယူဆကြပါသည်။

ယင်းသဿတဒိဋ္ဌိအယူရှိသူတို့သည် အရိပ်နှင့် သစ်ပင်တွင် အရိပ်နှင့် သစ်ပင်ကဲ့သို့ အနံ့ရှိသော ပန်းပွင့်၌ အနံ့နှင့်ပန်းပွင့်ကဲ့သို့ ပတ္တမြား ထည့်ထားသော ကြုပ်၌ ကြုပ်နှင့်ပတ္တမြားကို တစ်ခုတည်း တစ်သားတည်း မယူဘဲ တစ်ခုစီခွဲခြား၍ ယူသကဲ့သို့ အလားတူကိုယ်ခန္ဓာနှင့် အသက်ဝိညာဉ်ခေါ် အတ္တကို တစ်ခုတည်း တစ်သားတည်း မယူဘဲ ခန္ဓာကိုယ်ကို တခြားယူ၍ အသက်ဝိညာဉ်ခေါ်အတ္တကို တခြားစီ ခွဲခြားယူကြသည်။

ထို့ကြောင့် ထိုသဿတဒိဋ္ဌိအယူရှိ ပုဂ္ဂိုလ်တို့သည် အရိပ်နှင့် သစ်ပင်တွင် အရိပ်၊ ပန်းပွင့်နှင့်အနံ့တွင် ပန်းပွင့်၊ ကြုပ်နှင့်ပတ္တမြားတွင် ကြုပ်ကို ကွယ်ပျောက်ပျက်စီးသွားသော်လည်း သစ်ပင်၊ အနံ့၊ ပတ္တမြားတို့မှာကား မကွယ်မပျောက် မပျက်စီးဘဲ တည်ရှိနေသကဲ့သို့ သတ္တဝါများ သေသည့်အခါ၌လည်း ခန္ဓာကိုယ် (ခန္ဓာငါးပါး)သာ တစ်ဘဝ တစ်ဘဝတွင် သေဆုံးပျက်စီးရ၍ အသက်ဝိညာဉ်ခေါ်

အတ္တသည်ကား သေဆုံးပျက်စီးသည်ဟူ၍မရှိ၊ ခန္ဓာကိုယ်သည်သာ ထိုထိုဘဝ၌ အသစ်ဖြစ်ပေါ်လာရသည်။

အသက်ဝိညာဉ်ခေါ်အတ္တသည် ခန္ဓာကိုယ်သေဆုံးပျက်စီးလျှင် သစ်ပင်တစ်ပင်မှ သစ်ပင်တစ်ပင်သို့ လျှောင်အိမ်တစ်ခုမှ လျှောင်အိမ်တစ်ခုသို့ ပြောင်းရွှေ့သွားသော ငှက်ကဲ့သို့ တစ်ဘဝမှ တစ်ဘဝသို့ ကူးပြောင်း၍ ထိုထိုဘဝ၌ ကံစီမံပေးသော ခန္ဓာကိုယ်အသစ်နှင့် နေရပြန်သည်ဟု ယူဆကြသည်။

ထို့ကြောင့် ယင်းပုဂ္ဂိုလ်များသည် အသက်ဝိညာဉ်ခေါ် အတ္တသည်မြဲ၏။ အမြဲဖြစ်နေ၏။ မည်သည့်အခါမျှ မသေမပျက်စီး၊ တောင်ထွတ်၊ ကျောက်သောင် မြေကြီး၊ မြင့်မိုရ်တောင်၊ နေလတို့ကဲ့သို့ အမြဲတည်နေ၏ဟု ယူဆကြလေသည်။

သဿတဒိဋ္ဌိအယူရှိသူများသည် ကံ-ကံ၏ အကျိုးကို ယုံကြည်ကြသည်၊ ပစ္စုပ္ပန်တမလွန်ဘဝသံသရာ၌ မိမိတို့၏ အသက်ဝိညာဉ်ခေါ် အတ္တ ချမ်းသာကောင်းစားရေးအတွက် များသောအားဖြင့် မကောင်းမှု ဒုစရိုက်တရား ဆယ်ပါးတို့ကို အထူးရှောင် ကြဉ်ကြ၍ ကောင်းမှုသုစရိုက် တရားဆယ်ပါးတို့ကိုလည်းကောင်း၊ ဒါနသီလကောင်းမှု တို့ကိုလည်းကောင်း၊ ကာဠုဒေဝီလရသေ့၊ အာဠာရရသေ့၊ ဥဒကရသေ့ စသည်တို့ကဲ့သို့ ဈာန်ကိုဖြစ်စေ ရစေနိုင်သည့် သမထကျင့်တရားတို့ကိုလည်းကောင်း သူ့ထက်ငါ လိုင်လိုင်ကြီး အားထုတ်ကြလျက် ရှိကြသည်။

သို့သော် သဿတဒိဋ္ဌိဝါဒအယူရှိသူတို့သည် (၃၁) ဘုံတည်းဟူသော လောကမှ လွတ်မြောက်ရာမဂ်ဖိုလ်နိဗ္ဗာန်ကို ရစေနိုင်သော ဝိပဿနာပညာကောင်းမှုပျိုးကိုမူကား ပြုလုပ်ဖို့ရန် ပသိုထားဘိ ရေးရေးမျှပင် မိမိတို့ဉာဏ်တွင် မထင်ပြင်နိုင်ဘဲ ရှိလေသည်။

သို့ဖြစ်၍ သဿတဒိဋ္ဌိအယူရှိသူတို့သည် သံသရာလည်ကြောင်း၊ သံသရာ နယ်ကျယ်စေကြောင်း ကောင်းမှု ကုသိုလ်ကိုသာ ပြုလုပ်နိုင်ကြ၍ သုဂတိဘဝသို့သာ ရောက်နိုင်ကြသည်။

ယင်းသုဂတိဘဝဟူသည်မှာလည်း အိုနာသေခြင်း စသောဆင်းရဲဒုက္ခအမျိုးမျိုးတို့မှ မလွတ်မြောက်နိုင်သော ဘဝမျိုးဖြစ်သည်။ ထို့ပြင် ထိုသုဂတိဘုံဘဝ၌ မသူတော်နှင့် တွေ့ကြုံရလျှင် အမိသတ်ကံ၊ အဘသတ်ကံ စသည် မကောင်းမှု

ကံကြီးများကို ကျူးလွန်နိုင်၍ အပါယ်ဒုဂ္ဂတိဘဝများသို့ ရောက်စေနိုင်ပါသည်။

သို့သော် သဿတဒိဋ္ဌိအယူရှိသူတို့သည် မိမိတို့ အယူအားလျော်စွာ များသောအားဖြင့် မကောင်းမှုဒုစရိုက် ကံတို့ကိုမပြုဘဲ ကောင်းမှုသုစရိုက်ကံတို့ကိုသာ ပြုလုပ်ကြသောကြောင့် 'မိမိတို့ယူထားသော သဿတဒိဋ္ဌိဝါဒမှ ပေါက်ပွားပေးလိုက်သော ကောင်းမှုသုစရိုက် (ကုသိုလ်ကံ) အားလျော်စွာ ·လူ နတ်ဗြဟ္မာဟူသော သုဂတိဘုံဘဝများ၌ အဖန်တလဲလဲ သံသရာနယ်ကျယ်စွာ ကျင်လည်ခံစားနေရတော့သည်။

ထိုဒိဋ္ဌိတို့အပြင် နတ္ထိကဒိဋ္ဌိ အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ (၃) မျိုးသည် အရေးကြီးသော ကမ္မပထ မြောက်ဒိဋ္ဌိမျိုးများမှာ ဖြစ်သည်။ ကျန်ဒိဋ္ဌိများမှာ သာမန် ဒိဋ္ဌိများသာဖြစ်ပါသည်။

## ၁။ နတ္ထိကဒိဋ္ဌိ

ကုသိုလ်လုပ်လုပ်၊ အကုသိုလ်လုပ်လုပ် နောက်ဘဝ၌ အကျိုးမရှိ။ သတ္တဝါသည် သေလျှင်ပြီးတာပဲဟု ယူဆသော အယူအဆမျိုးရှိခြင်း ဖြစ်သည်။

နတ္ထိကဒိဋ္ဌိအယူရှိသောသူသည်

၁။ အလှူကြီးပေးလှူကြောင်း စေတနာသည် အကျိုးမရှိ

၂။ အလှူကြီးပေးလှူခြင်းသည် အကျိုးမရှိ

၃။ ဧည့်သည်အား ကျွေးမွေးပြုစုရခြင်းသည် အကျိုးမရှိ

၄။ ကောင်းမှု မကောင်းမှုတို့၏အကျိုးရင်း အကျိုးဆက်မရှိ

၅။ ဟိုမှာဘက်တည်သူအတွက် ဤဘက်ဘဝ မရှိ

၆။ ဤဘက်ဘဝတည်သူအတွက် ဟိုမှာဘက် ဘဝမရှိ

၇။ မိခင်၌ပြုစုရသောအကျိုး နောင်ခါမရှိ

၈။ ဖခင်၌ပြုစုရသောအကျိုး နောင်ခါမရှိ

၉။ ဩပပါတိကသတ္တဝါ၊ နတ်ဗြဟ္မာဆိုတာမရှိ

၁၀။ ဤလောကတမလွန်လောကကို ကိုယ်တိုင်သိ၍ မျက်မှောက်ပြုဟော ပြောပြသနိုင်ကုန်၏၊ ညီညွတ်သည်၏အဖြစ်သို့ ရောက်ကုန်၍ ကောင်းစွာ ကျင့်လည်ကုန်သော ထိုသမဏ,ဗြဟ္မဏတို့ မရှိကုန်။

ဤသို့လျှင် နောက်ဘဝအကျိုး မရှိဟူသောအယူ၊ အကျိုးကို ပယ်လျှင် အကြောင်းရင်းစေတနာမှာလည်း အကျိုးပေးနိုင်စွမ်းသောသတ္တိမရှိရာ ရောက်သောကြောင့် အကြောင်းရင်းကံကိုလည်း ပယ်ပြီးသားဖြစ်နေသော အယူဖြစ်ပါသည်။

ဤအယူကို ခိုင်မြဲစွာယူထားသောသူသည် ကောင်းမှုကုသိုလ် သုစရိုက်များကို မပြုဘဲ မကောင်းမှု အကုသိုလ်ဒုစရိုက်သာ ပြုနေတော့မည်ဖြစ်၍ သေလျှင် အပါယ်ငရဲသာ ပြပေမည်။

## အဟေတုကဒိဋ္ဌိ

အကြောင်းလည်း မရှိ အကျိုးလည်း မရှိဟု အကြောင်း အကျိုးနှစ်မျိုး ပယ်သောအယူ ဖြစ်သည်။ လူဖြစ်လာရခြင်း ချမ်းသာခြင်း၊ ဆင်းရဲခြင်း စသည်တို့သည် အတိတ်ကပြုခဲ့သော ကုသိုလ်ကံ အကုသိုလ်ကံကြောင့် ဖြစ်ရသည်ဟူသော အယူအဆကို လုံးဝလက်မခံသော အယူအဆ ဖြစ်သည်။

သတ္တဝါများ ညစ်နွမ်းပင်ပန်းရာဖြစ်စေသော အကြောင်းလည်း မရှိ၊ အထောက်အပံ့အကြောင်းလည်း မရှိ၊ ဖြစ်စေသောအကြောင်း အထောက်အပံ့ အကြောင်းမရှိဘဲ သတ္တဝါများ ညစ်နွမ်းပင်ပန်းကြရသည်။

သတ္တဝါများ စင်ကြယ်မှုတွင်လည်း ဖြစ်စေသောအကြောင်း အထောက်အပံ့ အကြောင်းမရှိဘဲ စင်ကြယ်နေသည်ဟု ယူဆသောအယူဖြစ်သည်။

ဤအယူတွင် အကြောင်းမရှိဟုဆိုသဖြင့် ထိုအကြောင်းနှင့် ဆက်သွယ်၍ဖြစ်သော အကျိုးမရှိဟုဆိုရာ ရောက်သောကြောင့် ဤအဟေတုကဒိဋ္ဌိသည် အကြောင်းအကျိုး နှစ်မျိုးလုံးကိုပယ်သော သဘောပင် ဖြစ်ပါသည်။

နတ္ထိကဒိဋ္ဌိသည် အကျိုးတရားကိုပယ်သည်။

အဟေတုကဒိဋ္ဌိသည် အကြောင်းတရားကို ပယ်သည်။

အကျိုးတရားကိုပယ်သူသည် အကြောင်းတရားကို ပယ်ပြီးဖြစ်သလို အကြောင်းတရာကို ပယ်သူကလည်း အကျိုးတရားကို ပယ်ပြီးဖြစ်၍ အတူတူပင် ဖြစ်နေပါသည်။

ဤအယူကို မက္ခလိဂေါသာလက ဆရာကြီးက ယူခဲ့သည်။

## အကိရိယာဒိဋ္ဌိ

ကောင်းမှု မကောင်းမှုကို ပြုသော်လည်း ပြုအပ်သည် မမည်၊ ပြုရာ မရောက်ဟု အကြောင်းကံကို တားမြစ်သောအယူ ဖြစ်ပါသည်။

ကိုယ်တိုင်ပြုသူသည်လည်းကောင်း၊ သူတစ်ပါးကို အပြုခိုင်းသူသည် လည်းကောင်း၊ ကိုယ်တိုင်ဖြတ်သူသည် လည်းကောင်း၊ သူတစ်ပါးကို အဖြတ်ခိုင်း သူသည်လည်းကောင်း၊ မကောင်းမှုကိုပြုအပ်သည်မမည်၊ ပြုရာမရောက်ဟု ယူဆ သောအယူ ဖြစ်၍ ကံ-ကံ၏အကျိုး ပယ်သော အယူဝါဒဖြစ်ပါသည်။

ဤဒိဋ္ဌိအယူကို ပုရာဏကဿပဆရာကြီး ယူခဲ့သည်။

## နိယတမိစ္ဆာဒိဋ္ဌိ

ဤမိစ္ဆာဒိဋ္ဌိ (၃) မျိုးသည် ဘုရားရှင် ချွတ်မရအောင် ခိုင်မြဲသောကြောင့် နိယတ၊ မြဲမြံသော မှားသောအယူ (နိယတမိစ္ဆာဒိဋ္ဌိ) ဟု ခေါ်ပါသည်။

ဤအယူများကို ပေါ့ပေါ့ဆဆယူနေရုံမျှဖြင့် နိယတ မဖြစ်သေးပါ။ ထိုအယူအဆများကို ရွတ်အံခြင်း၊ အနက်အဓိပ္ပါယ်ကို ကြံစည်စဉ်းစားခြင်း စသည် ဖြင့် အကြိမ်များစွာ ကမ္ဗဒ္ဒာန်းစီးဖြန်းသလို လေ့လာအားထုတ်လေရာ အလွန် သဘောကျ၍ မိစ္ဆာသမာဓိရလာသည်။

ထိုသို့သဘောကျနေသော ဇောဝိထိပေါင်း အကြိမ်များစွာဖြစ်ပြီးနောက် ဲုံး(ကမ္ဗဒ္ဒာန်းပေါက်၍ မဂ်ရသလို) အတည်တကျဆုံးဖြတ်ချက်ချရမည့် ,ရာက်သောအခါ သတ္တမဇောအစောတွင် ဘုရားပေါင်းများစွာ ချေချွတ်မရ အာင် ကုစား၍မရအောင် ခိုင်မြဲစွာ ယူမိလေပြီ။

ထိုသို့ယူပုံမြဲသောကြောင့် နိယတဟု ခေါ်ပါသည်။ သေသည် အခြားမဲ့၌ ငရဲမှာ အကျိုးပေးမြဲဖြစ်သောကြောင့်လည်း နိယတမိစ္ဆာဒိဋ္ဌိဟု ခေါ်ဆိုကြပါသည်။

ဒိဋ္ဌိနှင့်ပညာသည် ကျောချင်းကပ်၍ ပြေးသကဲ့သို့ အလွန်စခန်းဝေးလှပါ သည်။

ပညာဘက်က သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိတို့ ထော ာက်ခံချက်ဖြင့် ႆးတက်လေရာ အကြင်အခါ သူတစ်ပါးတို့ နှောင့်ယှက်၍ မရလောက်အောင်

- သစ္စာလေးပါးကို သိသည်
- ရတနာသုံးပါးကို ယုံကြည်သည်

ထိုအခါ မှန်ကန်မြဲမြံသောစခန်း(သမ္မတ္တနိယတ)သို့ ဆိုက်၍ သောတာပန် ဖြစ်လေပြီ။ အပါယ်ကျခွင့် မရှိတော့ချေ။

အလားတူ ဒိဋ္ဌိဘက်တွင်လည်း မိစ္ဆာသတိ, သမာဓိ, ဝီရိယတို့ထောက်ခံချက်ဖြင့် တိုးတက်လေရာ အကြင်အခါ ဘုရားရှင်တို့ပင် ချေချွတ်၍ မရနိုင်လောက်အောင် မိစ္ဆာအယူ၌ ခိုင်မြဲ၏။

ထိုအခါ မှားသောအယူစခန်း (မိစ္ဆတ္တနိယတ)သို့ ရောက်လေပြီ၊ မင်္ဂဖိုလ်ရခွင့်မရှိ၊ သေသည့်အခါ အဝိစိတွင် အဝီစိအာယုကပ်ပတ်လုံး အမြဲကျရောက်ခံစားရတော့သည်။

သံဃဘေဒက သံဃာကိုသင်းခွဲသည်ထက်ပင် ဤနိယတမိစ္ဆာဒိဋ္ဌိက အပြစ်ကြီးပါသည်။

အဝီစိ၌ အာယုကပ်မပြည့်သေးခင် ကမ္ဘာပျက်သော် မပျက်သောကမ္ဘာသို့ ရွှေ့ပြောင်း၍ ခံရသည်။

သံဃဘေဒက စသည်ကား ကမ္ဘာပျက်သော် အာယုကပ် မပြည့်သေးသော်လည်း ဆက်လက်မခံရတော့ပေ။

နိယတမိစ္ဆာဒိဋ္ဌိသည်ကား ဤမျှကြောက်စရာ ကောင်းလှပါသည်။

## သက္ကာယဒိဋ္ဌိ

ခန္ဓာငါးပါး ရုပ်နာမ်တရားအပေါ်မှာ ငါဟူ၍ ထင်မှတ်မှားသော အယူဖြစ်ပါသည်။

ကိုယ့်ကိုယ်ကို ငါ ဟုထင်ခြင်း၊ ကိုယ်ကမွေးထားသော သားကို ငါ့သားဟု ထင်မှတ်ခြင်း၊ ငါ့အိမ် ငါ့ယာ၊ ငါ့ဥစ္စာဟု ထင်မှတ်မှားမှု မှန်သမျှသည် သက္ကာယဒိဋ္ဌိ ဖြစ်ပါသည်။ ထိုသက္ကာယဒိဋ္ဌိကို ပြုတ်အောင်ကိုမူ ဝိပဿနာ တရားအားထုတ်၍ ဝိပဿနာတရားနည်းဖြင့်သာ ဖြေရှင်းနိုင်ပါသည်။

## သက္ကာယဒိဋ္ဌိ (၂၀)

ခန္ဓာငါးပါးကို ခန္ဓာငါးပါးဟု မရှုမမြင် မယူဆဘဲ ပုဂ္ဂိုလ်, သတ္တဝါ, လူ, နတ်, ဗြဟ္မာ, ယောကျ်ား, မိန်းမ အသက်, သူ, ငါ, လောက စသည်ဖြစ်၏ဟု အထင်မှား အမြင်မှားလျက် ရှုမြင်ယူဆသော သက္ကာယဒိဋ္ဌိသည် အမျိုးအစားခွဲခြားလျှင် (၂၀) ရှိသည်ဟု ဘုရားရှင်က သံယုတ်ပါဠိတော်နှင့် နေတ္တိပါဠိတော်, စူဠနိဒ္ဒေသပါဠိတော်တို့၌ ဟောကြားထားခဲ့ပါသည်။

၁။ ရုပ်ကို အတ္တ
၂။ အတ္တကို ရုပ်
၃။ အတ္တထဲ၌ ရုပ်ရှိသည်
၄။ ရုပ်ထဲ၌ အတ္တရှိသည်ဟု ရှုမြင်သော ရုပ်ခန္ဓာ၌ သက္ကာယဒိဋ္ဌိ (၄)ပါး
၅။ ဝေဒနာကို အတ္တ
၆။ အတ္တကို ဝေဒနာ
၇။ အတ္တထဲ၌ ဝေဒနာ
၈။ ဝေဒနာထဲ၌ အတ္တရှိသည်ဟု ရှုမြင်သော ဝေဒနက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ (၄) ပါး
၉။ သညာကို အတ္တ
၁၀။ အတ္တကို သညာ
၁၁။ အတ္တထဲ၌ သညာရှိသည်
၁၂။ သညာထဲ၌ အတ္တရှိသည်ဟု ရှုမြင်သော သညက္ခန္ဓာသက္ကာယဒိဋ္ဌိ (၄) ပါး
၁၃။ သင်္ခါရတို့ကို အတ္တ
၁၄။ အတ္တတို့က သင်္ခါရတို့
၁၅။ အတ္တထဲ၌ သင်္ခါရတို့ရှိသည်
၁၆။ သင်္ခါရတို့ထဲ၌ အတ္တရှိသည်ဟု ရှုမြင်သော သင်္ခါရက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ (၄) ပါး
၁၇။ ဝိညာဉ်(စိတ်)ကို အတ္တ
၁၈။ အတ္တကို ဝိညာဉ်(စိတ်)

---
ဆုပြည့်စုံထွန်းစာပေ

၁၉။ အတ္တထဲ၌ ဝိညာဉ်(စိတ်)ရှိသည်

၂၀။ ဝိညာဉ်(စိတ်)ထဲ၌ အတ္တရှိသည်ဟု ရှုမြင်သော ဝိညာဏက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ (၄) ပါး

## သက္ကာယဝင်ပုထုဇဉ်

လောက၌ သက္ကာယဒိဋ္ဌိဖြစ်သူများသည် မရေတွက်နိုင်အောင်ပင် များပြားလှပါသည်။ ပုထုဇဉ်သတ္တဝါမှန်သမျှသည် ထိုသက္ကာယဒိဋ္ဌိနှင့် မကင်းလွတ်နိုင်ကြပါ ချေ။

လောက၌ ပုထုဇဉ်သတ္တဝါတို့ကား အသင်္ချေအနန္တပင် ရှိပါသည်။ ယင်းတို့ကို တူရာတူရာအုပ်စုဖွဲ့၍ ကြည့်ပါက (၂) မျိုးသာ တွေ့ရပါမည်။

၁။ သက္ကာယဒိဋ္ဌိအားကြီးစွာဖြစ်သော ပုထုဇဉ်ပုဂ္ဂိုလ်များ

၂။ သက္ကာယဒိဋ္ဌိအားကြီးစွာ မဖြစ်သော ပုထုဇဉ်ပုဂ္ဂိုလ်များ

ယင်းတွင် ဆင်အာဇာနည်၊ မြင်းအာဇာနည်၊ နွားလားဥသဘအာဇာနည်၊ ခြင်္သေ့နှင့်လူအာဇာနည်တို့သည် သက္ကာယဒိဋ္ဌိအားကြီးစွာဖြစ်သော ပုထုဇဉ်သတ္တဝါများ ဖြစ်ကြပါသည်။

ထိုမှကြွင်းသော ပုထုဇဉ်သတ္တဝါဟူသမျှတို့သည် သက္ကာယဒိဋ္ဌိအားမကြီးသော ပုထုဇဉ်များ ဖြစ်ပါသည်။

ဤသူတို့ ကြောက်ရွံ့ခြင်းကင်း၍ အလွန်ရဲဝံ့ကြကုန်သည်။ မိုးကြိုးသံ၊ အမြောက်သံစသည်ကြားသော်လည်း မကြောက်ရွံ့ မတုန်လှုပ်ကြပေ။ ယင်းသို့ မကြောက်ရွံ့ခြင်းသည် ထိုပုဂ္ဂိုလ်တို့၏သန္တာန်၌ –

**သက္ကာ**ယဒိဋ္ဌိအားကြီးခြင်း

**ထောင်**လွှားမှု မာန်မာနကြီးခြင်း

ယင်းသက္ကာယဒိဋ္ဌိမာနတို့ကိုမှီ၍ ပြင်းစွာတွေဝေခြင်း မောဟစသည်တို့ ကိန်းဝပ်တည်ရှိနေခြင်းကြောင့်ပင် ဖြစ်ပါသည်။

ထိုတူ ရဟန္တာအရှင်မြတ်တို့သည် မိုးကြိုးသံစသည်ကို ကြားရသော် မကြောက်မရွံ့မတုန်လှုပ်ကြဘဲ ကြောက်ရွံ့ခြင်း ကင်းကြသည်။

ယင်းရဟန္တာတို့ ကြောက်ရွံ့တုန်လှုပ်ခြင်းကင်းသည်မှာ ရဟန္တာတို့ သန္တာန်၌

- သက္ကာယဒိဋ္ဌိ
- မိမိကိုယ်၌ ချစ်ခြင်းတဏှာ
- အမျက်ထွက်ခြင်း ဒေါသ
- တွေဝေခြင်း မောဟတို့ကို ပယ်ပြီးကင်းပြီးသောကြောင့် ဖြစ်ပါသည်။

ပုထုဇဉ်ကို ထပ်မံခွဲကြည့်ပါက -

၁။ အန္ဓပုထုဇဉ် - ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ် သတိပဋ္ဌာန်စသည်တို့ကို သင်ယူခြင်း၊ နာယူခြင်း မရှိ၍ လုံးဝမသိနားမလည်သော ပုဂ္ဂိုလ်မျိုး ဖြစ်ပါသည်။

၂။ ကလျာဏပုထုဇဉ်-အထက်ပါခန္ဓာစသည်တို့ကို သင်ယူခြင်း၊ နာယူခြင်းရှိပြီး တတ်သိနားလည်သောပုဂ္ဂိုလ်မျိုး ဖြစ်ပါသည်။

## အန္ဓပုထုဇဉ်များ သက္ကာယဒိဋ္ဌိမလွတ်၍ သံသရာနယ်ကျယ်မှု

အန္ဓပုထုဇဉ်များသည် သက္ကာယဒိဋ္ဌိမှ မလွတ်ကင်းနိုင်သူများ ဖြစ်ကြသည်။ ခန္ဓာ အာယတန စသည်များကို အကြားအမြင်မရှိသူများ ဖြစ်ကြသည်၊ ဘုရားစသော အရိယာပညာရှိသူတော်ကောင်းများကို မတွေ့ဖူး မမြင်ဖူးကြ၍ ယင်းပုဂ္ဂိုလ်များ၏ တရားကို ကျင့်သုံးရန်မဆို၊ ကြားတောင် မကြားဖူးကြ၍ သမ္မာဒိဋ္ဌိလမ်းစဉ်ကျင့်စဉ်မှန်ကို ဉာဏ်မသက်နိုင်ကြပေ။

ထိုပုဂ္ဂိုလ်များသည် ခန္ဓာငါးပါးအပေါ်၌ မိမိတို့ **စိတ်ထင်ရာအတိုင်း**-

- ခန္ဓာငါးပါးကို အတ္တ(ငါ) ဟူ၍လည်းကောင်း
- အတ္တ(ငါ) ကို ခန္ဓာဟူ၍လည်းကောင်း
- အတ္တ(ငါ) ၌ ခန္ဓာငါးပါးရှိသည်ဟူ၍လည်းကောင်း
- ခန္ဓာငါးပါး၌ အတ္တ(ငါ) ရှိသည်ဟူ၍ လည်းကောင်း

အလွဲလွဲ အချော်ချော် ရှုမြင်ကြ၍ သက္ကာယ အယူမှားများ **မလွတ်နိုင်**ကြပေ။

သို့အတွက် အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့ကို ခန္ဓာငါးပါး နှောင်ကြိုးတို့သည် သံသရာ နှောင်အိမ်မှ မလွတ်မြောက်နိုင်အောင် (ဝါ)လောကမှ မလွတ်မြောက်နိုင်အောင် ရှည်မြင့်စွာ ဖွဲ့ချည်တုပ်နှောင်ထားကြလေသည်။

ထို့ပြင် ကိုယ်တွင်း၌ဖြစ်သော ကာမတည်းဟူသော နှောင်ကြိုးများနှင့် ကိုယ်အပ၌ဖြစ်သော ရူပ-အရူပဓာတ်တည်းဟူသော နှောင်ကြိုးတို့သည်လည်း အန္ဓပုထုဇဉ်တို့ကို သံသရာမှမလွတ်မြောက်နိုင်အောင် တစ်ဖန်လပ်၍ ဖွဲ့ချည်တုပ်နှောင် ကြပြန်လေသည်။

ထိုအန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ကိလေသာတည်းဟူသော အတုပ်အနှောင်ခံရလျက်ပင် အိုခြင်း၊ နာခြင်း၊ သေခြင်းသို့ ရောက်ကြရ... ဖြစ်၍ တစ်ဖန်၌ လောက ဤဘဝမှတမလွန်လောက၊ တမလွန်ဘဝသို့ ကြေ ကျိုးဆက်ကာ မိမိတို့ကံအားလျော်စွာ ဒုဂ္ဂတိဘုံ သုဂတိဘုံတည်းဟူသော ဘဝ ရဟတ်၌ ချာချာလည်၍ ရှည်မြင့်စွာ သံသရာနယ်ကျယ်လေတော့သည်။

## အန္ဓပုထုဇဉ်များ သံသရာခရီးသွားပုံ

သူတော်ကောင်းတို့၏ ရှေ့ဆောင်လမ်းပြညွှန်ကြားမှု ကင်းကြသော အန္ဓပုထုဇဉ်တို့သည် သံသရာခရီးသွားရာ၌ မျက်စိနှစ်ဖက်ကန်းသူတို့၏ လမ်းခရီး သွားပုံနှင့် တူလှပါသည်။

သူကန်းတို့သည် လမ်းခရီးသွားရာ၌ မျက်စိအမြင် မရှိကြ၍ ရံခါလမ်းမှန်သို့ သွားမိ၏။ ရံခါလမ်းမှားသို့ သွားမိကြ၏။ ရံခါကုန်းမြင့်အရပ်၊ ရံခါမြေနိမ့်အရပ်သို့ သွားမိကြသည်။ ထိုသို့ သွားရာ လမ်းမှန်လမ်းမှား ညီညွတ်ရာ မညီညွတ်ရာ အနိမ့်အမြင့်အရပ်တို့ကို သွားမိကြ၍ ဆင်းရဲခြင်းကြီးစွာ တွေ့ကြုံခံစားရသကဲ့သို့ အန္ဓပုထုဇဉ်များသည်လည်း သံသရာခရီးသွားရာ၌ သူတော်ကောင်းတို့၏ ရှေ့ဆောင်လမ်းပြညွှန် ကြားမှုကို မရကြသဖြင့် ခန္ဓာငါးပါးတို့ကို ဟုတ်တိုင်းမှန်စွာ မသိမှု အဝိဇ္ဇာ (မောဟ) တည်းဟူသော အမိုက်မှောင်ဖုံးလွှမ်းကြသည်ဖြစ်၍ ယင်းခန္ဓာငါးပါးကိုပင် အတ္တ (ဝါ) ငါ၏ဥစ္စာဟု ရှုမြင်မှတ်များမှု သက္ကာယဒိဋ္ဌိ ဖြစ်ပွားကြလေသည်။

ထိုသက္ကာယဒိဋ္ဌိမိစ္ဆာဒိဋ္ဌိအယူတို့ဖြင့် မိမိတို့၏ အတ္တ (ဝါ) ကောင်းစားရေး အတွက် ရည်မျှော်ကိုးပြီး ရံခါကောင်းမှု ကံကို ပြုကြသည်၊ ရံခါမကောင်းမှုကံကို ပြုကြသည်။

ယင်းသို့ပြုလုပ်ကြခြင်းကြောင့် လောကလွတ်မြောက်ရာ နိဗ္ဗာန်သို့ မရောက်နိုင်တော့ဘဲ မိမိတို့ မျှော်ကိုးရည်မှန်းတောင့်တရာ ဘဝသံသရာဝဲဂယက်၌သာ ချားရဟတ်ကဲ့သို့ စုန်ကာ ဆန်ကာ တပြောင်းပြန်ပြန် လည်ဖတ်လျက်သာ ရှိနေကြတော့သည်။

## ကလျာဏပုထုဇဉ်များ၏သံသရာနယ်ကျဉ်းမှုနှင့် ခရီးသွားမှု

ကလျာဏပုထုဇဉ်သည် သူတော်ကောင်းတို့နှင့် တွေ့ဆုံကြရပြီး ခန္ဓာ, အာယတန, ဓာတ်, သစ္စာ ပဋိစ္စ သမုပ္ပါဒ်တို့ကို သင်ယူခဲ့ကြသည်။ နာယူခဲ့ကြသည်။ အသိဉာဏ်ရှိကြ၍ -

ခန္ဓာငါးပါးကို ငါ-ငါ၏ဥစ္စာဟူ၍ သက္ကာယမစွဲ

ခန္ဓာငါးပါးကို မမြဲ-ဆင်းရဲ၊ အစိုးမရဟု မှတ်ယူကြသည်။

မျက်စိနှစ်ဖက်အမြင်ရှိသောသူ ခရီးသွားကဲ့သို့ လမ်းမှန် လမ်းကောင်းကို သိသည်၊ သိသည့်အတွက် လမ်းမှန်လိုက်သည်၊ လမ်းမှန်လိုက်၍ လောက သံသရာမှ လွတ်မြောက်ရာ နိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်လေသည်။

## ဣဿရနိမ္မာန ဟေတုဒိဋ္ဌိ

ဣဿရနိမ္မာနဟေတုဒိဋ္ဌိသည် 'သတ္တဝါဟူသမျှသည် သုခ၊ ဒုက္ခ၊ ဥပေက္ခာ၊ ဝေဒနာတို့ကို အစိုးရသော ပြဟ္မာ၊ ဗိဿနိုးဖန်ဆင်းခြင်းဟူသော အကြောင်းကြောင့်သာ ခံစားရ၏' ဟူ၍ ယူသော အယူဖြစ်သည်။။

ဤလောက၌ အလုံးစုံသော သတ္တဝါဟူသမျှတို့သည် ချမ်းသာမှု သုခကိုလည်းကောင်း၊ ဆင်းရဲမှုဒုက္ခကိုလည်းကောင်း၊ ချမ်းသာလည်းမဟုတ်၊ ဆင်းရဲလည်း မဟုတ်သော ဥပေက္ခာဝေဒနာကိုလည်းကောင်း ခံစားကြရကုန်၏။ ယင်းခံစားရမှု ဟူသမျှအားလုံးတို့သည် လောကကို အစိုးရသော ပြဟ္မာ၊ ဗိဿနိုး နတ်တို့က ဖန်ဆင်းခြင်းကြောင့်သာ ဖြစ်၏ ဟုယူဆသော အယူမျိုးဖြစ်ပါသည်။

က္ကသသရနိမ္မာန ဟောတုဒိဋ္ဌိသည်သာ အတိတ်ပစ္စုပ္ပန်ကာံနှစ်ပါးတို့ကို တားမြစ်ပစ်ပယ်သောကြောင့် မှားယွင်းသော ဒိဋ္ဌိအယူဖြစ်သည်။

လောက၌ အချို့ပုဂ္ဂိုလ်တို့သည် ဖန်ဆင်းရှင်ပြဟ္မာ၊ ဗိဿနိုးနတ်ကို ချည်းသာ ယုံကြည်အားကိုးလျက်ရှိနေကြသည်။ မဟာပြဟ္မာကိုသာလျှင် လောကကို အစိုးရသူ၊ ဖန်ဆင်းရှင်ဟု ယုံကြည်နေကြသည်။ သတ္တဝါတို့ ချမ်းသာမှု ဆင်းရဲမှု၊ အယုတ်ဖြစ်မှု၊ အမြတ်ဖြစ်မှု၊ မိုက်မှု၊ လိမ္မာမှု၊ ပညာရှိမှု၊ ပညာမဲ့မှု၊ ပြည့်စုံမှု၊ မပြည့်စုံမှု၊ အစိုးရမှု၊ အစိုးမရမှု စသည်အားလုံးတို့သည် လောကကို အစိုးရသူပြဟ္မာ၊ ဗိဿနိုးနတ်၊ ဖန်ဆင်းခြင်းကြောင့်သာ ဖြစ်ရ၏ဟု စွဲမှတ်ယုံကြည်နေကြသည်။ ယင်းသို့ ယုံကြည်နေသူမှန်သမျှသည် အတိတ်ပစ္စုပ္ပန်ကာံနှစ်ပါးလုံးကို တားမြစ်ပစ်ပယ်သူများဖြစ်၍ မိစ္ဆာဝါဒရှိသူများသာ ဖြစ်လေသည်။

ဗုဒ္ဓမြတ်စွာသည် လောက၌ သတ္တဝါတို့ဆင်းရဲ ချမ်းသာစသည် ဖြစ်ပေါ်ခံစားနေရခြင်းဟူသမျှသည် အခြားတစ်စုံတစ်ယောက်သော တန်ခိုးရှင် ဖန်ဆင်းရှင်တို့ကမျှ ဖန်ဆင်း၍ ဖြစ်ပေါ်ခံစားနေကြရသည်မဟုတ်။ အမှန်စင်စစ် မိမိတို့ ကိုယ်တိုင် ပြုလုပ်အားထုတ်သော အတိတ်ကံ၊ ပစ္စုပ္ပန်ကံနှစ်ပါးကြောင့်သာ ဖြစ်ပေါ်ခံစားနေကြရသည်ဟု ဟောကြားထားတော်မူသည်။

က္ကသရနိမ္မာနဟောတုဒိဋ္ဌိအယူဝါဒ ရှိသူတို့သည် ''မဟာပြဟ္မာကြီးသည်ပင် သတ္တဝါတို့၏ ချမ်းသာမှု၊ ဆင်းရဲမှု စသည်တို့ကို ဖန်ဆင်းထား၏။ သုံးဆယ့်တစ်ဘုံ တည်းဟူသော ဩကာသလောကကိုလည်းကောင်း၊ သတ္တဝါအနန္တတည်းဟူသော သတ္တလောကကိုလည်းကောင်း၊ ယင်းလောကနှစ်ပါးအတွင်း၌ ဖြစ်ပျက်လျက်ရှိသော ရုပ်နာမ်ဓမ္မတည်းဟူသော သင်္ခါရလောကကိုလည်းကောင်း၊ မဟာပြဟ္မာကြီးသည်ပင် ဖန်ဆင်းထား၏။ ယင်းမဟာ ပြဟ္မာကြီးသည် နိစ္စထာဝရဖြစ်၏။ အလုံးစုံကို မြင်စွမ်း နိုင်၏။ အလုံးစုံကို သိစွမ်းနိုင်၏။ မိမိအလိုသို့ လိုက်စေနိုင်၏။ ကြီးမားသော တန်ခိုးအာနုဘော်ရှိ၏။ တစ်ဖန် ပဋိသန္ဓေ မယူသောအားဖြင့်လည်းကောင်း၊ မစုတေသော အားဖြင့်လည်းကောင်း မြဲ၏။ စင်စစ် အမြဲတည်သော ဘုရားကြီးတစ်ဆူ ဖြစ်တော်မူ၏'' ဟု တွင်တွင်လှိုင်လှိုင်ကြီး ပြောဆို ယုံကြည်အားကိုးလျက် ရှိကြခြင်းသည် ဗုဒ္ဓမြတ်စွာ၏ ဒေသနာတော်နှင့် မညီသည်ဖြစ်၍ မိစ္ဆာအယူဝါဒရှိသူများသာ ဖြစ်လေသည်။

## ဣဿရနိမ္မာန ဟေတုဒိဋ္ဌိဖြစ်ခြင်း အစ ကမ္ဘာဦးက

ဤဖန်ဆင်းရှင် ဣဿရနိမ္မာနဟေတုဒိဋ္ဌိ အယူဝါဒသည် ဤကမ္ဘာလောကၣ့ ယခုမှဖြစ်ပေါ်လာသော အယူဝါဒမဟုတ်၊ အမှန်စင်စစ် ကမ္ဘာဦးအခါကပင် ဖြစ်ပေါ်လာသော အယူဝါဒဖြစ်သည်။

ကာလရှည်စွာလွန်သည့်အခါၣ့ ရှေးကမ္ဘာပျက်စီးရ၏။ ထိုအခါ သတ္တဝါတို့သည် များသောအားဖြင့် မဟာကပ်ရှစ်ကပ်သက်တမ်းရှိသော အာဘဿရဘုံၣ့ ဖြစ်ကြရကုန်၏။ အာဘဿရဘုံမှ အထက်ၣ့ဖြစ်သော ရူပဘုံ အရူပဘုံတို့ၣ့လည်း အနည်းငယ်သော သတ္တဝါများ ဖြစ်ကြရကုန်၏။

ယင်းသို့ ရှေးကမ္ဘာပျက်စီးပြီး၍ ယခုတကမ္ဘာတည်ဆဲ ကမ္ဘာဦးအခါၣ့ ဗြဟ္မပါရိသဇ္ဇာဘုံ၊ ဗြဟ္မာပုရောဟိတာဘုံ၊ မဟာဗြဟ္မာဘုံတည်းဟူသော ရူပပထမ ဈာန်သုံး ဘုံသည် ရှေးဦးစွာ ဖြစ်ပေါ်လာ၏။ ယင်းသုံးဘုံသည် တစ်ပြင်တည်း အစဉ်အတိုင်း တည်ရှိလေ၏။ ထိုအခါ အာဘဿရဘုံမှ တစ်ဦးတည်းသော သတ္တဝါသည် အသက်ကံ နှစ်ပါးကုန်ခြင်းကြောင့် ယင်းဘုံမှ စုတေ၍ မိမိကံအားလျော်စွာ အသစ်ဖြစ်ပေါ်နေ သော ရူပ ပထမဈာန်သုံးဘုံတွင် မဟာဗြဟ္မာဘုံၣ့ မဟာဗြဟ္မာကြီး အဖြစ်ဖြင့် ရှေးဦးစွာ ဖြစ်ပေါ်လာ၏။

ယင်းမဟာဗြဟ္မာကြီးသည် ယင်းဘုံၣ့ အဖော်မဲ့ တစ်ယောက်တည်း အချိန်ကြာမြင့်စွာ နေလာရသောအခါ မမွေ့လျော်နိုင်ဘဲ ရှိလာသည်။ ထိုအခါ သူသည် အဖော်ကို တောင့်တလာသည်။ ထို့ကြောင့် သူသည်

"ငါ့အား အကျိုးဆောင်မည့် အခြားသောပုဂ္ဂိုလ်တို့ ဤဘုံၣ့ ဖြစ်ပေါ်လာပါကုန်မူ ကောင်းလေစွ" ဟု ကြံစည်တောင့်တ၏။ ထိုစဉ်မှာပင် အာဘဿရဘုံမှ တစ်ယောက်သော သတ္တဝါသည် အသက် ကံ နှစ်ပါးကုန်ခြင်းကြောင့် ယင်းဘုံမှစုတေ၍ မိမိကံအားလျော်စွာ အသစ်ဖြစ်ပေါ်နေသော ရူပပထမဈာန်သုံးဘုံတွင် ဗြဟ္မပုရောဟိ ၏တာဘုံၣ့ ဗြဟ္မာအဖြစ်ဖြင့် ဖြစ်ပေါ်လာ၏။

ထို့နောက်လည်း မဟာဗြဟ္မာကြီးသည် –

"ငါ့အား အစေအပါးပြုမည့်အခြားသော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ပေါ်လာမူ ကောင်းလေစွ" ဟု ကြံစည်တောင့်တပြန်၏။ ထိုစဉ်မှာပင် ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဆိုသကဲ့သို့ အာဘဿရဘုံမှ တစ်ယောက်သော သတ္တဝါသည်

ရှေးနည်းတူစွာပင် အသက် ကံ နှစ်ပါးကုန်ခြင်းကြောင့် ယင်းဘုံမှစုတေ၍ မိမိကံ အားလျော်စွာ ဖြစ်ပေါ်နေသော ရူပပထမဈာန်သုံးဘုံတွင် ဗြဟ္မပါရိသဇ္ဇာဘုံ၌ ဗြဟ္မပါရိသဇ္ဇာ ဗြဟ္မာအဖြစ်ဖြင့် ထင်ရှားဖြစ်ပေါ်လာ၏။ ထိုအခါ မဟာဗြဟ္မာကြီး သည် -

"ငါသည် ဗြဟ္မာ၏၊ မဟာဗြဟ္မာကြီးဖြစ်၏၊ ငါသည် အစိုးရ၏၊ ငါ့ကို သူတစ်ပါးတို့သည် မနှိပ်စက်နိုင်၊ ငါသည် အလုံးစုံကိုသိမြင်နိုင်၏၊ ငါသည် အလုံးစုံသော သတ္တဝါတို့ကို ငါ၏အလိုသို့ လိုက်စေနိုင်ကုန်၏၊ ငါသည် လောကကို အစိုးရ၏၊ငါသည် လောကကို ပြုပြင်တတ်၏၊ ငါသည် မြေကြီး၊ ဟိမဝန္တာ၊ မြင်းမိုရ်တောင်၊ စကြဝဠာ၊ မဟာသမုဒ္ဒရာ၊ လ၊ နေ တည်းဟူသော လောကကို ဖန်ဆင်းထားအပ်ကုန်၏။ ငါ သည် အထူးသဖြင့် မြင့်မြတ်သူဖြစ်၏၊ ငါသည် သင်သည် မင်းဖြစ်လော့၊ သင်သည် ပုဏ္ဏားဖြစ်လော့၊ သင်သည် ကုန်သည်ဖြစ် လော့၊ သင်သည် ရဟန်းဖြစ်လော့၊ သင် သည် ကုလားအုပ်ဖြစ်လော့၊ သင်သည် နွားဖြစ်လော့ စသည်ဖြင့် စီရင်တတ်သူ ဖြစ်၏၊ ငါသည် ဈာန်သမာပတ်၌ လေ့ လာပြီးသော ဝသီဘော်ရှိသူဖြစ်၏။ ငါသည်ဖြစ်ပြီး ဖြစ်ဆဲသော သတ္တဝါတို့၏ အဖဖြစ်၏၊ ဤသူတို့ကိုလည်း ငါ ဖန်ဆင်းအပ်၏" ဟု အကြွမ်း အမြင်မှား အယူမှားဖြစ်ကာ သူ့နောက်မှ ဖြစ်လာကြသော ဗြဟ္မာတို့ကို

"ဟယ် အချင်းတို့ သင်တို့ကို ငါဖန်ဆင်းလိုက်သည်" ဟု ပြောကြား လေ၏။

ထိုအခါ နောက်မှဖြစ်ပေါ်လာသော ဗြဟ္မာနှစ်ဦးတို့သည်လည်း

"ဤအရှင်ဗြဟ္မာသည် မဟာဗြဟ္မာကြီးပင်တည်း၊ ငါတို့၏အရှင်တည်း၊ ဤအရှင်ဗြဟ္မာကြီးကို သူတစ်ပါးတို့သည် နှိပ်စက်ခြင်းငှာ မတတ်နိုင်၊ စင်စစ်အလုံး စုံကို မြင်နိုင်သူဖြစ်၏၊ ဖန်ဆင်းတတ်သူ ဖြစ်၏၊ အထူးချီးမွမ်းအပ်သူဖြစ်၏၊ ပြု ပြင်တတ်သူ ဖြစ်၏၊ စီရင်တတ်သူဖြစ်၏၊ ဈာန်သမာပတ်တို့၌ လေ့လာပြီးသော ဝသီတော်ရှိသူ ဖြစ်၏။ ဖြစ်ပြီး ဖြစ်ဆဲသော သတ္တဝါတို့၏ အဖဖြစ်၏၊ ဤအရှင် ဗြဟ္မာသည် ငါတို့ကိုလည်း ဖန်ဆင်းအပ်သူဖြစ်၏၊ အကြောင်းကိုဆိုသော် ငါတို့ သည် ဤအရှင်ဗြဟ္မာကို ဤဘုံ၌ ရှေးဦးစွာ မြင်တွေ့ရကုန်၏၊ ငါတို့သည်ကား နောက်မှဖြစ်လာကြသူများတည်း" ဟု အကြွမ်း အမြင်မှား အယူမှားဖြစ်ကာ

မဟာဗြဟ္မာကြီး၏ စကားကို ဟုတ်ပေရာ၏ဟု ပြည့်ပြည့်ဝဝ ယုံကြည်ဝန်ခံကုန်လျက် မဟာဗြဟ္မာကြီး၏အကျိုးကို-ဆောင်ရွက်၍ နေလေကုန်၏။

ဤသို့လျှင် သုံးဦးသောဗြဟ္မာတို့သည် ကမ္ဘာဦးအစ၌ ရူပ ပထမစျာန်သုံးဘုံဝယ် အသီးသီး ဖြစ်ပေါ်လာကြ၏။ ယင်းဗြဟ္မာသုံးဦးတွင် မိမိတို့ကံအားလျော်စွာ ရှေးဦးစွာဖြစ်ပေါ်လာသော မဟာဗြဟ္မာကြီးသည်ကား တစ်ကမ္ဘာအသက်ရှည်၏။ အဆင်းနှင့်လည်း ပြည့်စုံ၊ တန်ခိုးလည်း ကြီး၏။ ဒုတိယမြောက်ဖြစ်ပေါ်လာသော ဗြဟ္မပုရောဟိတဗြဟ္မာကား အသင်္ချေယျကပ်ထက်ဝက် အသက်ရှည်၏။ တတိယမြောက်ဖြစ်ပေါ်လာသည့် ဗြဟ္မပါရိသဇ္ဇ ဗြဟ္မာကား အသင်္ချေယျကပ်သုံးစုပြု၍ တစ်စု အသက်ရှည်၏။ ယင်းနောက်မှ ဖြစ်ပေါ်လာကြသော ဗြဟ္မာနှစ်ဦးတို့သည်ကား အဆင်းနှင့်လည်း မပြည့်စုံ၊ တန်ခိုးလည်း နည်းပါးကြကုန်၏။

ထို့ကြောင့် နောက်ဆုံးဖြစ်သော ဗြဟ္မပါရိသဇ္ဇာ ဗြဟ္မာသည် မိမိကံအားလျော်စွာ ဗြဟ္မာ့ဘုံမှစုတေ၍ လူ့ပြည်၌ ဖြစ်လာ၏။ ယင်းသို့ လူဖြစ်လာသောအခါ ရသေ့ ရဟန်းပြုလျက် ကသိုဏ်း၊ ပရိကံစသည်တို့ကို အားထုတ်လျှင် မကြာမီပင် လောကီစျာန် အဘိညာဉ်ကို ရလေ၏။

ထိုရသေ့ရဟန်းသည် မိမိရရှိထားသော လောကီ ဉာဉ်အဘိညာဉ်ဖြင့်-

''ဤလောကကြီးသည်လည်းကောင်း၊ သတ္တဝါတို့သည်လည်းကောင်း၊ အဘယ်သို့ဖြစ်လေသနည်း'' ဟု ဆင်ခြင်ကြည့်ရှုလတ်သော် မိမိသည် ဗြဟ္မာဘုံ၌ မဟာဗြဟ္မာကြီး၏ အလုပ်အကျွေးသြဝါဒခံ ဖြစ်ခဲ့ဖူးသည်ကိုလည်းကောင်း၊ မိမိ၏ ဖြစ်ခြင်း၊ ပျက်ခြင်းကိုလည်းကောင်း သတ္တဝါတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်းကိုလည်းကောင်း ကောင်းစွာမြင်လေ၏။ မဟာဗြဟ္မာကြီး၏ ဖြစ်ခြင်း၊ ပျက်ခြင်းကိုကား မိမိဉာဏ်၌ မထင်မြင်နိုင်ပေ။

ထိုအခါ ရသေ့ရဟန်းသည်

''မဟာဗြဟ္မာကြီးကား မြဲ၏။ စုတေခြင်းမရှိ၊ ဖောက်ပြန်ခြင်း မရှိ၊ မြေကြီး၊ မြင်းမိုရ်တောင်၊ လ၊ နေကဲ့သို့ အမြဲတည်လတ္တံ့၊ ဤမဟာဗြဟ္မာကြီးမှ တစ်ပါးသော သတ္တဝါတို့သည်ကား မမြဲကုန်၊ စုတေကြရကုန်ဦးလတ္တံ့။ သတ္တဝါဟူသမျှတို့ကိုလည်းကောင်း သမုဒ္ဒရာ၊ တော၊ တောင်၊ ရေ၊ မြေစသည်တို့ကိုလည်းကောင်း၊ ဤမဟာဗြဟ္မာကြီးသည် ဖန်ဆင်းပေ၏'' ဟု အမြင်မှား၍ အယူမှားလေ

၏။ ယင်းအယူများအတိုင်း လူတို့အား တွင်တွင်ကြီး လှိုင်လှိုင်ကြီး ဟောကြားလေတော့၏။

ထိုအခါ လူတို့သည်လည်း ထိုရသေ့ရဟန်း၏ ဟောကြားသံကို ကြားရဖန်များလာသောအခါ ထိုရသေ့ရဟန်းဟောကြားသည့်အတိုင်း ယုံကြည်မိလေတော့သည်။

ဤသို့လျှင် ဖန်ဆင်းရှင်ဣဿရနိမ္မာနဝေတ ဒိဋ္ဌိ အယူဝါဒသည် ဤကမ္ဘာလောက၌ ကမ္ဘာဦးမှစ၍ ယခုကာလတိုင်အောင် ဖြစ်ထွန်းပေါ်ပေါက်လာရလေတော့၏။

ထိုဣဿရနိမ္မာနဟေတုဒိဋ္ဌိအယူဝါဒကို အကြောင်းပြု၍ အကြောင်းမဲ့ အကိရိယဝါဒ၊ အကျိုးမဲ့ နတ္ထိကဝါဒ၊ အကြောင်းအကျိုးမဲ့အဟေတုကဝါဒတို့သည်လည်း ကမ္ဘာဦးအစကပင် ပေါ်ပေါက်လာကြကုန်၏။ ထို့ပြင်လည်း သက္ကာယဒိဋ္ဌိနှစ်ဆယ် အန္တဂ္ဂါဟိကဒိဋ္ဌိ ငါးဆယ် စသော ဒိဋ္ဌိအမျိုးမျိုးတို့သည်လည်း ကမ္ဘာဦးသူတို့၏ ပညတ်ချက်ကို အစွဲပြု၍ ကမ္ဘာဦးအစကပင် ဤကမ္ဘာလောက၌ ဖြစ်ထွန်းပေါ်ပေါက်လာကြကုန်၏။

✕

# အခန်း(၄)
# ငြိမ်းအေးရာမှန် မြတ်နိဗ္ဗာန်သို့

## လမ်းမှန်လျှောက်ရန် သင်တို့တာဝန်

ဘုရားရှင်က မိမိဟောကြားခဲ့သော တရားတော်များသည် မှန်ကန်ပြည့်စုံ၏။ လိုက်နာကျင့်သုံးသူသည် ဝဋ်ဆင်းရဲမှလွတ်မြောက်၍ ချမ်းသာသုခကို ကေန်မုချ ခံစားရ၏ဟု အတိအလင်း အာမခံချက်ပေးထားတော်မူပါသည်။

ဘုရားရှင်သည် တရားတော်များကို တစ်ဦး တစ်ယောက်၏အကျိုးစီးပွား အတွက် ဟောကြားခဲ့သည် မဟုတ်ပါ။ သတ္တဝါအားလုံးငြိမ်းချမ်းသာယာမှု ရရှိရေး အတွက် လမ်းညွှန်ဟောကြားထားခဲ့ခြင်း ဖြစ်ပါသည်။

လမ်းညွှန်သည့်အတိုင်း လိုက်နာကျင့်သုံးပါက မည်သည့်ဘာသာဝင် မည်သည့်လူမျိုးမဆို တရားတော်၏ အကျိုးကျေးဇူးကို ခံစားရမည်သာဖြစ်ပါသည်။

တရားကိုစောင့်သောသူအား တရားကပြန်လည် စောင့်ရှောက်မည်သာ ဖြစ်ပါသည်။

တရားတော်များသည် ကမ္ဘာသူကမ္ဘာသားများအတွက် ချမ်းသာစစ် အမှန်ကို ပေးတတ်သော ကယ်တင်ရှင် ဖြစ်ပါသည်။

ထိုတရားကို ဘုရားရှင်က လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်းပါရမီ (၁၀) ပါး၊ အပြား (၃၀) တို့ကို ဖြည့်ဆည်း ဆည်းပူးပြီး ရှာဖွေခဲ့ရာမှ ရရှိပြီးနောက်

သတ္တဝါအားလုံးအတွက် ချမ်းသာစစ်ဆေးအဖြစ် လမ်းညွှန်ဟောကြားထားခဲ့ပါသည်။

ထိုလမ်းညွှန်ဟောကြားချက်နှင့် ပတ်သက်၍လည်း ဘုရားရှင်ကိုယ်တော်တိုင်ကလည်း ဂဏကမောဂ္ဂလာန ပုဏ္ဏားကို ဝန်ခံပြောဆိုခဲ့ပါသည်။

ဂဏကမောဂ္ဂလာနပုဏ္ဏားသည် တစ်နေ့တွင် ဘုရားရှင်ထံသို့ ရောက်လာပြီး –

''အရှင်ဂေါတမ အရှင်ဘုရား၏ အဆုံးအမကို ရရှိသူ တပည့်များသည် အားလုံးပင် နိဗ္ဗာန်ကို ရရှိပါသလော'' ဟု မေးသည်။

ဘုရားရှင်က –

''အချို့သာရရှိသည်၊ အချို့ကား မရကြောင်း'' မိန့်ကြားသည်။

''အရှင်ဂေါတမ နိဗ္ဗာန်နှင့်နိဗ္ဗာန်ရောက်ကြောင်း အကျင့်လည်း အမှန်ပင်ရှိ၍ နည်းပေးလမ်းပြတတ်သူ အရှင်ဘုရားလည်း ရှိနေပါလျက် အဘယ်ကြောင့် အချို့သူများသာ နိဗ္ဗာန်ရရှိ၍ အချို့မှာ မရဘဲ ဖြစ်နေပါသနည်း''

''ပုဏ္ဏား ဤအရာ၌ သင့်ကိုပင် ပြန်လည်မေးမြန်းရပါမည်။ နှစ်သက်သလို ဖြေကြားပါလေ၊ လူတစ်ယောက်အား ရာဇဂြိုဟ်မြို့သို့ သွားရာလမ်းကို သင်က အမှန်အတိုင်း ညွှန်ကြားပါ၏။ ထိုသူသည် သင်ညွှန်ကြားသည့်အတိုင်း မသွားဘဲ လမ်းလွဲလိုက်ကာ နောက်သို့ပြန်လာရ၏။ တခြားတစ်ယောက်ကမူ သင်လမ်းညွှန်ကြားသည့်အတိုင်း သွားသဖြင့် ရာဇဂြိုဟ်မြို့သို့ ရောက်ရာ၏။ ပုဏ္ဏား အသို့နည်း၊ ရာဇဂြိုဟ်သွားရာလမ်း မှန်ကို ညွှန်ကြားသူ သင်ရှိပါလျက် တစ်ယောက်က ရာဇဂြိုဟ်သို့ရောက်၍ တစ်ယောက်က မရောက်ခြင်းသည် အဘယ်ကြောင့်ပါနည်း''

''အရှင်ဘုရား တပည့်တော် အဘယ်သို့ တတ်နိုင်ပါမည်နည်း။ တပည့်တော်သည် လမ်းညွှန်သူသာ ဖြစ်ပါသည်''

''ပုဏ္ဏား ငါသည်လည်း နည်းပေးလမ်းညွှန်သူမျှသာဖြစ်၍ လမ်းညွှန်အတိုင်း လျှောက်ရန်မှာ သတ္တဝါတို့၏ တာဝန်ဖြစ်ပေသည်''

တရားဟူသည် ကြားသိရုံမျှဖြင့် ကျေနပ်နှစ်သိမ့်ရသော အရာမဟုတ်ချေ။

ညွှန်ကြားသည့်အတိုင်း လုပ်ကိုင်ဆောင်ရွက်ကျင့်ကြံမှသာ ချမ်းသာစစ်မှန် ငြိမ်းအေးရာစခန်းသို့ ရောက်မည်ဖြစ်ပါသည်။

ဘုရားရှင်၏ ဒေသနာတော်၌ ချမ်းမြေ့ငြိမ်းအေးရာ နိဗ္ဗာန်သည်လည်း ရှိ၏၊ နိဗ္ဗာန်သို့သွားရာလမ်းသည်လည်း ရှိ၏၊ လမ်းညွှန်သူလည်း ရှိ၏။

ဤသံသရာဝဋ်မှ လွတ်မြောက်လိုသောသူသည် လမ်းညွှန်သူ ညွှန်ပြသော လမ်းမှန်ဖြင့် စခန်းမှန်သို့ ရောက်အောင်သွားရမည့် တာဝန်ရှိနေပါသည်။

လမ်းကောင်းလမ်းမှန်ရှိလျက် မသွားသူသည် မသွားသူ၏ တာဝန်သာ ဖြစ်ပါတော့သည်။

- ရန်သူဝိုင်းထား ထိုယောက်ျားအား ပြေးသွားဖို့ရာ လမ်းပေါက်သာလျက် ပြေးမထွက်၊ လမ်းတွက် မဟုတ်ချေ။
- မစင်လူးလျှင် အေးကြည်လင်သည့် ရေစင်ရှိလျက် မဆေးရက် ရေတွက် မရှိလေ။
- ဟစ်အော်ငိုညည်း ရောဂါသည်း၍၊ လူးလည်းဗျာဓိ၊ နာမချိသော် တတ်သိမြင်မြော် သမားတော်၌၊ ဆေးကျော်ရှိလျက် မစားခက်၊ ဆေးတွက် မဟုတ်ပေ။
- အနုပ္ပကမ်း၊ ဘေးအရမ်းများစွာ၊ သံသရာမှ၊ ထွက်ရာလမ်းမ၊ သမထဝိပဿနာ၊ ကိလေသာသင်၊ နာဟောင်းကျင်ကို၊ သန့်စင်လျော်ဆေး၊ မဂ်ရေအေးနှင့် မြိုက်ဆေးစွမ်းထက်ရှိပါလျက်က၊ မထွက်ဆေးကို၊ မစားလို၊ မင်းပျို့ကိုယ်တွက်ပေဟု ဆိုဆုံးမထားသည့်အတိုင်း မလုပ်သူ မိမိတာဝန်သာ ဖြစ်မည်။

ဘုရားရှင်ကိုယ်တော်တိုင်ကလည်း မိမိ၏တပည့်သားရဟန်းများကို ဤသို့ သဘောလမ်းညွှန်မှု ဟောပြောခဲ့ပါသည်။

''ချစ်သား ရဟန်းတို့ သင်တို့ကား ရဟန္တာတရားအားထုတ်ဖွယ် ကိစ္စသည် အပြီးဆုံးတိုင် ရောက်ပြီလော''

''အရှင်ဘုရား တပည့်တော်တို့သည် ကျွတ်ထိုက်သူများဖြစ်ပါ၏။ သီလနှင့် ပြည့်စုံ၊ အကြားအမြင်လည်း ရှိပါကုန်၏။ ရှုတင်ကို ဆောက်တည်ပါကုန်၏။ ဆိတ်ငြိမ်သောကျောင်း၌ နေကြပါကုန်၏။ ဈာန်ကိုလည်း ရရှိပါကုန်၏။ ထို့ကြောင့်

တပည့်တော်တို့သည် အလိုရှိသော ခဏ၌ အရဟတ္တဖိုလ်သို့ ရရှိရန် စွမ်းဆောင်နိုင်ပါ၏''

''ချစ်သား ရဟန်းတို့ ရဟန်းတို့မည်သည် သီလစင်ကြယ်ကာမျှဖြင့် အကြားအမြင်များရုံကာမျှဖြင့် သမာဓိရှိရုံမျှဖြင့် ဆိတ်ငြိမ်ရာ၌နေထိုင်ကာမျှဖြင့် မိမိကိုယ်ကို ကျေနပ်နှစ်သိမ့်မနေသင့်၊ အဆုံးစွန်အားဖြင့် အနာဂါမ်ပင် ဖြစ်နေငြားသော်လည်း အာသဝေါကုန်ခမ်း ရဟန္တာမဖြစ်သေးသမျှ အပန်းဖြေခြင်း (ရပ်တန့်နေခြင်း) မပြုသင့်ကြ'' ဟု ဘုရားရှင်က လမ်းတစ်ဝက်မှာ ရပ်မနေသင့်၊ လမ်းဆုံးတိုင်အောင်လိုက်ရန် လမ်းညွှန်ခဲ့ပါသည်။

''ရဟန်းတို့ ရာဂ ဒေါသ မကင်း၊ သတိ သမာဓိ ပညာမရှိသော ရဟန်းသည် သင်္ကန်းစွန်းကိုကိုင်ကာ ငါဘုရားခြေရာကိုနင်းလျက် နောက်မှ ထပ်ကြပ်မကွာ လိုက်နေပါသော်လည်း ငါဘုရားမှဝေးကွာသူ ဖြစ်၏။ ငါဘုရားလည်း ထိုရဟန်းမှဝေးကွာသည်သာ အကြောင်းမှာ ထိုရဟန်းသည် တရားကို မမြင်၊ တရားကို မမြင်သူသည် ငါဘုရားကို မမြင်သောကြောင့်တည်း''

''ရာဂ, ဒေါသကင်း၍ သတိ, သမာဓိ, ပညာရှိသော ရဟန်းသည် ယူဇနာ တစ်ရာပင်ဝေးသော်လည်း ငါ ဘုရားနှင့်နီးသူ ဖြစ်ပါသည်။ ငါဘုရားသည်လည်း ထိုရဟန်းနှင့်နီးလျက်ပင် ဖြစ်ပါသည်။ အကြောင်းမှာ ထိုရဟန်းသည် တရားကိုမြင်၏။ တရားကိုမြင်သည်ရှိသော် ငါဘုရားကို မြင်သောကြောင့်တည်း''

**''တရားကိုသိသောသူသည် လောကကိုသိပါ၏။ တရားကိုမသိလျှင် လောကကို မသိပါချေ''**

**လောကကို မသိသူသည် -**

**- အနိစ္စကို နိစ္စဟုထင်မှတ်၏။**

**- ဒုက္ခကို သုခဟုထင်မှတ်၏။**

**- အနတ္တကို အတ္တဟု သုံးသပ်၏။**

**လောကသည် မိမိအလိုအတိုင်း ဖြစ်နေသည့်အခါ စိတ်တက်ကြွ၍ မာန် မာနတံခွန်ထူ၏။ မဖြစ်သောအခါ စိုးရိမ်ပူဆွေးငိုကြွေးလေတော့သည်။**

**လောကဓံကို ခံနိုင်ရည်မရှိခြင်းသည် တရားမသိ သူတို့၏ လက္ခဏာဖြစ်ပါသည်။**

ပျက်တတ်၊ ဖရိုဖရဲပြိုကွဲပျက်စီးတတ်သောကြောင့် လောကဟု ခေါ်ဆိုခြင်းကို သာမန်လူတို့ မသိနိုင်ကြပါချေ။ ထိုသို့ မသိနိုင်သောကြောင့်လည်း အယူမှား အမြင်မှား နေကြသည်။

အယူမှား အမြင်မှားနေကြ၍လည်း ဆင်းရဲဒုက္ခ အမျိုးမျိုးရောက်ပြီး ဘဝ အမျိုးမျိုး သံသရာ အသွယ်သွယ် လည်နေကြရပါသည်။

ထိုဘဝမှ လွတ်မြောက်ရေးကို လမ်းမှန်ကိုလျှောက်နိုင်ရန် ကြိုးစားကြပါလေကုန်။

## သေမည့်ဘေးကြောက်စရာလော

"လောကသည်မမြဲ၊ သက်ရှိသတ္တဝါအားလုံးသည် သေရမည်သာ ဓမ္မတာ ဖြစ်သည်" ဟု ဘုရားရှင်က ဟောကြားခဲ့ပါသည်။

သေခြင်းတရားဟူသည် သီးခြားမဟုတ်ပါ။

- သကြား၌ အချိုဓာတ်ပါသလို
- သံပုရာသီး၌ အချဉ်ဓာတ်ပါသလို

လူ့ခန္ဓာ၊ ကိုယ်ခန္ဓာအသီးသီးထဲတွင် အသေဓာတ်ကြီးနှင့်မမြဲသော အနိစ္စဓာတ်ကြီးက ပါလာပါသည်။

ရာဇဝတ်ဘေးပြေးမလွတ်ဆိုသကဲ့သို့ ဇာတိရလာလျှင် ဇရာ မရဏဟူသော အိုမင်းရင့်ရော်ခြင်းနှင့် သေခြင်းတရားက ပြေးမလွတ်ပါ။

သတ္တဝါမှန်သမျှ သေရမည်ကို ကြောက်လန့်ကြပါသည်။ အဘယ်ကြောင့် ကြောက်ကြပါသနည်း။

ဘုရားရှင်လက်ထက်က ပုဏ္ဏားကြီးတစ်ယောက်က

"မြတ်စွာဘုရား လူတိုင်းသည် သေရမည်ကို သိပါသည်၊ သေရမည်ကိုလည်း ကြောက်ကြပါသည်" ဟူ၍ လျှောက်ထားခဲ့သည်။

ထိုအခါ ဘုရားရှင်က သေဘေးကြောက်သူလေးဦးနှင့် သေဘေးမကြောက် သူလေးဦးကို ခွဲခြား၍ ဟောကြား လမ်းညွှန်မှု ပြုခဲ့ပါသည်။

၁။ သားမယား, အိုးအိမ်တိုက်တာ, ရွှေငွေလယ်ယာစသည်တို့ကို စွဲလန်းအားကြီးလျှင် သေကာနီး၌ ထိုကာမဂုဏ်များနှင့် ခွဲခွာရတော့မည်ဟု ပူပန်နေသောသူသည် သေရမှာကို ကြောက်ပါသည်။

၂။ ကာမဂုဏ်တရားများကို တရားနှင့် ဆင်ခြင်၍ နေသောသူသည် သေရမည်ကို မကြောက်။

၃။ မိမိကိုယ်ကိုစွဲလမ်းနေသောသူသည် သေမှာကို ကြောက်သည်။

၄။ မိမိကိုယ်ကို မစွဲလမ်းသူသည် သေမှာကို မကြောက်။

၅။ အကုသိုလ်များသူသည် သေမှာကြောက်သည်။

၆။ ကုသိုလ်များသူသည် သေမှာကိုမကြောက်

၇။ တရား၌ ယုံမှားသူသည် သေမှာကြောက်သည်။

၈။ တရားကို မယုံမှားသူသည် သေမှာကို မကြောက်။

## မိမိကိုယ်တိုင် လားရာဘုံဘဝကို ပြောပြနိုင်သည်

မိမိဘဝသေပြီးနောက် အဘယ်ဘဝသို့ ရောက်မည်နည်းဟု သေဆုံးသူ သွားရာလားရာ တမလွန်ဘဝကို မိမိ ကိုယ်တိုင်ပြောကြားနိုင်သူနှင့် ပတ်သက်၍ ဘုရားရှင်က ကြေးမုံတရားဟူသည် မဟာပရိနိဗ္ဗာနသုတ်၌ ဟောကြား လမ်းညွှန် မှုပြုခဲ့ပါသည်။

ဤလမ်းညွှန်မှုသည် ရှင်အာနန္ဒာမထေရ်က ဘဝတစ်ပါးသို့ ပြောင်းရွှေ့ သွားသောသူများ၏ လားရာဂတိကို မေးလျှောက်ရာမှ ဘုရားရှင်က ဤကြေးမုံ တရားလေးပါးကို ဟောကြားလမ်းညွှန်ခဲ့ခြင်း ဖြစ်ပါသည်။

၁။ မြတ်စွာဘုရားသည် ပူဇော်အထူးကိုခံထိုက်သော အရဟံဂုဏ်နှင့် ပြည့်စုံပါ၏။

- မဖောက်မပြန် အလုံးစုံသော တရားကို ကိုယ်တော်တိုင်သိသော သမ္မာသမ္ဗုဒ္ဓဂုဏ်နှင့်ပြည့်စုံပါ၏။
- ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး စရဏတစ်ဆယ့်ငါးပါးနှင့် ပြည့်စုံသော ဝိဇ္ဇာစရဏဂုဏ်နှင့် ပြည့်စုံပါ၏။
- ကောင်းစွာကြွသွား၍ ကောင်းစွာဟောကြားပေးတော်မူသော သုဂတဂုဏ်နှင့် ပြည့်စုံပါ၏။
- သတ္တလောက, သင်္ခါရလောက, ဩကာသလောက, လောတ သုံးပါးကို သိသော လောကဝိဒူဂုဏ်နှင့် ပြည့်စုံပါ၏။

- မယဉ့်ကျေးသူကိုကို ယဉ်ကျေးအောင် ဆုံးမနိုင်သော အနုတ္တရော ပုရိသ ဒမ္မသာရထိဂုဏ်နှင့် ပြည့်စုံပါ၏။
- နတ်လူတို့၏ ဆရာဖြစ်သော သတ္ထာဒေဝမနုဿာနဂုဏ်နှင့် ပြည့်စုံပါ၏။
- သစ္စာလေးပါးကိုသိသော ဗုဒ္ဓဂုဏ်နှင့် ပြည့်စုံပါ၏။
- ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံသော ဘဂဝါဂုဏ်နှင့် ပြည့်စုံပါ၏။

ဤသို့လျှင် မြတ်စွာဘုရားရှင်၌ ကျေးဇူးဂုဏ်တို့ကို ဉာဏ်ဖြင့် သက်ဝင်တွေမြင်သိရှိကာ မတုံမလှုပ် ကြည်ညိုခြင်းနှင့်ပြည့်စုံ၏။

၂။ ဘုရားရှင် ဟောကြားတော်မူအပ်သော တရားတော်များသည်

- အမြကောင်းစွာဟောကြားသဖြင့် သွာက္ခာတောဂုဏ်နှင့်ပြည့်စုံပါ၏။
- မျက်မှောက်ဘဝအကျိုးရနိုင်သဖြင့် သန္ဒိဋ္ဌိကဂုဏ်နှင့်ပြည့်စုံပါ၏။
- အခါမဆိုင်းအကျိုးပေးသဖြင့် အကာလိကဂုဏ်နှင့်ပြည့်စုံပါ၏။
- လာရှုည့် ရှုလှည့် ကျင့်ကြံလှည့်ဟု ဖိတ်ခေါ်ကာ ပြထိုက်သဖြင့် ဧဟိပဿိကဂုဏ်နှင့် ပြည့်စုံပါ၏။
- မိမိကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူသွင်းထားထိုက်သဖြင့် ဩပနေယျိက ဂုဏ်နှင့် ပြည့်စုံပါပေ၏။
- အရိယာပညာရှင်တို့သာ ကိုယ်စီကိုယ်င သိနိုင်ခံစားနိုင်သဖြင့် ပစ္စတ္တံ ဝေဒိတဗ္ဗ ဂုဏ်နှင့် ပြည့်စုံပါပေ၏။

ဤသို့တရားတော်၌ ကျေးဇူးဂုဏ်တို့ကို ဉာဏ်ဖြင့် သက်ဝင်တွေမြင်သိရှိကာ မတုန်မလှုပ်ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။

၃။ မြတ်စွာဘုရား၏ တပည့်သား သာဝကသံဃာတော်များသည်

- အဓိသီလ, အဓိစိတ္တ, အဓိပညာ, သိက္ခာ သုံးရပ်တည်းဟူသော အကျင့် ကောင်းမြတ်သော ပဋိပတ်ဂုဏ် (သုပ္ပဋိပန္နော)
- အကျင့်ဖြောင့်မတ်သည့် ပဋိပတ်ဂုဏ် (ဥဇုပ္ပဋိပန္နော)
- အကျင့်သင့်မြတ်သည့် ပဋိပတ်ဂုဏ် (ဉာယပ္ပဋိပန္နော)

ဆုပြည့်စုံထွန်းစေသော

- ရှိသေလေးစားအပ်သည့် ပဋိပတ်ဂုဏ် (သာမိစိပဋိပတ္တိ)

ဤအကြောင်းဖြစ်သော ကျေးဇူးဂုဏ်လေးပါးနှင့် ပြည့်စုံသည်ဖြစ်၍ အစုံအားဖြင့် လေးစုံ၊ ပုဂ္ဂိုလ်အားဖြင့် ရှစ်ပါးအရေအတွက်ရှိသော ဘုရားရှင်၏ တပည့်သား သံဃာတော်များသည်

- အဝေးမှဆောင်ယူ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်သော ဂုဏ်
- ဧည့်သည်တို့အတွက် စီမံထားသောဝတ္ထုကိုသော်လည်း (ဧည့်သည်ကို ခေတ္တဆိုင်းငံ့ထား၍) ပေးလှူပူဇော်ရန် ထိုက်သောဂုဏ်
- တမလွန်အတွက် ရည်မြှော်သောအလှူကို ခံယူထိုက်သောဂုဏ်
- လက်အုပ်ချီမိုးရှိခိုးထိုက်သောဂုဏ်
- သတ္တဝါအပေါင်းတို့၏ကောင်းမှုပြုရန် အမြတ်ဆုံးသော လယ်ယာမြေသဖွယ်ဖြစ်သောဂုဏ်

ဤအကျိုးဂုဏ်ငါးပါးတို့နှင့်လည်း ပြည့်စုံပါ၏။

ဤသို့ သံဃာရတနာ၌ ကျေးဇူးဂုဏ်တို့ကို ဉာဏ်ဖြင့် သက်ဝင်တွေ့မြင်သိရှိကာ မတုန်မလှုပ်ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။

၄။ တဏှာကျွန်အဖြစ်မှ ကျွတ်လွတ်စေတတ်ကုန်သော ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော မှားယွင်းစွာ မသုံးသပ်အပ်ကုန်သော သမာဓိကို ဖြစ်စေကုန်သော မကျိုး, မပေါက်, မပြောက်, မကျားကုန်သော အရိယာတို့ မြတ်နိုးအပ်သော သီလတို့နှင့်ပြည့်စုံ၏။

ဤဆိုအပ်ခဲ့ပြီးသော ကြေးမုံတရားလေးပါးနှင့် ပြည့်စုံသောသူသည် ပြောကြားလိုက -

- ငါသည် ကတိကုန်ပြီးသူ ဖြစ်သည်၊
- တိရစ္ဆာန်ကတိကုန်ပြီးသူ ဖြစ်သည်၊
- ပြိတ္တာကတိကုန်ပြီးသူ ဖြစ်သည်၊
- ကြီးပွားချမ်းသာပြစ်ကင်းရာ၊ ဆင်းရဲမှီရာ ဖရိုဖရဲ ပြိုကွဲပျက်စီး၍ ကျရောက်ရာ အပါယ်ဂတိကုန်ပြီးသူ ဖြစ်၏။

---

**ဆုပြည့်စုံထွန်းစာပေ**

- ငါသည် သောတာပန်ဖြစ်ပြီ၊
- ပျက်စီးကျရောက်ခြင်း သဘောမရှိပြီ၊
- ကျိန်းသေမြဲသူဖြစ်လေပြီ၊
- အထက်မဂ်သုံးပါးလျှင် နောက်ဆုံးလားရာ ရောက်ရာရှိသူဖြစ်ပြီ၊

ဟု မိမိကိုယ်ကို မိမိ၊ မိမိအကြောင်းကို ပြောပြနိုင်ပေ၏ ဟု ကြေးမုံ တရားကို လမ်းညွှန်ဟောကြားခဲ့ပါသည်။

## နည်းလမ်းမှန်ဖြင့် ဘဝလမ်းမှန်သို့

ဤကမ္ဘာလောကတွင် သတ္တဝါမှန်သမျှတို့သည် ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ သေပြီးသည်နှင့် တစ်ပြိုင်နက် ဘဝတစ်ခုခု၌ စုတိပဋိသန္ဓေ (သေပြီးနောက် ဘဝသစ်ပဋိသန္ဓေ) ဖြစ်ရသည်။

ဤကဲ့သို့ သေလိုက်ပြန်ဖြစ်လိုက်နှင့် အဆုံးမရှိသော သံသရာရေယဉ် ကြောကြီးတွင် ရပ်နားခြင်းမရှိဘဲ မျောနေကြရပါသည်။

ယင်းကို သေဆုံးပြီးနောက် ပြန်ဖြစ်နိုင်သောဘဝ အဆင့်အတန်းအမျိုး အစားမှာ အကြမ်းအားဖြင့် (၄) မျိုး တွေ့ရပါသည်-

၁။ ဗြဟ္မာ

၂။ နတ်

၃။ လူ

၄။ တိရစ္ဆာန်

စသော အောက်တန်းစားသတ္တဝါမျိုးများ ဖြစ်ကြပါသည်။

ဤသို့သေလိုက် ဘဝအဆင့်အတန်း တစ်ခုခုတွင် ဖြစ်လိုက်နှင့် မရပ်မနား တဝဲဝဲလယ်လယ် အဆုံးမရှိ ဖြစ်ပေါ်နေကြရခြင်းသည် အခြားအကြောင်း ကြောင့် မဟုတ်ချေ။

အထက်ဖော်ပြပါ သံသရာနယ်ချဲ့သမားဖြစ်သော တဏှာ၊ မာန၊ ဒိဋ္ဌိ၊ တရားများ၊ လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာတရားများတို့ ကြောင့် ဖြစ်ပါသည်။

သာမန်အမြင်ဖြင့်ကြည့်လျှင် တိရစ္ဆာန်အစရှိသော အောက်တန်းစား သတ္တဝါများ အထက်လူအဖြစ်က ပို၍ တော်သည်၊ မြတ်သည်။

နတ်ထက် ပြဟ္မာအဖြစ်က အရတော်သည် မြတ်သည်ဟု ထင်ရသော်လည်း အမှန်စင်စစ်ဆိုရလျှင် ဘဝရမှုဟူသည် အရတော်သည်ဖြစ်သည်ဟူ၍ မရှိပါ။

အဘယ်ကြောင့်ဆိုသော် တိရစ္ဆာန်ဖြစ်စေ၊ လူဖြစ်စေ၊ နတ်ဖြစ်စေ၊ ပြဟ္မာဖြစ်စေ၊ ဘဝခန္ဓာဖြစ်သည်နှင့် တစ်ပြိုင်နက်ထဲ –

– အိုရမည့်ဘေး
– နာရမည့်ဘေး
– သေရမည့်ဘေး
– ချစ်ခင်သူနှင့်ကွေကွင်းရမည့်ဘေး
– မချစ်မနှစ်သက်သူနှင့်ပေါင်းရမည့်ဘေး
– ရတာမလို လိုတာမရဘေး စသော ဘေးဆိုးကြီးများနှင့် ဘယ်နည်းနှင့်မျှ မလွတ်ကင်းနိုင်သောကြောင့် ဖြစ်ပါသည်။

ယင်းသို့သော ဝဋ်ဒုက္ခကြီးများမှ လွတ်ကင်းရန်မှာ သတ္တဝါများကို **အဖန်** တလဲလဲ ရှည်လျားသော ဝဋ်ဒုက္ခနယ်ပယ်တွင် တဝဲလယ်လယ်ဖြစ်အောင် ပြုလုပ်ပေးနေသော လောဘ, ဒေါသ, မောဟတည်းဟူသော ကိလေသာ တရားများကို အမြစ်ပါမကျန်အောင် သုတ်သင်ရှင်းလင်း ပစ်ရန်ပင်ဖြစ်ပါသည်။

ဤလုပ်ငန်းစဉ်အောင်မြင်ရန်မှာ မိမိစိတ်ကို ထိန်းသိမ်း၍ ထိုက်သင့်သော သမာဓိကိုရအောင် ဆောင်ရွက်ရန်မှာ အဓိကပဓာနကျပါသည်။

မိမိစိတ်ကို နိုင်အောင် ထိန်းသိမ်းနိုင်မှာ ရှင်သာရိပုတ္တရာ မိန့်ကြားသကဲ့သို့ သူတစ်ပါးစိတ်ကို အကဲခတ်ရတာ မှားသော်ရှိ မှန်သော် ရှိမည်။ မိမိစိတ်ကို မိမိအကဲ ခတ်ရသည်မှာ အမှန်ဆုံးဖြစ်သည်။

မိမိစိတ်ကို မိမိအကဲခတ်ရာတွင်လည်း ပုထုဇဉ် ပုဂ္ဂိုလ်သန္တာန်မှာ အရိယာ မဟုတ်၍ ပုထုဇဉ်စိတ်သာ ပေါ်ပါမည်။ ပေါ်ချင်ရာပေါ် ရှေ့စိတ်ပေါ်ရာကို နောက် ဉာဏ်နှင့် ရှုရပါမည်။

ထိုကဲ့သို့ရှုလျှင် ရှေ့စိတ်က ပျက်ပျက်သွားတာကို တွေ့မည်။ ပျက်သွားသည်က အနိစ္စ၊ နောက်ကိုမရှိမှန်း သိလိုက်သောဉာဏ်ကမဂ် –

ဤကဲ့သို့ ရှေ့စိတ်ကဖြစ်ပျက်၊ နောက်သိတဲ့ဉာဏ်က မဂ်ဖြစ်ပျက်နှင့် **မဂ်ဆိုက်သွားအောင် ရှုပေးရပါမည်။ ဤကဲ့သို့ချည်း ဆက်ရှုသွားလျှင် စိတ်ကို မတွေ့တော့ဘဲ စိတ်ဓါတ်မရှိမှုတွေပဲတွေ့ပြီး သမာဓိရလာပါလိမ့်မည်။ ထိုသို့ သမာဓိရရန် နည်းလမ်းသည် အဓိကကျသော လမ်း ဖြစ်ပါသည်။**

**စိတ်ဓါတ်သန့်ရှင်းတည်ငြိမ်မှုကို အကြောင်းပြု၍ အဆင့်လေးဆင့်ဖြစ်**
သော –

– သောတာပတ္တိမဂ်
– သကဒါဂါမိမဂ်
– အနာဂါမိမဂ်
– အရဟတ္တမဂ် အဆင့်များသို့ ရရှိပါမည်။

သောတာပတ္တိမဂ်သို့ ဆိုက်ရောက်သော သူသည် ယင်းဆိုက်ရောက်ရမည့် အထွတ်အထိပ်အကျိုးတရားနှင့် ပတ်သက်၍ သို့လော သို့လောဖြစ်မှု ယုံမှားသံသယများသည် စိုးစဉ်းမျှမကျန်တော့ဘဲ လုံးဝကင်းရှင်းပျောက်ကွယ်သွားပါသည်။

သကဒါဂါမိမဂ်အဆင့်သို့ ရောက်သောသူတွင် အဆက်မပြတ် သောင်းကျန်းလေ့ရှိသော ကိလေသာ အညစ်အကြေးတို့သည် ထူးထူးခြားခြားလျော့ပါး၍ သွားရသည်။

အနာဂါမိမဂ်သို့ ဆိုက်ရောက်သောသူတွင် အမျက်ထွက်သောစိတ်၊ ကြောက်ရွံ့စိတ်၊ ကာမရာဂစိတ်တို့ စိုးစဉ်းမျှ မကျန်ဘဲ လုံးဝချုပ်ငြိမ်းသွားရသည်။ ထိုစိတ်များဖြစ်ပေါ်လာအောင် လုပ်နိုင်သောသူသည် ဤစကြဝဠာတွင် တစ်ယောက်မျှ မရှိတော့ချေ။

အရဟတ္တမဂ်ဆိုက်သူတွင် ကိလေသာအားလုံး မြူမျှမကျန်ဘဲ ကင်းပြတ် ချုပ်ငြိမ်းရပါသည်။

ဤအဆင့်သို့ရောက်သောသူသည် သေဆုံးသည့်အခါတွင် နောက်ထပ် တစ်ဖန် ဘဝသစ်ပြန်၍ မဖြစ်တော့ချေ။ ဘဝသစ်ရအောင်လည်း မည်သူကမျှ

မဖန်တီး မတည်ဆောက်နိုင်တော့ချေ။

ဤအဆင့်များသည် တမလွန်သေမှရမည်ဖြစ်သော သဘာဝတရားများ မဟုတ်ကြပါ။ ယခုမျက်မှောက်ဘဝ၌ပင် တကယ်အားထုတ်က တကယ်ရမည့် တရားများသာ ဖြစ်ပါသည်။

ယခုခေတ်မီသိပ္ပံလောကတွင် အရာဝတ္ထုတစ်ခုကို စမ်းသပ်တွေ့ရှိပြီး၍ ကမ္ဘာသို့ ကြေငြာလိုက်သောအခါ သိပ္ပံဆရာတို့က ထိုအရာကို ဝိုင်းဝန်းစမ်းသပ်ကြည့်၍ စစ်ဆေးကြသည်။ လက်တွေ့ဆောင်ရွက်ကြသည့် နည်းတူ ဘုရားရှင်က ဓမ္မတရားများကို လက်ငင်းဒိဋ္ဌလာလှည့်, ရှုလှည့်, ကိုယ်တိုင်စမ်းသပ်လှည့်ဟု ဖိတ်ကြားထားပါသည်။

ဟူ၍ဟောကြားသော တရားသဘာဝများသည် ဘာသာဝါဒကိုထိန်းကြိုး တစ်ခုခု၏ အယူဝါဒများ မဟုတ်ကြပါ။ သဘာဝတရားများကို ဖော်ထုတ်ပြီး လင်းညွှန်ပြသထားသော တရားများ ဖြစ်ကြပါသည်။

မသိသူကျော်သွား သိသူဖော်စားရမည့် တရားများ ဖြစ်ကြပါသည်။

## မမေ့တရား ရှုမှတ်ထားပါ

မမေ့မလျော့သော သတိတရားမကင်းကွာမှုကို ပါဠိလို အပ္ပမာဒဟု ခေါ်ပါသည်။

လောကီရေးဖြစ်စေ၊ လောကုတ္တရာရေးဖြစ်စေ၊ ပစ္စုပ္ပန်ရေးဖြစ်စေ၊ တမလွန်ရေးဖြစ်စေ သတိတရားသည်ကား အရာရာ၌ လိုအပ်သည်သာ ဖြစ်ပါသည်။

အရသာမှန်သမျှ၌ ဆားမပါလျှင် မကောင်းသလို ကိစ္စမှန်သမျှ သတိမပါလျှင် မကောင်းပါချေ။

''ထူးကဲလက္ခဏာ၊ ဆားမပါလျှင်၊ ဟင်းလျာတိုင်းညှီ၊ ကျေးဇူးရှိသို့ သတိမှန်တိုင်း၊ မလွန်နိုင်ပြား၊ ဤတရားကို ငါသာမင်းစစ် မလစ်ရစ်နှင့်'' ဟူ၍ မဃဒေဝလင်္ကာ၌ မိန့်မှာခဲ့ပါသည်။

ကောသလမင်းသည် ဘုရားရှင်ကို –

"ဗုဒ္ဓတရားလုပ်ငန်း၌ ပစ္စုပ္ပန်သံသရာရေး နှစ်ပါးစုံ အကျိုးပြုနိုင်သော တရားနည်းလမ်းများ ရှိပါသလော" ဟု မေးလျှောက်ခဲ့သည်။

ထိုအခါ ဘုရားရှင်က -

"လှည်းနေလှေအောင်း မြင်းဇောင်းမကျန် သတ္တဝါအားလုံးတို့အား ပစ္စုပ္ပန်ရေး တမလွန်ပါ အသေးအဖွဲ့ကိစ္စကအစ ကြီးမားသောကိစ္စ အသွယ်သွယ်တို့၌ ပြုနိုင်သောတရားသည် ရှိပါ၏။ ထိုတရားသည်ကား မမေ့မလျော့ခြင်းဟူသော အပ္ပမာဒတရားပင် ဖြစ်ကြောင်း" အဖြေပေးခဲ့ပါသည်။

"လူ့လောက၌ အကျိုးပြုဆုံးတရားတို့တွင် မမေ့လျော့သော အပ္ပမာဒ တရားသည် အရေးကြီးဆုံးဖြစ်သည်။

- မဖြစ်သေးသော ကုသိုလ်တရားများ ဖြစ်ပေါ်လာရေး

- ဖြစ်ပြီးသော ကုသိုလ်တရားတွေ ဆုတ်ယုတ်သွားစေရေးတို့၌ မေ့လျော့ကြောင်း (အပ္ပမာဒ) တရားလောက် ဆိုးဝါးသောတရားကို ငါမမြင်" ဟူ၍ ဘုရားရှင်က အင်္ဂုတ္တိုရ်၊ ဧကနိပါတ်၊ အစ္ဆရာသင်္ဃာတ ဝဂ္ဂ အဋ္ဌမသုတ်၌ ဟောထားခဲ့ပါသည်။

မြတ်စွာဘုရားရှင် နေ့စဉ်ဆောင်ရွက်သော ဗုဒ္ဓကိစ္စကြီး ငါးချက်ကို ဖော်ပြရာ၌ ရခဲသော (ဒုလ္လဘ) တရားငါးပါး ရခိုက်တွင် မမေ့မလျော့ အားထုတ်ကြဖို့ မမေ့မလျော့ (အပ္ပမာဒ)ကို နေ့စဉ်ဆုံးမတော်မူပါသည်။

ပရိနိဗ္ဗာန်စံကာနီးတွင် နောက်ဆုံးစကားအဖြစ်-

"အပ္ပမာဒေန သမ္ပာဒေထ"

"မမေ့မလျော့သတိတရားနှင့် ပြည့်စုံစွာနေကြ" ဟူ၍ မှာကြားတော်မူခဲ့ပါသည်။

မြတ်စွာဘုရားရှင် (၄၅) ဝါလုံး ဟောကြားခဲ့သော ပိဋကတ်သုံးပုံ ဓမ္မက္ခန္ဓာတော်များကို အရင်းချုပ်၍ အမြစ်က ကိုင်ပြလျှင် မမေ့မလျော့သောအကျင့် (အပ္ပမာဒ ပဋိပတ်) ပင် ဖြစ်ပါသည်။

မမေ့မလျော့မှုဟူသည် သတိတရားနှင့်မကင်းကွာမှုပင် ဖြစ်ပါသည်။

ကျမ်းဂန်တို့၌ အချို့နေရာများတွင် အပ္ပမာဒ အချို့နေရာများတွင် သတိအမည်ဖြင့် ဟောကြားထားသည်ကို တွေ့ရပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

- သတိမည်သည်ကား နှစ်လိုဖွယ်ကောင်းသော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့ ကြုံလတ်သောအခါ၌လည်း ကောင်း၊
- ကြောက်ဖွယ်ရူပါရုံစသည်တို့ကို တွေ့ကြုံသောအခါ၌လည်း ကောင်း၊
- အမျက်ထွက်အပ်သောအကြောင်း၊ စိုးရိမ်အပ်သောအကြောင်း ရှိလတ်သောအခါ၌လည်းကောင်း၊
- ဆင်းရဲကိုမတွေ့ဖူးသော သူသည် ဆင်းရဲကို တွေ့သောအခါ၌ လည်းကောင်း၊
- မရဖူးသော စည်းစိမ်ကိုရသောအခါ၌လည်းကောင်း အလွန် ရှန်း နိုင်ခဲစွာ၏။

ထိုသို့သောအ[illegible]ကြောင်းအကျိုးကို မျှော်ရှု၍ သတိသမ္ပဇဉ်နှင့် ချုပ်တည်းရာ၏။ ချုပ်တည်းအပ်သော အရာဖြစ်လျက် မချုပ်တည်းချေမူကား အပြစ်ကြီးစွာ ရောက်ရ၏။ ချုပ်တည်းနိုင်မူကား အကျိုးစီးပွားရောက်ရာ၏။

ခပ်သိမ်းသော ဘုရားရှင်တို့ မစွန့်သောတရားကား သတိပဋ္ဌာန်တရား ပင် ဖြစ်ပါသည်။

သတိပဋ္ဌာန်ကို ကျင့်နေသောသူသည် အနာဂါမိက ရဟန်းစာရင်းဝင် သည် ဟူ၍ သတိပဋ္ဌာနဝိဘင်း၌ ဟောကြားထားသည်ကို တွေ့ရပါသည်။

နိဗ္ဗာန်သို့သွားမည့် တစ်ကြောင်းတည်းသော ခရီးကား သတိပဋ္ဌာန် တရားပင်ဖြစ်ကြောင်း ဘုရားရှင်က သတိပဋ္ဌာန်ပါဠိတော်၌ ဟောကြားထားခဲ့ ပါသည်။

ထို့ကြောင့် ဘုရားရှင် သာသနာနှင့်လည်း ကြုံကြိုက်ပြီ။ နိဗ္ဗာန်သို့ ရောက်နိုင်သော နည်းလမ်းများ၊ ကျင့်စဉ်များ ရှိနေပါလျက် သိအောင်လည်း သိသူများက လမ်းညွှန်မှု ပြုနေပါလျက် မိမိတို့သည် မိမိတို့ဘဝသံသရာရှည်စေ သော ရုပ်နာမ် အသစ်အသစ်တို့ဖြင့် ဇာတိ ဇရာ ဗျာဓိ မရဏတို့တည်းဟူသော ဆင်းရဲမှုကို ဖြစ်စေသော ဘဝခန္ဓာအိမ် အကြိမ်ကြိမ်ဖြစ်စေသည်။ လူ့ဘဝ,

နတ်ဘဝ, ဗြဟ္မာဘဝတွေကို ကောင်းမှုပြု၍ တောင်းဆုပြုနေရန် မသင့်ပါ။ ကိုယ့်ဆင်းရဲကို ကိုယ်မရှာသင့်ပါ။

တဏှာလက်သမား ဖန်တီးနေသော ရုပ်, နာမ်, ခန္ဓာအိမ်ကို နောက်ထပ် တစ်ဖန် မဖန်တီးနိုင်အောင် မမေ့မလျော့သော သတိတရားဖြင့် နည်းမှန်လမ်းမှန်ကို ကြိုးစားအားထုတ်ကြရမည် ဖြစ်ပါသည်။

ရလာသော လူ့ဘဝ၊ ကြုံလာသောဘုရား သာသနာနှင့် နာကြားသိမှတ်ခွင့်ရသော သူတော်ကောင်း တရားများဖြစ်ကြသော သမထဝိပဿနာတရားနည်းလမ်း တွေ့ရှိပါလျက် အသိခေါက်ခက်အဝင်နက်နေလျှင် လယ်တီ ဆရာတော်ဘုရားကြီး ဆုံးမခဲ့သော

မှတ်ကာစွဲယူ၊ များမိုလ်လူတို့
နိဗ္ဗူမရ၊ ဆင်းရဲကြလိမ့်
လောကသုံးခွင်၊ ဘုံအပြင်ဝယ်
ဖြစ်လျှင်ပျက်မြဲ၊ မှန်မလွဲတည်း
သုံးစွဲဖို့ရာ၊ များဥစ္စာတို့
ကံကြမ္မာပေး၊ ရပြန်သေးလည်း
ပျက်ရေးတစ်ဖန်၊ တွေ့ကြုံပြန်၏
ချစ်လှုံဝေးဝေး၊ ချစ်ဆွေးတွေနှင့်
ချစ်လေသမျှ၊ ပေါင်းဆုံကြလည်း
ကွဲရမည်မှာ မ...သာတည်း
ရှည်စွာအသက်၊ တည်ရှိလျက်လည်း
ပုခက်နှင့်ပေ၊ ဝေးလေလေနှင့်
နီးလေပြင်ခေါင်း၊ အမှန်အောင်းလိမ့်
အကြောင်းမလျော် သုံးရက်ကျော်က
ပုပ်စော်ညှီနံ့၊ ရန်တွေပြန်သို့
အမှန်ချစ်သူ၊ မကာပ်မူဘဲ
လျစ်လျူရှုသုံး၊ တကာယ်မှန်း၏
နောက်ဆုံးရောက်လာ၊ မြို့ပြည်ရွာနှင့်

ဆုပြည့်စုံထွန်းစာပေ

ဆွေညာအများ၊ စွန့်ပယ်ရှား၍
သွားရအပြီး၊ လူမနီးသည့်
တောကြီးမြိုင်ယံ၊ မြေသုသာန်၌
ရောက်ပြန်မရှု မြှုပ်နှံဘိခြင်း
ခြောက်ပေတွင်းဝယ်၊ စင်းစင်းအိပ်ကာ
မလွဲသာဘဲ၊ နေရစ်ကို
စွဲမြဲမှတ်ကာ၊ ဆင်ခြင်ပါတော့
သခါရခြို၊ လောကီမြှ၌
နိလုံ့ဝင်စံ၊ ပုထုဇဉ်တို့
လောကစံလွတ်ကြောင်း၊ ဆုပန်တောင်း၍
လမ်းကြောင်းမဂ္ဂင်
ရှစ်အင်ဓမ္မ၊ အဝကို
နေ့ညမကွာ၊ ကြိုးစားရာသည်
ခေမာရောက်မှ အေးမည်တည်း။

ဤကဗျာအတိုင်း သံသရာအသွယ်သွယ်၊ ဘုံဘဝ အလယ်လယ်၌ ကျင်လည်နေခဲ့ကြရသောသူတို့သည် မိမိတို့၏ဘဝတို့ကို မမေ့တရား သတိထား၍ ဘဝငြိမ်းအေးရာ မြတ်နိဗ္ဗာန်ရောက်ရေးအတွက် သမထ၊ ဝိပဿနာ၊ မဂ္ဂင်ရှစ်ဖြာတရား တို့ကို ကြိုးစားအားထုတ်သင့်ကြပါသည်။

## တဏှာလွတ်မြောက်ရာ မြတ်ချမ်းသာသို့

တဏှာဟူသော အနှောင်အဖွဲ့မှ လွတ်မြောက်ရာ နယ်မြေ (ဝါ) ကိလေသာ အားလုံး သံယောဇဉ်အားလုံးမှ လွတ်မြောက်ရာနယ်မြေကို ပါဠိလို နိဗ္ဗာန်ဟု ခေါ်ပါသည်။

အပ်ချုပ်သမားသည် အဝတ်များကို တစ်စုနှင့်တစ်စု ဆက်သွယ်ချုပ်စပ်သကဲ့သို့ တဏှာသည် ဘဝအကျဉ်းကို မပြတ်မလပ်အောင် ဆက်စပ်ပြုလုပ်ပေးတတ်သည်။ သံသရာ၌ ထက်အောက်စုန်ဆန်ကျင်လည်နေရခြင်းသည်လည်း ဤတဏှာ၏လက်ချက်ပင် ဖြစ်ပါသည်။

တဏှာရေသောက်မြစ်ကို အကြွင်းမဲ့ မဖြတ်နိုင်သေးသမျှ –

– ဇာတိဟူသော ပင်စည်

– ဇရာမရဏဟူသော အကိုင်းအခက်

– သောကပရိဒေဝဟူသော အသီးအပွင့်တို့သည် ရှင်သန်ကြီးထွားနေမည်သာ ဖြစ်ပါသည်။

"မစင်ဟူသည် မကောင်းသောအနံ့ရှိမြဲ ဖြစ်သကဲ့သို့ ဘဝဟူသမျှသည်လည်း ဒုက္ခအစုအဝေးသာ ဖြစ်ကြောင်း" ဘုရားရှင်က ဟောကြားခဲ့ပြီး ဘဝမှန်သမျှ မည်သည့်ဘဝကိုမျှ ဘုရားရှင်က ချီးမွမ်းခြင်း ပြုတော်မမူချေ။

တဏှာလွှမ်းမိုးမှု ခံရသောသူသည် ကျွန်အစေခံသဖွယ် တဏှာစေရာသို့ သွားရသည်။ ဆင်းရဲမျိုးစုံနှင့် တွေ့ကြုံရသည်။

တဏှာကို အပြီးတိုင်အောင် မြင်နိုင်မှသာ စစ်မှန်သော ချမ်းသာကို ရရှိခံစားရပါမည်။ ဤတဏှာသည် ဆင်းရဲဒုက္ခအစု၏ ပင်မရေသောက်မြစ် ဖြစ်သောကြောင့် နိဗ္ဗာန်၏သရုပ်မှန်ကို ဖော်ထုတ်ရာတွင် တဏှာဟူသော အနှောင်အဖွဲ့မှ လွတ်မြောက်ရာဒေသဟု တဏှာကို အရင်းခံ၍ ဆိုခဲ့ခြင်းဖြစ်ပါသည်။

– ခိုင်မြဲသောရေသောက်မြစ်ကို မဖျက်ဆီးဘဲ ပင်စည်ကိုသာ ဖြတ်ထားသော သစ်ပင်သည် တစ်ဖန် ပေါက်ရောက်စည်ကားလာသကဲ့သို့ (မိမိသန္တာန်၌) ကိန်းအောင်းနေသော တဏှာကို မဖျက်စီးအပ်သေးသည်ရှိသော် ဆင်းရဲခြင်းသည် အဖန်တလဲလဲ ဖြစ်လာ၏။

– တဏှာဖြင့် ဝန်းရံအပ်သော သတ္တဝါတို့သည် ကျော့ကွင်း၌မိသော ယုန်ကဲ့သို့ ထိတ်လန့်နေကြ၏။ သံယောဇဉ် အစေးဖြင့် ကပ်ညှိနေသော သတ္တဝါတို့သည် အချိန်ကြာမြင့်စွာ အဖန်တလဲလဲ ဆင်းရဲခြင်းသို့ ကပ်ရောက်ရ၏။

– နိဗ္ဗာန်သည် တဏှာ၏ စက်ကွင်းမှလွတ်ကင်းပြီးသော တရားဖြစ်၏။ ရဲရဲညီးသော တံတွေးခဲ၌ ယင်ကောင်များနားခိုခြင်း မပြုငံ့သကဲ့သို့ နိဗ္ဗာန်ဟူသော လောကုတ္တရာတရား၌ ကိလေသာတို့ ကပ်ရောက်ခွင့် မရချေ။ ထိုနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည် 'နိဗ္ဗာန သစ္ဆိ

ကိရိယ မင်္ဂလာ' မည်၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဟူသည် နိဗ္ဗာန်အမည်ရသော 'အရဟတ္တဖိုလ်'ကို ရရှိခြင်း ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်ခြင်းကို ဆိုလိုသည်။

နိဗ္ဗာန်ဟူသည် စိတ်စေတသိက်, ရုပ်တရားတို့မှ သီးခြားဖြစ်သော ပရမတ္ထ တရားဖြစ်သည်။ ရုပ်နာမ်ဓမ္မ သင်္ခါရတို့နှင့် ဆက်သွယ်မှု မရှိသောကြောင့် ရုပ်ဝိသေသ နာမ်ဝိသေသ မဟုတ်ချေ။ ပုဂ္ဂိုလ်သတ္တဝါတို့ကဲ့သို့ ခံစားတတ်သော သဘောလည်းမရှိ။ ငါးပါးအာရုံ ကာမဂုဏ် တရားများကဲ့သို့ ခံစားအပ်သော သဘောလည်း မဟုတ်ပေ။ နိဗ္ဗာန်၌ ခံစားမှုဟူသော 'ဝေဒယိတသုခ'မျိုး မရှိဘဲ အေးမြငြိမ်းချမ်းခြင်းဟူသော 'သန္တိသုခ'သာ ရှိသည်။

ဝေဒယိတသုခသည် ခံစား၍ ကုန်ခမ်းသွားသောအခါ အသစ်ရရှိအောင် ရှာဖွေရ၏။ ရှာဖွေရသောဒုက္ခသည် ခံစားရသော သုခနှင့်နှိုင်းယှဉ်၍ မရအောင် ကြီးမားလှ၏။ ခံစားမှုနှင့် မရောယှက်သော သန္တိသုခဟူသည် ရုပ်နာမ် သင်္ခါရတို့ ချုပ်ငြိမ်းသဖြင့် အေးမြငြိမ်းချမ်းခြင်းသဘော ဖြစ်ပေသည်။ သန္တသုခရှိသော နိဗ္ဗာန် သည် စိတ်ကူးဖြင့် ကြံစည်ပြုလုပ်ထားသည့်အရာ မဟုတ်ပေ။ အမှန်စင်စစ် ထင်ရှား ရှိသော ပရမတ္ထတရားဖြစ်သည်။ အရိယာတို့သည် နိဗ္ဗာန်ကိုအာရုံပြုလျက် ဖလသမာ ပတ်ချမ်းသာကို ဝင်စားတော်မူကြသည်။

အချို့က နိဗ္ဗာန်ဆိုသည်မှာ 'ယုန်ချို လိပ်မွေး ပုဇွန်သွေး'ကဲ့သို့ အမှန် စင်စစ်မရှိသော တရားဖြစ်၏။ မရှိသောတရားကိုရှိအောင် လုပ်ယူရမည်ဆိုခြင်း သည် ယုတ္တိ မရှိသောနည်းလမ်းသာဖြစ်၏ဟု ဆိုကြသည်။

နိဗ္ဗာန်ဟူသည် လောကမှလွတ်မြောက်နေသော တရားခံဖြစ်၏။ ထို တရားကို အရိယာပုဂ္ဂိုလ်များသာ မျက်ဝါးထင်ထင် သိမြင်နိုင်၏။ ရတနာသုံးပါး မကြည်ညို တရားမနာ စာပေမသင် ကမ္မဋ္ဌာန်းမဝင်သော ပုထုဇဉ်များအတွက် မည်သို့မျှ မသိရှိနိုင်ချေ။ သို့သော် ဤအကြောင်းပြချက်ကို မနှစ်သက်သူတို့သည် ရှိနေဆဲပင်ဖြစ်၏။ ထိုသူများသည် ဝါးချက်ရွာ မင်းကျောင်းဆရာတော်၏ မိန့်ကြား ချက်ကို သတိပြုသင့်၏။

---

ဆုပြည့်စုံထွန်းစာပေ

ဝါးချက်ဆရာတော်ကြီးသည် ပရိယတ်ပဋိပတ် ကျွမ်းကျင်သောပုဂ္ဂိုလ်ဖြစ်၏။ တစ်နေ့သော် ရှမ်းပြည်မှ ပွဲစားတစ်ယောက်သည် ဆရာတော်ထံ ရောက်လာ၍ နိဗ္ဗာန်အကြောင်းကို မေးမြန်း၏။ သူသည် အနယ်နယ် အရပ်ရပ်ရှိ ဆရာတော်များထံ၌လည်း နိဗ္ဗာန်အကြောင်းကို မေးမြန်းခဲ့၏။ သို့သော် ကျေနပ်သောအဖြေကို မရခဲ့ကြောင်း လျှောက်ထားသည်။ ထိုအခါ ဆရာတော်ကြီးက–

"ဒါယကာ . . . သင်သည် နိဗ္ဗာန်ကို ရှာဖွေနေသူဖြစ်သည်။ ငါသည်လည်း နိဗ္ဗာန်ကို ရှာဖွေနေဆဲပင် ဖြစ်၏။ သို့သော် သင်နှင့်ငါတို့သည် ပုထုဇဉ်ဖြစ်သောကြောင့် နိဗ္ဗာန်ကို မတွေ့ရသေးပေ။ ထို့ကြောင့် နိဗ္ဗာန်ကိုသိမြင်သောအခါမှ ဆွေးနွေး ကြအံ့။ နိဗ္ဗာန်ကို မသိမြင်ဘဲ ဆွေးနွေးခြင်းသည် အမှန်ကို ရောက်နိုင်မည် မဟုတ်ပေ" ဟု မိန့်ကြားပေသည်။ မဂ်ဖိုလ်နိဗ္ဗာန်ဆိုသည်မှာ သာမန်ပုထုဇဉ်တို့၏အရာ မဟုတ်။ အရိယာတို့၏အာရုံသာ ဖြစ်ကြောင်း ထင်ရှားပေသည်။

သိရန်ခဲယဉ်းလှသော နိဗ္ဗာန်ကို ရှုပါလော့။ ဤနိဗ္ဗာန်၌ သူမိုက်တို့သည် ပြင်းထန်စွာ တွေဝေကုန်၏။ အဝိဇ္ဇာဖုံးပိတ်ကုန်သည်ဖြစ်၍ နိဗ္ဗာန်ကို မမြင်နိုင်သော သူမိုက်တို့အား ဉာဏ်မျက်စိကမ်းအောင် ပြုတတ်သော အမိုက်မှောင်ဖြစ်၏။

အလင်းရောင်သည် အပိတ်အဆီးမရှိ ဟင်းလင်းပွင့်သကဲ့သို့ ပညာဖြင့် ရှုကြည့်သော သူတော်ကောင်းတို့အား နိဗ္ဗာန်သည် ဟင်းလင်းပွင့်၏။ သစ္စာတရား၌ မလိမ္မာကုန်သော သူမိုက်တို့သည် အနီး၌တည်ရှိသော နိဗ္ဗာန်ကို မသိနိုင်ကြကုန်။

အာသဝေါမရှိသော ရဟန်းတော်တို့သည် နိဗ္ဗာန်ကို ကောင်းစွာသိ၍ ပရိနိဗ္ဗာန်ပြုကုန်၏။ အရိယာတို့မှတစ်ပါး အဘယ်သူသည် နိဗ္ဗာန်ကိုသိခြင်းငှာ ထိုက် တန်ပါမည်နည်း။

**ဘုရားရှင်သည် သုမေဓာဘဝ၌ ဤသို့ဆင်ခြင် စဉ်းစားတော်မူခဲ့သည်။**

- **လောက၌ဆင်းရဲခြင်း ရှိလတ်သော် ချမ်းသာခြင်းလည်း ရှိသကဲ့သို့ ဘဝရှိလတ်သော် ဘဝကင်းပြတ် နိဗ္ဗာန်တတ်သည်လည်း မချွတ် ဧကန် အမှန်ရှိပေလိမ့်မည်။**
- **အပူရှိလတ်သော် အအေးလည်း ရှိသကဲ့သို့ ရာဂ ဒေါသ မောဟ တည်းဟူသော မီးသုံးပါး ရှိလတ်သော် မီးသုံးပါးငြိမ်းရာအမှန် မြတ်နိဗ္ဗာန်သည်လည်း အမှန်စင်စစ် ရှိပေလိမ့်မည်။**

---

**ဆုပြည့်စုံကြပါစေ**

မကောင်းမှုရှိလတ်သော် ကောင်းမှုလည်း ရှိသကဲ့သို့ ဇာတိရှိလတ်သော ဇာတိကင်းပြတ်တရားမြတ်သည်လည်း ရှိပေလိမ့်မည်ဟူ၍ ဖြစ်သည်။ သုမေဓာဘဝက ကြံစည်ချက်(ဝါ) ထုတ်ဖော်ခဲ့သော ယုတ္တိသည် လက်တွေ့မှန်ကန်ကြောင်း ဘုရားဖြစ်သောအခါ သက်သေနှင့်တကွ ပြသနိုင်ခဲ့ပေသည်။

တစ်ချိန်က အရှင်သာရိပုတ္တရာသည်

"ငါ့ရှင်တို့ နိဗ္ဗာန်သည် ချမ်းသာပေစွ၊ နိဗ္ဗာန်သည် ချမ်းသာပေစွ" ဟု ချီးကျူးမိန့်ဆို၏။ ထိုအခါ ကာဠုဒါယီမထေရ်က -

"ငါ့ရှင်သာရိပုတ္တရာ ... နိဗ္ဗာန်မှာ ခံစားတတ်သော ဝေဒနာမရှိ၊ ဤကဲ့သို့ မရှိခဲ့သော နိဗ္ဗာန်၌ မည်သည့်ချမ်းသာမျှ ရှိနိုင်မည် မဟုတ်ပေ" ဟု စောဒကတက်၏။

"ငါ့ရှင် ဤနိဗ္ဗာန်၌ ခံစားမှုမရှိခြင်းသည်ပင် ချမ်းသာဖြစ်ပေသည်" ဟု ရှင်သာရိပုတ္တရာက ဖြေရှင်း၏။

ဤကားလောကုတ္တရာတရားကို ပုထုဇဉ်တို့ မသိမြင်နိုင်ခြင်း၏ ထင်ရှားသော ပြယုတ်ဖြစ်သည်။

ချမ်းသာခြင်းနှစ်မျိုးရှိ၏။

- ဝေဒယိတသုခ = ခံစား၍ချမ်းသာခြင်း
- သန္တိသုခ = ခံစားမှုမပြုဘဲချမ်းသာခြင်းတို့ ဖြစ်သည်။

ကောင်းသောအာရုံခြောက်ပါးနှင့် တွေ့ထိခံစားမှုသာ ချမ်းသာသည် 'ဝေဒယိတသုခ' မည်၏။ ကာမဘုံသားတို့က ငါးပါးသော အာရုံကာမဂုဏ်ခံစားခြင်းကို အကောင်းဆုံး ချမ်းသာဟု ထင်မှတ်ကြ၏။ ဤသို့ ထင်မှတ်ခြင်းသည် ကာမဂုဏ်ချမ်းသာကိုသာ ခံစားဖူးသောကြောင့်ဖြစ်၏။ ကာမဂုဏ်ချမ်းသာထက် နိဗ္ဗာန်ချမ်းသာက ပို၍နှစ်သက်ဖွယ်ကောင်း၏။ ဈာန်ချမ်းသာထက် နိဗ္ဗာန်ချမ်းသာက နှစ်သက်မြတ်နိုးဖွယ် ရှိ၏။ နိဗ္ဗာန်ချမ်းသာသည် ခံစားမှုမပြုရဘဲ ငြိမ်းအေးချမ်းသာ၏။ အိုခြင်း၊ နာခြင်း၊ သေခြင်းစသော ဆင်းရဲဟူသမျှ ငြိမ်းအေး၏။ သေခြင်းကင်းသောကြောင့် မည်သည့်အခါမျှ ချမ်းသာမှု မပျက်စီးပေ။ ထို့ကြောင့် ဘုရားရှင်က -

– (နိဗ္ဗာန ပရမံ ဝဒန္တိ ဗုဒ္ဓါ) = နိဗ္ဗာန်သည် အမြတ်ဆုံး ဟု မိန့်ကြားတော်မူခြင်းဖြစ်သည်။

ယနေ့ခေတ် ဗုဒ္ဓဝါဒီများအတွင်း နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလို၏။ နိဗ္ဗာန်၏ အထောက်အပံ့ဖြစ်ပါစေ စသည်ဖြင့် ဆုတောင်းခြင်း နိဗ္ဗာန်ကို ရည်မှန်း၏။ ကုသိုလ်ပြုရန် တိုက်တွန်းခြင်းတို့သည် နိဗ္ဗာန်ချမ်းသာကို သိမြင်သူတို့၏ ဆောင်ရွက်ချက် လမ်းညွှန်ချက်များ ဖြစ်ပေသည်။

နိရောဓသစ္စာခေါ် နိဗ္ဗာန်လက္ခဏာကို အဋ္ဌကထာတို့၌ ဤသို့ရေးသား ဖော် ပြထားသည်။

နိဗ္ဗာန်သည် ရာဂစသောမီး (၁၁) ပါးတို့၏ အေးငြိမ်းခြင်းလက္ခဏာရှိ၏။ (ဝါ)ဇာတိစသော ဒုက္ခတို့၏ချုပ်ငြိမ်းပြတ်စဲခြင်း လက္ခဏာရှိ၏။ (ဝါ)ဥပါဒ်, ဌီ, ဘင်ကင်းသော အသင်္ခတလက္ခဏာရှိ၏။ (ဝါ)သံသရာဘေးကို ထိတ်လန့် ငြီးငွေ့သော သူတို့၏ စိတ်ကိုသက်သာရာရစေခြင်းကိစ္စ ရှိ၏၊ ခန္ဓာနိမိတ်ကင်းသော တရားဟူ၍ ဉာဏ်အားရှေ့ရှုတတ်၏၊ ဟူ၍ဖြစ်၏။

မိလိန္ဒမင်းကြီးသည် အရှင်နာဂသေနအား –

''နိဗ္ဗာန်၏ အဆင်းသဏ္ဌာန်၊ အရွယ်အစား၊ အတိုင်းအရှည်ကို ဥပမာဖြင့် ပြဆိုခြင်းငှာ စွမ်းနိုင်ပါသလော''ဟု လျှောက်ထား၏။ အရှင်နာဂသေနက –

''မင်းမြတ် ... နိဗ္ဗာန်သည် အတုမရှိ၊ နိဗ္ဗာန်၏အဆင်းသဏ္ဌာန် အရွယ်အစားကို ဥပမာဖြင့်ဖြစ်စေ၊ အကြောင်းအားဖြင့်ဖြစ်စေ၊ အသင့်ယုတ္တိအားဖြင့်ဖြစ်စေ၊ ဆောင်ပြခြင်းငှာ မတတ်နိုင်ပေ။ ဤသို့မတတ်နိုင်ခြင်းမှာ နိဗ္ဗာန်ဟူသည် သရုပ်သကောင်အားဖြင့် ပြဖို့ရန် မဖြစ်ကောင်းသောကြောင့်တည်း။ ဂုဏ်ကျေးဇူးအားဖြင့်မူကား စိုးစဉ်းမျှသော ဥပမာဖြင့် ဆောင်ပြခြင်းငှာ တတ်နိုင်ကောင်း၏။ မင်းမြတ် ရေသည် အေးမြခြင်းကို ဖြစ်စေ၍ ပူလောင်ခြင်းကို ငြိမ်းစေသကဲ့သို့ ဤအတူနိဗ္ဗာန်သည် အေးမြ၏။ အလုံးစုံသော ကိလေသာပူလောင်မှုကို ငြိမ်းစေတတ်၏။

မင်းမြတ် ... ဥပမာတစ်နည်းကား ရေသည် ပင်ပန်းခြင်း၊ ခြောက်ကပ်ခြင်း၊ မွတ်သိပ်ခြင်း၊ နေပူခြင်းတို့ဖြင့် နှိပ်စက်ခံရသော သတ္တဝါတို့ကို ချမ်းသာ

စသေကဲ့သို့ ဤအတူ နိဗ္ဗာန်သည်လည်း ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ ဟူသော မွတ်သိပ်ခြင်းကို ပယ်ဖျောက်တတ်၏။

မင်းမြတ် . . . ဆေးဝါးသည် အဆိပ်ဖြင့် နှိပ်စက်ခံရသော သတ္တဝါတို့၏ ကိုးကွယ်ရာ ဖြစ်သကဲ့သို့ နိဗ္ဗာန်သည် ကိလေသာအဆိပ်ဖြင့် နှိပ်စက်ခံရသော သတ္တဝါတို့၏ ကိုးကွယ်ရာဖြစ်၏။ ဆေးသည် အနာရောဂါတို့၏ အဆုံးကိုပြုတတ်သကဲ့သို့ နိဗ္ဗာန်သည် အလုံးစုံသော ဝဋ်ဆင်းရဲတို့၏ အဆုံးကိုပြုတတ်၏။ ဆေးသည် အသက်ကို မသေစေနိုင်သကဲ့သို့ နိဗ္ဗာန်သည်လည်း မသေစေနိုင်ပေ'' စသည်ဖြင့် နိဗ္ဗာန်၏ သဘာဝလက္ခဏာကို မိန့်ကြားခဲ့သည်။

မဟာစည်ဆရာတော်ကလည်း နိဗ္ဗာန်၏ သဘာဝကို ဤသို့ရေးသားခဲ့ပေသည်။

''နိဗ္ဗာန်ဟူသည် ဘုံနန်းပြာသာဒ်ကြီးလည်း မဟုတ်၊ မြို့ကြီး ပြည်ကြီးလည်း မဟုတ်။ အလင်းရောင်၊ အဝင်းရောင်လည်းမဟုတ်၊ အကြည်ဓာတ် အအေးဓာတ်လည်း မဟုတ်၊ အဘယ်ကြောင့်နည်းဟူမူ ထိုဘုံနန်းပြာသာဒ်, မြို့, ပြည်, အလင်းရောင် အဝင်းရောင်, အကြည်ဓာတ်, အအေးဓာတ်များသည် အသင်္ခတပရမတ်တရား ဟုတ်ထိုက်သည့် အားလျော်စွာ ပညတ်တရားသင်္ခတပရမတ်တရားများသာ ဖြစ်သောကြောင့်တည်း'' ဟူ၍ဖြစ်သည်။

နိဗ္ဗာန်ကို မျက်မှောက်ပြုသူသည် ဖြစ်ဆဲနိဗ္ဗာန်ကို မျက်မှောက်မပြု၊ ဖြစ်ပြီး နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုသည် မဟုတ်ပေ၊ စင်စစ်သော်ကား ကောင်းစွာကျင့်သောသူသည် အကြင်နိဗ္ဗာန်ကို မျက်မှောက်ပြု၏။ ထိုနိဗ္ဗာန်ဓာတ်သည် ရှိ၏ဟူ၍သာ ဆိုအပ်သည်။ ငြိမ်းအေးသောချမ်းသာစစ်ဖြစ်သော မွန်မြတ်တော်တအပ်သော နိဗ္ဗာန်သည်ရှိ၏။ ကောင်းစွာကျင့်သောသူသည် ဘုရားရှင်ဟောကြားသည့်အတိုင်း သင်္ခါရတရားတို့ကို သုံးသပ်ဆင်ခြင်လျက် ပညာဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြု၏။ ဥပမာသော်ကား တပည့်သည် ဆရာက ဆုံးမသည့်အတိုင်း အတတ်ကိုပညာဖြင့် မျက်မှောက်ပြုသကဲ့သို့ပင် ဖြစ်သည်။

နိဗ္ဗာန်ကို အဘယ်သို့ရှုမြင်အပ်သနည်းဟူမူ ထိုနိဗ္ဗာန်ကို အပြစ်မရှိသောအားဖြင့် ဥပဒ်ကင်းသောအားဖြင့် ဘေးမရှိသောအားဖြင့် ရန်ကင်းသောအားဖြင့်

အေးငြိမ်းသောအားဖြင့် ချမ်းသာသောအားဖြင့် သာယာဖွယ်အားဖြင့် မွန်မြတ်သော အားဖြင့် စင်ကြယ်သောအားဖြင့် အေးမြသောအားဖြင့် ရှုမြင်အပ်၏။

ဥပမာအားဖြင့် အရှိန်ပြင်းစွာ တောက်လောင်နေသော မီးသည် ယောက်ျားကို လောင်မြိုက်အပ်သော် ထိုယောက်ျားသည် ထက်သန်သောလုံ့လဖြင့် မီးမှလွတ်အောင် ရုန်းထွက်၏။ မီးမှလွတ်သောအခါ လွန်ကဲသော ချမ်းသာကိုရရှိ သကဲ့သို့ ကောင်းစွာ ကျင့်သူသည် သင့်လျော်စွာ နှလုံးသွင်း၍ သုံးလောကမီးပူမှ လွတ်ကင်းသော လွန်စွာချမ်းသာသော နိဗ္ဗာန်ကို မျက်မှောက်ပြု၏။ ဤဥပမာ၌ ပကတိသောမီးကဲ့သို့ သုံးပါးသောလောကကို ကောင်းစွာကျင့်သူကို မှတ်သားအပ်၏။ မီးဘေးကင်းသော အရပ်ကဲ့သို့ နိဗ္ဗာန်ကို မှတ်သားအပ်ပေသည်။

ကောင်းစွာကျင့်သူသည် သင်္ခါရတရားတို့၏ ဖြစ်ခြင်းကို သုံးသပ်သော အခါ ဇာတိ ဇရာ ဗျာဓိ မရဏတို့ တွေ့၏။ ချမ်းသာဖွယ်၊ သာယာနှစ်သက်ဖွယ်ကို မမြင်ရချေ။ စွဲလမ်းသိမ်းပိုက်လောက်သောအရာဟူ၍ တစ်စုံတစ်ခုကိုမျှ မတွေ့ရ သဖြင့် သင်္ခါရတရားတို့၌ ငြီးငွေ့မှု ဖြစ်ပေါ်လာ၏။ ကိုယ်၌ပူလောင်၏၊ ထိုသူသည် ပုန်းခိုရာမရ၊ အားထားရာ မတွေ့၊ ကိုးစားရာမရှိသကဲ့သို့ဖြစ်၍ ဘုံသုံးပါး၌ မမွေ့ လျော်ခြင်းဖြစ်၏။

ထိုသူသည် သင်္ခါရတရားတို့မရှိသော နိဗ္ဗာန်သို့ ရောက်ရှိစေရန် မာ်ကို အားထုတ်၏။ သတိ. ဝီရိယ, ပီတိ စသည်တို့သည် ကောင်းစွာတက်၏။ ကြိမ်ဖန်များစွာ နှလုံးသွင်းသော ထိုသူ၏စိတ်သည် သင်္ခါရတို့ကို လွန်မြောက်၍ နိဗ္ဗာန်သက်ဝင်၏။ထိုသူကို 'နိဗ္ဗာန်မျက်မှောက်ပြုသူ' ဟု ဆိုအပ်ပေသည်။

နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသူသည် လမ်းမှန်ကို လျှောက်လှမ်းရမည် ဖြစ်၏။နိဗ္ဗာန်သွားရာလမ်းမှန်ကား မဂ္ဂင်ရှစ်ပါးပင်ဖြစ်သည်။ ထိုလမ်းမှတစ်ပါး အခြားမရှိချေ။ မဂ္ဂင်ရှစ်ပါးဟူသော လမ်းမရှိသော ဘာသာအယူဝါဒတို့၌ နိဗ္ဗာန် ဟူသော ပန်းတိုင်နှင့် အရိယာပုဂ္ဂိုလ်တို့ မည်သည့်အခါမှ မရှိနိုင်ချေ။ အကယ်၍ သာသနာပြင်ပ ပုဂ္ဂိုလ်များသည် မိမိတို့ဘာသာ အယူဝါဒ၌ အရိယာနှင့် နိဗ္ဗာန် သည်ရှိ၏ဟု ပြောဆိုကြွားအံ့ မုသားဆိုခြင်းသာဖြစ်၏။ (သို့မဟုတ်)သံတူကြောင်းကွဲ အရိယာနှင့် နိဗ္ဗာန်များသာ ဖြစ်ပေသည်။

---

ဆုပြည့်စုံထွန်းစာပေ

ဗုဒ္ဓဝါဒ၌ကား နိဗ္ဗာန်ဟူသော ပန်းတိုင် မဂ္ဂင်ရှစ်ပါးတည်းဟူသော လမ်းမှန်လည်း ရှိ၏။ အရိယာပုဂ္ဂိုလ်တို့သည်လည်း အမှန်ပင်ရှိပေသည်။ နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသူသည် မဂ္ဂင်လမ်းကို လျှောက်လှမ်းရန် လိုအပ်သည်။ နိဗ္ဗာန်နှင့်မဂ္ဂင်လမ်းကား အထင်အရှား ဆက်သွယ်ထားပြီး ဖြစ်ပေသည်။

မဂ္ဂင်ရှစ်ပါးဟူသည် သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ၊ သမ္မာ ဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ သမ္မာသတိ သမ္မာသမာဓိ တို့ဖြစ်သည်။

ဆင်းရဲခြင်း၊ ဒုက္ခသစ္စာကိုသိခြင်း၊ ဒုက္ခဖြစ်ကြောင်း သာမုဒယသစ္စာကို သိခြင်း၊ ဒုက္ခချုပ်ရာ နိရောဓသစ္စာကို သိခြင်း၊ ဒုက္ခချုပ်ကြောင်း မဂ်အကျင့်ကို သိခြင်းသည် 'သမ္မာဒိဋ္ဌိ' မည်၏။

ဝဋ်ဆင်းရဲမှ လွတ်မြောက်သော နိဗ္ဗာန်သို့ရောက်ရှိရန် ကြံစည်ခြင်း၊ သူတစ်ပါးကို ညှင်းဆဲမှုမပြုရန် ကြံစည်းခြင်း၊ သတ်ဖြတ်မှုမပြုရန် ကြံသည် ခြင်းသည် 'သမ္မာသင်္ကပ္ပ' မည်၏။

- ဝစီဒုစရိုက်လေးကို ရှောင်ကြဉ်ခြင်းသည် 'သမ္မာဝါစာ' မည်၏။
- ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်ခြင်းသည် သမ္မာကမ္မန္တမည်၏။
- မိစ္ဆာအာဇီဝမှ ရှောင်ကြဉ်ခြင်းသည် ''သမ္မာအာဇီဝ'' မည်၏။
- သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးကိစ္စကို ပြီးစီးစေရန် ချီးမြှောက်ထောက်ပံ့သော လုံ့လဝီရိယသည် 'သမ္မာဝါယာမ'မည်၏။
- မဂ္ဂင်ရှစ်ပါးပွားများမှု၌ မမေ့လျော့သောအားဖြင့် သတိကောင်းစွာထင်စေမှုသည် 'သမ္မာသတိ'မည်၏။
- မဂ္ဂင်ရှစ်ပါးပွားများခိုက်တွင် အာရုံမပျံ့လွင့်စေဘဲ ဘာဝနာအာရုံ၌ စိတ်တည်ကြည်မှုသည် 'သမ္မာသမာဓိ'မည်၏။

ဤမဂ္ဂင်ရှစ်ပါးသည် နိဗ္ဗာန်သို့သွားရာခရီးမှန် ဖြစ်၏။ ဤလမ်းခရီးဖြင့် လျှောက်လှမ်းသူသည် နိဗ္ဗာန်ပန်းတိုင်သို့ မလွဲမသွေရောက်ရှိမည် ဖြစ်ပေသည်။

''လမ်းမှန်ကိုလျှောက် ဉာဏ်မြင်ပေါက်၊ ဆိုက်ရောက် နိဗ္ဗာန်ပြည်''

စွယ်စုံထင်ကျော်ကျမ်း၌–

''နိဗ္ဗာန်ရောက်ဖွယ် ကြွေးကိုးဆယ်၊ ပွားဘယ်ခန့်မှု ပွင့်သနည်း''

ဟု မေးမြန်းထား၏။

ဆုပြည့်စုံထွန်းစာပေ

ထိုမေးမြန်းချက်ကို ကျိုးသဲလေးထပ်ဆရာတော်က ကြွေးကိုးဆယ်ဟူ သည်

- သုစရိုက်တရား (၃၀)
- ပုညကရိယဝတ္ထု (၃၀)
- ပါရမီတရား (၃၀) တို့ဖြစ်၏။ ထိုတရားတို့သည် နိဗ္ဗာန်ရောက်ကြောင်း ကြွေးချသည်နှင့်တူသောကြောင့် 'နိဗ္ဗာန်ရောက်ဖွယ် ကြွေးကိုးဆယ်,မည်၏၊ ထိုကိုးဆယ်တို့တွင် ပါရမီသုံးဆယ်သည်သာ သဗ္ဗညုတဉာဏ်ကို ရင့်စေတတ်သော ဗောဓိသမ္ဘာရ ဖြစ်သောကြောင့် ပါရမီသုံးဆယ်ခန့်ဖြင့် ဉာဏ်ပွင့်၏ဟု ဆိုလိုသည် ဟူ၍ ဖြေဆိုထားပါသည်။

သုစရိုက်တရားဆယ်ပါးတို့တွင် တစ်ပါးလျှင် သမ္ပက္က ဝိရတိ၊ သမာဒါနဝိရတိ သမုစ္ဆေဒဝိရတိဟု သုံးမျိုးစီကွဲပြားသောကြောင့် သုစရိုက်တရား (၃၀) ဖြစ်လာသည်။

''ဒါန, သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ ပတ္တိဒါန, ပတ္တာနုမောဒန, ဓမ္မဿဝန ဓမ္မဒေသနာ ဒိဋ္ဌိဇုကမ္မ'' ဟူသော ပုညကိရိယာ ဆယ်ပါးတို့တွင် တစ်ပါးလျှင် ကာယကံ ဝစီကံ မနောကံဟူ၍ သုံးပါးစီပွားသောကြောင့် 'ပုညကိရိယာ ဝတ္ထု (၃၀)' ဖြစ်လာ၏။

ဒါန, သီလ, နိက္ခမ, ပညာ, ဝီရိယ, ခန္တီ ,သစ္စာ အဓိဋ္ဌာန, မေတ္တာ, ဥပက္ခာ ဟူသော ပါရမီဆယ်ပါးတို့တွင် တစ်ပါးလျှင် ဟိန မဇ္ဈိမ ပဏီတ ဟူ၍ သုံးပါးစီ ကွဲပြားသောကြောင့် 'ပါရမီ (၃၀)' ဖြစ်လာပေသည်။

✕

## အခန်း(၅)
## သံသရာနယ်ချဲ့သနား နှိပ်စက်ခံရသူများ

### ၁။ ပဒုမဝတီ၏ ကောင်းမှု တောင်းဆုဆင်းရဲ

ဗာရာဏသီပြည်အနီးရှိ ရွာတစ်ရွာ၌ လယ်လုပ်၍ အသက်မွေးသောသူ ဆင်းရဲလင်မယား၌ သမီးတစ်ယောက် ထွန်းကားခဲ့သည်။

ထိုသမီးသည် အရွယ်ရောက်သော် မိဘတို့၏ အလုပ်ဖြစ်သော လယ်အလုပ်ကို ဝိုင်းလုပ်ရသည်။

တစ်နေ့တွင် မိမိ၏လယ်ကိုစောင့်ရန် အိမ်မှ ထွက်လာခဲ့သည်။ လမ်းခရီးကြားဝယ် စွင့်စွင့်ငါးငါးပွင့်နေသော ပဒုမ္မာကြာအိုင်ကိုတွေ့၍ ထိုအိုင်သို့ ဆင်းသက်ပြီး ကြာခွက်ငါးရာ၊ ကြာပွင့်ငါးရာတို့ကို ခူးယူလာခဲ့သည်။

လယ်တဲသို့ရောက်သော် ကောက်နှံတို့ကိုယူပြီး ပေါက်ပေါက်ပွင့် ငါးရာကို ပေါ်လျက်နေသည်။

ထိုခဏဝယ် နိရောဓသမာပတ်မှအထဖြစ်သော ပစ္စေကဗုဒ္ဓါတို့သည် ဂန္ဓမာဒနတောင်မှ ကြွလာ၍ ထိုအမျိုးသမီးငယ် အနီးသို့ ရောက်လာခဲ့သည်။

အမျိုးသမီးသည် ပစ္စေကဗုဒ္ဓါတို့ကိုမြင်တွေ့သော် ကြည်ရွှင်လှသော သဒ္ဓါတရားဖြင့် ငါးရာသောပေါက်ပေါက်တို့ကို အရှင်တို့၏ သပိတ်တော်၌ လောင်းလှူပြီး အပေါ်မှာ ကြာပန်းဖြင့် ဖုံးလွှမ်း၍ လှူလိုက်သည်။

---

ပစ္စေကဗုဒ္ဓါတို့ကြွ၍ အတန်ငယ် ခရီးရောက်လျှင် အမျိုးသမီးငယ်သည် ဤသို့ ကြံစည်မိလေသည်။

"ရှင်ရဟန်းတို့အား ကြာပန်းကို အလိုမရှိကုန်ရာ၊ ငါ ပန်ရသော်ကောင်း၏"ဟု ကြံစည်၍ လျင်မြန်စွာလိုက်ပြီး ရှင်ပစ္စေကဗုဒ္ဓါတို့ထံမှ ကြာပန်းတို့ကို လှမ်းယူခဲ့ပြန်သည်။ မိမိလက်ထဲသို့ ကြာပန်းများရောက်၍ ဆင်ခြင်ပြန်သည်။

"ဤအရှင်များသည် လိုလားသည်ဖြစ်စေ၊ မလိုလားသည်ဖြစ်စေ ငါ လှူရလျှင် ဒါနကြီးဖြစ်တော့သည်တကား၊ ငါမှား၍ ယူမိသည်"

ဤသို့ ဆင်ခြင်မိပြီး ကြာပန်းတို့ကို သပိတ်တော်၌ ပြန်တင်၍ လှူလိုက်သည်၊ ပြီးလျှင် ရှိသေစွာရှိခိုးပြီးမှ –

"အရှင်ဘုရား . . . တပည့်တော်သည် ဤကြာပန်းကို လှူဒါန်းရသော ကုသိုလ်ကံစေတနာကြောင့် တမလွန်ဘဝ ဖြစ်သမျှ၌ ဖဝါးချရာမြေမျက်နှာထက် ပဒုမ္မာကြာကွက်ခံလာသည် ဖြစ်စေသော်၊ ပေါက်ပေါက်ငါးရာတို့ကို လှူဒါန်းရသော ကုသိုလ်ကံစေတနာကြောင့် အရှင်တို့ကဲ့သို့သော သားငါးရာကို ရပါစေသော်"ဟု ဆုတောင်းလေသည်။

ပစ္စေကဗုဒ္ဓါတို့သည် အနုမောဒနာပြု၍ ပြန်ကြွကြသည်။

ပဒုမဝတီသည် ထိုကုသိုလ်ကောင်းမှု တောင်းဆုကြောင့် ကြာပဒုမ္မာပွင့်များ ခြေရာအောက်၌ ပေါ်ခဲ့သည်။ လှူပြီးသော ကြာပန်းကို ပြန်ယူခဲ့သည့် အကုသိုလ်ကံကြောင့် သားဖွားပြီး နှင်ထုတ်ခံရသည်။

ပဒုမဝတီသည် ရှင်ပစ္စေကဗုဒ္ဓါတို့ထံတွင် မဂ်ဖိုလ် နိဗ္ဗာန်ရောက်ကြောင်းကို ဆုမတောင်းဘဲ သံသရာလည်းမည့် တဏှာအမှားဆုတောင်းကိုသာ တောင်းခဲ့၍ ဘဝသံသရာ လည်ကာ သုခ, ဒုက္ခခံစားရလေသည်။

ဇာတိ, ဇရာ, ဗျာဓိ, မရဏ ဆင်းရဲဒုက္ခတို့ကို အကြိမ်ကြိမ်ခံစားရတော့သည်။

⁂

## ရှင်သုဘဒ္ဒါ၏ ကောင်းမှု တောင်းဆုအမှား၏ဆင်းရဲ

ဘုရားလောင်း ဆဒ္ဒန်ဆင်းမင်းသည် ကောင်းကင်သို့ ပျံနိုင်သော ဆဒ္ဒန်ဆင်မျိုး၌ ဖြစ်သည်။

---

ဆုပြည့်စုံထွန်းစာပေ

ဟိမဝန္တာအရပ်၌ များစွာသော သစ်တောများနှင့် တောင်ခုနစ်ထပ် ဝိုင်းရံထားသော ကြာတောများစွာ ရှိသော ဆဒ္ဒန်အိုင်ကို အမှီပြု၍ ရှစ်သောင်းသော ဆင်အပေါင်း ခြံရံလျက်နေသည်။

ဆဒ္ဒန်ဆင်မင်းတွင် မဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါ ဟူသော မိဖုရားနှစ်ပါးရှိသည်။

ဆင်မင်းနှင့်ပရိသတ်သည် နွေအခါ၌ ရေမှ ဖြတ်သန်းတိုက်ခတ်လာသော လေညှင်းကို ခံယူလျက် ညောင်ပင်ကြီး၏အောက်၌ နေကြ၍ မိုးအခါတွင် ရွှေဂူ၌ နေကြလေသည်။

တစ်နေ့ ထိုဆဒ္ဒန်ဆင်မင်းနေရာတောအုပ်ရှိ အင်ကြင်းတောမှ အင်ကြင်းပင်တို့သည် ပွင့်ကုန်ကြသည်။ ဆင်တို့သည် ဆဒ္ဒန်ဆင်မင်းထံသို့ သွားကြ၍ သတင်းပို့ကြသည်။

''အခြံအရံများနှင့်···· အင်ကြင်းတောမှာ လှည့်စားကြစို့''

ဆဒ္ဒန်ဆင်မင်းသည် ဆင်အပေါင်းခြံရံလျက် အင်ကြင်းတောသို့ ထွက်ခွာခဲ့သည်။

အင်ကြင်းတောသို့ ရောက်သောအခါ ပင်လုံးပွင့်သော အင်ကြင်းပင်ကြီးကို ဦးကင်းဖြင့်တိုက်၍ အပွင့်တို့ကို ကျစေ···သည်။

ထိုအခါ စူဠသုဘဒ္ဒါသည် လေညာနံပါး၌ နေလေသည်။ မဟာသုဘဒ္ဒါကား လေအကြော၌ နေလေသည်။

ဆဒ္ဒန်ဆင်မင်း ဦးကင်းတိုက်မှုကြောင့် ခြော···သွေ့နေသော အင်ကြင်းခက်များ၊ အရွက်များသည်လည်းကောင်း၊ ခါချဉ်ထုပ်များသည်လည်းကောင်း၊ စူဠသုဘဒ္ဒါ ကျောပေါ်၌ ကျကုန်သည်။ မဟာသုဘဒ္ဒါပေါ်၌မူကား ပန်းဝတ်မှုန် ပွင့်ချပ်တို့သည် ကျကုန်သည်။

ထိုအခါ စူဠသုဘဒ္ဒါသည် ဆဒ္ဒန်ဆင်မင်းအပေါ်၌ ရန်ငြိုးဖွဲ့သော စိတ် မွေးလေသည်။

''ဆင်မင်းသည် မိမိချစ်သော မယားအပေါ်၌ ပန်းဝတ်မှုန် ပန်းပွင့်ချပ်၊ ပန်းပတ်ဆံတို့ကို ကျစေကုန်၏။ ငါ့အပေါ်၌မူကား သစ်ခက်ခြောက်၊ သစ်ရွက်ဟောင်း၊ ခါချဉ်ထုပ်တို့ကိုမူ ငါ့အပေါ်ကျစေကုန်၏''

တစ်ဖန် တစ်နေ့သောအချိန်တွင် ဆဒ္ဒန်ဆင်မင်းသည် ဆင်အပေါင်း ခြံရံလျက် ရေချိုးရန် ဆဒ္ဒန်အိုင်သို့ သက်ဆင်းသည်။ ဆင်ပျိုနှစ်ကောင်သည် နှာမောင်းတို့ဖြင့် ပန်းရင်စည်းတို့ကိုကိုင်ကာ ငွေတောင်ထွတ်ကို သုတ်သင်သကဲ့သို့ ရေချိုးပေးကြသည်။

ဆဒ္ဒန်ဆင်မင်းရေချိုးပြီးသော် စူဠသုဘဒ္ဒါ မဟာသုဘဒ္ဒါတို့ ဆက်လက် ရေချိုးကြသည်။ ပြီးလျှင် ဆဒ္ဒန် ဆင်မင်းဘေး၌ နေကြသည်။

ထို့နောက် ရှစ်သောင်းကုန်သောဆင်တို့ ရေချိုးကြသည်။

ဆင်တို့သည် ရေချိုးပြီးသော် အထူးထူးသော ပန်းတို့ကို ယူဆောင်လာ ကြကာ ဆဒ္ဒန်ဆင်မင်း၏ မိဖုရား နှစ်ပါးကို တန်ဆာဆင်ကြသည်။

ဆင်တစ်ကောင်သည် ဆဒ္ဒန်အိုင်သို့ လှည့်လည်သည်ရှိသော် ပွင့်ချပ် ခုနစ်ဆင့်ရှိသော ကြီးစွာသော ပဒုမ္မာကြာပွင့်ကိုရ၍ ဆဒ္ဒန်ဆင်မင်းကို ဆက်သလေ သည်။

ဆဒ္ဒန်ဆင်မင်းသည် ထိုကြာပွင့်ကို နှာမောင်းဖြင့် ယူပြီးလျှင် ဝတ်မှုန် ဝတ်ဆံတို့ကို ဦးကင်းထက်၌ ကြဲချပြီး ကြာပွင့်ကို မဟာသုဘဒ္ဒါအား ပေးသည်။

ထိုသို့ပေးသည်ကို စူဠသုဘဒ္ဒါသည် နှလုံးမသာမယာ ဖြစ်ပြီးလျှင် ဆင်မင်းအပေါ်၌ ဒုတိယအကြိမ် ရန်ငြိုးဖွဲ့မိပြန်လေသည်။

တစ်နေ့တွင် ဆဒ္ဒန်ဆင်မင်းသည် ချိုသောသစ်သီး ကြာစွယ်ကြာရင်း ရည်တို့ဖြင့် ပစ္စေကဗုဒ္ဓါငါးရာတို့ကို လုပ်ကျွေးသည်။

စူဠသုဘဒ္ဒါသည် မိမိရသောသစ်သီးကြီး,ငယ်ကို အရှင်ပစ္စေကဗုဒ္ဓါများ အား လှူ၍ -

''အရှင်ဘုရားတို့ တပည့်တော်မသည် ဤဘဝမှ စုတေသည်ရှိသော် မဒ္ဒရာဇ်မင်းမျိုး၌ဖြစ်၍ သုဘဒ္ဒါမည်သော မင်းသမီးဖြစ်ရပါလို၏။ အရွယ်ရောက် သော် ဗာရာဏသီမင်း၏ မိဖုရားကြီးဖြစ်ရပြီး ထိုမင်း၏ အလွန်ချစ်မြတ်နိုးအပ်သော မိဖုရားကြီး ဖြစ်ရပါလို၏။ ဗာရာဏသီမင်းကို မိမိနှစ်သက်သောအလိုကို ပြုစိမ့် သောငှာ စွမ်းနိုင်သောသူဖြစ်ပြီး ဗာရာဏသီမင်းအား လျှောက်ထားပြောကြားသဖြင့် မုဆိုးတစ်ယောက်ကို စေလွှတ်ကာ ဆင်မင်းကို အဆိပ်လူးသောမြားဖြင့် ပစ်သတ် ကာ အရောင်ခြောက်သွယ်တို့ဖြင့် ထွန်းတောက်သော အစွယ်စုံကို ဆောင်ယူခြင်း

ငှာ စွမ်းနိုင်သည် ဖြစ်ရပါလို၏'' ဟု ဆုတောင်းလေသည်။

ရှင်ဥသုဘဒ္ဒါသည် ထိုဆုတောင်းပြီးသော အချိန်မှစ၍ အစာကို မစား တော့ချေ။ တဖြည်းဖြည်းအားအင် ကုန်ခမ်းကာ ပိန်လှီခြောက်ကပ်ပြီး သေဆုံးလေသည်။

ထို့နောက် မဒ္ဒရာဇ်မင်း၏ မိဖုရားဝမ်း၌ သန္ဓေတည်ပြီးလျှင် မွေးဖွားခဲ့ သည်။ ရှင်ဥသုဘဒ္ဒါဟု အမည်ရခဲ့ပြီး ဘဝဟောင်းကို ပြန်ပြောင်းအောက်မေ့နိုင် သော ဇာတိဿရဉာဏ် ရလေသည်။

သုဘဒ္ဒါမင်းသမီး အရွယ်ရောက်သော် ဗာရာဏသီမင်းနှင့် ထိမ်းမြားပေး ခဲ့ပြီး မင်းက အလွန်ချစ်မြတ်နိုးသော မိဖုရားကြီး ဖြစ်ခဲ့ရသည်။

မိဖုရားကြီးဖြစ်ပြီးနောက် သုဘဒ္ဒါသည် မင်းကို ပူဆာ၍ သောနုတ္တိုင်၏ မှဆိုးကို စေလွှတ်ကာ ဆဒ္ဒန်ဆင်မင်း၏ အစွယ်ကို ဖြတ်စေကာ ဆင်မင်းကို သတ်ဖြတ်သေစေခဲ့သည်။

ရှင်ဥသုဘဒ္ဒါသည် လျှရန်ပစ္စည်းလည်းရှိ၏။ မြင့်မြတ်သော အရှင်ပစ္စေ က ဗုဒ္ဓါတို့ကို ဖူးတွေ့ရ၏။ ဘဝ လွတ်မြောက်ရေး သံသရာဝဋ်ကျွတ်ရေးကို ဆုမတောင်းဘဲ တဏှာ မာန ဒိဋ္ဌိတို့ဖြင့်ယှဉ်သောဆုကို တောင်းကာ မိမိဘဝကို သံသရာဝဋ်ဆင်းရဲ၌ နှစ်မွန်းစေသော ဆင်းရဲကို တောင်းခဲ့လေသည်။

နောက်ဆုံး မိမိသည်ပင် ရင်ကွဲနာကျ၍ သေဆုံးရလေသည်အထိ ဆင်းရဲအတိ ခံစားသွားရလေသည်။ ဘဝ အဆက်ဆက်လည်း ရုပ်နာမ်ဝဋ္ဋရှိ၍ အို နာ သေ ဆင်းရဲ နှိပ်စက်မှုကို အစဉ်တစိုက် ခံစားရပေဟာ့သည်သာ။

❋

## ပန်းဝတ်လုံချည် အလှူရှင်၏ ကောင်းမှု တောင်းဆုဆင်းရဲ

ကဿပဘုရားရှင်လက်ထက်၌ ဖြစ်ပါသည်။

ဗာရာဏသီပြည်တွင် အလွန်ဆင်းရဲသော အမျိုးသမီးတစ်ဦး ရှိသည်။ တစ်နေ့ ထိုမြို့တွင် နက္ခတ်ပွဲသဘင် ကျင်းပရာ ဂုဏ်သရေရှိ သူဌေးသူကြွယ်စ သော အမျိုးသမီးတို့သည် ပန်းပုဆိုးကို ဝတ်ဆင်ကြပြီး နက္ခတ်ပွဲသဘင် ဆင်နွှဲကြ လေသည်။

ဆင်းရဲသော အမျိုးသမီးငယ်သည် ပန်းပုဆိုး ဝတ်ချင်သောဆန္ဒ တဖွားဖွား ပေါ်လာသဖြင့် မိဘတို့ထံ ပူဆာလေသည်။ မိဘတို့သည် တန်ဖိုးကြီးလှသော ပန်း ပုဆိုးကို ဝယ်မပေးနိုင်သဖြင့် သမီးကို သူဌေးကြီးအိမ်၌ သုံးနှစ်သွားရောက် ကျွန်ခံ အလုပ်လုပ်မှ ပန်းဝတ်ပုဆိုးကို ဝယ်နိုင်မည်ဖြစ်ကြောင်း ပြောပြကြသည်။

ဆင်းရဲသူမလေးသည် မိဘတို့၏စကားကို ကြားရသောအခါ ဝယ်ချင်သော ဆန္ဒကပြင်းပြသဖြင့် သူဌေးကြီးထံ သွားရောက်ကျွန်ခံပြီး အလုပ်လုပ်ပါမည်ဟု ဝန်ခံချက်ပေးလေသည်။

ဤသို့ဖြင့် သူဌေးကြီးအိမ်တွင် ကျွန်ခံအလုပ် သွားလုပ်ရာ ကလေးမသည် အလုပ်ကို မနိုမကပ်လုပ်သဖြင့် သူဌေးကတော်ကြီးက များစွာသဘောကျပြီး သုံးနှစ် မပြည့်ခင်ပင် ပန်းဝတ်ပုဆိုးကို ပေးလေသည်။

ဆင်းရဲသူမလေးသည် နှစ်သက်ကြည်နူးဝမ်းမြောက်မှုဖြင့် အိမ်သို့ပြန်လာခဲ့ရာ လမ်းတွင် ရေကန်တစ်ခုတွေ့၍ ရေချိုးပြီးမှ ပန်းဝတ်လုံချည်ကို ဝတ်ပြီး ပြန်မည်ဟု ကြံကာ ရေကန်သို့ဆင်း၍ ရေချိုးလေသည်။

ထိုအခိုက်မှာပင် ရဟန္တာကိုယ်တော်မြတ်ကြီးတစ်ပါးသည် ဆွမ်းခံလာရင်း သင်္ကန်းကို သူခိုးများက လုယက်ယူငင်သွားသောကြောင့် သစ်ရွက်သင်္ကန်းကို ဝတ်ဆင်ကြွပြီး ဆွမ်းခံလာသည်ကို ထိုအမျိုးသမီးငယ်လေး တွေ့လိုက်ရသည်။

ရဟန္တာမထေရ်ကြီး အဖြစ်အပျက်ကို တွေ့မြင်ရသော အမျိုးသမီးငယ်ကလေးသည်။

"ငါသည် ရှေးဘဝက ကုသိုလ်ဒါန နည်းပါးမှုကြောင့် လူ့ဘဝကို ရလာသော်လည်း ဆင်းရဲခွမ်းပါးအောက်တန်းကျလှသည်။ ပန်းဝတ်လုံချည် ဝတ်ဆင်လိုသည်နှင့် သူတစ်ပါးအိမ်မှာ သုံးနှစ်တာဆင်းရဲ ပင်ပန်းစွာ နေထိုင်ရှာခဲ့ရသည်၊ ဤပန်းဝတ်လုံချည်ကို ယခုဘဝအတွက် မျှော်ကိုးပြီး မဝတ်ဆင်တော့ မဂ်ဖိုလ်နိဗ္ဗာန် ရောက်သည့်တိုင်အောင် နောင်အစဉ် ချမ်းသာပြည့်စုံစေမည့် ပြတ်ဒါနကို အခန့်သင့်တုန်း လှူဒါန်းရမည်" ဟု ကြံစည်မိလေသည်။

ထို့နောက် ရဟန္တာမထေရ်ထံချဉ်းကပ်ကာ ပန်းဝတ်လုံချည်ကို လှူလိုက်သည်။ ထိုပန်းဝတ်လုံချည်ကို ရဟန္တာ မထေရ်မြတ်ကြီး ဝတ်ဆင်လိုက်သဖြင့်

အမျိုးသမီးကလေးမှာ ကြည်နူးမဆုံး ကပြုံးပြုံးနှင့် ဖြစ်နေရလေသည်။ ဝမ်းမြောက်လွှန်း၍

''ဆင်းရဲအောက်ကျ တပည့်တော်မသည် သုံးနှစ်တိုင်တိုင် သူတစ်ပါးအိမ်မှာ အစေခံသူရင်းငှားအဖြစ် လုပ်ကိုင်သည့်အတွက် ရရှိလာသော ပန်းပတ်ပုဆိုးဟုခေါ်သော ဤလုံချည်ကို သက်နှုံးလျာအဖြစ်ဖြင့် နောင်အခါ ထင်ရှားကောင်းစား ချမ်းသာဖို့အရေး ကို မျှော်တွေးမှန်းဆ လှူဒါန်းပူဇော်ရသော ဤကုသိုလ်ကောင်းမှုကြောင့် မင်္ဂိုလ် နိဗ္ဗာန်ဝင်စံရသည့်တိုင်အောင် ဖြစ်လေရာရာ သံသရာဘဝတိုင်း၌ အပါယ်ငရဲပေတဲ့ ဒုက္ခအမျိုးမျိုးတို့မှ ကင်းလွတ်ရသည်ဖြစ်၍ လူနတ်ပြဟ္မာ ချမ်းသာအဖြာဖြာတို့ကို ခံစားရပြီးလျှင် အထူးအားဖြင့် ရုပ်ဆင်းလက္ခဏာတို့သည် ရွှေစင်ရုပ်သဖွယ် မိုးနတ်မယ်ကဲ့သို့ တင့်တယ်လှပ အချိုးကျသည်ဖြစ်၍ မြင်မြင်သမျှသော ယောက်ျားအားလုံးတို့သည် မတည့်ကြနိုင်အောင် သွေး ချက်ချင်း သတိကင်း၍ ရူးသွပ်ခြင်းသို့ ရောက်ကြစေသား ဘုရား'' ဟု ဆုတောင်းပတ္ထနာပြုလေသည်။

ထိုအမျိုးသမီးကလေးသည် ထိုဘဝမှသေလွန်ပြီး နတ်ပြည်၌ အကြိမ်ကြိမ် ဖြစ်ပြီးနောက် သိဝိတိုင်း၊ အရိဋ္ဌပုရမြို့တွင် ကုဋေရှစ်ဆယ် ကြွယ်ဝချမ်းသာသော သိရိဝ္ဍ္ဎ သူဌေးကြီး၏ သမီးရတနာဖြစ်လေသည်။

ငယ်ရွယ်စဉ်ကပင် မြင်မြင်သမျှ မိန်းမ ယောက်ျားတို့ တိမ်းမူးသွားရလောက်အောင် တင့်တယ်သော အဆင်းရှိ၍ ဥမ္မာဒန္တီဟု မှည့်ခေါ်ကြသည်။

နတ်သမီးကမျှ ချောမောလှပသည့် ရုပ်ဆင်းဒဏ်ကို မခံနိုင်ကြသည့် ယောက်ျားအပေါင်းသည် ဖောက်ပြန်ရူးသွပ်ကုန်သည်။ ထိုထက်မက လက္ခဏာဖတ်ရန် လာကြသည့် ပုဏ္ဏားကြီးများနှင့် သိဝိဘုရင်မင်းမြတ်တို့ကိုယ်တိုင် ရူးသွပ်ဖောက်ပြန်ရ လေသည်။

ဤသူဆင်းရဲမလေးသည် မိမိကျွန်ခံ၍ရသော ပန်းဝတ်ပုဆိုးကို လှူလိုသော သဒ္ဓါတရားက ကောင်းမွန်ခဲ့သော်လည်း ဆုတောင်းမှု အမှားကြောင့် ဘဝသံသရာပယ် တဏှာ မာန ဒိဋ္ဌိတို့ လွှမ်းမိုးခံရကာ သံသရာဝဋ်ဆင်းရဲဝယ် တဝဲလယ်လယ်ခံစားရတော့သည်။

❋

## လင်ကိုစွဲလမ်းတမ်းတသူ၏ ကောင်းမှု တောင်းဆု အမှားဆင်းရဲ

သိကြားမင်းစံရာ တာဝတိံသာနတ်ပြည်တွင် မာလာ ဘာရီအမည်ရှိသော နတ်သားသည် နတ်သမီးတစ်ထောင် ခြံရံလျက် ပန်းဥယျာဉ်သို့ သက်ဆင်းခဲ့သည်။

နတ်သမီးငါးရာက ပန်းပင်ပေါ်သို့တက်၍ လှပသောပန်းတို့ကို ခူးချပေးသည်။ ငါးရာသော နတ်သမီးတို့က ထိုပန်းများကို ကောက်ယူ၍ မာလာဘရီနတ်သားကို ပန်ဆင်ပေးကြသည်။

ပန်းပင်ပေါ်တက်သော နတ်သမီးငါးရာတို့တွင် နတ်သမီးတစ်ပါးသည် နတ်သက်ကြွေ၍ သာဝတ္ထိပြည်၌ တစ်ဦးတည်းသော အမျိုးအိမ်ဝယ် အမျိုးသမီးလာဖြစ်သည်။ ထိုအမျိုးသမီးသည် သူ၏အတိတ်ဘဝကို မှတ်မိသည်။ သို့ဖြစ်၍ အတိတ်ဘဝက မိမိလင်တော်ခဲ့သော မာလာ ဘာရီ နတ်သားကို သတိရပြီး ထိုနတ်သားထံ ပြန်သွားလိုသော စိတ်အမြဲပေါ်ခဲ့သည်။

ထိုအမျိုးသမီးအရွယ်ရောက်သော် မိဘတို့က သင့်တော်သော ယောက်ျားနှင့် အိမ်ထောင်ချပေးသည်။ ထိုအမျိုးသမီးသည် သိတတ်သော အရွယ်မှစ၍ ရတနာ သုံးပါးကို အမြဲဆည်းကပ်ပြီး လှူဒါန်းပူဇော်သည်။ ကောင်းမှုကုသိုလ်ပြုတိုင်းလည်း

``ဤလှူဒါန်းရသော ကောင်းမှုကြောင့် ဤဘဝမှ စုတေလျှင် အတိတ်ဘဝက ကြင်ခဲ့ရသည့် ကျွန်ုပ်၏ အရှင်သခင် မာလာဘာရီနတ်သားနှင့် ပြန်လည်ပေါင်းရပါလို၏'' ဟု အမြဲဆုတောင်းလေ့ရှိသည်။

ဤသို့အတိတ်ဘဝက အရှင်လင်ကိုသာ အစဉ်မပြတ်တောင့်တရာ တောင်းလေ့ရှိသောကြောင့် ရဟန်းတို့က (ပတိပူဇိကာ)အရှင်သခင်လင်ကို အောက်မေ့သော ဒါယိကာမဟု ခေါ်ကြသည်။

သူမသည် ထကြွလုံ့လဝီရိယရှိသည်။ အမြဲမပြတ် ဆွမ်းစားဇရပ်ကို ရှင်းလင်းသုတ်သင်သိမ်းဆည်းသည်။ သံဃာတော်များအတွက် သောက်ရေသုံးရေကို တည်ထားပေးသည်။ ထိုင်ရန်နေရာကို ခင်းပေးထား၏။ အခြားလူတို့ လာရောက်လှူဒါန်းသည်ကိုလည်း ခွဲခြမ်းဝေဖန်လှူဒါန်းပေး၏။ ဝါဆိုသင်္ကန်းကိုလည်း ကပ်လှူခဲ့သည်။

ပတိပူဇိကာသည် အစဉ်သဖြင့် မိမိလင်ယောကျ်ားထံ သွားလိုသောစိတ် ပြင်းပြစွာဖြင့် ကုသိုလ်စိတ်ဖြင့်သာ အစဉ်လှူပ်ရှားလုပ်ကိုင်နေလေသည်။

တစ်နေ့ ထိုအမျိုးသမီးသည် ရုတ်တရက်ရသော ရောဂါဝေဒနာဖြင့် ကွယ်လွန်သွားခဲ့ရာ ကုသိုလ်ပြုတိုင်း မာလာဘာရီနတ်ထံ ပြန်ရောက်လိုသော ဇောဖြင့် ဆုတောင်းကာ ပြုလုပ်ခဲ့သောကြောင့် တာဝတိံသာနတ်ပြည်ရှိ မာလာ ဘာရီနတ်သားထံသို့ အိပ်သောယောကျ်ား နိုးသော်လားကဲ့သို့ လျှပ်တပြက်ပင် ပြန်လည်ရောက်ရှိသွားလေသည်။

ပတိပူဇိကာနတ်သမီးဘဝသို့ ပြန်လည်ရောက်ရှိသည့်အခါ နတ်သမီး ငါးရာတို့သည် မာလာဘာရီနတ်သားကို ပန်းကုံးတို့ဖြင့် တန်ဆာဆင်ပေးလျက်ပင် ရှိသေးသည်။

မာလာဘာရီနတ်သားသည် လူ့ပြည်မှတစ်ဖန် စုတေ၍ ပြန်လာသော နတ်သမီးကို မြင်လျှင် –

''အသင့်ကိုစောစောက ငါမမြင်၊ အဘယ်သို့ သွားနေပါသနည်း''

''အရှင်ကျွန်မသည် နတ်ဘဝမှ စုတေသွားခဲ့ပါသည်''

''အသင်နတ်သမီး အဘယ်သို့ပြောဆိုပါသနည်း''

''အရှင်. . . ကျွန်ုပ်သည် နတ်ဘဝမှ စုတေ ပြောင်းရွှေ့ရသည်ကို ပြော ပါသည်''

''သို့ဖြစ်လျှင် အဘယ်ဘဝ၌ တည်ပါသနည်း''

''အရှင်. . . လူ့ဘဝ၌ တည်ပါသည်''

''ထိုလူ့ဘဝ၌ အဘယ်မျှကြာသနည်း''

''လူ့ဘဝတွင် သာဝတ္ထိပြည်၌ သားငယ်ယောက်တို့ ဖွားမြင်ခဲ့ပါသည်၊ ဒါန သီလ ကုသိုလ် အစုစုတို့ကိုပြုပြီး အရှင့်ထံပြန်ရောက်ရန် ဆုတောင်းခဲ့ပါ သည်။

ဤဆုကြောင့် ယခုပြန်ရောက်ရပါသည်''

''လူတို့သက်တမ်းသည် အဘယ်မျှ ရှည်ကြာပါသနည်း''

''နှစ်တစ်ရာမျှလောက် ရှိပါသည်''

''နှစ်တစ်ရာပင်လော''

''မှန်ပါ၊ ဤမျှသာအသက်ရှည်ကြပါသည်''

''ဤမျှတစ်ရာလောက်သာ သက်တမ်းရှိခဲ့လျှင် လူတို့သည် မိမိတို့ရရှိသော ဘဝကို ထိုမျှလောက် တိုတောင်းသော ကာလအတွင်း၌ မမေ့မလျော့သော ဥာဏ်တရားဖြင့် ဒါန သီလ ဘာဝနာ တရားတို့ကို ကြိုးစားအားထုတ်ကြပါရဲ့လား''

''မှန်လှပါ . . . လူတို့သည် နှစ်တစ်ရာသော အသက်ကို ရှည်လှပြီဟု ထင်မှတ်၍ စားကာ သောက်ကာ ပျော်ပါးကာဖြင့် ဇာတိ ဇရာ မရဏဘေးတို့ကို တွေး၍ မကြောက် မေ့လျော့ပျော်ပါးကာ နှစ်အသချေနေရမည်ကဲ့သို့ မအိုမသေနေရပည်ကဲ့သို့ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေသူတို့က များကြပါသည်''

ထိုစကားကိုကြားလျှင် မာလာဟာရီနတ်သားသည် ကြီးစွာသော သံဝေဂတရားဖြင့် ထိတ်လန့်ပြီး

''အို . . . လူတို့သည်ကား နှစ်တစ်ရာလောက်သော အသက်ကို ရှည်လွန်းပြီဟု ထင်မှတ်၍ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် နေခဲ့ကြသည် ဖြစ်ပါမူ အဘယ်ကာလ၌ ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်နိုင်ပါအံ့နည်း''

ပတိပူဇိကာ နတ်သမီးသေဆုံးခြင်းနှင့် ပတ်သက်၍ ရဟန်းတို့သည် ဘုရားရှင်ကို လျှောက်ထားကြပြီး မေးမြန်းကြသည်။ ဘုရားရှင်က အကြောင်းစုံကို ရှင်းပြပြီး –

''ချစ်သားတို့ သတ္တဝါတို့ အသက်မည်သည်ကား အလွန်တိုတောင်းလှ၏။ ဤသို့ တိုတောင်းလှသော အသက်ရှိသောကြောင့် လူသတ္တဝါတို့သည် ဝတ္ထု အာရုံ ကာမဂုဏ်တို့မှာ မရောင့်ရဲ မတင်းတိမ်မီပင် ကိုးဆယ့်ရှစ်ဖြာ များစွာသော စိတ်သည်မိုလ်ပါရှိသော သေမင်းမိုက်သည် အတင်းဖမ်းယူသွားတော့သည် သာတည်း''ဟု မိန့်ကြားတော်မူလေသည်။

❋

## ဆွမ်းဒါယကာလေးဦး၏ကောင်းမှု တောင်းဆု အများဆင်းရဲ

ဟာရဏသီပြည် အင်္ဂတိုင်း ကာလစမ္ပါမြို့တွင် သူငယ်ချင်းသူဌေးကြီးလေးဦးရှိသည်။

သူတို့သည် ရသေ့ဆရာကြီးလေးဦးကို တစ်ဦးလျှင် တစ်ပါးကျစီ အသီးသီး နေ့စဉ် ဆွမ်းတာဝန်ယူ၍ ပြုစုလုပ်ကျွေးဒါန်း ကိုးကွယ်ခဲ့ကြသည်။

ဆုပြည့်စုံထွန်းစာပေ

ရသေ့ကြီးလေးပါးသည် စျာန်အဘိညာဉ်ရ ရသေ့ကြီးများဖြစ်၍ ဆွမ်းစားပြီးသော အခါတိုင်း -

- တစ်ပါးက တာဝတိံသာနတ်ပြည်
- တစ်ပါးက နဂါးပြည်
- တစ်ပါးက ဂဠုန်ပြည်
- တစ်ပါးက ကောရဗျမင်း၏ မိဂါဇိနဥယျာဉ်တို့ အသီးသီးသွားရောက်ပြီး သီတင်းသုံးနေထိုင်ကြလေသည်။

နောက်တစ်နေ့ ဆွမ်းစားချိန်နီးသောအခါ မိမိတို့၏ ဆွမ်းဒါယကာ အသီးသီးတို့၏ အိမ်သို့ကြွလာပြီးလျှင် ဆွမ်းဘုဉ်းပေးကြသည်။

ထိုအခါရသေ့ကြီးလေးပါးတို့တွင် တာဝတိံသာ၌ သီတင်းသုံးသော ရသေ့ကြီးက မိမိ၏ဆွမ်းဒါယကာ သူဌေးကြီးကို သိကြားမင်း၏ စည်းစိမ်ချမ်းသာ ကြီးကျယ်ပုံကို လည်းကောင်း၊

နဂါးပြည်၌သီတင်းသုံးသော ရသေ့ကြီးကလည်း မိမိ၏ဆွမ်းဒါယကာ သူဌေးကြီးကို နဂါးမင်း၏စည်းစိမ် ချမ်းသာကြီးကျယ်ပုံကို လည်းကောင်း၊

ဂဠုန်ပြည်၌ သီတင်းသုံးသော ရသေ့ကြီးကလည်း မိမိ၏ဆွမ်းဒါယကာ သူဌေးကြီးကို ဂဠုန်မင်း၏စည်းစိမ် ချမ်းသာကြီးကျယ်ပုံကိုလည်းကောင်း၊

ကောရဗျမင်းကြီး၏ဥယျာဉ်သို့ သွားရောက် သီတင်းသုံးသော ရသေ့ကြီးကလည်း မိမိ၏ဆွမ်းဒါယကာ သူဌေးကြီးကို ဓနဥ္စယကောရဗျမင်းကြီး၏ စည်းစိမ်ချမ်းသာ များပြားကြီးကျယ်ပုံကိုလည်းကောင်း အသီးသီး ချီးမွမ်းဟောပြောကြသည်။

ထိုသူဌေးကြီးလေးဦးသည် မိမိတို့ကိုးကွယ်ဆည်း ကပ်လှူဒါန်းသော ဆရာရသေ့ကြီးများဟောပြောသော သိကြားမင်း၊ ဂဠုန်မင်း၊ နဂါးမင်း၊ ကောရဗျမင်းတို့၏ စည်းစိမ်ကို အသီးသီး တွယ်တာတပ်မက်မှုတဏှာများ ဖြစ်ပွားကြပြီး ထိုဘဝများကို ရအောင် ဆုတောင်းပတ္ထနာ ပြုကြသည်။ ကုသိုလ်ကောင်းမှုကို အသက်ထက်ဆုံးပြုပြီး ထိုဆုကို တောင်းကြသည်။

ထိုသူဌေးကြီးလေးဦးတို့သည် အသက်ထက်ဆုံး ဒါနပြုကြပြီး သက်တမ်း ကုန်လွန်ကြသောအခါ မိမိတို့ တဏှာတောင်းတသော ဆုအတိုင်းသိကြား

မင်း, ဂဠုန်မင်း, နဂါးမင်း, လူမင်းအသီးသီး ဖြစ်ကြရလေသည်။

ဘဝတဏှာ၏ ဆုတောင်းမှားမှုကြောင့် အလှူပြုရာတွင် ဝဋ်မှကျွတ်လွတ်သောအလှူကို မပြုဘဲ ဝဋ်မှကျွတ် လွတ်သောဆုကို မပန်ကြဘဲ ဝဋ်သံသရာရှည်သော အလှူနှင့်ဆုကိုတောင်းခဲ့ကြ၍ ထိုတဏှာဆုတောင်းသည့် ဘဝအတိုင်း ဘဝအသီးသီး ရကြကာ ဇာတိ, ဇရာ, ဗျာဒိ, မရဏဘေးနှိပ်စက်ခံရမည့် ဝဋ္ဋဝန်ရုပ်နာမ်ကို တစ်ဖန် ရကြပြန်လေတော့သည်။

## အရှင်ရာဟုလာနှင့် အရှင်ရဋ္ဌပါလတို့၏ ဘဝဟောင်းမှ ကောင်းမှု တောင်းဆုအမှားများ

လွန်ခဲ့သော ကမ္ဘာတစ်သိန်းကာလ ပဒုမုတ္တရဘုရားရှင် ပွင့်ချိန်ကာလ အချိန်ဖြစ်သည်။

ရာဟုလာလောင်းနှင့် ရှင်ရဋ္ဌပါလလောင်းတို့သည် ထိုဟံသာဝတီပြည်၌ မိတ်ဆွေသူကြွယ်နှစ်ဦး ဖြစ်ကြသည်။

သူတို့နှစ်ဦးသည် တန်ခိုးကြီးသော ရသေ့နှစ်ပါးကို တစ်ဦးလျှင် တစ်ပါးစီ အသီးသီးကိုးကွယ်ဆည်းကပ်ပြီး ဆွမ်းဝတ်ဒါနပြုကြသည်။

ထိုတန်ခိုးရှင် ရသေ့နှစ်ဦးတွင် ရာဟုလာလောင်း သူကြွယ်ကိုးကွယ်သော ရသေ့သည်ကား နဂါးပြည်၌ သီတင်းသုံးသည်။

ရှင်ရဋ္ဌပါလလောင်းသူကြွယ်ကိုးကွယ်သော ရသေ့ကြီးသည် တာဝတိံသာ နတ်ပြည်၌ သီတင်းသုံးသည်။

ရသေ့ကြီးတို့သည် မိမိတို့၏ ဆွမ်းဒါယကာများကို မိမိတို့သီတင်းသုံးသော ဘုံများ၏ သိကြားမင်းစည်းစိမ်၊ နဂါးမင်းစည်းစိမ်ချမ်းသာအဖြာဖြာကို ဟောပြောကြသည်။ ချီးမွမ်းကြသည်။

အလှူဒါယကာသူကြွယ်နှစ်ဦးတို့သည်လည်း မိမိတို့၏ ဆရာရသေ့များ ချီးမွမ်းပြောဆိုသော သိကြားမင်း ဘဝ, နဂါးမင်းဘဝတို့ကို တပ်မက်မောကာ တောင့်တလာ ကြသည်။ ဒါနများပြုကာ ဆုတောင်းကြသည်။

ယင်းသူကြွယ်များ ကွယ်လွန်ကြသောအခါ မိမိတို့ တောင့်တသည့် အတိုင်း ရှင်ရာဟုလာအလောင်းသူကြွယ်သည် ပထဝိန္ဓရနဂါးဘုံ၌ ပထဝိန္ဓရ နဂါးမင်း ဖြစ်သည်။

ရှင်ရဋ္ဌပါလလောင်းသူကြွယ်က တာဝတိံသာ နတ်ပြည်ဝယ်သိကြားမင်း ဖြစ်ရလေသည်။

ပထဝိန္ဒရ နဂါးမင်းသည် ထိုဘုံ၌ဖြစ်သော ခဏမှာပင် မိမိကိုယ်ခန္ဓာ အတ္တဘောကိုကြည့်၍ –

''ငါ၏အိမ်သို့ ဆွမ်းခံကြွသော ရှင်ရသေ့သည် ငါ့အား နှစ်သက်ဖွယ် မရှိသော အရပ်၏ ဂုဏ်ကျေးဇူးကို ပြောဆိုဘိ၏။ ဤနဂါးဘုံသည်ကား ရင်ဖြင့် တွားသွား၍ ကျက်စားလှည့်လည်ရသောဘုံဌာနဖြစ်သည်။ ငါ့ဆရာရသေ့သည် ဤ နဂါးဘုံမှတစ်ပါး အခြားဘုံကို မသိပါလေယောင်တကား''ဟု စဉ်းစားဆင် ခြင်ကာ နှလုံးမသာမယာ ဖြစ်ရလေသည်။

နဂါးမင်းသည် တစ်နေ့သောအခါတွင် လူ့ဘဝက သူ၏မိတ်ဆွေဖြစ်ခဲ့ သော သိကြားမင်းနှင့် တွေ့ဆုံမိသည်။ သိကြားမင်းက လောကတွင် ပဒုမုတ္တရ ဘုရား ပွင့်နေသည့်အကြောင်း ပြောပြပြီး အလှူလုပ်ရန် အကြံပေး တိုက်တွန်း သည်။ နဂါးမင်းသည် ပဒုမုတ္တရာဘုရားနှင့်တကွ သံဃာတစ်သိန်းကို မိမိ၏ဘုံဗိမာန် သို့ ပင့်ဖိတ်၍ ခုနစ်ရက် ခုနစ်လီ ကြီးကျယ်သော အလှူကိုပေးလေသည်။

ပဒုမုတ္တရာဘုရားရှင်၏ တပည့်သားသံဃာတို့တွင် အသက်အငယ်ဆုံး ဘုရားရှင်၏သားတော် အရှင်ဥပရေဝတ သာမဏေငယ်၏ တင့်တယ်ပုံကို မြင် တွေ့ရပြီး ထိုသာမဏေငယ်ကလေးနည်းတူ နောင်ပွင့်တော်မူလတံ့သော ဘုရား တစ်ဆူ၌ သားတော်ဖြစ်လို့မှု တဏှာတပ်မက် မောမှုဖြစ်ကာ –

''မြတ်စွာဘုရား ... တပည့်တော်သည် ယခုပြုရသော ကောင်းမှု စေတနာကြောင့် ဤဥပရေဝတ သာမဏေငယ်ကဲ့သို့ နောင်အခါဝယ် တစ်ဆူဆူ သော ဘုရားရှင်၏သားတော်ငယ်ဖြစ်ရပါလို၏''ဟု ဆုတောင်းပတ္ထနာပြုလေသည်။

ထိုဆုတောင်းသည့်အတိုင်း သံသရာဝယ် အကြိမ်ကြိမ် ရုပ်နာမ်ညှင်းဆဲ နှိပ်စက်မှုကို ခံလာခဲ့ရပြီး ယခုဂေါတမဘုရားရှင်လက်ထက်ဝယ် သားတော်ရာဟု လာ ဖြစ်လာရပါသည်။

## မန္တာတုစကြဝတေးမင်းကြီး၏ တဏှာအလိုရမက်

ကမ္ဘာဦးအခါက ဂေါတမဘုရားအလောင်းတော်သည် မင်းခုနစ်ဆက်

မြောက်၌ ကျွန်းငယ်နှစ်ထောင် အခြံအရံနှင့်တကွ ကျွန်းကြီးလေးကျွန်းကို အစိုးရသည့် မန္ဓာတု စကြဝတေးမင်းကြီး ဖြစ်သည်။ ထိုအချိန်အခါ၌ လူတို့၏ အသက်တမ်းကား အသင်္ချေယျတမ်း ဖြစ်သည်၊ ထိုမင်း၏ တန်ခိုးတေဇောအာနုဘော်သည် အလွန်ကြီးသည်။ ထိုမင်းသည် လက်ဝဲလက်ကို ခွေ၍ လက်ယာလက်ဖြင့် လက်ပန်းပေါင်းခတ်သည့်အခါ ကောင်းကင်မှ ပုဆစ်ပမာဏအတိုင်း အရှည်ရှိသည့် ရတနာခုနစ်ပါးမိုးကို ရွာစေနိုင်သည်။

ထိုမင်းသည် သူတော်ဘဝ အိမ်ရှေ့မင်းသားဘဝ၊ စကြဝတေးမင်းတို့ဘဝအဖြစ် နှစ်ပေါင်း (၈၄၀၀၀) စီ ကာမဂုဏ်ကို ခံစားသည့် တဏှာ၏အလိုကို ဖြည့်သည်။ သို့သော် ဖြည့်စေခြင်းကား မတတ်နိုင်၊ ငြီးငွေ့လာသည်။

ထိုအကြောင်းကို အမတ်တို့က သိ၍ –

''နတ်ပြည်သည် မွေ့လျော်ဖွယ်ရှိပါသည်''ဟု တင်လျှောက်ကြသည်။

အမတ်တို့ တင်လျှောက်ချက်အရ စတုမဟာရာဇ် နတ်ပြည်သို့ သွားသည်။ စတုမဟာရာဇ်နတ်မင်းကြီးလေးပါးက ဆီးကြိုပြီး နတ်မင်းအဖြစ် တင်မြှောက်ကာ နတ်စည်းစိမ်ကို ခံစားစေသည်။

မင်းကြီးသည် စတုမဟာရာဇ်နတ်စည်းစိမ်ကို ကာလရှည်ကြာစွာတိုင်အောင် ခံစားသည်။ တဏှာ၏ အလိုကိုဖြည့်သည်။

သို့သော်လည်း ဖြည့်စေခြင်းငှာ မစွမ်းနိုင်၊ ငြီးငွေ့ပြန်လေသည်။ ထိုအကြောင်းကို နတ်မင်းကြီးတို့က သိ၍ –

''အရှင်မင်းကြီး . . . တာဝတိံသာနတ်ပြည်သည် မွေ့လျော်ဖွယ်ရှိပါ၏'' ဟု လျှောက်တင်ကြသည်။

မင်းကြီးသည် တာဝတိံသာနတ်ပြည်သို့ သွားပြန်သည်။ သိကြားမင်းသည် ခရီးဦးကြိုဆိုကာ တာဝတိံသာနတ်ပြည်ကို တစ်ဝက်ခွဲပေးပြီး နတ်စည်းစိမ်ကို ခံစားစေသည်။

ထိုအခါမှစ၍ တာဝတိံသာနတ်ပြည်ကို မင်းနှစ်ပါးတို့ မင်းပြုအုပ်ချုပ်ကြသည်။ သိကြားမင်းသည် နှစ်ပေါင်း သုံးကုဋေခြောက်သန်းပြည့်၍ နတ်သက်ကြွေသွား သည်။ သိကြားမင်းအသစ်တစ်ပါး ဖြစ်ပေါ်လာလေသည်။

ထိုသိကြားမင်းသည်လည်း နှစ်ပေါင်းသုံးကုဋေ ခြောက်သန်းပြည့်သော အခါ စုတေပြန်သည်။

ဤသို့ဖြင့် တာဝတိံသာနတ်ပြည်ဝယ် သုံးကျိပ် ခြောက်ယောက်သော သိကြားမင်းတို့သည် ကွယ်လွန်ခဲ့ကြသည်။

မန္ဓာတုစကြဝတေးမင်းကြီးသည်ကား လူ၏ ကိုယ်ဖြင့်ပင်လျှင် နတ်မင်းပြုကာ နတ်ကာမဂုဏ်ကို ခံစားနေသည်။

ယင်းကို ကာလကြာအောင် နတ်စည်းစိမ်ကို ခံစားနေရသော်လည်း တဏှာ၏ အလိုပြည့်ဝသည်ဟူ၍ မရှိပေ။ တိုး၍ တိုး၍သာ ခံစားချင်လာသည်။ နယ်ချဲ့လာချင်ပြန်သည်။

ထို့ကြောင့် သိကြားမင်းကိုသတ်ကာ 'ကေရာဇ်မင်း ပြုအံ့'ဟု အကြံ ဖြစ်လာသည်။

ထိုသို့ အကြံဖြစ်သည်နှင့် တစ်ပြိုင်နက်ထဲ မင်းကြီး၏ သက်တမ်းဆုတ် ယုတ်လာလေသည်။

အိုခြင်းတရား ဖြစ်လာသည်။ အိုခြင်းဖြစ်လာကာ သေခြင်းတရားသည် လည်း နောက်က ကပ်ပါလာသည်။

သို့သော် နတ်ပြည်၌ လူ၏ခန္ဓာကိုယ် အတ္တဘောဖြင့် မပျက်စီးကောင်း ၍ နတ်ပြည်မှ လူ့ပြည်သို့ လျောကျလာလေသည်။

လူ့ပြည်သို့ရောက်သောအခါ သေရာညောင်စောင်း၌ လျောင်းနေသော မင်းကြီးကို အမတ်တို့က –

"နောင်အခါမင်းကြီးအကြောင်းကို မည်သို့ပြောဆိုရမည်ကို မှာတမ်း ပြုပါ" ဟု တင်လျှောက်ကြသည်။

"သင်တို့သည် ငါမရှိသည့်နောက်၌ မန္ဓာတုမင်းကြီးသည် ကျွန်းငယ်နှစ် ထောင် အခြံအရံရှိသော ကျွန်းကြီးလေးကျွန်း၌ စကြဝတေးမင်းပြု၍လည်း ကောင်း၊ ကာလရှည်ကြာစွာ စတုမဟာရာဇ်နတ်ပြည်၌မင်းပြု၍လည်းကောင်း၊ သိကြားမင်းသုံးကျိပ်ခြောက်ယောက်တို့၏ အသက်ပမာဏမျှ တာဝတိံသာနတ်ပြည် ၌ မင်းပြု၍လည်းကောင်း၊ တဏှာအလိုကို ဖြည့်ရာ မပြည့်စေနိုင်ဘဲ စုတေသေ လွန်ခဲ့ရပါသည်ဟူသော သတင်းစကားကို လူအများအား ပြောဆိုရစ်ကြကုန်

လော့'' ဟု မှာတမ်းပြုပြီး စုတေကာ ကံအားလျော်စွာ လားရလေသည်။

တဏှာအလိုရမ္မက်သည် သောက်လေသောက်လေ ငတ်မပြေခိုသကဲ့သို့ သံသရာတစ်လျှောက်လုံး တဏှာ အလိုဖြင့် ကျင်လည်ကျက်စားသွားလာရတော့သည်။

(ဇာတက၊၄-၂၊၂၈၀/၂၈၃)

☸

## ဗိမ္ဗိသာရ၏ ကောင်းမှုတောင်းဆုအများ

ဘုရင်ဗိမ္ဗိသာရသည် အင်္ဂတိုင်း၊ မာဂဓတိုင်းကို အစိုးရသော မင်းကြီးဖြစ်သည်။

ဘုရားရှင်ကို ဝေဠုဝန်ကျောင်းဆောက်လုပ်လှူဒါန်းပြီးလျှင် ကုသိုလ်များစွာ ပြုခဲ့သည်။

ဘုရားအမှူးရှိသော သံဃာတော်များကိုလည်း နေ့စဉ်ဆွမ်းစသည်တို့ဖြင့် ပူဇော်လှူဒါန်းသည့်ပြင် ဘုရားရှင်၏တရားတော်များကိုလည်း ရိုသေစွာလိုက်နာကျင့်သုံး၍ သောတာပန်ဖြစ်သော မင်းကြီးဖြစ်သည်။

ဘုရားရှင်ကို ဖူးတွေ့ရပြီး ကုသိုလ်လည်းအလွန်များသော မင်းကြီးသည် သားတော်အဇာတသတ်၏ ခြေခွဲသတ်ဖြတ်မှုကြောင့် ကွယ်လွန်သောအခါ မိမိပြုခဲ့သော ကုသိုလ်အစွမ်းသတ္တိများသည် တာဝတိံသာယာမာစသော အထက်နတ်ဘုံများသို့ အဆင့်အတန်းမြင့်စွာ ရောက်စေနိုင်သောသတ္တိရှိခဲ့သော်လည်း နတ်ပြည်ခြောက်ထပ်တွင် အဆင့်အတန်းနိမ့်ဆုံး အောက်ဆုံးဘုံဖြစ်သော စတုမဟာရာဇ်ဘုံဝယ် ဂန္ဓဗ္ဗ (နတ်ကချေသည်)နတ်မျိုး၌ ဇနဝသဘ အမည်ဖြင့် ဝေဿဝဏ်နတ်မင်းကြီး၏ အခြံ အရံ နတ်သားမျှသာ ဖြစ်ရလေသည်။

ထိုသို့ဖြစ်ရခြင်းသည် ဘဝများစွာက စတုမဟာရာဇ် နတ်ဘုံဝယ် ဂန္ဓဗ္ဗနတ်မျိုး၌ အကြိမ်များစွာဖြစ်ခဲ့၍ ထိုနတ်မျိုး၌ တွယ်တာသော တဏှာက သေကာနီး အာရုံဝယ် ထက်သန်လာနေသောကြောင့် ထိုနတ်မျိုး၌ ဖြစ်ရပါသည်။

ဗိမ္ဗိသာရမင်းကြီးသည် သေခါနီးသောအခါ၌ဖြစ်သော မရဏာသန္နဇောသည် ကုသိုလ်ဇောဖြစ်သည်။ ကုသိုလ်ဇောဟူသည် ကုသိုလ်ကံပင် ဖြစ်ပါသည်။

ယင်းကုသိုလ်ကံသည် ဗိမ္ဗိသာရမင်းကြီး၏ စိတ်အစဉ်ကို မည်သည့်ဘုံ မည်သည့်ဘဝ မည်သည့်ဌာနသို့ ပစ်ချရမည်ဟုမသိ ဖြစ်နေလေသည်။

ထိုစဉ် နတ်သဘင်သွားအလုပ်၌ တွယ်တာသော တဏှာသည် စတုမဟာရာဇ်ဘုံရှိ ဂန္ဓဗ္ဗနတ်မျိုး၌ ညွှတ်ကိုင်းပေးလိုက်သည်။

ကုသိုလ်ကံသည်လည်း တဏှာညွှတ်ကိုင်းပေးသည့် ဘုံဘဝသို့ ပစ်ချပေးလိုက်သည်။

ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် စတုမဟာရာဇ်ဘုံ၌ ဇနဝသဘမည်သော ဂန္ဓဗ္ဗနတ်သားဖြစ်ရလေသည်။

မင်းကြီးသည် ဘုရားရှင်သာသနာတော်ဝယ် ဘုရားရှင်နှင့်လည်း တွေ့ဆုံခဲ့သည်။ ကုသိုလ်လည်း များစွာ ပြုခဲ့သည်။ သို့သော်လည်း ဘဝတဏှာက ဘဝသုံးပါး၌ လွတ်မြောက်လိုသော စိတ်ဆန္ဒမရှိ၍ သေလွန်သောအခါ နတ်ခန္ဓာ နတ်ဝိညာဉ် (ရုပ်နာမ်မရှိ၍)သံသရာဆင်းရဲကို ဆက်လက်ခံစားရပြီး ဇာတိ, ဇရာ, မရဏ, ဗျာဓိ ဘေးက မလွတ်ဘဲ ဆက်လက်ခံစားရမည် ဖြစ်လေသည်။

✿

## ရာဇဝိရာဇ်နှင့်သားတော် ဗောလောကျွန်းဒေါ်တို့၏ ကောင်းမှုတောင်းဆုဆင်းရဲအမှား

သက္ကရာဇ် (၇၇၂) ခုတွင် ရာဇာဝိရာဇ်အသက် (၂၃) နှစ် အရွယ်ရှိပြီး ဟံသာဝတီပြည်ကြီးသည်လည်း နတ်ပြည်ကဲ့သို့ စည်ပင်သာယာသည်။ ပုသိမ်, မြောင်းမြ, ခဲပေါင်မြို့များတွင် စစ်သည်ရဲမက် လူသူစုရုံး၍ ရဲလှေလှော်ကားအများတွင် လက်နက်ကိရိယာတင်ပြီးလျှင် အင်းဝမင်း ပိုင်သော ဂူဘွတ်မြို့ကို လုပ်ကြံမည်ဟု ချီရလေသည်။ ဂူထွတ်မြို့ကိုရလျှင် သစ်မြို့ကောင်းအောင်လုပ်၍ ဒလချစ်သင်သား သမိန်ဗေချပ်နှင့် သမိန်သံကြယ်ကို အလုံးအရင်းနှင့် အနိုင်နေစေသည်။ ပြန်တော်မူ မည်တွင် ဗောလောကျမ်းဒေါသည် ဆင်ကို အစွယ်ချွန်၍စီးသည်။ ဆင်စီးမြင်းစီး လေ့လာကျွမ်းကျင်အောင် စီးနင်းသည်ဟု ကြားတော်မူလျှင် ဘုရင်လည်း –

''ရှေးက ငါ . . . ဒဂုံတွင် ခြားနားသောအခါ ငါ့အသက် ကိုယ်နှင့်အရှိသာ ပဟုတ်လော၊ အလုံးအရင်း ဆင်မြင်းစည်းစိမ်ချမ်းသာကျေးကျွန် ငါ့တွင်

ရှိသလော၊ ခြားနားထောင်ထားချေသော့ အရေးမဖြစ်ချေလော'' ဟု အဲဂေါင်မိန်ကို ခေါ်ပြီးလျှင် နားအပ်၍ ပြီးခဲ့စေဟု မှာတော်မူသည်။ အဲဂေါင်မိန်လည်း အမှာအထား ခံပြီးလျှင် ပဲခူးမြို့သို့သွားလေသည်။ ရောက်လျှင် အမိန့်အတိုင်း ပြန်သော် ဗောလောကျန်းဒေါသည် –

''ငါတို့မင်းသားသည် ဆင်စီးမြင်းစီး အဒ္ဓာရသကို တတ်အပ်ရာသည် ဟူ၍သာ ငါစီးနင်းသည်။ ခမည်းတော်ကို အထွေအရာ မကြံလျှင် ငါ့တွင် အပြစ်မရှိ ငါ မယ်တော် မိဖုရားသည်လည်း သားချင်းတော်ပင် ဖြစ်သည်။ မိန်းမဖြစ်ဆန်းကို ယူ၍ သူကောင်းအရာထားပြီးလျှင် မင်းကေရာဇ်သမီး မင်းရိုး မင်းမျိုးကို ပယ်ရ အောင်ဆိုသည့် စကားကိုနာ၍ ငါ့မယ်တော် မလှတလှသေရပြီ၊ ငါလည်း မလှ တလှသေရပြန်တော့မည်။ အဲဂေါင်ပိန် မင်း ငဲ့ပါဦး။ ငါဘုရားတရား ဆောက်တည် ပါဦးမည်ဆို၍ မော်ဓောရှင် မြတ်စွာဘုရားမှာ ကိုယ်ဝတ်စား ဆင်ယင်သည့် လက်ကောက်လက်စွပ် တန်ဆာများကို ချွတ်၍ ပူဇော်ပြီးလျှင် ငါသည်ဘဝမှ စုတေလျှင် တစ်ပြည်ထောင်သော မင်း၏သားဖြစ်၍ ငါ၏အဖေကို စစ်ပြုရလို၏'' ဟု သစ္စာပြုဆုတောင်းလေသည်။ အဲဂေါင်ပိန်လည်း ဘုရားအဆင်းတွင် ကွပ်မျက် တော့သည်။

သက္ကရာဇ် ၇၇၅ ခုတွင် ဘုရင်ဟံသာဝတီသို့ ရောက်လာသည်။ အဲဂေါင်ပိန်ကို ခေါ်တော်မူ၍ ဗောလောကျန်းဒေါ မည်သို့ဆိုသနည်းဟု မေးရာ မင်းသားဆိုတိုင်း ဆုတောင်းသည့် အကြောင်းကို လျှောက်ထားသည်။ ကြား တော်မူလျှင် မော်ဓော ဘုရားရှင်သို့ တက်တော်မူ၍ မကိုဋ်တော်ကိုလှူပြီးလျှင် ဆုတောင်းတော်မူသည်။

''ဗောလောကျန်းဒေါ တစ်ပြည်ထောင်မင်းသား ဖြစ်၍ ငါ့ကိုစစ်ပြုလတ် သော် ငါက ဆင်နှင့်တိုက်၍ နိုင်စေသော်'' ဟု သစ္စာပြုဆုတောင်းလေသည်။

နောင်တွင် ဗောလောကျန်းဒေါသည် အဝဘုရင် မင်းခေါင်ထံတွင် ဝင်စားပြီး မင်းရဲကျော်စွာဟူသော အမည်တွင်ပြီး ရာဇာဓိရာဇ်ကို တိုက်လေသည်။ မြန်မာစစ်သမိုင်းတွင် (၁၅) နှစ်သားအရွယ်နှင့် စစ်တိုက်သော စစ်ဗိုလ်ချုပ်အဖြစ် ထင်ရှားသည်။ မင်းရဲကျော်စွာ၏ နောက်ဆုံးတိုက်ပွဲတွင် မင်းရဲကျော်စွာသည်

ယခုအချိန်တွင် ပဲခူးကို အနိုင်သိမ်းသွင်းမည်ဟူသော ကြုံးဝါးချက်ဖြင့် သုရှင်ရဲလာသည်ကို အရံမခံဘဲ ဦးအောင် တိုက်လေသည်။

သုရှင်သည် ရွှေဖလားနှင့်ဆင်ဦးတွင် ရေသွန်းတော်မူ၍ အဓိဋ္ဌာန်တော်မူလေသည်။

"သာသနာငါးထောင်ကိုစောင့်သော နတ်မြတ်. . . သစ္စာထိုင်းကားနိုင်ငံသည်ကား ကျွန်ုပ်ခမည်းတော် ဆင်ဖြူရှင်သခင်နှင့် မင်းရဲကျော်စွာ အဘိုးမင်းကြီးစွာ စော်ကဲနှင့်သကျင်တွင် သစ္စာပြု၍ အရေးပြီးသည်။ သည်အတိုင်းမှန်သည်၊ ကျွန်ုပ် ဆိုသည့်အတိုင်း မှန်ပါလျှင် သည်စစ်ကို ကျွန်ုပ်အောင်မြင်၍ မင်းရဲကျော်စွာကို ရစေသောင်၊ သည်အတိုင်း မဟုတ်မှန်ချေလျှင်လည်း မင်းရဲကျော်စွာကို ကျွန်ုပ် ရှုံးစေသောဝ်"

မင်းရဲကျော်စွာသည် ဆင်တော်ချေစိနိုင်ကို စီး၍ အပြင်းတိုက်ရာ မည်သည့်တပ်မျှ မခံနိုင်ချေ။ နောက်က တပ်ကူလည်း ပြတ်လပ်ကွာလွန်လေသည်တွင် သုရှင်၏ ရဲမက်တပ်ပေါင်းစုံက ဝိုင်းဝန်းတိုက်ခိုက်ရာ ဆင်တော် ချေစိနိုင်ကို ဆင်ခြေဖုံးသူရဲတို့ ဝိုင်းရံ၍ထိုးပစ်သောကြောင့် ဆင်ခါ၍ မင်းရဲကျော်စွာဆင်ပေါ်မှ ကျလေသည်။ ဆင်ထက်တွင် မင်းရဲကျော်စွာကို မတွေ့၍ ရှာသော်မတွေ့၊ ရာဇပရောဟိတ် လျှောက်သည့်အတိုင်း ရေကန်နား ဥဒ္ဒေါပင်မှာ ရှာချေရာတွင် ညသုံးချက်တီးကျော်၍ မင်းရဲကျော်စွာကို တွေ့ရလေသည်။

သုရှင်က ဆေးကုသပေးမည်၊ ပြန်လိုက အင်းဝကို ပို့ပေးမည်။ မပြန်က သမီးတော်နှင့် လက်ဆက်၍ အိမ်ရှေ့အရာပေးမည်ဟု ပြောသည်ကို မင်းရဲကျော်စွာသည် လက်မခံဘဲ ဤသို့ပြောလေသည်။

"ဘကြီးတော်ကို ငါစစ်ပြုမည်၊ လာသည့်ကာလ ပဲခူးမြို့ကို မရဘဲ မပြန်ပြီ ကတိရှိသည်။ ဆေးကိုလည်း မသောက်ပြီ၊ ယခု ငါသို့စဉ်ဖြစ်ပြီးသော် သူ့ကျွန်ဟူသော အမည်ကို မခံပြီ၊ ငါ့အသက်ရှင်သော်ထက် သေရသည်က မြတ်၏" ဟုဆိုကာ သစ္စာကြီးစွာဖြင့် အသေခံသွားလေသည်။

ဤသားအဖနှစ်ယောက်သည် မာနဟူသော တရားကြောင့် ဒေါသကို အခြေခံထားကြကာ ကောင်းမှုပြု၍ အပြစ်မကင်းသော တောင်းဆုကို ဆောင်းခဲ့ကြသည်။

---

ဆုပြည့်စုံထွန်းစာပေ

ဘဝသံသရာတကွေ့တွင် ပြန်တွေ့ကြပြီး မာန, ဒေါသတို့ဖြင့် ယှဉ်ပြိုင်ကြပြန်သည်။

သူတို့ဘဝ သူတို့၏ကောင်းမှုသည် မိမိတို့၏ဘဝ သံသရာရှည်မှုနှင့်ဘဝ ဆင်းရဲမှုကို ဖန်တီးခဲ့ကြတော့သည်သာ။

✻

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ(မေ့ှာစရိယ၊ ဘီအေ)

## မှီငြမ်းပြုကျမ်းစာရင်း


၁။ သီလက္ခန္ဓ ပါဠိ – အဋ္ဌကထာ

၂။ အင်္ဂုတ္တရပါဠိ – အဋ္ဌကထာ

၃။ နေတ္တိအဋ္ဌကထာ

၄။ မိလိန္ဒပဉှာအဋ္ဌကထာ

၅။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ

၆။ အဋ္ဌသာလိနီအဋ္ဌကထာ

၇။ ဇာတကအဋ္ဌကထာ

၈။ ဓမ္မပဒအဋ္ဌကထာ

၉။ သဂြိုဟ်ဘာသာဋီကာ (အရှင်ဇနက)

၁၀။ ပဏ္ဍိတဝေဒနီယကျမ်း (သောဂ္ဂ တောင်ဆရာတော်)

၁၁။ ပပဉ္စတရား (၄)ပါး (အရှင်ကုန္ဒာစာရ)

၁၂။ သတိပဋ္ဌာန်တရားတော် (မဟာစည်ဆရာတော်)

၁၃။ ပဋိစ္စသမုပ္ပါဒ်အရသာ (ညောင်လေးပင်ဆရာတော်)

ဆုံပြည့်စုံထွန်းစာပေ

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်

# သျှင်သီရိ

ဓမ္မာစရိယ(သီဓော)

# စိတ်ဝိညာဉ်သံသရာ



ဒုတိယအကြိမ်

စာမူ - ၃၂၀၈၆၈၀၅၁၁

ဓဟာယဥ္စ္စဓေကာဝတီဝဝဓ

တက္ကသိုလ်

# သျှင်သီရိ

ဓမ္မာစရိယ(တိငအ)


## ဗုဒ္ဓယဉ်ကျေးမှုလာ

## မြန်မာဓလေ့ထုံးစံအထိမ်းအမှတ်များ



တမူ - ၄၂၀၀၂၈၀၅၀၀

ကျေးဇူးရှင်ဆယ်ပါးပြစ်မှားသူတို့ဝါဒဝကြွမ္ဘ



ဆုပြည့်စုံထွန်းစာပေ

ဇောကလဒ္ဓမ္မဇောတိကာဓမ

တက္ကသိုလ်

# သျှင်ဝိသီရိ

ဓမ္မာစရိယ(ထိပ်တန်း)

အုံးမအကြိုး



# သာဝဖန်တိုးရှင်

တမှု - ၃၂၀၀၀၇၀၆၀၁

ဆုပြည့်စုံထွန်းစာပေ

၁၅၃၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း၃၈၃၆၆၆၄၊ ၃၈၆၈၃၃။




မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ် **သျှင်သီရိ**

ဓမ္မာစရိယ(ထိဂဓ)

## စိတ်ဝိညာဉ်သံသရာ

ရ-၃၂၀၈၆၀၀၅၀၀




မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ် **သျှင်သီရိ**

ဓမ္မာစရိယ(ထိဂဓ)

## အဝဖန်တီးရှင်

ရ-၃၂၀၀၀၇၈၆၀၀




မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ် **သျှင်သီရိ**

ဓမ္မာစရိယ(ထိဂဓ)

## ကျေးဇူးရှင်ဆယ်ပါး
## ...စ်မှားသူတို့၏ အဝကြွမှာ

ရ-၃၂...၀၃၀၅၀၂

# ဘဝသံသရာ

# ရှည်လျားရသည့်မှာ



မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ် သျှင်သီရိ

ဓမ္မာစရိယ(တီအေ)